www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

*အတူတူငိုဖူးတဲ့သူ*

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၅၁၀၄၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၀၉၂၀၅၀၉

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃

ဆုမြတ်မွန်မွန်
အတူတူငိုဖူးတဲ့သူ/ဆုမြတ်မွန်မွန်၊–ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၃၄၄– စ၊ ၁၂×၁၈ စင်တီ။
(၁) အတူတူငိုဖူးတဲ့သူ



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်ပွင့်ပွင့်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ဘဝမှာ ...
အတူတူ ရယ်မှုးတဲ့သူကို
မေ့လို့ရတယ်။
အတူတူ ငိုမှုးတဲ့သူကိုတော့
မေ့လို့မရဘူး။ ။

www.burmeseclassic.com

www.burmeseclassic.com



## အဖွင့်

စူးနင့်သည် ကိုယ့်ခြေထောက်ထဲသို့ ရောက်လာသော ဘောလုံးကို လိမ်ခေါက်ဆွဲခေါ်လာရင်းမှ တစ်ဖက်လူက ဖြတ်လုခြင်း ခံလိုက်ရလျှင် စိတ်ထဲမှာ ဟာခနဲ ဖြစ်သွားသည်။ သို့သော် ဘောလုံးနောက်ကို ဆက်မလိုက်တော့ဘဲ ဆောဘက်က အသာမြေပြးကာ မျက်လုံးကိုတော့ ဘောလုံးထံသို့သာ ပို့ထားလိုက်သည်။ သူ့အတွက် အခွင့်အရေးဆိုတာ ခဏလေးနှင့် ရောက်လာတော့မည်ဆိုတာကို သူ သိသည်။ ထင်သည့်အတိုင်း သိပ်မကြာခင်မှာပင် သူတို့ဘက်မှ နော်နော်က တစ်ဖက်လူထံမှ ဘောလုံးကို ဖြတ်လုကာ သူ့ထံသို့ ကန်တင်ပေးလိုက်သည်။

အဲဒီအခွင့်အရေးကို မိမိရရ စောင့်နေသော သူသည် ပြည့်ပြည့်ဝဝကြီးပဲ အသုံးချလိုက်ကာ ဘောလုံးကို ခေါင်းတိုက်ပြီး ဂိုးသွင်းပစ်လိုက်တော့လေသည်။ သူ ခေါင်းနှင့်တိုက်လိုက်သော ဘောလုံးသည် ဂိုးသမား၏ လက်နှင့် အဆာလေး ပွတ်ကပ်ထိကာ ဂိုးပေါက်၏ ဘယ်ဘက်ထောင့်သို့ လှလှပပပင် လွတ်လွတ်ကျွတ်ကျွတ် ဝင်ရောက်သွားလေသည်။ "ဂိုး"ဟူသော အသံကြီးမှာ ညံစီသွားလျက် လက်ခုပ်သံတွေက မြိုင်မြိုင်ဆိုင်ဆိုင်ကြီး



ထွက်ပေါ်လာသည်။ သူ့ဘော်ဒါတွေက သူနှင့် လက်ဝါးချင်းလာရိုက်ကြကာ ဖက်ရမ်းကြသည်။ ဒိုင်လူကြီးထံမှ ခရာမှုတ်သံဖြင့် သူတို့ပွဲမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း နားလည်လိုက်ရလေသည်။

ဟိန်းဇင်က သူ့ပခုံးကို လာပုတ်ကာ ...

"စူးနင့် ... နောက်တစ်ပွဲလောက် ချရအောင်ကွာ"

"အာ ... ဆောရီး သူငယ်ချင်း။ အချိန်တကယ် မရလို့။ မနက်ဖြန် ... မနက်ဖြန်မှ ရေကုန်ရေခန်း ချမယ်ကွာနော်။ မင်းတို့ သေချာကျင့်ထားလိုက်ကြတော့"

နော်နော်က လစ်ပြေးတော့မည့် သူ့အင်္ကျီစကို ဆွဲထားကာ ...

"ဟေ့ကောင် ဒီလိုတော့ ပြောပြောပြေးပြေး ဘယ ကြီး ကွ၊ မင်း ဘယ်ကိုလစ်မှာလဲဆိုတာ သိနေတ ခဲအား အတည်ပြုပေးခဲ့ ... တကို

မင်း အိုကေတော့မှာ မဟုတ်လား။ ချစ်ရဲ့ ကျေးရှုးနော် ဟေ့ကောင်" ဖြင့်

"အေးပါကွာ၊ လွှတ်ပါတော့ နောက်ကျတော့မယ် ဒါ ပြေးရမှာကွ မင်းတို့ကလည်း"

"ခွေးကောင် သွား သွား။ ဘောလုံးကိုသာ အမိ၊ ဘောလုံကိုသာ အဖ ဖြစ်တဲ့ကောင်လည်း ဆော်နဲ့တွေ့တော့ အမြီးတန်းနေအောင် ပြေးရတာပဲ ...

ညကျမှ တွေ့မယ် ဟေ့ကောင်"

သူက ဘော်ဒါတွေကို လက်သာပြပြီးပြလျက် ဘောလုံးကွင်းအပြင်သို့ အမြန်ပြေးထွက်လာရသည်။ ကွင်းစပ်မှာ ချ

www.burmeseclassic.com

www.burmeseclassic.com



ထားသော သူ့ကျောပိုးအိတ်ကိုယူကာ ကျောပိုးအိတ်ထဲမှ အားအစားအောင်ဘီအရှည်တစ်ထည်ကို အမြန်ဆွဲထုတ်ကာ ဘောလုံးအနိုင်လာသော အတိုဖြင့် အမြန်လဲလှယ်လိုက်သည်။ ပြီးတော့ ချွေးရွှဲနေသော အားကစားအင်္ကျီကို ချွတ်ကာ ချွေးစိုနေသော ခန္ဓာကိုယ်ကို တဘက်ဖြင့် တစ်ချက်နှစ်ချက် သုတ်လျက် တီရှပ်အဖြူတစ်ထည်ကို အမြန်ကောက်စွပ်ရသည်။ ပြီးလျှင် သူသည် လေ့ကျင့်ကစားရာ ဘောလုံးကွင်းကြီး၏ တံခါးပေါက်မှနေ သူ့ပြိုင်ဘီးကို တွန်းထုတ်ကာ အရှိန်တစ်ချက် ယူပြီးတာနှင့် ဝေါခနဲမြည်အောင် တက်စီးလာခဲ့သည်။

လေကိုခွဲကာ နှင်းလာခဲ့သော ပြိုင်ဘီးရဲ့အရှိန်ကြောင့် သက်စ သူ့ခန္ဓာကိုယ်မှာ အေးခနဲ ဖြစ်သွားရသည်။ နာရီကို လိုက်လျှင် ချိန်းထားသော အချိန်ကိုရောက်ဖို့ ဆယ့်ငါး လိုသေးသည်။ သို့သော် ချိန်းထားသော နေရာကိုရောက် ဆယ်မိနစ်ခန့် စက်ဘီးစီးမှ ရောက်ပေလိမ့်မည်။ တကယ် တော့ သူဟာ ချိန်းဆိုထားသော နေရာသို့ ကိုရီးယား မင်းလေးပမာ လှလှမွေးမွေးကြိုင်ကြိုင်လေး ရောက်ဖို့ကောင်းတာ စ်ပါသည်။ သို့သော် ဘောလုံးနှင့် ပတ်သက်လာလျှင် ဟိုးသွေးသားထဲကကို ဝါသနာပါကာ ရူးသွပ်လှသော သူ့အတွက် ဒီဘနက်နေ့နေ့ ချိန်းပွဲဟာ ဘယ်လိုမှ လက်လွှတ်ကို မခံနိုင်ခဲ့တာဖြစ်သည်။

တစ်ဖက်မှာလည်း သူ အနှစ်နှစ်အလလက ချစ်မြတ်နိုးခဲ့ရသော ကောင်မလေးထံမှ ဒီနေ့မှာ အဖြေရမှာဖြစ်သည်။ ယောကျ်ားလေးအများစုဟာ ရည်းစားနဲ့ သွားတွေ့တာတောင်



သပ်သပ်ရပ်ရပ် မွှေးမွှေးကြိုင်ကြိုင် စီစဉ်သွားတတ်ကြလေရာ သူကတော့ အဲဒါတွေနဲ့ ဆန့်ကျင်ဘက်ကြီးကို ဖြစ်လို့နေသည်။ ရေလည်းချိုးမလာရ၊ ဘောလုံးကန်ထားသဖြင့် ချွေးတွေက ရွှဲနစ်နေသေးသည်။ ကောင်မလေးနားကပ်လို့ ချွေးစော်နံနေရင်တော့ ပြီးပါလေရာကွာ။ဟူး ... မတတ်နိုင်။ ရုပ်ခံလေးရှိ၍သာ တော်တော့သည်ဟု တွေးမိသွားလျှင် သူ့ဟာသူ တစ်ယောက်တည်း ပြုံးမိသွားရသည်။ ဒါတောင် သူသည် “ကူး”ကို အလေးထားလွန်း၍သာ အဝတ်အစားလဲလိုက်ခြင်းဖြစ်သည်။ ချွေးရွှဲမည်းတူးအင်္ကျီ၊ ဘောင်းဘီတိုတို့ဖြင့် သွားလျှင် ကူးကို အလေးမထားရာကျမည်စိုးသဖြင့် အဝတ်အစားလဲလိုက်ခြင်းသည်သာ သူ့အတွက် အကြီးမားဆုံး ပေးဆပ်မှုကြီး ဖြစ်တော့သည်။

သူသည် ကူးရဲ့မျက်နှာလေးကို မြင်ယောင်လာကာ စက်ဘီးရဲ့အရှိန်ကို ထပ်မြှင့်လိုက်သည်။ ဘောလုံးတစ်ပွဲစာကို ရေကုန်ရေခန်း အားကြိုးမာန်တက် ကန်ခဲ့ရသော်လည်း အချစ်ရဲ့စွမ်းအားတို့ဖြင့် မမောသေးဘဲ သူ့စက်ဘီးက တလှစ်လှစ်ဖြင့် ပြေးနေသည်။ ချိန်းထားသောနေရာသို့ ကူးက ကြိုရောက်နေမှာတော့ မဟုတ်ပါ။ သို့သော် ဒီနေရာမျိုးတွင် ယောကျ်ားလေးဖြစ်သည့်သူက ကြိုရောက်နေမှသင့်တော်မည်။ ဒီအချိန်သည် ယောကျ်ားလေးတစ်ယောက်အတွက် အရေးအကြီးဆုံးအချိန် ဖြစ်သည်ဟု သူ နားလည်ထားလေသည်။

အတွေးနှင့်အတူ သူက စက်ဘီးကို လမ်းတစ်ဖက်သို့ ကွေ့ချလိုက်သည်။ အဲဒီအချိန်မှာပဲ လမ်းတစ်ဖက်က နှင်းလာသော စက်ဘီးတစ်စီးသည် သူ့ကိုမြင်သောအခါ နှင်းလာသည့် ဟန်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပြီး ယိမ်းထိုးကာ သူ့ဘက်သို့ ဦးတည်လာသည်။ သူသည် ကိုယ့်ကိုလာတိုက်မှာကို စိုးသည့်စိတ်ဖြင့် လက်ကိုင်ကိုတိမ်းကာ ရှောင်လိုက်သည်။ သို့သော် ဘယ်လိုအထာမကျသလဲတော့ မပြောတတ်။ သူ့လက်ကိုင်သည် လည်စောင်းကာ စက်ဘီးက လည်း အရှိန်မထိန်းနိုင်တော့ဘဲ ကွန်ကရစ်လမ်းပေါ် ဗျောခနဲပစ် လဲကျသွားလေသည်။

ဒူးခေါင်းရိုးနှင့် ပစ်ကျသွားသည်မို့ သူ့မှာ အွတ်ခနဲ တောင်နေသည်။ ဒီကြားထဲ စက်ဘီးက လူပေါ်မှာ ပိနေသဖြင့် တော်တော်နှင့် မထနိုင်သေးချေ။ တအီးအီး တအဲအဲဖြင့် အံကြိတ် ညည်းညူနေရသည်။ ဒီအချိန်မှာပဲ တစ်စုံတစ်ယောက်က သူ့ကိုယ် ပေါ်က စက်ဘီးကိုဖယ်ပေးပြီး သူ့ဘေးမှာ ဆောင့်ကြောင့်ထိုင် ကြည့်ကာ ...

"ဘယ်လိုလဲ၊ ထူပေးရမလား"

သူက အသံရှင်ကို ကြည့်လိုက်လျှင် သူ့ကို စိတ်ဝင် တစား ငုံကြည့်နေသော မျက်လုံးတောက်တောက်နှင့် ကောင်မ လေးကို တွေ့လိုက်ရသည်။ ကြည့်စမ်း ... စက်ဘီးကို ကိုးရိုးကားယား ရားဖြစ်သွားအောင် စီးလာတာ ဒီငနဲမလေးပေါ့။ သူမကတော့ ဘာမှဖြစ်ပုံမရ။ သူက စိတ်ရှုပ်စွာဖြင့် ကိုယ့်ဘာသာ အားယူပြီး ထကြည့်လိုက်သည်။ တစ်ချက်ယိုင်သွားသဖြင့် သူမကပဲ အလျင် အမြန် ထိန်းပေးသည်။

"ဟိတ် ... အိုကေလား၊ ဘာမှမဖြစ်ဘူးနော်"

"ဘာ ... ဘာမှမဖြစ်ရမှာလဲ၊ ငါ့ခြေသလုံးရိုးတော့ ကွဲထွက် သွားပြီလား မသိပါဘူး"



"အောင်မယ် ... ခြေသလုံးရိုး ကွဲထွက်တဲ့လူက ဒီလိုတောင် စကားပြန်မပြောနိုင်ဘူး"

"ဘာ ...။ မင်းကို ရှောင်လို့ ငါ ဒီလိုဖြစ်သွားရတာနော်၊ မဟုတ်ရင် မင်းနဲ့ ထိပ်တိုက်ချဲကြမှာ၊ မင်း သိလား၊ အဲဒီ ကျ မင်းပါ နာမှာ။ ဟင်း"

သူ့ရဲ့မကျေမချမ်း အပြောကို ကောင်မလေးက ဟက်ခနဲ ရယ်သည်။ ပြီးတော့မှ ဟုတ်ပါပြီ ဟူသော သဘောဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဟုတ်ပါတယ်၊ ရှင် သနားလို့ ကျွန်မ ချမ်းသာရတာပါ၊ ကဲ ... လှန်မှာလား"

"ဘာ ... ဘာကို လှန်ရမှာလဲ"

သူ့ရဲ့အလန့်တကြားပုံစံကို ကောင်မလေးက ဟက်ခနဲ တစ်ချက်ရယ်ပြန်သည်။ ပြီးတော့မှ အရယ်မျက်နှာပိုးကို သတ်ကာ သူ့ကို မျက်ခုံးပင့်ချီပြလျက် ...

"ဩော် ... ဒူးခေါင်းရိုး ကွဲသွားရင် လှန်ပြလို့ ပြောတာ။ ကြည့်မလို့ ဆေးခန်းပို့သင့်ရင် ပို့ရအောင်လို့လေ"

"မလိုပါဘူး။ အသက်နဲ့ အဝေးကြီးပါ။ ကဲ ... ဖယ်"

သူက စက်ဘီးကို ဒေါက်ဖြုတ်လိုက်စဉ်မှာပဲ သူ့ ဒူးခေါင်းတစ်ဖက်က စူးပြီးအောင့်လာပြန်သည်။ တော်တော်နာ လာကာ စက်ဘီးပေါ်ကိုတောင် မတက်နိုင်တော့ချေ။ တအားအား နှင့် ညည်းညူနေတာကို သူမက ငေးကြည့်နေပြီးမှ ...

"နင်းလို့ မရဘူးလားဟင်။ တော်တော်နာနေလား"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ကျွတ်၊ တကယ်ပဲ ကွဲသွားတာလား မသိပါဘူး"

"ဟင် ... ဟုတ်လား၊ ပြပါဦး"

သူမက သူ့ဒူးခေါင်းကို ကြည့်ချင်ဇောဖြင့် ကုန်းကုန်းကိုင်းကိုင်း ဖြစ်နေသည်။ သူက စက်ဘီးကို ဒေါက်ပြန်ထောက်ရင်းမှ ဘောင်းဘီတစ်ဖက်ကို ပင့်တင်ကာ ကြည့်လိုက်လျှင် အဟုတ်ကိုပဲ နီရဲကာ ရောင်လာပြီဖြစ်သော သူ့ဒူးခေါင်းကို တွေ့လိုက်ရသည်။

"ဟယ် ... အဟုတ်ပဲ။ ဘယ်လိုလုပ်ကြမလဲ"

"ကျွတ် ... ဒုက္ခပါပဲကွာ။ ပြဿနာတော့ တက်ပြီနဲ့တူတယ်"

သူက နာရီကိုကြည့်လိုက်လျှင် အဟုတ်ကိုပဲ ဆံပင်မွေးထောင်ချင်စိတ် ပေါက်သွားသည်။ ကူးနှင့် ချိန်းထားသော အချိန်သို့ရောက်ရန် ခုနစ်မိနစ်လောက်သာ လိုတော့သည်။ ဒီပုံစံအတိုင်းဆိုလျှင် သူ အဲဒီသို့ ဘယ်လိုလုပ် ရောက်တော့မည်နည်း။ သူ့ခြေထောက် အခြေအနေက လုံးဝမကောင်းတော့။ အနီးအပါးမှာလည်း Taxi တို့ ဘာတို့က ယောင်လို့တောင် မမြင်မိချေ။ ဒီနေရာက အားကစားကွင်းနှင့်နီးသော အသစ်တိုးချဲ့ အိမ်ရာတွေ၊ တိုက်တန်းတွေမို့ ရှင်းရှင်းလင်းလင်း အေးအေးဆေးဆေး ရှိသောနေရာဖြစ်သည်။

သူ့ရင်ထဲ၌ ချက်ချင်းကို ပူလောင်လာသည်။ ကျဉ်းထဲကျပ်ထဲရောက်ကာ မထွေးနိုင် မအန်နိုင် ဖြစ်နေသော သူ့မျက်နှာငိုပ် မျက်နှာကဲကို ကောင်မလေးက အကဲခတ် သဘောပေါက်မိသွားဟန်ဖြင့် ...



"ဘာဖြစ်လို့လဲဟင်၊ တို့ ဘာကူညီပေးရမလဲ"

သူက ကောင်မလေးကို စိတ်ရှုပ်ထွေးစွာဖြ တစ်ချက်ကြည့်မိသည်။ ကောင်မလေးက သူတို့အရွယ်လောက်ပဲဖြစ်ကာ ဆောင်းညနေခင်းမို့ နို့နှစ်ရောင်ခေါင်းစွပ် စပို့ရှပ်လက်ရှည်ကို ဂျင်း(န်)အရှည်တစ်ထည်ဖြင့် လိုက်ဖက်ညီစွာ ဝတ်ဆင်ထားသည်။ ဆံပင်ကတော့ ခေတ်မိန်းကလေးတို့၏ ထုံးစံအတိုင်း အီမိုကေပုံဆန်းလေးဖြစ်ကာ ရွှေအိုရောင် ခပ်ပါးပါးလေး သမ်းနေသည်။ မလှမ်းမကမ်းမှာ ရပ်ထားတာက သူမ စီးလာသော ပန်းကမ္ဘာမိန်းမစီးစက်ဘီး ခရမ်းရောင်လေးဖြစ်သည်။

သူမက ခေါင်းစွပ်အင်္ကျီမှ အိတ်ကပ်ထဲသို့ လက်နှိုက်ထည့်ကာ သူ့ကို ထပ်မေးသည့်သဘောဖြင့် မေးဆတ်ပြသည်။ သူသည် အိတ်ကတ်ထဲသို့ အကြည့်ရောက်သွားလျှင် ပါးစပ်က ဖုန်းပါသလားဟု ယောင်ပြီးထွက်သွားတော့မလို ဖြစ်သွားသည်။ ဖုန်းပါတော့ရော သူက ကူးဆီ ဖုန်းဆက်ပြီး ဘယ်လိုပြောရမှာတဲ့လဲ။ အဲဒီလို ပြောလိုက်ခြင်းအားဖြင့် အခြေအနေက ကောင်းသွားမည်ဟု မထင်ပါ။ အဖြေတောင်းထားကာ။ အဖြေပေးတော့မည့် မိန်းကလေးတစ်ယောက်ကို ဖုန်းဆက်ပြီး ပြောတာဟာ နည်းတော့ သိပ်မမှန်ဘူးဟု ထင်သည်။ ပြီးတော့ ကူးကတခြား မိန်းကလေးတွေနဲ့လည်း သိပ်မတူ။ အခြေအနေသည် ပလပ်စ်(+)မှ မိုင်းနပ်(စ်)(–)ဘက်သို့ ကူးပြောင်းသွားဖို့ ရာနှုန်းတော်တော်များပါသည်။

သူ ချက်ချင်းပဲ သွေးပျက်လာသည်။ ခုချိန်မှာ ချိန်းထားသော နေရာသို့ ရောက်အောင် မသွားနိုင်လျှင် ကူးဆီက

www.burmeseclassic.com

www.burmeseclassic.com



အဖြေကို ဒီတစ်သဲက် ရတော့မှာမဟုတ်ဘူးဆိုတာကို ရင်ထဲက တကယ့်ပဲ သိလို့နေသည်။ ချိန်းထားသော နေရာသို့ မရောက်ဖို့ မပြောနှင့်၊ နောက်ကျသွားလျှင်တောင် တော်တော်ဖြေရှင်းယူရမည့် အခြေအနေဖြစ်သည်။ သူသည် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချကာ ကောင်မလေးကို အားကိုးတကြီး ကြည့်လိုက်သည်။

"မင်း ကိုယ့်ကို ဟိုဘက်ထိပ်က ရထားသံလမ်းနားကို လိုက်ပို့ပေးနိုင်မလား"

"ဟမ် ... ရှင့်ကို"

"အေး ... မင်းမှ မပို့ရင် ငါ ယေဖွယ်ရှိတော့တယ်"

"အကြောင်းရင်းလေးကို သိခွင့်ရှိမလား"

"ရှိတယ်။ ကောင်မလေးနဲ့ ချိန်းထားတာ။ ငါးမိနစ်လောက်ပဲ လိုတော့တယ်။ အရမ်း အရေးကြီးနေလို့ပါ"

သူမက သူ့ကို မျက်လုံးဝိုင်းကြီးများဖြင့် ငုံ့ကြည့်ကာ သူ့ပခုံးက ကျောပိုးအိတ်ကို တစ်ချက်ကြည့်ပြီးနောက် ပါးစပ်ဟသွားရင်း ...

"ဟယ် ... ခိုးပြေးဖို့ ချိန်းထားတာလား"

"ထွတ် ... လွဲလိုက်တာ။ အေး ... ဒါပေမဲ့ အဲဒီလောက်နီးနီး အရေးကြီးနေတယ်"

"ဟယ် ... ဘုရားသံခင်။ ကြားထဲကတောင် ရင်တုန်လိုက်တာ"

"အေး နောက်မှတုန်။ ဘယ်လိုလဲ ပို့ပေးနိုင်မလား၊ အချိန်မရှိတော့ဘူး။ ငါ့အသက်က မင်းလက်ထဲမှာပဲ ရှိတော့တယ်"



"ဟာ ... ဒါမျိုးဆို ဝါသနာပါတယ်။ လာထား။ ရှင့်ကိုယ်က သိပ်တော့ မလေးပါဘူးနော်"

"မသိဘူး။ မင်းလည်း ပိန်ပိန်လေးမှ မဟုတ်တာ။ ကဲ ပို့ပေးမှာလား"

"ပို့ပေးမယ်၊ ပို့ပေးမယ်။ ပြောပြောက စောရောပေါ့။ ဟင် ... ဒါနဲ့ ရှင့်စက်ဘီးကရော"

"ဟို စတိုးဆိုင်လေးကို အပ်ခဲ့ပေးကွာ"

သူမက ဟုတ်ပါပြီဟူသော ပုံစံဖြင့် ခေါင်းကိုသွက်သွက်ညိတ်ပြကာ သူ့ပြိုင်ဘီးကို စတိုးဆိုင်မှာ သွားအပ်ပေးသည်။ ပြီးလျှင် သူမရဲ့စက်ဘီးကို ဒေါက်ဖြုတ်ပေးပြီးနောက် သူ့ကိုလှည့်ကြည့်ကာ ...

"ခုန်ရော တက်နိုင်ရဲ့လား"

"အင်း ... ရမှာပါ၊ မင်းကရော ဖြစ်ရော ဖြစ်ရဲ့လား"

"ဖြစ်မှာပါ။ try ရမှာပေါ့။ ကဲ ... ကဲ ... တက်"

သူမက စက်ဘီးကို အရှိန်တစ်ချက်ယူကာ တက်နင်းလိုက်သည်။ သူက စက်ဘီးဖင်ထိုင်ခုံက လက်ကိုင်ကို အားပြုကာ အတော်ပဲ ကြိုးစားပမ်းစား တက်လိုက်ရသည်။ သူ့အတက်မှာ စက်ဘီးက တစ်ချက်ယိုင်သွားသလို ရှိသော်လည်း မကျသွားပါ။ အစပိုင်းတော့ သူမက နည်းနည်းထိန်းရသော်လည်း နောက်ပိုင်းမှာတော့ စက်ဘီးနင်းတာ သွက်လာသည်။ သူလည်း လက်မှနာရီကို ငုံ့ငုံ့ကြည့်ကာ ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေငါးနာရီထိုးဖို့ ငါးမိနစ်ဟာ အခု နှစ်မိနစ်လောက်သာ လိုတော့သည်။ စက်ဘီးကတော့ တစ်ရှိန်ထိုး နင်းနေဆဲ။ ကောင်မလေးကလည်း အားကြိုးမာန်တက် နင်းပေးရှာသည်။ သူသည် စက်ဘီးနင်းနေသော ကောင်မလေးရဲ့ကျောပြင်ကို ကြည့်ကာ နည်းနည်းတော့ အားနာသွားပြီး သနားသွားသည်။ သို့သော် မတတ်နိုင်။ သူ့နှလုံးသားဟာ လောလောဆယ် ဒီကောင်မလေးရဲ့လက်ထဲမှာ ရှိပါသည်။

"ရရဲ့လား။ မောနေပြီလား"

"မောပါဘူး။ ရတယ် ... ရတယ်။ နာရီကိုကြည့်ဦး"

သူမကတောင်ပြန်ပြီး စိုးရိမ်နေသည်မို့ သူက ပြုံးကာ အားပေးလိုက်ရသည်။

"ရပါတယ် မီမှာပါ။ ရှေ့အကွေ့ပြီးရင် ကုန်ဆင်းရောက်ပြီပဲ"

"အိုခေ ... ရှင် ကံကောင်းမှာပါ"

သူမက ဘာကိုရည်ရွယ်ပြီး ပြောသလဲတော့ မသိ။ သူကတော့ သူမ မမြင်နိုင်မှန်း သိပေမယ့် ခေါင်းညိတ်ပြမိသည်။ ရှေ့အကွေ့ကို ချိုးပြီးသွားလျှင် ရထားသံလမ်းကို လှမ်းမြင်နေရသော ကုန်းဆင်းကို ရောက်ပြီဖြစ်သည်။ သူမက ကုန်းဆင်းကို အရှိန်မလျှော့ဘဲ တစ်ဟုန်ထိုး ပြေးဆင်းသွားသဖြင့် သူက နောက်တစ်ခါ ကျိုးမှာကိုစိုးကာ တဟဲ့ဟဲ့နှင့် တားရသည်။ ဖြည်းဖြည်းဟု အော်ရသည်။ သို့သော် သူမက တားမရတော့။ စက်ဘီးသည် လေကိုခွင်းကာ ကုန်းဆင်းအတိုင်း ဝေါ့ပါးစွာပြေးဆင်းသွားသည်။ ဒီတစ်ခါတော့ သူ ဘုရားတရသည့် အလှည့်ပင်။



"ရ ... ရ ... ရပါပြီ။ ရပ်တော့"

"ရပ် ... ရပ်လို့ မရတော့ဘူး"

"ဘာ ... ဘာပြောတယ်"

လေတိုးသံတွေကြောင့် သူတို့နှစ်ယောက်လုံးမှာ အော်ပြောနေရတာဖြစ်သည်။ သူမက သူ့ဘက်သို့ ကြောက်လန့်တကြားပုံစံဖြင့် လှည့်ကြည့်ကာ ...

"စက် ... စက်ဘီးက ဘရိတ်မမိတော့ဘူး"

"ဘာ"

"ဟုတ်တယ် ... ဆက်စီးသွားလိုက်မယ်"

"အာ ... ဆက်မစီးနဲ့လေ၊ ကျွတ် ... ဒုက္ခပဲ၊ ရပ် ... ရပ်ရအောင်ရပ်"

"ဟာ ... မရပါဘူးဆို။ ဘယ်လိုရပ်ရတော့မှာလဲ"

"မရပ်ဘဲနဲ့ ငါက ဘယ်လိုဆင်းရမလဲ"

"ခုန်ဆင်းလိုက်တော့"

"ဘာ ... သေကြောင်းကြံနေတာလား၊ ဒုက္ခပါပဲကွာ"

"အေးပါ။ ရပ်လို့ရအောင် လုပ်ပေးမယ်။ ခဏ ... ခဏ"

သူမက ပြောပြောဆိုဆိုဖြင့် စက်ဘီးကို လမ်းဘေးသို့ ဆွဲချလိုက်သည်။ ဆွဲချပုံမှာ အကြမ်းပတမ်းမို့ သူ့မှာ ယိုင်သွားရကာ စက်ဘီးပေါ်မှ ပြုတ်ကျတော့မလိုဖြစ်လျက် သူမရဲ့ခါးကို ယောင်ပြီး သွားဖက်မိသွားသည်။ ဒါကို သူမကလန့်သွားကာ နောက်သို့လှည့်ကြည့်လိုက်လျှင် ဟန်ချက်ပျက်ကာ နှစ်ယောက်ဝိတ်ကို မထိန်းနိုင်သော စက်ဘီးသည် မြက်တောထဲ

www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်လဲကျသွားသည်။ ဒီတစ်ခါတော့ သူက နောက်ကနေ ပွတ်ကျတာမို့ တင်ပါးက အောင့်ခနဲ ဖြစ်သွားသည်။ သူမက တော့ စက်ဘီးပိ၍နေလေသည်။ သို့သော် မြက်တောထဲကျတာမို့ ကတ္တရာလမ်းပေါ် ကျတာလောက်တော့ အထိမနာ မပြင်းထန်ပါ။ ဘာအပြဖြစ်ဖြစ် နာတာတော့လည်း နာပါသေးသည်။

ကောင်မလေးက မြက်တောထဲမှ လူးလဲထကာ စက်ဘီးကို ထောင်သည်။ ပြီးတော့ မြက်တောထဲမှာ ခြေပစ်လက်ပစ်ထိုင်နေသော သူ့အနားသို့ ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ရောက်လာကာ ...

"ဘာ ... ဘာဖြစ်သွားသေးလဲဟင်"

"ရတယ်။ ဘာမှ မဖြစ်ဘူး။ ဒီနေ့အဖို့မှ မသေရင် ဘယ်နေ့မှ သေမှာမဟုတ်တော့ဘူး"

"အားနာတယ်။ ဒါပေမဲ့ တကယ်မတတ်နိုင်တော့လို့ပါ။ ကဲ ... ရရဲ့လား၊ ထူပေးမယ်လေ ထ"

ကောင်မလေးက ရိုးသားကြည်လင်သော အပြုံးလေး တစ်ခုဖြင့် သူ့ကို လက်ကမ်းပေးသည်။ သူသည် အဲဒီလက်ကို တွဲရမှာ အားနာသော်လည်း မတတ်နိုင်တော့၍ ပြန်ကမ်းကာ ထထိုင်လိုက်ရပါသည်။ တစ်ချက် နှစ်ချက် ခုန်ဆွဆွလုပ်နေသော သူ့ကို သူမက အသာငုံ့ကြည့်လျက် ...

"အဆင်ပြေရဲ့လား။ အရမ်းနာနေလားဟင်"

"အင်း ... ရပါတယ်။ ဖြစ်ပါတယ်။ ကဲ ... မင်းသွားချင် သွားတော့လေ။ ကျေးဇူးပဲကွာ။ တကယ်ကို အမြောက် အမြားကြီး တင်ပါတယ်"



"ဟုတ်တာ။ တို့ကို ရှောင်ပေးလို့ သူ လဲသွားတာပါ။ ဒါနဲ့ စပ်စုတယ် မထင်နဲ့နော်၊ ရှင့် ကောင်မလေးလည်း ရောက်မလာသေးပါလား"

"အင်း ... ခဏနေ ရောက်လာတော့မှာ"

"သြော် ... သြော် ... ဒါဆိုလည်း သွားတော့မယ်နော်"

"အိုခေ သင့်ခ်ယူ။ ဒါနဲ့ မင်းစက်ဘီးက စီးလို့ရော ဖြစ်ပါ့မလား။ 'ဘရိတ်မမိဘူးဆို'"

"ဟုတ်တယ်။ အပြန်ကျ ဝင်လုပ်သွားမှာပါ။ ရတယ် အပြန်လမ်းက အတက်တွေချည်းပဲ ပြဿနာမရှိဘူး"

"အေး ... ဂရုစိုက်လည်း စီးဦး"

သူမက ခေါင်းတစ်ချက် ညိတ်ပြကာ အပြုံးလေး တစ်ပွင့်ဖြင့် နှုတ်ဆက်ရင်း စက်ဘီးကို မတ်တတ်ရပ်နင်းလျက် စီးထွက်သွားသည်။ သူသည် ကောင်မလေးကျောပြင်ကို တစ်ချက် ကြည့်ပြီးနောက်တွင် အကြည့်လွှဲလိုက်ကာ လက်မှနာရီကို တစ်ချက်ငုံ့ကြည့်မိသည်။ ငါးနာရီထိုးပြီးသွားပြီ။ ကူး၏ အရိပ်ယောင်ကို မတွေ့ရသေးပါ။ လူကို အပြင်မှာ မမြင်ရသေးသော်လည်း သူ့မျက်ဝန်းထဲတွင် ကူး၏အရိပ်သဏ္ဌာန်တို့က ထင်ထင်ရှားရှား ထွက်မြင်လို့လာသည်။

ကူးသည် ကျောလယ်ခန့်ရှိသည့် ဆံပင်ဖြောင့်ဖြောင့် စင်းစင်းလေးများဖြင့် နုထွေးစွာ ချောမောလှပသူလေးဖြစ်သည်။ အသားအရေက နို့နှစ်ရောင်ဝင်းဝင်းလေးဖြစ်ကာ နှုတ်ခမ်းဖူးဖူး လေးဖြင့် အင်မတန် ချစ်ဖို့ကောင်းသောသူဖြစ်သည်။ မျက်လုံး လေးတွေက ဗာဒံစေ့သဏ္ဌာန်ရှိလျက် ကော့ရွန်းသော မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေဖြင့် တစ်ဖက်သားကို တစ်ချက်ဝင့်ကြည့်လိုက်လျှင် တော်ရုံလူဟာ အဲဒီအကြည့်ဒဏ်ကို မခံနိုင်ပါ။ အဲဒီ မခံနိုင်သောဒဏ်တွေထဲတွင် သူက ထိပ်ဆုံးကပါသည်။ သူ ကူးကိုချစ်မြတ်နိုးခဲ့တာ ဆယ်တန်းထဲက ဖြစ်သည်။ အဲဒီထဲက လိုက်ခဲ့တာဖြစ်သော်လည်း ကူးက အသိအမှတ်တောင် မပြုခဲ့ပါ။

ဒီလိုနှင့် ဆယ်တန်းအောင်ပြီး တစ်နှစ် နှစ်နှစ် သုံးနှစ်ရှိရှိ ကြိုးစားပမ်းစား လိုက်ခဲ့ရသည်။ ကူးတက်နေသော ယူအက်ဖယ်လ်ကျောင်းသို့ ချောင်းပေါက်မတတ် သွားကာ ခွဲနှစ်ရှိရှိဖြင့် ကြိုးစားခဲ့ရသည်။

ဒီလိုနှင့် နောက်ဆုံးမှာတော့ ကူးထံက အဖြေပေးမည့်ရက်ကို ရွေးချယ်သတ်မှတ်ပေးခြင်းကို သူ လက်ခံရရှိခဲ့ပါသည်။ ကူး သူ့ကို တယ်လိုအဖြေပေးလိမ့်မလဲ။ အဲဒီမေးခွန်းကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိလျှင် သူ ရင်ခုန်သွားသည်။ ပြီးတော့ ရင်ထဲမှာ ငြိမ့်ခနဲ ဖြစ်လာသလိုလည်း ခံစားရပါသည်။ တကယ်တော့ ယောက်ျားလေးတစ်ယောက်ကို မိန်းကလေးတစ်ယောက်က အဖြေပေးပါမည်ဟု ပြောလိုက်ပြီ ဆိုကတည်းက ဒီအဖြေဟာ ဘာအဖြေကို ပေးတော့မလဲဆိုတာ ယောက်ျားတော်တော်များများက သဘောပေါက်ပြီးဖြစ်သည်။ စဉ်းစားဦးမယ်ဟူသော စကားနှင့် အဖြေပေးမယ်ဟူသော စကားတောင် မတူချေ။ ဒီနေရာမှာ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောသော ယောက်ျားလေးတွေ နှပ်စိုလိုသည်။ မိန်းကလေးတစ်ယောက်ကို ရည်းစားစကား ပြောပြီးတာနှင့် ကျွန်တော့်ကို စဉ်းစားပေးပါခင်ဗျာ ဆိုလိုက်တော့ သွားပြီသာမှတ်ပေတော့။



စဉ်းစားတွက်ချက်ခြင်းသည် အချိန်ကာလတစ်ခုကို ဆောင်သည်။ အဲဒီအတွက် အမောင်ယောက်ျားသားတို့မှာ စောင့်ပေတော့အထူး။ ဒီတော့ ရည်းစားစကား ပြောပြီးတာနှင့် အဖြေပေးဖို့ ချက်ချင်းပြောရမည်။ ဒါက ကြားထဲက စဉ်းစားမယ်ဟူသော အဆင့်ကို ခပ်တည်တည်ဖြင့် မီးဝါဖြတ်မောင်းလိုက်ခြင်းသာ ဖြစ်လေသည်။ ဒါကို တချို့မိန်းကလေးတွေကျတော့လည်း နိုဝ်မိသည်။ တချို့မိန်းကလေးတွေကျတော့လည်း မလည်ဝယ်သဖြင့် မသိ။ တချို့ကျတော့လည်း သိသိကြီးနှင့် ဘာမှမပြောတော့တာလည်း ရှိသည်။

ပြောရမယ်ဆိုလျှင်တော့ စဉ်းစားဦးမည်၊ စဉ်းစားချိန်ပေးတော့ပေးဦးမှပေါ့ စသဖြင့် ပြောတတ်သော မိန်းကလေးတွေကို သူ ဘဝင်မကျချေ။

တကယ်တော့ အချစ်ဆိုတာ စဉ်းစားဖို့ မလိုအပ်ဘူးဟု ထင်သည်။ မိန်းကလေးတစ်ယောက်အနေဖြင့် ယောက်ျားလေးတစ်ယောက်ကို ရည်းစားတော်ဖို့ နည်းနည်းပါးပါးတော့ စဉ်းစားရမည်ကို သူ လက်ခံပါသည်။ လူရုပ်လူပွေလား၊ ဆေးသမားလား စသဖြင့် ဒါလောက်တော့ ရွေးချယ်အကဲခတ်ပိုင်ခွင့်ရှိသည်။ ဒါပေမဲ့ နှလုံးသားထဲမှ အချစ်ကိုတော့ ရွေးချယ်ပိုင်ခွင့်မရှိဘူးဟု ထင်သည်။ နှလုံးသားသည် မျက်နှာမလိုက်တတ်ပါ။ ကူးသည် သူ့ကို စဉ်းစားပါရစေဟူသော စကားလုံးကို သုံးခဲ့တာမဟုတ်ချေ။ မစဉ်းစားသေးဘူးဟူသော စကားလုံးကိုသာ တွင်တွင်သုံးခဲ့တာဖြစ်သည်။ အဲဒါကို သူက ပိုတောင်ကြိုက်သေးသည်။ မစဉ်းစားသေးသောသူကို စဉ်းစားအောင် နည်းအမျိုးမျိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခွင့်ရ၍ ဖြစ်ပါသည်။ နောက်ဆုံးတော့ ဒီအခြေအနေသို့ပင် ရောက်လာခဲ့ပြီဖြစ်သည်။

"တီ ... တီ"

ကားဟွန်းသံတစ်ချက် ကြားလိုက်လျှင် သူက ဆတ်ခနဲ ဖြစ်သွားကာ ခေါင်းထောင်ကြည့်လိုက်မိသည်။ ကူး မောင်းလာသော ဆလွန်းကားအဖြူလေးကိုတွေ့လျှင် သူ့ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားလျက် လက်လှမ်းပြမိသည်။ ကူးက ကားကိုလမ်းဘေးသို့ချရပ်ကာ သူ့ထံသို့ ဆင်းလျှောက်လာခဲ့သည်။ တိမ်မျှင်တွေ ယှက်သိုင်းကာ သာယာကြည်လင်သော ကောင်းကင်ကြီးကို နောက်ခံထားလျက် ကူး လမ်းလျှောက်လာပုံမှာ အခုမှ စပေါ်လာသော သက်တံကြီးလိုပဲ လှပခမ်းနားလွန်းသည်။ ကူးသည် အဝါရောင်ဆွယ်တာပါး လက်ရှည်ကို အနက်ရောင်စကတ်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်လာကာ သူ့မျက်လုံးထဲ၌ ဗီးနပ်နတ်သမီးထက်တောင် လှပနေသည်။

"ကူး"

အနားသို့ ရောက်လာသော ကူးကို သူက တမ်းတသံအပြည့်ဖြင့် ခေါ်လိုက်လျှင် ကူးက နွဲ့နွဲ့လေး ပြုံးပြကာ ...

"ရောက်နေတာ ကြာပြီလား"

"အင်း ... ဆယ်မိနစ်လောက်တော့ ရှိပြီ"

"ဘာနဲ့ လာတာလဲ၊ ဘောလုံးကွင်းက လာတာမှ ဟုတ်ရဲ့လား"

ကူးက မျက်စောင်းချီပြီး မေးလျှင် သူက ဟဲခနဲ ရယ်ကာ ရှူးချင်ယောင်ဆောင်လိုက်ရသည်။ ကူးက သူ ဘောလုံး



ကန်တာကို လုံးဝသဘောကျသောသူတစ်ယောက် မဟုတ်ချေ။ သူ့ကို အဖြေပေးဖို့ ရက်ကြာခဲ့ခြင်းတွင် ဒီလို ဘောလုံးကန်သောကိစ္စတွေလည်း ပါဝင်သည်။ သို့သော် သူကလည်း ဘောလုံးမှ ဘောလုံး။

ဘောလုံးနှင့် သူသည် ခွဲလို့ကိုမရခဲ့ချေ။ ဘောလုံးကိုတောင်မှ သူက ရိုးရိုး ဝါသနာပါတာ မဟုတ်ခဲ့။ တကယ့်ကို လက်ရွေးစင် အားကစားသမားတစ်ယောက် ဖြစ်ချင်စိတ်ဖြင့် ကြိုးစားနေခဲ့တာ ဖြစ်ပါသည်။

"အင်း ... ကဲပါကွာ၊ ဒီလို အချိန်လေးကိုရောက်ဖို့ မျှော်လင့်ခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ ကိုယ့်ကို ချစ်တယ်လို့ ပြောပါတော့ ကူးရယ်"

"ချစ်တယ်လို့ ပြောဖို့က လွယ်ပါတယ်"

"ဘာကမလွယ်တာလဲ"

ကူးက သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ခေါင်းတစ်ချက် ရွံ့ပြရင်းမှ ...

"ဒီနေ့ စူးနင့်ကို ကူး အဖြေပေးမယ်ဆိုတာ သိရက်နဲ့ သပ်သပ်ရပ်ရပ် ကောင်းကောင်းမွန်မွန်လေးများ ဝတ်စားလာပါတော့လား။ ခုတော့ ကြည့်ဦး။ ချွေးသံတရွှဲရွှဲနဲ့၊ လူပုံစံက ဖရိုဖရဲ။ ဒါ ကူးကို အလေးမထားတာပဲ။

ဒီနေ့ တစ်နေ့လေးများ ဘောလုံးမကန်ဘဲနေတော့ ဘာဖြစ်သွားမှာမို့လို့လဲ"

"ကူးရယ် ... ဘောလုံးက တမင်သွားကန်တာ မဟုတ်ပါဘူးကွာ။ အစတည်းက ချိန်းထားပြီးသား ဖြစ်နေလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် အဝတ်အစားလဲလာပါတယ်။ အင်း ... ရေတော့မချိုးခဲ့ရဘူးပေါ့။ အချိန်လည်း မမီတော့ဘူးလေ ...

ကိစ္စမရှိပါဘူးကွာ။ ကိုယ်က ကူးကို ဖက်မှာမှ မဟုတ်တာ။ ဟဲ ဟဲ ..."

"ဟွန်း ... ဘာမှလျှောက်ပြောမနေနဲ့နော်။ ချိန်းထားပြီးသားလည်း ဖျက်လိုက်ပေါ့။ ကူးထက် အရေးကြီးတဲ့ကိစ္စဆိုတာ ရှိလို့လား ...

ခုတော့ ပုံစံကိုက ဘောလုံးကန်ရင်း အပြေးအလွှား အပြေးလာယူတဲ့ပုံစံလိုမျိုး ဖြစ်နေတယ်"

သူသည် အဖြေပေးရမည့်အစား အဖြေမပေးသေးဘဲ လက်ပိုက်ကာ ကျောင်းဆရာမတစ်ယောက်လို ဆူပူနေသော ကူးကို စိတ်ရှိလက်ရှိ မွှေ့ယမ်းပစ်ချင်စိတ်အား အထူးပဲ ထိန်းချုပ်ထားရသည်။ မိန်းဂလေးတွေဟာ အခွင့်ရတုန်းတော့ အင်မတန်နိုင်စားတတ်ကြပါသည်။ ဒီအခြေအနေမှာ သူတို့က ဗိုလ်ကယ့်ကို အထက်စီးသမားတွေပဲ ဖြစ်တော့သည်။

"အဲဒါကိုက ကူးကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြနေတာပေါ့ ကူးရယ်၊ ကိုယ်က ဘောလုံးကန်နေရမယ်ဆိုရင် ထမင်းတောင် မဆာတော့တဲ့သူပါ ...

ဘောလုံးကို အရမ်း Crazy ဖြစ်တယ်။ ဒါတောင် ချိန်းထားပြီးသားပွဲမို့။ ကန်သာ ကန်ရတာ ပွဲထဲကို စိတ်အပြည့်မရောက်လို့ ဂိုးတောင် တော်တော်နဲ့ မသွင်းနိုင်ဘူး။ ဒါဆိုရင် ကူးကို ဘယ်လောက်ချစ်တယ်ဆိုတာ ခန့်မှန်းကြည့်လို့ ရပါတယ်"



"အမယ်လေး ... ဝမ်းတောင်သာရဦးမယ့်ပုံ။ တော်တော်ကို အလုပ်ကြီး အကိုင်ကြီးနဲ့ နှိုင်းယှဉ်ပြီး ချစ်ပြတာပဲနော်"

ကူးက ပြုံးပြုံးလေးပြောတာ ဖြစ်သော်လည်း အဲဒီစကားကြောင့် သူ့ရင်ထဲမှာ အောင့်မျက်လို့သွားရသည်။ ကူးသည် သူ့ရဲ့ဘောလုံးကန်သော ဝါသနာကို ဘယ်လိုမှ အထင်မကြီးချေ။ အထင်မကြီးသောအပြင် အထင်တောင်သေးကာ ရှုံ့ချတတ်သူဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဘောလုံးသမားကောင်းတစ်ယောက် ဖြစ်လာဖို့ဟူသော သူ့ရဲ့ရည်မှန်းချက်ကို တအံ့တဩဖြင့် ကဲ့ရဲ့ရှုတ်ချခဲ့တာဖြစ်သည်။

ရင်ထဲမှာ နင်သွားသော ခံစားချက်ဖြင့် သူက ဘာမှပြန်မပြောနိုင်ဘဲ ခေါင်းငုံ့ကာ အသာနှုတ်ဆိတ်သွားမိသည်။ ကူးက သူ့ပခုံးတစ်ချက်ကိုကိုင်၍ အသာလှုပ်ယမ်းကာ ...

"စူးနင့်"

သူက မော့မကြည့်မိချေ။ ကူးက သူ့ပခုံးကိုလှုပ်ယမ်းကာ ထပ်ခေါ်သည်။

"စူးနင့်လို့ ဆိုနေ"

သူက ရိုဝေစွာ မော့ကြည့်လိုက်မိလျှင် သူ့ကိုအရည်လဲ့သော မျက်ဝန်းများဖြင့် ကြည့်နေသော ကူးကို တွေ့မြင်ရသည်။ ကူးက သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ရင်း နှုတ်ခမ်းတွေက ပြုံးပြနေသည်။ အဲဒီအပြုံးတွေပဲ သူ ရှုံးခဲ့ရတာ။ ကူးရယ် ချစ်နိုင်ရင်လည်း မလှည့်စားပါနဲ့တော့။

"စိတ်ဆိုးသွားတာလား"

"မဆိုးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးရင် ဘာလို့ ခေါင်းကြီးငုံ့သွားရတာလဲ"

"ပြန်ပြောစရာ စကားလုံး မရှိတော့လို့ပါ။ ကူးက ကိုယ် ဘယ်လိုပဲပြောပြော လက်မခံနိုင်ဘူးလေ။ ကိုယ့်အချစ်ကို သံသယရှိနေတာ မဟုတ်လား"

ခံစားချက်အပြည့်ဖြင့်မေးသော သူ့လေသံတွေကို ကြားလျှင် ကူးမျက်နှာက နည်းနည်းပြောင်းလဲသွားသည်။ မျက်ဝန်းတွေက သူ့ကို ချော့မြူသလို ကြည့်လာလျက် ...

"စူးနင့်ရဲ့အချစ်ကို သံသယရှိနေတာ မဟုတ်ပါဘူး။ စူးနင့် အတွက် စေတနာရှိလို့ ပြောနေတာ"

ကူးရဲ့မျက်လုံးတွေက တောက်ပလာတာမို့ သူက အဲဒီစကားကို ထပ်နင်းလိုက်သည်။ သူတို့ယောကျ်ားလေးတွေက ဒီနေရာမှာတော့ သတိကို တစ်ချက်မှ မလွှတ်စေရဘဲ အကွက် ကောင်းကောင်းနင်းဖို့ ချောင်းနေကြသူတွေ ဖြစ်ပါသည်။

သူက ကူးရဲ့လက်ဖျားလေးနှစ်ဖက်ကို ဆွဲယူလိုက် ရင်းမှ ...

"အဲဒီ စေတနာက ဘာဖြစ်လို့ ရှိတာလဲ"

ကူးက မဖြေသေးဘဲ သူ့လက်ထဲမှ ရုန်းထွက်ဖို့ ကြိုးစားသေးသည်။ သို့သော် အဲဒီ ညင်ညင်သာသာရုန်းပုံမျိုးကို လွှတ်ပေးရအောင်အထိ သူ မအ,သေးပါ။ ပို၍ပင် ခပ်တင်းတင်း ဆုပ်ကိုင်ထားကာ ...

"ဖြေလေ ကူး၊ ကိုယ့်ကိုထပ်ပြီး မညှဉ်းဆဲပါနဲ့ ကူးရယ်။ ကူးဆီက အဖြေကို အချိန်နဲ့အမျှ မျှော်လင့်နေခဲ့ရတဲ့ကောင် ပါ ...



ကိုယ် ပျော်ပါရစေတော့။ နော် ... ကူး"

"အင်း ... လက်ကိုလွှတ်ဦးကွာ"

"မလွှတ်ပါရစေနဲ့တော့၊ ကိုယ့်ကို ချစ်လားဟင်"

ကူးက ရှက်ပြုံးလေးပြုံးရင်း ခေါင်းညိတ်ပြသည်။ အဲဒီပုံစံလေးကို သူက တကယ်ပဲ သိပ်ချစ်သွားကာ လက်ကလေး ကို ပိုမိုဖျစ်ညှစ်ရင်း ဆုပ်ကိုင်မိလျက် ကူးရဲ့နဖူးလေးကို သူ့နဖူးနှင့် အသာသွားထိကပ်မိသည်။ ပြီးတော့ သူ့ရင်ထဲမှလာသော အသံ ဖြင့် ...

"ကိုယ် အရမ်းဝမ်းသာတယ်၊ အရမ်းလည်း ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

အဲဒီလို ပြန်မေးသော ကူးရဲ့ပုံစံက ဘယ်လိုချစ်စရာ ကောင်းမှန်းကို မသိပါ။ သူက ကူးရဲ့နဖူးလေးကို လက်ညှိုးဖြင့် တို့ထောက်ကာ ...

"ဒီကောင်မလေးကိုပေါ့"

"ဒီကောင်မလေးကိုချစ်ရင် ဒီကောင်မလေးရဲ့စကားကို လည်း နားထောင်ရမယ်နော်"

"ဟုတ်ကဲ့ပါ"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ နောက်ကျမှ လုပ်ချင် တာလုပ်မည်။ ခုချိန်မှာတော့ သူသည် ကူးနှင့် အဆင်မပြေမည့် အပြောမျိုးကို လုံးဝရှောင်မည်ဟု သန္နိဋ္ဌာန်ချထားလိုက်လေသည်။ ခိုင်ခိုင်မာမာ တိကျစွာပြောသော သူ့အပြောကို ကူးက ကျေနပ်သလို ခြင်း ပြုံးကာနေသည်။ သူကလည်း ကျေနပ်စွာနှင့်ပင် ကူးရဲ့လက် ကလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထားကာ ကူးကိုမှီလျက် နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဦးသား စကားတွေ အတန်ကြာရပ်ပြောနေခဲ့ကြသည်။ အဓိကကတော့ သူသည် ကိုယ့်ရဲ့ပူပူနွေးနွေး ချစ်သူကောင်မလေးရဲ့ မျက်နှာကို တစိမ့်စိမ့်ပဲ ကြည့်မဝနိုင် ဖြစ်ရလေသည်။

ကူးရဲ့မျက်နှာကို အခါများစွာက ငေးခဲ့ရဖူးသော်လည်း အခုတစ်ကြိမ် ငေးရတာနှင့် ဘယ်လိုမှ မတူပါ။ ဒီမိန်းကလေးဟာ သူ့ကိုချစ်ပါတယ်ဟု အတိအလင်း ဝန်ခံလိုက်သောကောင်မလေးတစ်ယောက်မို့ သူနှင့် ချစ်သူတော်စပ်သွားပြီဟူသောအဖြစ်အပျက်သည် သူ့နှလုံးသားကို အတိုင်းမရှိ ခုန်ပေါက်မြူးထူးခြင်းသို့ ရောက်စေသည်။ အဲဒီနေ့က စက်ဘီးမှောက်တာကလွဲလို့ ကျန်တဲ့ကိစ္စ တော်တော်များများ အားလုံး အဆင်ပြေသည်ဟုပြော၍ရသည်။ စက်ဘီးမပါသဖြင့် ကူးကပဲ သူ့အိမ်အထိ ပြန်လိုက်ပို့ပေးသေးသည်။

သူသည် ကူးကို လက်ပြရင်းမှ စက်ဘီးနဲ့တိုက်မိသော ကောင်မလေးကို ဖျတ်ခနဲ သတိရမိသွားလျှင် စိတ်ထဲမှကျေးဇူးတင်စကားကို ထပ်ဆိုမိသည်။ သူမသာ လိုက်မပို့ခဲ့ဘူးဆိုလျှင် ကူးနဲ့သူ့အခြေအနေဟာ ဘယ်လိုဖြစ်လာမယ်ဆိုတာ မခန့်မှန်းတတ်ပါ။ အခုတော့ အရာအားလုံးသည် စနစ်ကျစွာ လှပခဲ့သည်။ ကောင်မလေးနဲ့ တစ်ခါထပ်ဆုံခဲ့လျှင်တော့ ကျေးဇူးတင်စကားကို သေချာပြောဦးမည်ဟု စေးမှတ်ထားခဲ့ပါသည်။

၄



# ၁

"ဟာ ... ဒါဆို မင်းက တစ်နေ့ထည်းနဲ့ နှစ်ခါလန်းလာတာပေါ့"

သူ့သူငယ်ချင်းဖြစ်သူ နော်နော်က အသားကင်တွေကို ပလုတ်ပလောင်းစားရင်းမှ အာပေါင်အာရင်းသန်သန်ဖြင့်မေးလျှင် သူက မျက်လုံးပြူးကာ ကြည့်မိသည်။ အခုပွဲဟာ ကူးထံက အဖြေရသဖြင့် သူ့သူငယ်ချင်းတွေကို ကျွေးမွေးပြုစုရသောပွဲဖြစ်သည်။ သူတို့ရပ်ကွက်ထိပ်က စည်ကားလှသော ဘီယာနှင့်အကင်ဆိုင်ကြီးမှာ အပေါင်းအပါများကို စေတနာရှိရှိ မရှိရှိ ကျွေးမွေးရတာဖြစ်ပါသည်။ သူတို့အုပ်စုသည် အငှားကစားလိုက်စားသောအားကစားသမားများ ဖြစ်သော်လည်း တစ်လမှာတစ်ကြိမ်လောက်တော့ ဒီလိုပွဲမျိုးလည်း နွှဲလေ့ရှိတတ်ပါသည်။

အခုလည်း စားရင်း သောက်ရင်းနဲ့မှ သူက တစ်နေ့ကဖြစ်ခဲ့သော အဖြစ်အပျက်များကို သူငယ်ချင်းတွေကို ပြန်လည်ပြောပြနေခြင်းဖြစ်သည်။ ကူးထံက အဖြေကို ရဖို့အတွက် တစ်ထောင့်တစ်နေရာမှ ကူညီခဲ့သော အမည်မသိ ကောင်မလေးကိုလည်း ချန်ထားခဲ့၍ မဖြစ်ပါ။

www.burmeseclassic.com



"ယန်းလာတာ မဟုတ်ပါဘူးကွာ၊ ငါကလည်း မတတ်သာလို့ အကူအညီတောင်းရတာပါ။ သူကလည်း သူ့ပယောဂ မကောင်းတော့ ကူညီတာပါ"

"ဘာပဲဖြစ်ဖြစ် မင်းကို စက်ဘီးနဲ့တောင် တင်နင်းပြီး လိုက်ပို့တယ်ဆိုတော့ နည်းတဲ့စေတနာတော့ မဟုတ်ဘူး၊ ချောလား ... ဟီး ဟီး"

သူတို့အုပ်စုထဲတွင် မိန်းကလေးချောချောမှန်ပါက အလွတ်မပေးထတ်သော ခန့်ဝင်းက စပ်ဖြဲဖြဲဖြင့် ဝင်မေးသည်။

"ချော မချောတောင် သေချာမကြည့်မိပါဘူးကွာ။ စိတ်ထဲမှာ ကျူးနဲ့ချိန်းထားတဲ့နေရာကို မရောက်မှာစိုးတာနဲ့ ပျာနေတာ ...

ဒါပေမဲ့ အခု ပြန်တွေ့ရင်တော့ မှတ်မိတယ်။ သူ့စက်ဘီးက ဘာရိတ်မမိဘူးဆိုတော့ အိမ်တောင်ဖြောင့်ဖြောင့်တန်းတန်း ပြန်ရောက်ရဲ့လားတောင် မသိပါဘူး"

"ဟင်း ... ဖြစ်ရမယ်၊ ဒီတစ်ခါတွေ့ရင် ငါနဲ့မိတ်ဆက်ပေးကွာ။ ကြားလား ဟေ့ကောင်။ ငါ မပါလည်း မင်းဘာသာ မိတ်ဆက်ထား။ ပြီးရင် ငါနဲ့ ပွဲျင်းပေး။ သိလား ယောက်ဖ"

"ဟ ... မင်းကလည်း ဘယ်လိုဖြစ်နေတာလဲ။ ခဏလေး တွေ့လိုက်ရတဲ့ မိန်းကလေးတစ်ယောက်ကို ...။ မင်းဆို မြင်တောင် မမြင်ဘူးပဲနဲ့ ဘာအသွည်းအသန် ဖြစ်နေတာလဲ"

ခန့်ဝင်းက သူ့ကို နှာခေါင်းရှုံ့ပြသည်။ မင်း သိပါတယ် ဟူသော သဘော။



"မသိဘူးကွာ။ ငါတော့ မင်းပြောတာ ကြားတာနဲ့တင် သူ့ကို စိတ်ဝင်စားနေပြီ။ လူရှင်တော်ကြီး ဦးဆန်နီပြောတဲ့ ပြက်လုံးလိုပေါ့၊ ဒီနာမည်မျိုးဆို မေးမနေနဲ့တော့၊ အကြော်ရောင်းမှာ သေချာတယ် ဆိုတာမျိုးပဲ။ အခုလည်း မင်းပြောတဲ့ပုံစံအရဆို သူက ချောမယ်၊ ချစ်ဖို့ကောင်းမယ်။ စိတ်ထားလေးက ဖြူစင်ပြီး သဘောမနောကောင်းမယ်ဆိုတာ သိသာနေတယ် ...

အဲဒီတော့ အရမ်းစိတ်ဝင်စားတယ်ကွာ။ ဒါပဲ"

"ဟူး"

သူက မနိုင်တော့ဘူးဟူသော ပုံစံဖြင့် လက်ဝါးနှစ်ဖက်ကို ဖြန့်ပြကာ ခေါင်းယမ်းပြလိုက်သည်။ သူတို့ သူငယ်ချင်း ငါးယောက်မှာ အလယ်တန်းကျောင်းသားဘဝတည်းက အတွဲညီညီ ပေါင်းလာခဲ့ကြသော ညီအစ်ကိုအရင်းတမျှ ချစ်ခင်သည့် သော်ဒါတွေဖြစ်ကြသည်။ သောလုံးကန်တာကိုလည်း ငါးယောက်စလုံး ဝါသနာပါကြသော်လည်း သူကတော့ မြန်မာ့လက်ရွေးစင်အား ကစားသမားတစ်ယောက် ဖြစ်ဖို့အထိ ရည်မှန်းချက် ကြီးခဲ့သူဖြစ်သည်။ လက်ရှိ သူ့အခြေအနေမှာ ဖြစ်ဖို့လည်း အလားအလာ အများကြီး ရှိနေပါသည်။

သူတို့အုပ်စုထဲတွင် သူ၊ နော်နော်၊ သားမြတ်တို့မှာ နီးရိုးမေဂျာကျောင်းသားတွေဖြစ်ကြပြီး ခန့်ဝင်းနှင့် သော်ဇော်မှာ ဆေးကျောင်းသားတွေဖြစ်သည်။ အဲဒီအထဲမှာမှ သူနှင့် နော်နော်မှာ ပုဂ္ဂလိကဘောလုံးကလပ် အသင်းတစ်ခုဖြစ်သော မြန်မာစတားကလပ်၏ လက်ရွေးစင်ဘောလုံးသမားများ ဖြစ်ကြသည်။ သူ့လို

www.burmeseclassic.com

www.burmeseclassic.com



ဝင် နေ့နေ့တလည်း ဘောလုံးကို ရှုးသွပ်ကာ သူတို့အသင်း၏ ရွှေတန်းတိုက်စစ်မှူးတစ်ယောက် ဖြစ်လေသည်။ သူကတော့ ကွင်းလယ်စနေ့တီးရှင် ကစားသမားတစ်ယောက်ဖြစ်ကာ ဒေးဗစ် ဘက်ခမ်းလိုပဲ ဖရီးကစ်ကန်ရာမှာ ပိုင်နိုင်ကျွမ်းကျင်သောသူတစ် ယောက် ဖြစ်ပါသည်။

"ပြောပြီးသားနော် ယောက်ဖ၊ သူ့ကိုတွေ့တာနဲ့ ငါ့ကိုဖုန်း ဆက်ပြီး ချက်ချင်းခေါ် ... ကြားလား"

"အေးပါကွာ၊ လက်ရှိ မင်း အစွယ်အပွါးတွေကိုပဲ အရင် ငြိမ်အောင်လုပ်ထားစမ်းပါဦး"

"ဟာ ... ဒါတွေက အေးဆေး။ Just for fun ပါကွာ။ တကယ် heart ထိတဲ့ဟာတွေ မဟုတ်ပါဘူး ...

မင်းတို့သာ ချစ်လွန်းအားကြီးတော့ နှစ်လကြာရှည် စွဲနေပါကြီးစွာ လိုက်ပေါ့။ ဘယ်လိုလဲ ဟော့ကောင်။ အနှစ် နှစ် အလလက မျှော်လင့်ခဲ့တဲ့ အရာကို အခုရလိုက်တော့ ရင်ထဲမှာ ဘယ်လိုများ ခံစားရတုန်း။ မင်း ဖီလင်လေးဖွင့် စမ်းပါဦး"

"သိဘူး။ လောလောဆယ်မှာတော့ ပျော်နေတာပဲ သိတယ်။ ပျော်တယ်ကွာ။ လောကကြီးကို ကျေနပ်နေတယ်၊ အဲဒါပဲ"

သူက ကုလားထိုင်နောက်မှီကို အားရပါးရ မှီထိုင် ကာ မိန့်မိန့်ကြီးပြုံးရင်း ပြောလိုက်သည်။ သော်ဇင်က ဘီယာကို တမြည့်မြည့် စုပ်သောက်ရင်းမှ သူ့ကို မျက်လုံးများ မှေးစင်းကြည့် ကာ ...

"မင်း ကောင်မလေးကို တော်တော်ပဲ ချစ်လား စူးနင့်"



သူက သော်ဇင့်ကို စာတ်လမ်းဟောင်း ကာင်းပြောကွာ၊ ရှာသော အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။ သူ့ ာနဲ့၊ သော်ဇင် ... အဖွဲ့ဆုံးမှာ ခန့်ဝင်းကို ဖြစ်သော်လည်း အချစ် အကျေဆုံးမှာတော့ သော်ဇင် ဖြစ်လေသည်၊ ငယ်ချင်း။ မင်းက ညီးစားတစ်ယောက်သာ ထားခဲ့ဖူးသော်လည်း ိး ပီပီပြင်ပြင် ခံစား နဲ့ကို အချစ်အကြောင်း တော်တော်သိသွားသည် ာက် သေမလောက်

"ဘာလုပ်မလို့လဲကွာ၊ အချစ်မှာ amo ငယ်ချင်း ...

"ဟား ... သိပ်ရှိတာပေါ့၊ ရှိကို ရှိတယ်၊ ဒိ စီလိုက်ရင် တို့က မရှိဘူး ထင်နေလို့လား"

ကြောင်းကို သော်ဇင်ရဲ့ ခပ်တွေတွေ စတိုင်လ်ကို နေ မျက်စောင်းတစ်ချက် ထိုးကြည့်ကာ ...

"ဟော့ကောင် ... ဘီယာလောက်နဲ့ တွေပြ လည်း သူ့ နော်။ မင်း ယောက်ျားသိက္ခာကျတယ်"

"ယောက်ဖ ... ဘီယာနဲ့တွေပြနေတာ မဟုတ်ဘူး ပြောဟု နဲ့ တွေပြနေတာ၊ မင်းတို့တွေ အချစ်အကြောင်းရေ အချစ်နံ့တွေ လွင့်ပျံ့လာပြီး လူက တွေလာတယ်။ နား လည်လား။ အနာဟောင်းကို ပြန်ဆွနေသလိုပဲ"

"ခြော် ... ခုထိကို မကျက်နိုင်သေးဘူးလား"

"မကျက်သေးဘူး။ မကျက်သေးဘူး ဆိုတာထက် မင်းတို့ ကို တစ်ခုမေးမယ်၊ ရည်းစားဟောင်းကို အင်္ဂလိပ်လို ဘယ်လိုခေါ်လဲ သိလား"

သူက ဖြေမည်အလုပ်မှာ ကော်လာပါအင်္ကျီ ဝတ်ထားသည့် သားမြတ်က ကော်လာထောင်ရင်း ဝင်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင် နော်နော်ကောင် … အကြင်နာကျောင်းသားတွေပေမယ့် ဒီ ရှေ့တန်းတိုက်ထိတော့ သိပါတယ်ကွ။ ရည်းစားဟောင်းဆိုတာ ကွင်းလယ်ဖန်တီး…e ပေါ့။ ဒါများ"

အာက်ခမ်းလိုပဲ ဖ၊ အဲဒီ Old flame ကို တိုက်ရိုက်ဘာသာပြန်ရင် ယောက် ဖြစ်ပါသ

"ပြောပြီးဘာအိုလေးပေါ့"

ဆက်ပြီး ကိအိုလေး လုပ်မနေနဲ့။ မီးတောက်အိုကြီး၊ မီး

"အေး။ ရည်းစားဟောင်းဆိုတာ တကယ့်ကို မီးအိုကြီးပဲ။ ငြိမ်းရှိန်လျှံညီးညီးနဲ့ တောက်လောင်နေတာတော့ မဟုတ်ဘူး။ တမြည့်မြည့်နဲ့ မငြိမ်းနိုင် မစီးနိုင် နှလုံးသားကို လှိုက်စား တ… လောင်နေတာ။ အဲဒါ ရည်းစားဟောင်းရဲ့အချစ်ပဲ …

ရည်းစားဟောင်းနဲ့ ပတ်သက်ပြီး အသည်းကွဲရတဲ့ ရှင်ဟာ တကယ့်ကို တမြည့်မြည့်နဲ့ ကျွမ်းလောင်ပြီး ခံစားနေရတဲ့ မီးအိုကြီးဖိုလင်ပဲ၊ မှတ်ထား"

သော်ဇင်ရဲ့စကားကို ခန့်ဝင်းက မျက်မှောင်တစ်ချက် ကုတ်ကြည့်ကာ …

"မင်းကလည်းကွာ၊ သူများက ခုမှ ပူပူနွေးနွေး အဖြေရ ခါစ ရည်းစားကို ပထမဦးဆုံး စထားမူးခါစ"

"ဟေ့ကောင် … ဘာရည်းစားလဲ၊ နီးရည်းစား။ ရည်းစား မဟုတ်ဘူး။ ရည်းစားလို့ မပြောနဲ့။ ချစ်သူ။ ချစ်လှစွာ သော ချစ်သူလေး"

အကဲပိုပို ဝင်ပြောသော သူ့ကို ခန့်ဝင်းက အသံတိတ် ဆဲပြသည်။ သားမြတ်က လက်တယမ်းယမ်းဖြင့် …



"ဟေ့ကောင်တွေ … ပြောမှာဖြင့် ကောင်းကောင်းပြောကွာ၊ ဖီးလ်ပျက်တယ်။ မင်းတို့ ဘာမှဝင်မပြောနဲ့၊ သော်ဇင် … ယောက်ဖ အုပ်စီခြွေစမ်းကွာ …

မင်းဒိုင်တွေကို ငါ ကြွေတယ် သူငယ်ချင်း။ မင်းက အချစ်ကို ရေရေလည်လည် ရှုးသွပ်ပြီး ပိပိပြင်ပြင် ခံစား ဖူးတဲ့ကောင်။ တစ်ယောက်ဆိုတစ်ယောက် သေမလောက် ခံစားခဲ့ရတာ။ အလေးပြုထားတယ် သူငယ်ချင်း …

ဟိုကောင် သော်ဇင်။ ရည်းစားတွေကို စီလိုက်ရင် ရန်ကုန်ကနေ ပဲခူးထိရှိတယ်။ ဒါပေမဲ့ အချစ်အကြောင်းကို မင်း တစ်ဝက်တောင် မသိဘူး …

ကဲ … ကဲ … ပြော။ စူးနင့် … မင်းလည်း သူ့ စကားတွေကို သေချာနားထောင်သင့်တယ်နော်။ မင်း အတွက် အများကြီး အကျိုးရှိနိုင်တယ်"

သူက တစ်ချက်ငြိမ်သွားကာ သော်ဇင့်ကို ပြောဟူ သော သဘောဖြင့် မေးတစ်ချက် ဆတ်ပြလိုက်သည်။ သော်ဇင် က အာလူးချောင်းကြော်တစ်ခုကို ရိရိဝေဝေ ကိုက်စားနေရင်းမှ …

"မင်းက အခု အချစ်ကို ရည်းစားလို့တောင် အပြောမခံ ဘူး ဟုတ်လား။ ချစ်သူမှ ချစ်သူပေါ့။ ကောင်းပါတယ် ကွာ။ ဒီအချိန်က အချစ်မှ အချစ် ဖီးလ်တက်နေတဲ့အချိန် ဆိုတော့ ဘာမဆို ခံစားလို့ ကောင်းနေတာပေါ့ …

ဒါပေမဲ့ အရမ်းချစ်တတ်တဲ့ကောင်တွေဟာ အန္တရာယ် တော့ ရှိတာပဲ"

"ဘာအန္တရာယ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အချိန်မရွေး အသည်းကွဲသွားနိုင်တဲ့ အန္တရာယ်ပေါ့"

"ဟင် ... မင်းကလည်း စပြီကွာ"

"အကောင်းပြောနေတာကွ။ ဒီနေရာမှာ ခန့်ဝင်းသာဆို ငါ ဘာမှ သိပ်ပြောနေစရာ မလိုဘူး။ ဒီကောင်က အေးအေးဆေးဆေးပဲဟာ။ ထားတဲ့ရည်းစားတွေလည်း များလှပြီ။ မင်းပြောသလိုပဲ ချစ်သူလည်း တစ်ယောက်မှ မပါဘူး"

"That's Right"

ခန့်ဝင်းက လက်မတစ်ချက်ထောင်ကာ ဝင်ဖြေသည်မို့ သူက နဖူးခေါင်းတစ်ချက် ရှုံ့ပြလိုက်သည်။ သော်ဇင်က ပြုံးမဲ့မဲ့ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆက်ပြောသည်။

"အမှန်တော့ လူတစ်ယောက်ဟာ ပထမဦးဆုံးအနေနဲ့ ချစ်သူကို ချက်ချင်းမထားသင့်ဘူးကွ"

"ဟား ... စပြီ။ ဒိုင်က မိုက်လှချည်လား"

"ဟုတ်တယ်ဟ၊ စိတ်ဝင်စားတယ်"

ဒီစကားကိုတော့ သူတင်မကဘဲ တခြားသူငယ်ချင်းတွေကပါ စိတ်ဝင်စားကြလေသည်။ သော်ဇင်က အဲဒီလိုပဲဖြစ်သည်။ သူ့အပြောအရ ချစ်သူမိန်းကလေးတစ်ယောက်သာ ထားခဲ့ဖူးသော်လည်း အဲဒီတစ်ယောက်နဲ့တင် အချစ်ဆိုသောအရာကို စေ့စေ့စပ်စပ် နားလည်သွားခဲ့သည်ဟု ပြော၍ရသည်။ အဲဒီလို နားလည်ရအောင်လည်း အရင်းအနှီးက ကြီးမားခဲ့ပါသည်။

"ဟုတ်တယ်။ ပထမဦးဆုံး အချစ်ဆိုတာ အရမ်းကိုနူးညံ့သလောက် အရမ်းကြီးလည်း ပြင်းထန်တယ်။ သို့ opposite တွေ စုနေတာတော်တယ်"



"ဘယ်လို opposite တွေလဲ"

"အရမ်းနူးညံ့တယ်။ အထိအခိုက် မခံဘူး။ ဒါပေမဲ့ နူးညံ့လွန်းအားကြီးလို့ လွယ်လွယ်နဲ့ ပြတ်သွားမလား မထင်နဲ့။ ငါဆို ယင်းမာနဲ့ ပြတ်သွားတာ သုံးနှစ်ရှိပြီပဲ။ သူ့ကို တစ်နေ့မှ မမေ့ဘူး။ ဒီကြားထဲမှာ ထပ်ချစ်နိုင်စရာ မတွေ့ဘူး။ ချစ်နိုင်စရာ တွေ့ခဲ့ဦးတော့ ဒါဟာ အချစ်အတွက် တစ်ဖန်မွေးဖွားတာပဲ။ အဲဒီ နှလုံးသားက သတ်သတ် ...

ဒါပေမဲ့ ယင်းမာကို ချစ်ခဲ့ဖူးတဲ့အချစ်က နှလုံးသားမှာ မရှိတော့ပေမယ့် အသိဉာဏ် မှတ်ဉာဏ်တွေထဲမှာတော့ စွဲထင်နေတုန်းပဲ။ အဲဒီလိုတွေပဲ ပထမဦးဆုံး အချစ်ဆိုတာ နှလုံးသားထဲမှာ ပျောက်ပျက်သွားစေဦးတော့ ဦးနှောက်ထဲမှာတော့ ပျက်သွားမှာ မဟုတ်ဘူး။ အသိစိတ်က ဒီလောက် ချစ်ခဲ့ပါလားဆိုတာ အမြဲသတိရနေတယ်"

"ဟုတ်တယ်၊ ဖြစ်နိုင်တယ်။ အဲဒီစကားကိုတော့ ငါထောက်ခံတယ်။ ကြိုက်တယ်။ ငါလည်း First love နဲ့ လွဲခဲ့တာပဲ။ သော်ဇင့်လောက် မချစ်ခဲ့ပေမဲ့ ယုယကို တကယ်တော့ ချစ်ခဲ့တာပဲ ...

ဒါကြောင့် ပြတ်သွားတဲ့အချိန်မှာ တကယ်ခံစားရတယ်။ အခု ဆော်အသစ် ထပ်ရထားတယ်။ ချစ်လည်း ချစ်တယ် ဆိုပေမဲ့ ယုယကိုချစ်ခဲ့တဲ့ အချစ်ကိုတော့ သတိရမိတုန်းပဲ။ sometimes ပေါ့"

"အေး ... အဲဒါ သူ့ကို သတိရတာ မဟုတ်ဘူး။ ကိုယ်ချစ်ခဲ့တဲ့ အချစ်ကို ပြန်သတိရတာ မဟုတ်လား။ ငါ ဒီ

www.burmeseclassic.com

www.burmeseclassic.com



သောတတ် ချစ်တတ်ခဲ့တာပါလား ဆိုတာကို သတိရတာဟုတ် Right ?"

"ရိုက်ထိတယ်။ ရိုက်ထိတယ်။ ဟုတ်တယ်၊ တကယ်တော့ သူ့ကို အဲဒီလောက်ထိ သတိရတာတော့ မဟုတ်ဘူး။ အဲဒီတုန်းက ကိုယ်ရှုံးခဲ့တဲ့ အချစ်ကို ပြန်သတိရတာ။ အမှန်တော့ တချို့က အဲဒါကို ခွဲမသိလို့ ...

တော်တယ်ကွာ သော်ဇင်၊ လေးစားပါတယ်"

ခန့်ဝင်းက ရှုးကြောင်ကြောင်ဒီဇိုင်းဖြင့် သော်ဇင့်ကို အလေးထပြုသည်။ သော်ဇင်က မဖြူသော မျက်နှာပေးဖြင့် ဘီယာကို ထပ်မော့ကာ စကားထပ်ဆက်သည်။

"ဒီတော့ ပထမဆုံးအကြိမ်မှာ ချစ်သူဆိုတာထက် ရည်းစား တစ်ယောက်လောက် ထားကြည့်တာ အဆင်ပြေတယ် ...

တစ်ခါမှ ရည်းစားမထားဖူးတဲ့သူ၊ လုံးဝ ပလိန်း တစ်ကောင်ဟာ ချစ်သူနဲ့ ရည်းစားကို တစ်ထပ်တည်းသွား ကျပြီး ထားလို့ကတော့ ကွဲပြီသာမှတ်ပေတော့ ...

ချစ်သူနဲ့ ရည်းစားက တူကို မတူတာကွ။ အချစ် ကို ခံစားရတာက ရင်ထဲမှာ နင့်နေတာ။ ရည်းစားဆိုတာ ကတော့ ဆားမပါတဲ့ဟင်းလိုပဲ"

"မင်းပြောချင်တာက အခု ရှုးနိုင့်ကို လျော့ချစ်ဆိုတဲ့ အထာလား"

"အိုး ... နိုး ... နိုး။ လျော့ချစ်ခိုင်းတာ မဟုတ်ဘူး။ လျော့ ချစ်လို့လည်း မရဘူး။ သူ့ဟာသူ လစ်မစ်က တက်လာတာ။ ဘာမှသွားလုပ်လို့ မရဘူး"



"ဟင် ... ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ"

"ချစ်တာက သေအောင်ချစ်လို့ရတယ်။ ဒါပေမဲ့ မျှော်လင့် ချက်ကို အရမ်းထည့်မထားဖို့ လိုတယ်။ အချစ်ဦးဆိုတာ လွဲဖို့ ကိုးဆယ်ရာခိုင်နှုန်း သေချာတယ်ကွ။ အဲဒါ ဘယ်သူ ထားခဲ့တဲ့ ကျိန်စာလဲတော့ မပြောတတ်ဘူး ...

သေချာတာတော့ လူတစ်ယောက်ကို အရမ်းချစ်မိ နေရင် ပေါင်းရဖို့ သိပ်မမျှော်လင့်နဲ့တော့။ အချစ်အရမ်း စစ်ရင်လည်း အဆင်မပြေတတ်ဘူး။ True love never runs smooth ဆိုတဲ့ စကားလည်း ရှိတာပဲ"

"ဟင် ... မင်းဟာက ကောင်းတာကို မရှိဘူး"

သော်ဇင်ရဲ့စကားကို နော်နော်က မကျေမနပ်ဟန် ဖြင့် ဆိုသည်။

သော်ဇင်ကာ အဓိပ္ပာယ်ပါသော အပြုံးတစ်ဝက်ဖြင့် ...

"ဒါက မကောင်းတာတွေချည်း စုပြောလို့ပါကွာ၊ ဖြစ်လာ နိုင်တဲ့ မကောင်းတာတွေကို သိမ်းကျုံးပြီးပြောလို့။ ချစ်သူ စ,ရသွားပြီဆိုတာနဲ့ မကောင်းတာတွေ၊ အဆိုးတွေက ဆက်တိုက်ကြုံနေ တွေ့နေရတာမှ မဟုတ်တာ ...

စ,လာတာက လေပြည်တွေလေ၊ အချစ်ရနံ့တွေ သင်းပျံ့နေတဲ့ လေပြည်တွေ ခပ်ဖြူးဖြူး တိုက်နေတာ။ လေပြည်တွေ တိုက်နေတယ်၊ ပန်းပွင့်တွေ လေထဲမျောပါ နေတယ်။ ချစ်သူရဲ့အပြုံးကို ငေးနေရရင် အသက်ရှူဖို့ တောင် မေ့နေတယ်ဆိုတဲ့ သဘောပဲ။ အေး ... ဒီအရာ တွေကို ခံစားပြီး အချစ်ကို လက်မလွှတ်နိုင်တော့ဘူးဆိုမှ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲကျော်တွေက ဝင်လာမှာ။ နည်းနည်းပါးပါး ခံစားရတာတော့ အချစ်ကို ပိုတောင် heat တက်စေသေးတယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုး စိတ်ကောက်ပြီး တစ်ပတ်လောက် မခေါ်ဘဲနေကြည့်၊ လွမ်းရတဲ့အရသာက နင့်နေတာ။ ခံစားတတ်မယ်ဆိုရင် အဲဒီဖီလင်လည်း ခံစားလို့ရတာပဲ ...

အဲဒါ ပြန်ခေါ်လိုက်တော့ လုံးဝမခွဲနိုင် မခွာရက်ဖြစ်သွားပြီ။ ပိုတောင် close ဖြစ်သွားသေးတယ်။ ပိုချစ်သွားတယ်။ တကယ်တော့ အချစ်မှာ ကြည်နူးရတာတွေ ခံစားရတာတွေ တစ်လှည့်စီ ဖြစ်နေလို့ အချစ်ကို လူတွေက ပိုစွဲတာကွ ...

မကောင်းတာတွေချည်း စုနေတာတော့ မဟုတ်ဘူး။ ကောင်းတာတွေက အရင်လာတယ်၊ ပြီးရင် နင့်စရာတွေလာမယ်။ ဒါ သီအိုရီပဲ"

သော်ဇင်၏ စကားအဆုံးတွင် သူ့မှာ တွေးစရာတစ်ခု ဖြစ်သွားသည်။ သူ့အတွေးမပြီးခင် သော်ဇင်က စကားကို ဆက်ပြောသည်။

"တကယ်တော့ မိန်းမတစ်ယောက်ကို ချစ်တယ်ဆိုရင် ကိုယ်နဲ့ရင်ဘတ်ချင်းတူတဲ့ မိန်းမကို ချစ်မိတဲ့ကောင်က ပိုကံကောင်းတယ် ...

နောက်တစ်မှက ကိုယ့်ကို နားလည်ပေးနိုင်တဲ့ မိန်းမမျိုး၊ control လုပ်နိုင်တဲ့ မိန်းမမျိုးနဲ့ ချစ်ရတာ ပိုမိုက်တယ်"



"အလဲ့ ... တယ်ဟုတ်ပါလား။ အဲဒီလို မိန်းမမျိုးကို ဘယ်မှာသွားရှာရမှာလဲ"

"ရှာဖွေရင်တော့ အချစ် မဟုတ်တော့ဘူး။ ဒါပေမဲ့ ကိုယ်ချစ်တဲ့မိန်းမက အဲဒီလိုမျိုးဆို တို့ကောင်တွေ ကံကောင်းတယ်လို့ ပြောတာ။ ကိုယ့်ကိုချစ်တဲ့ မိန်းမက အဲဒီလို မိန်းမမျိုးဆို ချစ်ရတာ အရမ်းမိုက်တယ်။ အဲဒီလို အချစ်မျိုးနဲ့ ရေရှည်သွားရရင် အချစ်ဟာ အရောင်တင်ပေးနေသလိုဖြစ်ပြီး အမြဲတမ်း လင်းလက်နေတယ်"

"အင်း ... ပြောတာနဲ့တောင် အဲဒီလို မိန်းမကလေးမျိုးနဲ့ တွေ့ချင်လာပြီ။ နားလည်ပေးနိုင်တာ ကောင်းတာတော့ ဟုတ်ပါပြီ။ ကိုယ့်ကို control လုပ်နိုင်တယ် ဆိုတာကကော ဘာလဲ။ control လုပ်တယ်ဆိုမှတော့ ကောင်းပါတော့မလား"

"အဲဒါ ပြောတာပေါ့။ လူတွေက control လုပ်တယ်ဆိုရင် မကောင်းတဲ့ side က မြင်တာ များတယ်။ control လုပ်ပြီး ထိန်းချုပ်တယ်၊ အနေကျပ်တယ်။ အဲဒါမျိုး မြင်ကြတာ။ တကယ်တမ်း ကိုယ်ချစ်တဲ့မိန်းမတစ်ယောက်က ကိုယ့်ကို ပါးပါးလေး control လုပ်တာလောက် ကြည်နူးဖို့ကောင်းတဲ့ကိစ္စ မရှိဘူး"

"ဟား ... ကြိုက်ပြီကွာ"

"မင်းတို့လည်း သိတာပဲ။ ငါတို့ ယောကျ်ားတွေဆိုတာ ကိုယ် တကယ်ချစ်တဲ့မိန်းမနဲ့ တွေ့ပြီဆိုရင် အနည်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



အများတော့ ပြောင်းလဲတတ်ကြတာပဲ။ ပြီးတော့ လူဆိုတာ သိစိတ်ကပဲဖြစ်ဖြစ်၊ မသိစိတ်ကပဲဖြစ်ဖြစ် အချစ်ကို ထော်ရုံမလှန်နိုင်တဲ့ အနေအထားမှာပဲ ရှိတယ် ...

ချစ်နေတာကိုးကွ။ ချစ်နေရင် ထော်တန်ရုံထဲ ဘာမှ မမြင်တော့ဘူး။ အဲဒီမှာ ကိုယ့်ကောင်မလေးက ဆေးလိပ် မသောက်ရဘူး၊ ဘီယာမသောက်ရဘူး ဆိုတာတွေ ထော်ရုံ လျှော့ပစ်လိုက်ကြတာ များတယ်။ သေချာစဉ်းစားကြည့်ရင် ငါတို့ကသာ အဲဒီအရာတွေကို ကြိုက်နေလို့လေ။ တကယ် တမ်းကျတော့ ကောင်းတဲ့ဟာတွေမှ မဟုတ်တာ ...

Club မတက်ဖို့၊ ရန်မဖြစ်ဖို့၊ အိမ်ပြန်နောက်မကျ ဖို့ စသဖြင့် သူတို့က လိုက်ထိန်းပေးတာတွေက ကိုယ့် အတွက် ကောင်းတယ်လေ။ ထော်တန်ရုံ အမှားလုပ်မယ့် ကိစ္စတွေမှာ သူတို့ကြောင့် မလုပ်ဖြစ်တာတွေ ရှိတယ်။ တချို့မိန်းမတွေကျတော့လည်း တကယ်တော်ပါတယ်။ ယောကျ်ားတစ်ယောက်ကို ချစ်တာအပြင် Control လုပ် နိုင်တယ်။ ရှေ့တန်းမှာတော့ ထား,ထားတာပဲ။ တကယ် တမ်း အဲဒီမိန်းမက အခရာ။ အဲဒါမျိုးတွေ ရှိတယ်"

"အင်း ... မင်းဟာက အချစ်အကြောင်းကနေ မိန်းမတွေ အကြောင်းရောက်လာပြီ။ Topic ပြောင်းပြီလား သူငယ်ချင်း"

"မပြောင်းပါဘူး။ အချစ်အကြောင်းပါပဲ။ ဒါပေမဲ့ လူဆို တာ ကိုယ်နဲ့ဆန့်ကျင်ဘက်ကို ပိုစိတ်ဝင်စားတာ သဘာဝ ပဲလေ ...



ချစ်တာတော့ လူတိုင်းချစ်တတ်တာပဲ။ အချစ်ကို ခံစားတတ်တာပဲ။ ယောကျ်ားလေးက ပိုချစ်တတ်တယ်တို့၊ မိန်းကလေးက ပိုချစ်တတ်တယ်တို့ ဆိုတာ အမြဲအမြစ် မရှိပါဘူး။ အဲဒီလူရဲ့ စိတ်နဲ့ပဲ ဆိုင်တယ်။ သီချင်းတွေ စပ်ထားတာ ကြည့်ပါလား။ ယောကျ်ားလေးကလည်း သူ တို့ ဘယ်လောက်ချစ်ကြောင်း အပီအပြင် ဖွဲ့ထားတာပဲ၊ မိန်းကလေးကလည်း ဘယ်လောက်ချစ်တယ်ဆိုတာ side အမျိုးမျိုးက ဖွင့်ဆိုထားတာပဲ။ သူတို့ကတောင် စ,ချစ်သေး တယ်။ သူ မသိလည်း လွမ်းနေပြီတို့၊ တိတ်တိတ်လေး ချစ်သွားမယ်တို့၊ အိုး ... ရေလည်ချစ်ပြကြတာ။ သူတို့ လည်း ချစ်တတ်ပါတယ်ပေါ့ ...

ဒါပေမဲ့ ကံစတတ်ဆရာက နောက်တတ်တယ်ကွ၊ ပထမဆုံး အချစ်တွေမှာ ကိုယ်နဲ့တကယ် match ဖြစ်တာ တွေကို တွဲမပေးတတ်ဘူး ...

ဒါကြောင့် နှလုံးသားတစ်ခုလုံးနဲ့ ရင်းထားတဲ့အချစ် ကို သိပ်မျှော်လင့်မထားဖို့ လိုတယ်"

"ဟုတ်ကဲ့။ အမြည်းတွေရော ဘီယာတွေရော ကုန်ပါပြီ။ အဲ ... ပါတာတွေ အားလုံးလည်း ပြောင်ပြီနော်။ ပါရာရာ ဗုံတော့ မဟုတ်ဘူး။ ပါတာတွေအားလုံးပြောင် ...

ဒီတော့ လူစုမခွဲခင် အနှစ်ချုပ်လေးကို မိန့်ပါဦး ဆရာ ...

မှုပ္ပနွေးနွေး ချစ်သူရထားတဲ့ စူးနှင့် ကိုယ်စား ကျွန်တော်ကပဲ ကြားထဲက မေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



[illegible] နော်နော်ကမေးလျှင် သော်ဇင်က နှုတ်ခမ်းတွန့်ပြီး ပြုံးကာ [illegible]

"အေးကွာ၊ တပည့်ကြီးတို့အတွက်ပါ ရင်နဲ့ရင်းပြီးသိတဲ့ အသိတစ်ခုကို လက်ဆောင်ပေးလိုက်တယ်။ အချစ်မှာ ပဓောက်နှစ်လုံး ရှိတယ်။ ချစ်တဲ့လူတိုင်းဟာ အဲဒီပဓောက်နှစ်လုံးထဲက တစ်ခုသော ပဓောက်နဲ့တော့ ရင်နှီးမိကြမှာပဲ"

"ဘာပဓောက်လဲ"

"ပိုင်ဆိုင်တာနဲ့ ပေးဆပ်တာ။ လူတစ်ယောက်ဟာ အချစ်ကို အဲဒီနှစ်မျိုးနဲ့ပဲ ပတ်သက်တယ်။ အချစ်ကစားပွဲတစ်ခု ပြီးသွားတဲ့အချိန်မှာ အဲဒီထဲက အဖြေတစ်ခုကိုတော့ ပိုင်သွားရတာပဲ။ ကိုယ်ဟာ ပိုင်ဆိုင်လိုက်ရတဲ့သူလား။ ပေးဆပ်လိုက်ရတဲ့သူလား ...

အဲဒီတော့ အချစ်တစ်ခုကို စတွေ့ပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်လို့ရတယ်။ ငါ ပိုင်ဆိုင်နိုင်မှာလား၊ ငါဟာ ပေးဆပ်ရမယ့်သူလား ဆိုတာကိုပေါ့။ ပထမပိုင်းမှာ မသိသာပေမယ့် တဖြည်းဖြည်းနဲ့တော့ သိလာမှာပါ။ ကိုယ့်ကိုယ်ကိုယ် မညာဖို့တော့ လိုမှာပေါ့"

သော်ဇင့်ရဲ့စကားအဆုံးတွင် သူတို့တစ်ဖွဲ့လုံး မေးခွန်းအမေးခံလိုက်ရသူတွေလို ငြိမ်သက်သွားသည်။ သူသည် ကူးရဲ့မျက်နှာလေးကို မျက်လုံးထဲမှာ ဖျတ်ခနဲ မြင်ယောင်လာမိကာ ကိုယ့်ကိုယ်ကိုယ် မေးမိသည်။ သူဟာ ကူးကို ပိုင်ဆိုင်ရမယ့်သူလား၊ ပေးဆပ်ရမယ့်သူလား။



အဖြေကို မသိပေမယ့် သူ့ဆန္ဒကတော့ ကူးကို ပိုင်ဆိုင်ခွင့်ရသူပဲ ဖြစ်ချင်ခဲ့ပါသည်။ အခုလောလောဆယ်မှာတော့ ပိုင်ဆိုင်ရတာ ပေးဆပ်ရတာတွေထက် ချစ်ဖို့အကြောင်းက အတွေးထဲမှာ နစ်မျောပြီးနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ _
အချစ်ကို ပတောက်နှစ်မျိုးနဲ့
ပတ်သက်နေတယ်။
ပိုင်ဆိုင်တာနဲ့ ပေးဆပ်တာ။
အဲဒီတော့
ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်။
ငါဟာ အချစ်ကို ပိုင်ဆိုင်နေတာလား။
ပေးဆပ်နေရတာလား။



## ၂

ဒီနေ့ ကူးတို့ကျောင်းကို သွားပြီး ကူးကို သွားတွေ့ရမှာမို့ သူဟာ မှန်ရှေ့မှာ မောင်ကြီးမန္တာနိုင် ဖြစ်လို့နေသည်။ သူ့သဘောနဲ့သူဆိုလျှင် အဲဒီလောက် ပြင်ပြင်ဆင်ဆင် နေရတာကို ဝါသနာမပါ,ပါ။ ဂျင်း(န်)တစ်ထည်နှင့် တီရှပ်လောက်ဆို သူက အပြင်ထွက်ဖို့ အေးဆေးဖြစ်သွားပြီ ဖြစ်သည်။ ကူးကတော့ အဲဒီလိုမဟုတ်။ အဝတ်အစား ဝတ်တာကအစ၊ ရေမွှေးနံ့အဆုံး သူ့ကို စေ့စေ့စပ်စပ် အကဲခတ်တတ်သူဖြစ်သည်။ ကူးသည် လူတစ်ယောက်၏ personal ကိုလည်း အသေအလဲ ဂရုစိုက်တတ်သူဖြစ်သည်။

သူ့ကိုဆိုလျှင်လည်း ဖြစ်သလိုနေလျှင် ပြော၍မဆုံးတော့။ တစ်ခါတလေများ ဘောလုံးကန်ပြီးအပြန် ကူးနဲ့ ဆယ်မိနစ်လောက် စကားချိန်းပြောမိလျှင် ရည်းစားတို့သဘာဝ ကမ္ဘာ့အကြောင်း ပြောရမည့်အစား သူ့ပုံစံကို ဝေဖန်ပြစ်တင်နေတာနဲ့ပဲ အချိန်ကုန်သွားတတ်သည်။ ချွေးသံတရွှဲရွှဲ သူ့ပုံစံကို မြင်ဆိုးမြင်ကန်းဆိုးကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ စူးနင့်ဟာလေ ကြည့်ဦး။ ပေတူးနေအောင် ဒီလောက်ပဲ ဆော့လာရသလား"

အဲဒီအခါမျိုးတွင် သူက ကူးရဲ့ပါးလေးကို ချစ်စနိုးဖြင့် ဆွဲလိမ်မိပါက ကူးက ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်လေ့ရှိသည်။ "ဟင်း ... လက်ညစ်ပတ်ကြီးနဲ့"ဟု အော်ကာ သူ့လက်မောင်းကို အမြဲထုတတ်သည်။ သူကလည်း ဒါကိုပဲ ကျေနပ်၍ မဆုံး။ ပြောရလျှင်တော့ သူဟာ ကူးကို သိပ်ကိုပဲ ချစ်မိပါသည်။ သော်ဇင် ပြောသလို ချစ်စ ခင်စ heat တက်နေသည့် အချိန်မို့လားတော့ မပြောတတ်။ သူ့မျက်လုံးထဲတွင် ကူးက ဘယ်လိုပဲနေနေ ချစ်ဖို့ကောင်းနေသည်။ ကူးရဲ့အပြုံးလေးတစ်ခုကိုပဲဖြစ်ဖြစ်၊ အကြည့်လေးတစ်ချက်ပဲဖြစ်ဖြစ် အရာအားလုံးသည် သူ့အတွက်တော့ စွဲလမ်းဖွယ်ရာတွေသာဖြစ်သည်။ ကူးနဲ့ အခုလေးတင် လမ်းခွဲလာတာ ဖြစ်သော်လည်း လွမ်းချင်လွမ်းနေတတ်သည်။

အဲဒီလောက်ထိ အချစ်စိတ်တွေ တက်နေသောကြောင့် အချစ်သည် ခံစားမှုအားတို့ အမြင့်ဆုံးသို့ ရောက်နေသည်ဟု ပြော၍ရသည်။ ဒီအတွက်ကြောင့် သော်ဇင် ပြောသလိုပင် သူဟာ ကူးရဲ့ control အောက်မှာ ရောက်ခြင်းမသိ ရောက်ခဲ့သည်။ သူဟာ အားကစားသမားတစ်ယောက်မို့ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်မသောက်တတ်သဖြင့် အဲဒီကိစ္စတွေမှာ ကူးနဲ့ ရှော့မရှိ။ တစ်ခါတလေ ဘီယာဆိုင် ထိုင်တာလောက်လည်း ကူးမသိအောင် လျှို့ဝှက်ထားလို့ ရသေးသဖြင့် ဘာပြဿနာမှ မရှိသေးချေ။



အဓိက,ကတော့ သူ့ရဲ့ဝတ်စားဆင်ယင်ပုံ ဖြစ်သည်။ ကူးသည် သူ့ကို သပ်သပ်ရပ်ရပ် ဝတ်စားမှ ကြိုက်တတ်သည်။ ဆံပင်ညှပ်တာကအစ ဘယ်လိုပုံညှပ်၊ မျက်နှာကို ဘာမျက်နှာသစ်သုံး၊ နေပူထဲထွက်ရင် Sun Block လိမ်း စသဖြင့် ထောင့်စုံအောင် ပြောနိုင်သူဖြစ်သည်။ ကူး ပုံစံသွင်းသဖြင့် သူ့မှာတဖြည်းဖြည်း ပုံစံပြောင်းလာလျက် သူငယ်ချင်းတွေကြားမှာ ပဲများလာတယ်ဟုတောင် အပြောခံလာရလေသည်။ ဒါလည်း သူက မနာပါ။ ကူးသဘော ကူးဆန္ဒအတိုင်းပင်။ အခုလည်း ကူးဝတ်ခိုင်းသဖြင့် သူ မဝတ်ချင်သော အင်္ကျီကို ဝတ်ရပေလိမ့်ဦးမည်။ အင်္ကျီက ခရေဓိကာလာ အကျမြူစိမ်းနှင့် အဖြူကန့်လန့်စင်းစပို့ရှပ်လည်ထောင်ဖြစ်သည်။ ဒါကို ဂျင်း(န်)နှင့် တွဲဖက်ဝတ်ဆင်ရမည်။ ပြောရလျှင် ခေတ်လူငယ်သာ ဖြစ်သော်လည်း သူက အဲဒီလို ထင်းထင်းလင်းလင်း လှပသော အင်္ကျီတွေကို မဝတ်ဆင်လိုပါ။ သို့သော် ချစ်သူက မြှောက်ပေးတော့လည်း ဝတ်ရသည်ပေါ့။

သူသည် ရှိုးအပြည့် ဖြစ်သွားသော ကိုယ့်ကိုယ်ကိုယ်မှန်ထဲမှာ ကျေနပ်စွာ တစ်ချက်ကြည့်ကာ လေတစ်ချက်ချွန်လျက် အိမ်အပြင်သို့ ထွက်လာခဲ့သည်။

ကောင်းကင်ကြီးသည် သာယာလှပနေသည်။ သူသည် သူတို့အိမ်ရှေ့သဲမှထွက်ကာ Taxi တစ်စီးကို ဖမ်းတားလျက် ဆူအက်ဖ်အယ်လ်ကို မောင်းခိုင်းလိုက်သည်။ အိတ်ထဲမှဖုန်းကိုထုတ်ကာ ကူးဆီကို ခေါ်လိုက်သော်လည်း Network busy ဖြစ်နေသဖြင့် ထပ်မကြိုးစားတော့။

www.burmeseclassic.com

www.burmeseclassic.com



အခုကိုပဲ ကူးနဲ့တွေ့ဖို့ သွားနေတာ ဖြစ်သော်လည်း ကူးရဲ့အသံလေးကို လေးငါးမိနစ်လောက် ကြားချင်နေသည်မှာ ဘယ်လိုအချစ်စိတ်လဲတော့ မပြောတတ်တော့ပါ။ သတိရတိုင်း ဖုန်းလှမ်းဆက်၊ Message ပို့ စသဖြင့် သည်းတတ်သော သူ့ကို သော်ဇင်ကတော့ ဖြစ်တတ်ပါတယ်လေဟု မှတ်ချက်ချသည်။ သူသည် ကျောင်းနားသို့ ရောက်ခါနီးမှာ ကူးရဲ့ဖုန်းကိုထပ်ခေါ်လိုက်သည်။ ဖုန်းလိုင်းဝင်သွား၍ ပျော်မယ်မှမဆုံးသေး။ ကူးက ဖုန်းမဖွင့်ဘဲ voice recoder သာ ဖွင့်ပေးသဖြင့် ဆရာစာသင်နေတယ်ဆိုတာကို သဘောပေါက်လိုက်ရသည်။ အဲဒီကြောင့် သူက ကန်တင်းမှာ စောင့်နေမယ်ဟု အသံထည့်ပေးကာ ဖုန်းချလိုက်ပါသည်။

ကူးတို့ကျောင်းသို့ရောက်လျှင် သူက ရောက်ဖူးနေကြဖြစ်သော ကန်တင်းမှာပဲ သွားစောင့်နေလိုက်သည်။ အချိန်က နေ့လယ်ခင်းဖြစ်ကာ ကျောင်းသား ကျောင်းသူ တော်တော်များများ အတန်းတက်နေသောကြောင့် ကန်တင်းတွင် လူအတန်ငယ်ရှင်းလို့နေသည်။ သူက လက်ဖက်ရည်တစ်ခွက်မှာကာ အေးအေးဆေးဆေး ထိုင်နေရင်းမှ ကူး လာရာလမ်းသို့ မျှော်ငေးမိသည်။ အဲဒီအချိန်မှာပဲ သူ့မြင်ကွင်းထဲသို့ တစ်စုံတစ်ယောက်က တိုးဝင်လို့လာတာဖြစ်သည်။ သူလိုပဲ ခရေစီကာလာကို အစပါးပါးပျော့ပျော့ ဖားဖားယားယား ဝတ်ဆင်ထားကာ သစ်ရွက်လေးတစ်ရွက် လွင့်မျောလာသလို ကောင်မလေးသည် သူ့ကို အမြင်မှာလည်း အံ့ဩသွားသလိုရှိသည်။ ပြီးတော့ တစ်လက်စတည်းမှာပဲ မှတ်မိသွားသလိုလည်း ရှိပါသည်။



ထိုကောင်မလေးမှာ တခြားမဟုတ်။ သူ့ကို စက်ဘီးတင်နင်းပြီး ကူးရှိရာသို့ ကူညီပို့ဆောင်ပေးခဲ့သော ကောင်မလေးသာ ဖြစ်ပါသည်။ သူသည် ကောင်မလေးကို အသိအမှတ်ပြုသည့်သဘောဖြင့် မျက်ခုံးပင့်ကာ လက်တစ်ချက် လှမ်းပြမိသည်။ ကောင်မလေးကလည်း ခေါင်းညိတ်ပြကာ ဘေးကအဖော်ကို တစ်ခုခု ပြောပြီးနောက် သူ့ဆီသို့ လှမ်းလာခဲ့ပါသည်။ သူကထိုင်ရာမှ မတ်တတ်ထရပ်ကာ ...

"ဒီကျောင်းကလား"

သူမက ပြုံးပြီးခေါင်းညိတ်ပြကာ ...

"ဟုတ်တယ်။ သူကရော"

"အင်း ... ကျောင်းက မဟုတ်ပါဘူး။ ဒီလိုပဲ သူငယ်ချင်းဆီလာတာ"

သူမက တစ်ခုခုကို သဘောပေါက်သွားဟန်ဖြင့် သွက်ခနဲပြုံးသည်။ သူ့ကို ထိုင်လေဟူသော သဘောဖြင့် လက်ဟန်ပြကာ ...

"ရတယ် ... ထိုင်လေ။ သူငယ်ချင်းကို ဒီကစောင့်မှာပေါ့။ ဘယ်လိုလဲ ... တစ်နေ့က အဆင်ပြေသွားလား"

"အင်း ... ပြေပါတယ်။ အဲဒီနေ့က ကျေးဇူးတင်စကားတောင် သေချာမပြောလိုက်ရဘူး။ မင်းသာ မကူညီရင် အဆင်ပြေမှာ မဟုတ်ဘူးလေ"

"အို ... နဲ့ဗားမိုင်းပါ"

သူမက အဲဒီစကားကို ခေါင်းတစ်ချက်ယမ်းကာ [illegible]ဟန်ဖြင့်ဆိုသည်။ သူသည် ခင်ဖို့ကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို တစ်ချက်ပြုံးပေးကာ နားထဲတွင် ခန့်ဝင်း ပြောထားသော စကားတို့ကို ဖျတ်ခနဲ သတိရသွားသည်။ ဒါကြောင့် ဖောရှောရိုက်ဖို့ ဆုံးဖြတ်လိုက်ကာ ...

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်။ ကိုယ့်နာမည်က စူးနင့်ပါ။ မင်းနဲ့တွေ့ခဲ့တဲ့ ဂန္ဓမာအိမ်ရာထဲမှာပဲ နေတာပေါ့"

"သြော် ... သြော် ... ကျွန်မက ညိုညိုကိုတဲ့။ ကျွန်မက သစ္စာအိမ်ရာက။ ဒီကျောင်းမှာတော့ မေဂျာက ဂျပန်နိစ် လေ"

"ဟုတ်လား။ လူကလည်း ဂျပန်မလေးနဲ့ တူပါတယ်"

"ဟား ဟား ... မုန့်ကျွေးရတော့မှာပဲ။ တစ်ခုခုစားလေ၊ အင်း ... ဒါပေမဲ့ ယူ့သူငယ်ချင်း လာမှာဆိုတော့ အဆင်ပြေပါ့မလား မသိဘူး"

"ဟုတ်တယ်။ သူက ခဏနေ ရောက်လာတော့မှာ။ ရပါတယ် နောက်မှ အေးဆေးဆုံတာပေါ့။ သြော် ... အဲဒီနေ့က စက်ဘီးစီးပြန်သွားတာ အဆင်ရောပြေရဲ့လား။ ဘာရိုက်မမိဘူးဆို"

"ပြေပါတယ်။ အခု ယူ့ရှေ့မှာ အကောင်းပကတိကြီးပဲ လေ"

သူမက တစ်ကိုယ်လုံးကို ပြသဟန်ဖြင့် လက်နှစ်ဖက်ကိုပါ ဖြန့်ပြလျှင် သူ့မှာ သဘောတကျဖြင့် ပြုံးရသေးသည်။ ဒီကောင်မလေးဟာ တော်တော် sweet ဖြစ်တာကိုတော့ သူကိုယ်တကယ်ပဲ အသိအမှတ်ပြုရပါသည်။ မြင်လိုက်တာနဲ့ကို ဖော်ရွေကာ ခင်မင်ဖို့ကောင်းသည်။ သူမရုပ်က ချစ်စရာကောင်းတာ



မဟုတ်ဘဲ ချောကိုချောတာ ဖြစ်သော်လည်း ပုံစက sweet ဖြစ်နေတာကြောင့် ချစ်စရာကောင်းသူဟု ပိုထင်ရတာဖြစ်သည်။

"အင်း ... အင်း ... အိုခေ။ ထပ်ဆုံရတဲ့အတွက် ဝမ်းသာပါတယ်"

အဲဒီအချိန်မှာပဲ သူ့ဟန်းဖုန်းက ထမြည်လာသဖြင့် သူက အကြည့်နှင့် ခွင့်တောင်းကာ ဖွင့်ကိုင်လိုက်သည်။

"အင်း ... ပြော ကူး"

"စူးနင့် ကန်တင်းမှာလား"

"ဟုတ်တယ်လေ"

"သြော် ... ရှေ့ကိုပဲ ထွက်လာခဲ့တော့။ ကူး အတန်းပြီးသွားပြီ၊ နောက်တစ်ချိန်က ဆရာ ဖျက်လိုက်တယ်။ အဲဒါ ပြန်လို့ရပြီတဲ့။ ကူး ရှေ့ကပဲ စောင့်နေတော့မယ်"

"အိုခေ ... အိုခေ ... လာခဲ့မယ်၊ ဖုန်းပိတ်ပြီနော်"

သူက ဖုန်းပိတ်ပြီးလျှင် ညိုညိုကို ဆိုသော ကောင်မလေးကို အကြည်လင်ဆုံး ပြုံးပြကာ ...

"ကဲ ... ဆီးယူ ညိုညိုကို။ နောက်မှ တွေ့ကြတာပေါ့။ သူငယ်ချင်းက ရှေ့ကပဲ စောင့်နေပြီတဲ့။ သွားတော့မယ်"

"ဟုတ်ပါပြီ။ ဘိုင့်ဘိုင် ... ဆီးယူ"

သူမက လက်အသာပြပြီး နှုတ်ဆက်လျှင် သူက ကူး စောင့်နေမည်ဖြစ်သော ကျောင်းရှေ့သို့ ထွက်လာခဲ့သည်။ ထင်သည့်အတိုင်း ကူးသည် သူ့ကို ပြုံးပြုံးလေးနှင့် ကြိုစောင့်နေသည်။ သူမ ဝတ်ဆင်ထားသော အင်္ကျီကို ဝတ်လာသည်မို့ ...နုပ်သော အရိပ်ယောင်တွေကလည်း မျက်နှာမှာ အပြည့်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဒီပုံအတိုင်းဆိုလျှင်တော့ ဒီနေ့အဖို့ ကန်တော်ကြီးက သေချာပြီဟု သဘောပေါက်လိုက်လေသည်။ ကူးသည် ပန်းနုရောင် ဖဲတင်အင်္ကျီအကျပ်လေးဖြင့် ရင်ခုန်ချင်စရာကောင်းအောင် လှပနေသည်။

သူက ကူးကို တမ်းတသံ အပြည့်ဖြင့် ခေါ်လိုက်သည်။

"ကူး"

"အင်း ... ဘာပြောမလို့လဲ ပြော။ နေဦး ကားငှားရဦးမယ်"

ငှားတာပေါ့။ ဘယ်ကိုသွားမှာလဲ"

"ကူး အင်တာနက်သွားသုံးမလို့။ စူးနင့်ရော သုံးမှာမဟုတ်လား။ ပြီးတော့မှ ကော်ဖီသွားသောက်ကြမယ်လေ"

သူက ကူးရဲ့အပြောကို ရှုံ့မဲ့ပြမိကာ ...

"ဟာကွာ ... တစ်ခါတလေလေး အားတဲ့ဟာ။ အင်တာနက် မသွားစမ်းပါနဲ့။ ဘာလုပ်မှာလဲ ပျင်းစရာကြီး"

"ဟင် ... အင်တာနက်ကြည့်တာ ပျင်းဖို့ကောင်းတယ်လို့ ဘယ်သူကပြောလဲ။ ဒီလောက်စုံထွဲနေရာကို။ အတူတူကြည့်မယ်လေ။ ပြီးမှ ကော်ဖီဆိုင်သွားမယ်၊ စူးနင့်ကလည်း ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူးကွာ။ ကိုယ်က အင်တာနက်မှ မကြည့်ချင်တာ။ ကူးနဲ့ပဲ အေးအေးဆေးဆေး စကားပြောချင်တဲ့ဟာ...

Class မရှိတော့ဘူးဆိုလို့ ပျော်ရမလား မှတ်ပါတယ်၊ အင်တာနက်တော့ မသွားဘူးကွာ။ ကန်တော်ကြီး သွားမယ်"



"အို ... ကန်တော်ကြီး မသွားချင်ပါဘူး။ ဘာလုပ်ရမှာလဲ ...

အင်တာနက်ပဲ သွားမယ်။ တစ်နာရီလောက်ဖြစ်ဖြစ် သုံးမှရမယ်။ ကြည့်စရာရှိတယ် စူးနင့်ရဲ့။ ပြီးတော့မှ ကော်ဖီသောက်ရင်း အေးအေးဆေးဆေး စကားပြောလည်း ရတာပဲ"

"ကျွတ် ... ပြီးရောကွာ။ မပြောတော့ဘူး"

ကူးက သူ့ရဲ့စိတ်ကုန်သလိုပုံစံကို တစ်ချက်ငေးကြည့်ကာ ...

"ဘာအထာလဲ။ လူကို စိတ်မရှည်တဲ့ အထာတော့ လာမလုပ်နဲ့နော်။ ဟင်း ... ဇာတိက စပြလာပြီ"

"ဇာတိပြတာ မဟုတ်ဘူးလေကွာ။ ဒီနေ့ ကိုယ်နဲ့ ကူးနဲ့ အေးဆေး စကားပြောဖို့ ချိန်းထားတာ မဟုတ်လား။ အင်တာနက်ကြည့်မယ့် အစီအစဉ်မှ မပါတာ။ ကဲ ... ကူး ပဲပြော။ ကူးက ကိုယ်နဲ့ အေးအေးဆေးဆေး စကားမပြောချင်ဘူးလား"

"ပြောချင်တယ်လေ။ ဒါကြောင့် ပြီးရင် ကော်ဖီဆိုင်ထိုင်မယ်လို့ ပြောတာပေါ့။ ကဲ ... အဲဒီကျ ပြောစမ်းပါလေ့ စကား ...

စူးနင့်နော် ... ဘာဖြစ်နေတာလဲ။ ဒီလောက်လေးတောင် ကူးရဲ့ဆန္ဒကို မလိုက်လျောနိုင်ဘူးလား။ ဒါများ ဘာချစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကဲပါကွာ၊ အဲဒါနဲ့တော့ ကိုင်မပေါက်ပါနဲ့တော့။ သဘော သဘော။ ကဲ ... သွား၊ ကြိုက်တဲ့နေရာကိုသာ သွား ... နော်။ သွားတဲ့နေရာကို လိုက်ဖို့အဆင်သင့်ပဲ"

ဒီတော့မှပဲ ကူးရဲ့မျက်နှာသည် ကျေနပ်သွားသည့် အရိပ်ယောင်ဖြင့် ကောင်းကောင်းကြီး ပြုံးသွားတော့တာဖြစ်သည်။ သူ့ကို ချစ်စဖွယ် နှာခေါင်းတစ်ချက် ရှုံ့ပြကာ ...

"ဒါများ အစနှုတ်ည်းက အေးဆေး လက်ခံလိုက်ရင်ပြီးရော၊ အတွန့်က တက်နေသေးတယ်"

"ခြသ်ာ ... ရမလားလို့ ပြောကြည့်တာပေါ့"

"မရဘူး။ ကဲ ... ကားငှားလိုက်မယ်"

ကူးက လာနေသော ကားတစ်စီးကို လှမ်းတားကာ မြို့ထဲက အင်တာနက်ဆိုင်တစ်ဆိုင်ကို မောင်းခိုင်းလိုက်သည်။ သူသည် ကူးနှင့်အတူတူ ခေါက်ခြင်းထဲမှာ ယှဉ်တွဲ၍ ထိုင်လာရသော်လည်း စိတ်က သိပ်မကြည်။ သို့သော် ကူးနှင့် အတိုက်အခံ မလုပ်ချင်သဖြင့် ဘာမှမပြောတော့တာ ဖြစ်သည်။ သူ့သဘော အတိုင်းသာဆိုလျှင် မိုးအုံ့၍ သာယာသော ညနေဦးပိုင်းတွင် အင်းလျားမှာပဲဖြစ်ဖြစ်၊ ကန်တော်ကြီးထဲမှာပဲဖြစ်ဖြစ် ကူးနဲ့အတူတူ လမ်းလျှောက်ရင်း စကားစမြည်လေးတွေ ပြောချင်သည်။ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ လိုအပ်သော သစ္စာတရားလေးတွေ၊ စကားလေးတွေ ဖလှယ်ချင်သည်။

အခုတော့ ...။ သူက စိတ်ရှုပ်စွာဖြင့် ဆက်မတွေးတော့ချေ။ မြို့ထဲက အင်တာနက်ဆိုင် ရောက်သော်လည်း သူက ကူးရဲ့ဘေးက ခုံတစ်လုံးမှာဝင်ထိုင်၍ မထူးတော့သည့်အတူတူ



ဘောလုံးဝက်ဆိုက်တွေကို ဖွင့်ကြည့်နေလိုက်သည်။ ဒီတော့မှပဲ စိတ်က နည်းနည်းပြန်ကြည်လာသည်။ ဒါကျတော့လည်း ဒေါ်ရွှေစန္ဒကူးက မကြိုက်။ သူ့ကို စူပွပွနှင့် လှည့်ကြည့်ကာ ...

"ဟင်း ... ဒါတွေပဲ ကြည့်နေပြန်ပြီ။ ကိုယ်တိုင်လည်းကန်၊ စလောင်းမှာလည်း လာသမျှပွဲတိုင်း အလွတ်မပေး၊ မမုန်းနိုင်သေးဘူးလား"

"ဟာကွာ၊ ကိုယ်ကြိုက်တဲ့အရာကို မုန်းတယ်လို့ ရှိပါ့မလား"

"ဒါဖြင့်ရင် မရိုးသေးဘူးလား"

"မရိုးပါဘူး၊ စွဲလမ်းတိုင်းသာ ရိုးသွားစတမ်းဆိုရင် ကူးကို ရှေ့ဆုံးက ရိုးသွားပြီပေါ့"

"အောင်မယ်"

ဒါမျိုးကျတော့ ဒေါ်ရွှေစန္ဒကူးက မျက်စောင်းချီကာ မှုန်စိစိ ဖြစ်သွားသည်။ သူသည် အဲဒီပုံလေးကို တကယ်ပဲကြွေသွားပါသည်။ ဒါကြောင့် ကူးနားသို့ အသာတိုးကပ်ကာ တစ်ခုခုပြောမည့်ဟန် ပြင်တုန်းမှာပဲ ကူးက ရုတ်တရက် သူ့ဘက်သို့ လှည့်ကာ ...

"ဒါပေမဲ့ အဲဒါတွေ ကြည့်တာတော့ ကိုယ့်အတွက် ဘာမှ အကျိုးမရှိဘူးပေါ့ စူးနင့်ရဲ့။ တခြားဗဟုသုတရမယ့်ဟာတွေ ကြည့်မှာပေါ့။ ကူးဆိုရင် အခု စကောလားရှစ်ပေးတဲ့ ကျောင်းတွေရဲ့ website တွေကို လိုက်ကြည့်နေတာ ...

အဲဒါမျိုးတွေကျတော့ ကိုယ့်အတွက် အရမ်းအကျိုးရှိတယ်။ အချိန်တွေပေးပြီး ကိုယ့်အတွက် ဘာအကျိုးမှမရဘူးဆိုရင် အလကားပဲပေါ့ စူးနင့်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အကျိုးမရှိပေမယ့် relax ဖြစ်တယ်၊ ကိုယ် သဘောကျတယ်ဆိုရင် အကျိုးယုတ်တယ် မဆိုသာပါဘူးကွာ။ ပြီးတော့ ဒါတွေက ကိုယ့်အတွက် အကျိုးရှိတယ်"

အခန်းထဲမှာ စကားကြာကြာ မပြောသင့်ဘူးဆိုတာ အင်တာနက် သုံးစွဲသူတိုင်း လိုက်နာကြသည်မို့ ကူးက ဆက်မပြောတော့ဘဲ နှုတ်ခမ်းကို တစ်ချက်မဲ့ကာ ကွန်ပျူတာရှေ့သို့ ပြန်လှည့်သွားသည်။ သူကလည်း ဘာမှဆက်မပြောတော့။ နောက်ထပ် website တစ်ခုကိုပြောင်းကာ www. givemefootball. com ထဲမှ အင်္ဂလန်၏ကြယ်ပွင့်သစ် ဖြစ်လာသူ အက်ရှ်လေယန်း အကြောင်း ကြည့်နေလိုက်သည်။

ညဘက် သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်မှာ ဆုံလျှင် ပြန်လည်ဖောက်သည်ချဖို့ ခေါင်းစဉ်တွေ၊ သတင်းတွေ ရသွားပြီဖြစ်သည်။

ကဲ ... ဘာတတ်နိုင်သေးလဲ။ သူကလည်း အဲဒီလိုပဲ အချိန်ကို အကျိုးရှိစွာ အသုံးချလိုက်သည်။ သူကြိုက်သော information တွေကို တစ်ခုပြီးတစ်ခုကြည့်ကာ မျက်နှာက ပြုံးယောင်သမ်း၍ ကျေနပ်သော မျက်နှာထားကို ကူးက အမြင်ကတ်လာသည်ထင့်။ သူ့ကို တစ်ချက်လှည့်ကြည့်ကာ ...

"စူးနင့် ... လက်ဳစသတ်တော့နော်။ ကူး ပြန်ထွက်နေပြီ၊ ပြန်တော့မယ်"

"အိုခေ ... ရပါတယ်"

"ဟင်း ... ခေါ်လာမိတာတောင် မှားပါတယ်၊ ဒါတွေကြည့်နေရရင် ထမင်းမေ့ ဟင်းမေ့။ အခြားဗဟုသုတရစရာလေးများ ရှာဖွေကြည့်မလား မှတ်ပါတယ်။ ကဲ ... သွားမယ်၊ ထ ... ထ"

"ထပါပြီကွာ။ ကူးကလည်း ခဏလေး"

သူ အမျှဉ်မပြတ်နိုင်ပုံကို ကူးက လက်ပိုက်ရင်းမှ မျက်စောင်းတစ်ချက်ထိုးသည်။ ကော်ဖီဆိုင်သို့ သွားရာလမ်းတစ်လျှောက်မှာလည်း သူ့ကို ဘယ်လိုအားမရကြောင်း၊ မကျေနပ်ကြောင်း အဘွားကြီးလေးလို ပွစိ ပွစိ ပြောလာခဲ့သည်မှာ ကော်ဖီဆိုင်သို့ ရောက်သည်အထိပဲ ဖြစ်လေသည်။

"စူးနင့်တို့များ တကယ်တတ်နိုင်တယ်နော်။ ပြောတော့ အင်တာနက်ဆိုင် မသွားချင်ဘူးတဲ့။ ဟိုရောက်လို့ သူ့ယောက်ဖတွေနဲ့လည်းတွေ့ရော ပြန်ဖို့တောင် မနည်းခေါ်ရတယ်"

"ဟား ဟား ... ကာကာတို့၊ ဂျရတ်တို့ကို ယောက်ဖတော်ရမယ်ဆိုရင်တော့ အခုကိုပဲ တော်လိုက်ချင်တယ်။ ကိုယ့်မှာ အစ်မတွေ ညီမတွေ မရှိလို့ ...

အဲဒီကောင်တွေကိုတော့ တကယ်ကြိုက်တယ်။ သူတို့ဘဝတွေကို တကယ်အားကျတယ်ကွာ။ ဒါကြောင့် ကိုယ်လည်း အသေအလဲ ကြိုးစားနေတာပေါ့"

"ဟင် ... ဘာကြိုးစားတာလဲ။ ကြိုးစားလို့ရော ဘာအရာထင်လာမှာမို့လို့လဲ"

"ဩော် ... ကူးရယ်။ ဘာအရာထင်လာရမှာလဲ၊ ကြိုးစားရင် ကြိုးစားသလို ဖြစ်လာမှာပေါ့၊ ကိုယ်က အပျော်တမ်းလျှောက်ကန်နေတာမှ မဟုတ်တာ။ ကိုယ့်မှာ ရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ငို့ဘာဆိုသော ရည်မှန်းချက်ရှိတယ်၊ ပန်းတိုင်ရှိတယ်။ ကိုယ် ဘဝင်မြှောက်နေတာ မဟုတ်ဘူး”

ကူးက သူ့ကို မျက်ခုံးရှုံ့ရှုံ့ဖြင့် စိုက်ကြည့်ကာ ...

“အဲဒီရည်မှန်းချက်က ရုနင့်ဘဝအတွက် ဘယ်လောက် အာမခံချက် ပေးနိုင်မှာမို့လို့လဲ”

“အာ ... အဲဒါတွေတော့ ကိုယ် မသိဘူးကွာ။ အဲဒီလောက် ကြီးလည်း ကိုယ်မတွေးမိပါဘူး။ ကိုယ် မြန်မာ့လက်ရွေးစင် ဘောလုံးသမားတစ်ယောက် ဖြစ်ချင်တယ်။ တိုင်းပြည်ဂုဏ် ကို ဆောင်နိုင်တဲ့ ကစားသမားတစ်ယောက် ဖြစ်ချင်တယ် ...

ကူး ရယ်ချင်လည်း ရယ်တော့။ ကမ္ဘာ့အဆင့်မီ မဟုတ်တောင် အာရှမှာထိတော့ အောင်မြင်တဲ့ ကစားသမား တစ်ယောက်ကို ဖြစ်ချင်တာ။ အဲဒါ ကိုယ့်ရည်မှန်းချက်ပဲ။ ကိုယ် အဲလောက်ထိကို ရူးသွပ်တယ်”

“ဟင်း ... ကြားရတာ စိတ်မချမ်းသာလိုက်တာ”

ကူးရဲ့စကားက သူ့ရင်ကို နင့်သွားစေသော်လည်း သူက ပြုံးရုံမှအပ ဘာမှပြန်မပြောနိုင်ချေ။

“စိတ်ချမ်းသာလိုက်ပါ ကူးရယ်။ ကိုယ့်အတွက်ကြောင့် ကူး ဘယ်တော့မှ စိတ်မညစ်စေရဘူး။ နောက်ဆို ကိုယ် နာမည်ကြီးဘောလုံးသမား ဖြစ်သွားရင် ကူးလည်း ဗစ်တိုး ရီးယားဘက်ခမ်းတို့လို လူစိတ်ဝင်စားခံရမှာနော် ... ဟဲဟဲ ...

သူတို့နိုင်ငံမှာ ဘောလုံးသမားတွေရဲ့ ချစ်သူတွေက မင်းသားတွေရဲ့ရည်းစားတွေထက်တောင် ပိုပေါ်ပြူလာဖြစ် သေးတယ်။ ခုဆို ဟောလီဝုဒ်က မင်းသမီးတွေက ဘာ



ရောဂါထနေလဲတော့ မသိဘူး။ အားကစားသမားတွေကို ချည်း လိုက်ကပ်နေတာ ...

ပဲရစ်ဟီလ်တန်တို့၊ လင်ဆေးလိုဟန်တို့ဆို အား ကစားသမားတွေကို အသေလိုက်ကပ်နေတာ၊ စိတ်ချ ! ကိုယ် နာမည်ကြီးသွားလို့ သူတို့လိုက်ကပ်လည်း ကိုယ်က စိတ်ဝင်စားမှာ မဟုတ်ပါဘူး ... နော် ကူး”

သူက ညာတာပါတေးဖြင့် ကူးရဲ့လက်ဖျားလေးကို သွားရောက်အုပ်မိုး ဆုပ်ကိုင်လိုက်လျှင် ကူးက သူ့ကို မျက်စောင်း တစ်ချက်ထိုးသည်။

“တော်ပါ။ စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ ဘော လုံးကန်တာလည်း ကန်ပေါ့။ စာတွေလည်း လစ်ဟင်းမနေ နဲ့ဦး။ စာကို သေချာလုပ်။ တခြားစာတွေ ဘာတွေလဲ လေ့လာပေါ့။ ဒီခေတ်က ပညာခေတ်လေ။ အားကစား ခေတ်မှ မဟုတ်တာ ...

ပညာကသာ ကိုယ့်ကို တစ်သက်လုံး မတောင့်မတ မကြောင့်မကြ ထားနိုင်မှာ ရုနင့်ရဲ့။ ပညာတတ်တစ်ယောက် ဟာ သူများထက် အစစအရာရာမှာ သာတယ်။ အဲတွေး အခေါ်ကအစ ဘာမှမတူးတော့ဘူး။ ဒါကြောင့် စာများများ ဖတ်ဖို့လည်း ပြောနေတာ။ ရုနင့်က အခု ဘာလုပ်လဲ။ ဘောလုံးကန်တယ်၊ ဂစ်တာတီးတယ်၊ လက်ဖက်ရည်ဆိုင် ထိုင်တယ်၊ ဒါနဲ့ပဲပြီးနေတာ။ ဘာစာဖတ်လဲ၊ ကဲ ... ပြော”

“ဖတ်တယ်လေ ...

ဟာသဝတ္ထုတွေနဲ့ ဘောလုံးဂျာနယ် ... ဟဲ ဟဲ”

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလား။ အဲဒါတွေ ဖတ်တော့ ကိုယ့်အတွက် ဘာ ကျန်မှာလဲ ဇူးနင့်ရဲ့"

"ဘာကျန်သလဲတော့ ကိုယ် မသိဘူး။ သေချာတာတော့ ကိုယ့်စိတ်ထဲက တောင့်တတဲ့ အရာတွေကိုပဲ ကိုယ် လုပ်တာလေ။ ကိုယ် ဖြစ်ချင်တာကိုပဲ ကိုယ်လုပ်တာ အကောင်းဆုံးပေါ့ ကူးရယ် ...

ကိုယ် တခြားစာအုပ်တွေလည်း ဖတ်ပါတယ်။ များသောအားဖြင့်တော့ ကိုယ့်စိတ်ကို Relax ဖြစ်စေတဲ့ စာအုပ်တွေ ဖတ်ရတာ သဘောကျတာပေါ့ ...

ဟာသဝတ္ထုတွေဖတ်လို့ ကိုယ့်အတွက် ဘာမှမကျန်ခဲ့ဘူး ဆိုပေမယ့် ဖတ်နေတဲ့ တစ်ခဏမှာတော့ စိတ်လက်ပေါ့ပါးရတယ်လေကွာ။ ပျော်ရွှင်ရတယ်။ ဒါဆိုရင် ကိုယ့်အတွက် အကျိုးရှိတယ်လို့ သတ်မှတ်လို့ ရတာပေါ့ ...

မဟုတ်ဘူးလား"

"ဟင်း ... မဟုတ်သေးပါဘူး ဇူးနင့်ရယ်။ ရှင့်ကိုတော့လေ ကူး အားကိုမရပါဘူး။ တစ်ခုခု လိုနေသလိုပဲ တကယ်"

သူက လူကြီးလေးလို မျက်မှောင်ကုတ် ပြောနေသော ကူးကို ချစ်စနိုး ပြုံးကြည့်ကာ ကူးအနားသို့ တိုးကပ်လျက် ခပ်တိုးတိုးဖြင့် ...

"ကူးကို ချစ်တဲ့အချစ်တွေကိုတော့ အဲ့ရစမ်းပါကွာ။ ကူးကိုတော့ ရင်ဘတ်ကြီးနဲ့အပြည့် ချစ်တယ်ဆိုတာ ယုံတယ်မဟုတ်လား"



"အင်း ... အဲဒါလည်း သိပ်မယုံဘူး"

"ဟာ ... ဘာဖြစ်ရပြန်ပြီလဲကွာ၊ ချစ်လွန်းလို့ ကူးကို အချိန်တွေ အကြာကြီး စောင့်ခဲ့တာပေါ့။ ကိုယ့်အချစ်ကိုတော့ သံသယမရှိနဲ့ကွာ ...

တကယ် မယုံတာလား ပြော။ ကိုရီးယားကားတွေထဲကလို ဒီဆိုင်ထဲမှာ ဒူးထောက်ပြီး အော်လိုက်ရမလား"

"ဟင် ... မဟုတ်တာတွေ"

မဟုတ်တာတွေဟု ပြောနေသော်လည်း ကူးရဲ့မျက်နှာတွင် ကျေနပ်သော အရိပ်အယောင်တွေက ထင်ဟပ်လို့နေတာကို တွေ့ရသည်။ သူက ကူးရဲ့မျက်နှာလေးကို တရိုက်မက်မက်ငေးကြည့်ကာ ...

"ကူးရယ် ... မင်းကိုလေ ဘာကြောင့် ဒီလောက်ချစ်မိနေလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မသိတော့ဘူးကွာ ...

ကဲ ... ကူးပဲ ပြောစမ်းပါဦး။ ကိုယ် ကူးကို ဘာ့ကြောင့် ဒီလောက်ချစ်မိနေရတာလဲ"

"ဘယ်သိမလဲ"

ကူးက မူမူနွဲ့နွဲ့လေး ဆိုသည်။ သူက အဲဒီပုစံလေးကို ပိုပြီးအသည်းယားသွားကာ လက်ဖျားလေးတွေကို တစ်ချက်ချစ်ညှစ်လျက် ...

"မသိလို့ မရဘူး၊ ပြောကွာ"

"ရော် ... တကယ် မသိပါဘူးဆိုမှ၊ သူ့ဟာသူ ချစ်နေတဲ့ဟာကို။ ကူးက ကူးဘာသာပဲ နေနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် ... ဟုတ်တယ်။ ကူး ပြောတာ မှန်တယ်။ ကူးအာ ကူးဘာသာကူး နေနေတာ။ ကိုယ်ကကို အချစ်ကြီးချစ်မိသွားတာ ...

အဲဒီအတွက် အကြောင်းပြချက်လည်း မရှိဘူး။ ကဲ ဒါဖြင့်ရင် မေးမယ်ကွာ။ ကူးကရော ကိုယ့်ကို ဘယ်လောက်ထိချစ်လဲ ... ပြော"

"ဟင် ... အဲလိုလည်း မသိပါဘူး"

"အာ ... ဒါတော့ ကူး ညစ်ပြီကွာ။ ကိုယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာတော့ ကူးဘာသာကူး သိရမှာပေါ့။ ကိုယ်ဆိုရင် ကူးကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်တော့ အသိဆုံးပဲလေ"

"အင်း ... အဲဒါဆိုပြော။ ကူးကို ဘယ်လောက်ထိချစ်လဲ"

"ဟား ... ကူးက ညစ်ပြီကွာ။ မေးနေတာက ကိုယ်လေ။ သူကချည်း ပြန်မေးသွားတယ်"

"အင်းပေါ့။ မိန်းကလေးဆိုတာ မေးရမယ့် အမျိုးပဲဟာ။ ကဲ ... ပြောလေ၊ ဘယ်လောက်ထိ ချစ်တာတဲ့လဲ"

"အရမ်းကြားချင်နေတယ်ပေါ့"

သူ့ရဲ့ပြုံးစိစိအမေးကို ကူးက ဒေါသမပါသော မျက်စောင်းလေး ထိုးသည်။ သူက ကူးရဲ့လက်ကလေးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် အုပ်မိုးပြီး ကြင်နာစွာ ဆုပ်ကိုင်ရင်းမှ ကူးမျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်ကာ ရင်ထဲက စကားတွေကို ဘစ်ခွန်းစီ ခြွေမိသည်။



"ကူးကို အရမ်းချစ်တာပေါ့ကွာ။ ဘယ်လောက်ထိအောင်ချစ်သလဲဆိုရင် အမြဲတမ်းလိုလို သတိရနေတဲ့အထိပဲ။ ညဘက်ဆိုရင်လည်း ကူးနဲ့ဖုန်းပြောပြီးလို့ ဖုန်းချသွားလည်း ရင်ထဲမှာ လစ်ဟာဟာ ဖြစ်ကျန်ခဲ့တယ်။ ကူးအသံလေးကို ဆက်ကြားချင်နေတုန်းပဲ။ အိပ်ရာထဲရောက်ပြီဆိုရင်လည်း ကူး အကြောင်းပဲ တွေးနေမိတာ ...

ကူးအကြောင်းတွေးရင်းနဲ့ ဘယ်လိုအိပ်ပျော်သွားမှန်းကို မသိဘူး။ အဲဒီအတွေးတွေက အိပ်မက်ထဲထိ ပါလာတော့ အိပ်မက်ပါ ဆက်မက်တာပေါ့။ ကူးအကြောင်းအိပ်မက်ပေါ့။ ကူးနဲ့ချစ်ရတာ အရမ်းပျော်တယ်ကွာ။ ကူးနဲ့ချစ်သူဖြစ်နေပါလား ဆိုတဲ့အသိက ကိုယ့်နှလုံးသားကို ပြည့်စုံစေတယ်။ ကူးနဲ့ပတ်သက်ပြီး ကိုယ် အကြောက်ဆုံးက တစ်ခုပဲရှိတယ်"

"ဘာလဲ ... မှန်းသွားမှာကိုလား"

"ဟင့်အင်း ... ကူး ထားခဲ့မှာကို"

သူ့အပြောကို ကူးက ခပ်ဟက်ဟက် ရယ်မောပါသည်။ ပြီးတော့ သူ့ကို ကြင်နာရွှန်းလက်သော မျက်လုံးများဖြင့် စိုက်ကြည့်ကာ ...

"ကူးက ရှူးနင့်ကို ဘာအကြောင်းနဲ့ ထားခဲ့ရမှာလဲ။ အင်း တစ်ခုတော့ရှိတာပေါ့နော်၊ ကူးအပေါ် သစ္စာမရှိရင်တော့ ထားခဲ့ရမှာပဲ"

"ဟာကွာ ... ကူးက ကိုယ့်ကို မယုံဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူးရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လူ့စိတ်ဆိုတာ ပြောရခက်တယ် စူးနင့်ရဲ့။ စူးနင့်က ချောတာပဲဟာ။ ကောင်မလေးတွေက စိတ်ဝင်စားမှာပေါ့"

"တင် ... မြားဦးက အဲဒီဘက်ကို ရောက်သွားပြန်ပြီ။ ကိုယ် ပေတိပေစုတ်နေတော့လည်း ကူးက မကြိုက်ဘူး မဟုတ်လား။ သူပဲ ရှိုးထုတ်ခိုင်းထားပြီးတော့"

"အိုး ... ဒါကတော့ ကိုယ့်ချစ်သူကို သပ်သပ်ရပ်ရပ် နေစေချင်တာ မိန်းကလေးတိုင်းရဲ့ ဆန္ဒပါနော်။ ပွဲမှာစိုးလို့ ပေတိပေစုတ်နေနိုင်းတာ သဘာဝမှ မကျတာ ...

ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ်နေပြီး မိန်းကလေးတွေ စိတ်ဝင်စားတာကို ပြန်စိတ်မဝင်စားတာကမှ ချီးကျူးဖို့ကောင်းတာ။ ပြီးတော့ စူးနင့်ရုပ်က အပေအတေ နေလည်း အရုပ်ကြီးကမြင့်တော့ လူကြားထဲမှာ သိသာထင်ရှားနေတာပဲ ...

ဒါကြောင့် သပ်သပ်ရပ်ရပ်နေဖို့ အမြဲပြောနေရတာ။ ခုဆို ကြည့်စမ်း။ သူငယ်ချင်းတွေက ပိုလှလာတယ်လို့ မပြောဘူးလား"

သူက ရှုံ့မဲ့ပြီးရယ်ကာ ကူးရဲ့ပါးလေးတစ်ဖက်ကို ဆွဲလိမ်မိသည်။

"ပိုလှလာတယ်လို့တော့ မပြောဘူး၊ ပဲများလာတယ်လို့တော့ ပြောတယ်"

"ဟင် ... အဲဒါ မနာလိုလို့။ စူးနင့် သူငယ်ချင်းတွေက လည်း စူးနင့်လိုပဲနော်။ ဟိုဆေးကျောင်းသားဆိုရင်လည်း



ကျောင်းခေါ်ချိန်တောင် ပြည့်ရဲ့လား မသိပါဘူး။ သူကုပေးမယ့် လူနာတွေအတွက်တော့ ရင်လေးတာပဲ"

"ကဲပါ ကူးရယ်။ ကိုယ့်အကြောင်းကနေ သူငယ်ချင်းတွေ အကြောင်း ရောက်သွားပြန်ပြီ။ ကိုယ်တို့ ပြောနေတာက အချစ်အကြောင်းလေ။ ကိုယ် ကူးကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြနေတာ။ ကဲ ... ကူးအလှည့်ရောက်ပြီ ...

ကူး ပြောတော့။ ဒီမောင်ကို ဘယ်လောက်ထိ ချစ်သလဲ ကောင်မလေး"

ကူးက ရှက်ပြုံးလေး အပြုံးတစ်မျိုးဖြင့် ပြုံးကာ ခေါင်းငုံ့ မျက်လွှာချသွားသည်။ ပြီးတော့မှ ခေါင်းတစ်ချက်မော့ကာ ...

"ကူး သိပ်တော့ မပြောတတ်ဘူး။ ဒါပေမဲ့ စူးနင့် ချစ်သလိုပဲ ကူး ချစ်တယ်"

"အားပါး ... မိုက်တယ်ကွာ။ ဒါပေမဲ့ ဆိုတဲ့ စကားလုံး နောက်က စကားလေးကို တကယ်ထိတယ်ကွာ။ စူးနင့် ချစ်သလိုပဲ ချစ်တယ်တဲ့ ဟုတ်လား။ ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောဘဲနဲ့ကို အထိရောက်ဆုံး ဖွဲ့နွဲ့ပြီး ပြောလိုက်သလိုပဲ ...

ကူးရယ် ... မင်းကိုလေ အဆုံးရှုံး မခံနိုင်လောက်အောင်ကို ချစ်နေပြီကွာ။ ဝေးလို့မဖြစ်ဘူး သိလား"

"အင်းပါ ... ပါးစပ်နဲ့ပဲပြောလို့ မပြီးဘူးလေ စူးနင့်ရဲ့။ ကူးပြောတဲ့ စကားတွေကိုလည်း ရင်ထဲမှာ ထည့်ထားဦးမှပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



ကူး ပြောတာတွေက ရှူးနင့်အတွက် စေတနာနဲ့ ပြောတယ်ဆိုတာ သဘောပေါက်ဖို့ လိုတယ်”

“ပေါက်ပါတယ်ကွာ၊ ပေါက်ပါတယ်၊ မေတ္တာရှင်မလေး ကရုဏာရှင်မလေး စေတနာရှင်မလေး အကြောင်း သိပါတယ် ...

ဒီကျနပ်ပြီလား။ ဒါပဲ နောက်တစ်ပတ် စနေနေ့ ကန်တော်ကြီးသွားမယ်၊ ပြောပြီးပြီနော်”

“လာ[illegible]ပြီ ဒီ ကန်တော်ကြီး။ မသွားဘူး။ ကိုယ့်ဟာကိုယ် ဘောလုံးသွားကန်”

“ဘောလုံးလည်း ကန်မယ်။ ကန်တော်ကြီးလည်း သွားမယ်။ ဒါပဲ”

ကူးက သူ့ကို မျက်စောင်းရွယ်ကာ အံကြိတ်ပြသည်။ သူသည် အဲဒီပုံစံကို အသာရယ်မောမိရင်းမှ ကူးရဲ့ဦးခေါင်းလေးကို အသာအုပ်မိုး လှုပ်ယမ်းမိလေသည်။ အခုလိုကျတော့လည်း [illegible] ပျော်ရွှင်ဖို့ကောင်းသားဟု တွေးထင်မိရသည်။ ချစ်သော ချစ်သူလေးနှင့် အတူတကွရှိကာ ကြင်နာသော ချစ်ခြင်းစကားတွေကိုဆိုလျှင် အကြင်နာတွေ ဖလှယ်ရသော အချိန်တွေသည် အကုန်မြန်လွန်းသည်ဟု ထင်ရပါသည်။

သူ့ဘဝရဲ့ ရှူးသွပ်မှုထဲတွင် ချစ်သူနှင့် ဘောလုံး [illegible] ထိပ်ဆုံးက ရှိလေသည်။



တစ်ခါတလေမှာ ...
အချစ်စိတ်မွှန်နေတတ်တဲ့ သူတွေဟာ
ဝက်ခြံကိုတောင်
ပါးချိုင့်နဲ့မှားမိတတ်ကြတယ်

www.burmeseclassic.com

www.burmeseclassic.com

# ၄

အခုတလောတွင် သူ့မှာ အချိန်အအား သိပ်မရှိ
င် အလုပ်ရှုပ်လို့ နေခဲ့သည်။ သူတို့ယှဉ်ပြိုင်ရမည့်
ယိဂ်ဘောလုံးပြိုင်ပွဲကြီး နီးကပ်လာပြီမို့ သူ့မှာ ထရိန်နင်
ကို အပျက်မခံရဲချေ။ မနက်ပိုင်းမှာ ထရိန်နင်မှန်မှန်ဆင်းရသလို
နေ့ခင်းဘက်မှာ ကျောင်းတက်၊ ညနေဘက်ရောက်တော့ သူငယ်
ချင်းတွေ၊ ဝါသနာပါသူတွေနှင့်စုကာ ဘောလုံးချိန်းပွဲတွေကန်
စသဖြင့် ကူးနဲ့တောင် သိပ်မတွေ့ရချေ။ တစ်ခါတလေမှ ညနေ
ဘက် ရထားသံလမ်းနားသို့ လမ်းလျှောက်ရင်း စကားပြောဖြစ်
ကြသည်။ ညဘက်မှာတော့ အချိန်မှန် ဖုန်းပြောချိန်က သပ်သပ်
ရှိပါသည်။

အဲဒီနေ့ကတော့ သူတို့အဖွဲ့မှာ ဘောလုံးတစ်ပွဲ
ကန်လျက် စောစောစီးစီးပြန်ဖို့ ပြင်ဆင်ကြသည်။ သူက ကူးရဲ့
ဖုန်းကို နှိပ်ခေါ်ကာ ရထားသံလမ်းနားသို့ လာဖို့ချိန်းသော်လည်း
ကူးက မြို့ထဲရောက်နေတယ်ဟု အကြောင်းပြန်သောကြောင့်
တွေ့ဖြစ်ဖို့ လမ်းမမြင်တော့ချေ။ ဒါကြောင့် သူ့ရဲ့ပြိုင်ဘီးလေး



ကို စာအုပ်ဆိုင်ဘက်သို့ ဦးတည်ဖြစ်သည်။ အိမ်ပြန်ရောက်လျှင်
တော့ ရေမိုးချိုးကာ စာအုပ်တစ်အုပ်နှင့် အေးအေးဆေးဆေးနှပ်ဖို့
စိတ်ကူးမိ၍ပင်။ ညနေစောင်းစပဲ ရှိသေးသည်မို့ သူတို့ထိပ်က
အော်စကာဝေလေးမှာ လူနည်းနည်းရှင်းနေသည်။ သူက စာအုပ်
ဆိုင်ထဲသို့ လှမ်းဝင်လာရင်းမှ ပိုက်ဘုတ်မှာ ရေးထားသော
စာအုပ်ထွက်စာရင်းများကိုကြည့်ကာ ...

"ဗျို့ ... ကိုမော်၊ ပဉ္စမ်ဒီဇိုင်းရဲ့ ဘောလုံးဟင်းခါးဆိုတာ
ထွက်ပြီလား"

"အေး ... ထွက်ပြီလေကွာ။ ဒါပေမဲ့ ခုလောလောဆယ်
တော့ မရှိဘူး"

"ဟာဗျာ ကိုမော်ကလည်း၊ သုံးလေးအုပ် ဝယ်ထားလေ
ဗျာ၊ တစ်အုပ်တည်းနဲ့ လှည့်ငှားနေတော့ ဘယ်လိုလုပ်
လိပ်ပတ်လည်တော့မှာလဲ"

"သုံးလေးအုပ် မဟုတ်ဘူး။ ငါးအုပ်တောင် ဝယ်ထားပါ
တယ် မောင်မင်းကြီးသားရယ်။ ရှိကို မရှိတာပါ။ ဒီနေ့
မင်းလာတာ စောတွာကိုးကွ ...

ရော့ ... ဒီမှာ Perfect မဂ္ဂဇင်းအသစ်တော့ ရှိတယ်၊
ဒီနေ့မှ ထွက်လို့"

"အိုကေ ... ဒါတော့ ယူမယ်။ ပဉ္စမ်ဒီဇိုင်း ဖတ်ချင်နေတာ
ဗျ။ ဒီည ပွဲကောင်းတယ်နော်။ ချယ်လ်ဆီးနဲ့ မန်ယူနဲ့
ကြည့်မှာလား"

"ကြည့်မှာပေါ့။ ညကျ မိန်းမနဲ့တောင် ဂျူတီချိန်းရမှာ။
မင်းရော ဘယ်ဘက်က ထိုင်မှာလဲ၊ ထိုင်ဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"[illegible] _ ထိုင်ရမှာပေါ့။ ကျွန်တော်တို့အုပ်စုကတော့ [illegible] ခွေးဖြစ် အောကြမှာ"

"ဟာ _ ဟုတ်လား။ ဘယ်ဘက်ကလဲ။ မင်းက မှန်းတာ တော်တယ်ကွ။ ဟိုတစ်ပွဲတုန်းက ဖိုးဖီးရိုးကွက်တိပဲ။ ငါ တောင် မင်းကြောင့် နိုင်တာ။ မင်း ဘယ်ဘက်က ထိုင် မှာလဲ၊ ဘယ်လောက်အောမှာလဲ"

"မန်ယူဘက်က။ အောမှာတော့ သူ့ဌေးဖြစ် ခွေးဖြစ် ရှယ် ဝမ်းတီးနဲ့ ပဲအိကြာတစ်ပွဲပေါ့ ... ဟဲ၊ ဟဲ"

"ခွေးကောင် ... ငါက အဟုတ်မှတ်နေတာ။ မင်းတို့ပြိုင် ပွဲကရော ဘယ်တော့လဲ၊ ငါ ဆရာသန်းဦးနဲ့ တွေ့တုန်းက တော့ ဆရာက မင်းကို တော်တော်အားထားတယ်။ မင်းက ကိုယ်တိုင်လည်း ကြိုးစားသလို ဘောလုံး talent လည်း ပါတယ်လို့ ပြောတယ် ...

ဒီပုံအတိုင်းဆို မြန်မာ့လက်ရွေးစင်တစ်ယောက် ဖြစ် လာနိုင်တယ်တဲ့"

"အင်း ... ကျွန်တော်လည်း အဲဒီလောက်ထိတော့ at least မှန်းထားတာပဲဗျာ။ ဒါကြောင့် ထရိန်နင်ကို အသေအလဲ ကျင့်နေတာ။ ထရိန်နင်က အရမ်းစကားပြောတယ်ဗျ။ ပြိုင်ပွဲတွေလည်း နေ့တိုင်းကန်နေတာပဲ"

"ကောင်းတယ်ကွာ။ ငါကတော့ အားပေးတယ်၊ အားကစား သမားတစ်ယောက်ရဲ့ဘဝက ဂုဏ်ယူဖို့ ကောင်းတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရင် ပိုကောင်းတာပေါ့ ...



နိုင်ငံခြားက ဘောလုံးမင်းသားတွေဆို ပိုတောင် အားကိုးသေးတယ်။ ကိုယ်ဝါသနာပါတဲ့အလုပ်နဲ့ လောက အလယ်မှာ တင့်တင့်တယ်တယ် နေရတာလောက် ကံ ကောင်းတဲ့သူ ရှိမလားကွ။ သူတို့ဆိုမှာတော့ အားကစား သမားဆိုတာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တွေပဲ"

"ဟဲ ဟဲ ... အဲဒီဖေကိုယ်လည်း လာမယ်လေ"

"အေးပါ ... မင်းသာ ချန်ပီယံဖြစ်လို့ကတော့ ကောင်မ လေးတွေ ဝိုင်းဝိုင်းလည်နေမှာ မြင်ယောင်ပါသေးတယ်။ ရုပ်ကလည်း ဖြောင့်တော့ မြန်မာပြည်ရဲ့ဒိုလေးပေါ့။ ဟား ဟား ... မြန်မာဒိုလေး"

"ကျွန်တော်က ဒိုလေးကို သိပ်မကြိုက်ဘူးဗျ။ ဒီကောင်က တစ်ခါတလေကျ ငါးရောင်းချင်တယ်။ သူ့ဘဝကိုတော့ အားကျပါတယ် ...

ကောင်မလေးတွေ စွံတာကိုရော့ပေါ့။ ဟဲ ဟဲ"

"အေးပါ၊ အဲဒီကျမှ ငါ့ကို မေ့မသွားပါနဲ့။ ဟော ... ပြော ရင်းဆိုရင်းနဲ့ မင်းအတွက် ဘောလုံးဟင်းခါး ရောက်လာ ပါပြီ။ ငါနဲ့ အာလူးဖုတ်နေတာ ဟန်ကျသွားတယ်"

သူက ကိုမော်ရဲ့စကားကြောင့် ဘာရယ်မဟုတ်ဘဲ ဆိုင်ပေါက်ဘက်ကို လှည့်ကြည့်မိလျှင် စက်ဘီးကို ဒေါက်ထောက် ကာ ဆိုင်ထဲသို့ ပြုံးပြုံးရွှင်ရွှင် လှမ်းဝင်လာသော ကောင်မလေး တစ်ယောက်ကို တွေ့လိုက်ရသည်။ ရင်ဘတ်ထဲမှာ စာအုပ်ပိုက် ပြီး ဆိုင်ထဲသို့ ဝင်လာသော ကောင်မလေးသည် သူ့ကိုအမြင်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ အံ့ဩသွားပုံဖြင့် မျက်ခုံးတစ်ဖက်ပင့်ပြသည်။ သူကတော့ နှုတ်ဆက်သည့်သဘောဖြင့် ခေါင်းတစ်ချက် ညိတ်ပြမိလေသည်။

သူမက ကိုမော့်ရှေ့သို့ စာအုပ်နှစ်အုပ်နှင့် ပိုက်ဆံ ချပေးရင်းမှ ...

"ကိုမော် ဘာစာအုပ် ထွက်သေးလဲ"

"မဂ္ဂဇင်းက Perfect ထွက်တယ်။ ဝတ္ထုက နေနွယ်ဇင်မြင့် ဒုတိယအကြိမ် ပြန်ထုတ်တာ ထွက်တယ်"

"ဟုတ်လား၊ မဖတ်ဘူးသေးတဲ့ဟာနဲ့ တူတယ်။ ယူမယ်လေ နှစ်အုပ်စလုံး"

"အေး ... ဒီအံ့ ... မှတ်လိုက်ဦးမယ်။ စူးနှင့် အဲဒီမှာ မင်းဖတ်ချင်တဲ့ ဘောလုံးဟင်းခါး"

သူက ရှေ့မှာချထားသော ဝတ္ထုစာအုပ်ကို ကောက်လှန်ကာ သူမကို တစ်ချက်မော့ကြည့်ရင်း ပြုံးပြလိုက်သည်။ ပြီးတော့ နှုတ်ဆက်သည့်သဘောဖြင့် ...

"ကောင်းလားဟင်"

"အင်း ... ကောင်းပါတယ်၊ ဘောလုံးအကြောင်းတွေ၊ အားကစားသမားတွေအကြောင်း ရေးထားတာ။ ဘောလုံးဝါသနာပါတဲ့သူတွေတော့ ကြိုက်တာပေါ့"

"ဟုတ်လား။ ဒါဖြင့်ရင် ညိုညိုကိုက ဘောလုံးဝါသနာပါလား"

"အဟား ... ပါတာပေါ့။ ဒါပေမဲ့ ကြည့်တာပဲ ပါတာ၊ ကန်တာတော့ ဝါသနာပါဘူး ... အဟင်း ဟင်း"



သူမက ရယ်သံကိုပါ ထပ်စွက်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့် ပြောလျှင် သူသည် ကာလာမရှိသော ကောင်မလေးကို တကယ် ပဲ ခင်မင်သွားရသည်။ သူမဟာ မျက်နှာမြင် ချစ်ခင်ပါစေဟူသော ဆုနှင့် ပြည့်စုံသူ ဖြစ်ပါသည်။ ရိုးသားဖြူစင်ကာ ချစ်စဖွယ်ကောင်းသော ပုံရိပ်သည် သူမ မျက်နှာတွင် ထင်ဟပ်ပြီးနေသည်။ ကိုမော်ကပင် သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ကာ ...

"အသိတွေလား"

"သိပ ... သိပ"

ဒါကလည်း သူမကပဲ ခပ်သွက်သွက် ဝင်ဖြေတာ ဖြစ်သည်။ ကိုမော်က ဟုတ်လှချည်လားဟူသော ပုံစံဖြင့် ခေါင်းတညိတ်ညိတ်ပြုံးကာ ...

"ဩော် ... ညိုကိုနဲ့ စူးနှင့်ကလည်း ရောင်းရင်းတွေကိုး။ အရင်နေ့တွေက စူးနှင့် နောက်ကျနေလို့ မတွေ့ဖြစ်တာနဲ့ တူတယ်"

"ဟုတ်မယ်"

သူက ပြန်ဖြေလိုက်စဉ်မှာပဲ တခြားစာအုပ်ငှားသူတွေပါ ရောက်လာသည်မို့ ကိုမော်က အာရုံပြောင်းသွားသည်။ သူရော သူမရောသည် ကိုယ်စီကိုယ်င စာအုပ်တွေ ရပြီးကြပြီမို့ စာအုပ်ဆိုင်ထဲမှ မတိုင်ပင်ဘဲ တူယှဉ်တွဲကာ ထွက်လာမိကြသည်။

သူမက စာအုပ်တွေကို စက်ဘီးရှေ့ခြင်းထဲမှာ ထည့်သလို၊ သူကလည်း ကျောပိုးအိတ်ထဲသို့ ထည့်သည်။ ပြီးတော့ မတိုင်ပင်ထားပါဘဲနှင့် စက်ဘီးတွေပေါ်သို့ ကိုယ်စီတက်ကာ

www.burmeseclassic.com

www.burmeseclassic.com



နင်းဖြစ်ကြလေသည်။ သူမက သစ္စာအိမ်ရာမှာ နေသူမို့ သူနှင့် တစ်လမ်းတည်း ပြန်ရမည်ဖြစ်ပြီး ရောက်ခါနီးမှ လမ်းချိုးသွားရမည်ဖြစ်သည်။ ဒီတော့ ဘာရယ်မဟုတ်ဘဲ စက်ဘီးကို တူယှဉ်နင်းလာရင်းမှ စကားပြောလာမိကြသည်။ သူသည် သူမနှင့်စက်ဘီးယှဉ်နင်းရင်းမှ သော်ဇင်ကို ဖျတ်ခနဲ သတိရမိသည်။ သော်ဇင်သာ မြင်လို့ကတော့ ပျားတုပ်နေတော့မှာပဲ။

သော်ဇင်သည် အခုနက ဘောလုံးကန်တုန်းကတောင် သူမအကြောင်းကို တခုတ်တရ မေးခဲ့သေးသည်။ တွေ့ဖြစ်သေးလား ဘာလား ညာလားနှင့်ပင်။ သို့သော် သူက ဓာတ်လမ်းမရှုပ်ချင်သဖြင့် မတွေ့ဖြစ်ဘူးဟု လိမ်လိုက်လေသည်။ သော်ဇင်ကို သိပ်မယုံ၍ဖြစ်သည်။

"သူက ဘောလုံးကန်တာလား၊ ဟုတ်လား"

မေးခွန်းကို နှစ်ဆင့်ထပ်မေးသော သူမရဲ့အမေးပုံစံကြောင့် သူက စက်ဘီးနင်းရင်း ပြုံးမိသွားသည်။ လမ်းသွားလမ်းလာတချို့က အတူယှဉ်တွဲနင်းလာကြသော သူတို့နှစ်ယောက်ကို ကြည့်သွားကြသော်လည်း သူမကတော့ ဘယ်နှယ့်မှ နေပုံမရပါ။ သူကတော့ ကူးနဲ့မတွေ့ရတော့သဖြင့် အဝတ်အစားလဲမနေတော့သောကြောင့် ဘောလုံးကန်ထားသည့် ဝတ်စုံနဲ့ပဲ ဖြစ်သည်။

"အင်း ... ဟုတ်တယ်။ ဘောလုံးကန်လာတာ"

"သြော် ... ဝါသနာရှင်ကိုး။ ကောင်းပါတယ်။ နေ့တိုင်းကန်တာလား"

"နေ့တိုင်းဆိုပါတော့"

"ဟုတ်လား၊ အရမ်းဝါသနာပါတာလား"



သူက စိတ်ဝင်တစား မေးမြန်းနေသော သူမပုံစံကြောင့် ဟက်ခနဲ ရယ်မိကာ ...

"အင်း ... အဲလိုပဲ ပြောရမှာပေါ့။ Crazy ပါ။ ငယ်ငယ်လေးတည်းက"

"ဟုတ်လား။ ဒါနဲ့များ ဘောလုံးသမားတော့ မလုပ်ဘူး။ သူ့ကြည့်ရတာ ဘောလုံးအကန်ကောင်းမယ့်ပုံပါ။ try ပါလား"

"မှန့်တော့ ဝယ်ကျွေးရတော့မယ်နဲ့တူတယ်။ ဘောလုံးအကန်ကောင်းတယ်ဆိုတာ ဘာကိုကြည့်ပြီး ပြောတာလဲ"

"သိဘူးလေ။ အာရုံရနေလို့ ... အဟင်း ဟင်း"

သူမက ချိုလွင်စွာ ရယ်မောရင်း ခပ်နောက်နောက်ဆိုလျှင် သူက ကောင်မလေးကို ခင်မင်စွာ ပြုံးကြည့်မိသွားသည်။ ပြောရလျှင် သူ့မှာ အရမ်းရင်းနှီးသော မိန်းကလေးသူငယ်ချင်းဟူ၍ မယ်မယ်ရရ မရှိပေ။ ငယ်ငယ်တည်းက ဘောလုံးကိုမက်ခဲ့တာမို့ မိန်းကလေးတွေနဲ့ အပေါင်းအသင်း လုပ်ရကောင်းမှန်းလည်း မသိခဲ့။ အရွယ်ရောက်လာတော့လည်း ဘောလုံးပိုးကနှတ်မရအောင် ဝင်နေပြီဖြစ်လေရာ မိန်းကလေးကိစ္စတွေဘက်ကို အဲဒီလောက် အာရုံမရောက်ချေ။ တစ်ဖွဲ့လုံးက ဘောလုံးကန်ကြသူတွေမို့ အချင်းချင်းနဲ့ကို အချိန်မလောက်တော့ပါ။ ဒါကြောင့် ရည်းစားလေးတစ်ယောက်ရဖို့တောင် မနည်းကြိုးစားခဲ့ရခြင်းဖြစ်သည်။

"ညိုညိုကိုရော ဘောလုံးပွဲကြည့်ရတာ တော်တော်ဝါသနာပါလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း _ ပါတာပေါ့။ ခုခေတ်မှာက မိန်းမတော်တော်များများ အားလုံး ဘောလုံးပွဲ ကြိုက်ကြပါတယ် ...

သူက Entertainment သဘောမျိုးတောင် ဖြစ်နေတယ်လေ"

သူက သူမအပြောကို သဘောကျသွားသောကြောင့် မျက်ခုံးတစ်ချက်တောင် ပင့်ပြမိသွားသည်။ သူမရဲ့အပြောကိုလည်း စိတ်ထဲမှာ တကယ်လက်ခံမိပါသည်။

"ဟုတ်တယ်၊ အဲဒါ အမှန်ဆုံးပဲ။ တကယ်ကို ဖျော်ဖြေရေးပွဲ သဘောမျိုး ဖြစ်နေတာ။ နိုင်ငံခြားပွဲတွေပဲ ကြည့်တာလား။ မြန်မာပွဲရော မကြည့်ဘူးလား"

"အမယ်လေး ... ဘယ်လိုပြောလိုက်တာပါလိမ့်။ သိပ်ကြည့်တာပေါ့။ ပြီးခဲ့တဲ့ Grand Royal ပွဲတုန်းကဆို ဖိုင်နယ်လ်ပွဲကို သုဝဏ္ဏထိ သွားကြည့်တာ"

"ဩော် ... အဲဒီလောက်ထိပဲကိုး"

"အဟင်း ဟင်း ... ဟုတ်တယ်။ အဲဒါကျတော့ မျိုးချစ်စိတ်ဓာတ်နဲ့ သွားအားပေးတာပေါ့။ နိုင်ငံခြားပွဲတွေကျတော့လည်း ခုနကပြောသလို ဖျော်ဖြေမှုတစ်ရပ်အနေနဲ့ ကြည့်တာပေါ့"

"ဩော် ... ဩော် ... ကောင်းပါတယ်။ မြန်မာအသင်းကို အားပေးတယ်ဆိုတာ သိရတော့ ဝမ်းသာပါတယ်"

"Why ? ။ I think ... I think သူက ဘောလုံးလောကထဲက မဟုတ်လား။ မှန်မှန်ဖြေ"



သူက သူမရဲ့မေးပုံလေးကို သဘောတကျနှင့်ပြုံးကာ ခေါင်းညိတ်ပြလိုက်မိသည်။

"အင်း ... ကိုယ်က မြန်မာ့လက်ရွေးစင်တော့ မဖြစ်သေးပါဘူး။ ကြိုးစားတုန်းပေါ့။ အခု မြန်မာစတားကလပ်မှာ ကစားနေတာ"

"ဟယ် ... ဟုတ်တယ် ? ။ မြန်မာစတားလား၊ သိတယ်၊ သိတယ်။ အဲဒီကလပ်က ကောင်းတယ်လို့ ကြားဖူးတယ်"

"အင်း ... ကြားဖူးတယ် ဆိုရင်တော့ မဆိုးပါဘူး"

"အမယ် ... ကြားဖူးတာပေါ့နော်။ ဘောလုံးဂျာနယ်တွေဖတ်နေတဲ့ဟာပဲ။ ရှင်တို့ပြိုင်ပွဲတောင် ရှိတယ် မဟုတ်လား။ ဒါကြောင့် ရေကုန်ရေခန်း ကျင့်နေတာကိုး။ ဩော် ... ဟော် ... ဟော် ... သိပါဘူး။ ကြိုးစား ... ကြိုးစား ... ရှိုက်တီး ... အဟင်း ဟင်း"

သူမက စက်ဘီးစီးရင်းမှ လက်တစ်ဖက်လွှတ်ကာ လက်သီးဆုပ်ပြလျှင် သူက မျက်လုံးပြူးပြကာ အလန့်တကြား အော်ရသည်။

"ဟိုး ... ဟိုး ... အစ်မ။ လက်တော့ လွှတ်မစီးပါနဲ့။ ဒီတစ်ခါ ထပ်နာလို့ကတော့ ကျွန်တော်မျိုး ပြိုင်ပွဲမဝင်နိုင်ဘဲ ဖြစ်သွားလိမ့်မယ်"

"ဩော် ... ဩော် ... သူက ဒါကိုပဲ တွေးကြောက်နေတာလား။ ဆောရီး ... ဆောရီး။ အဲဒီတုန်းက တကယ် တောင်းပန်တယ်။ စက်ဘီးက ဘရိတ်မမိလို့ ... စီးတာကတော့ ကျွမ်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... အဲဒီ ဘရိတ်မမိတဲ့ စက်ဘီးနဲ့များ မင်းက ကိုယ့်ကို လိုက်ပို့သေးတယ်နော်။ ပြန်တွေးကြည့်ရင် တကယ် ကျောချမ်းတယ်"

သူ့အပြောကို သူမက သဘောတကျဖြင့် တဟား ဟား ရယ်မောလေသည်။ သူမရဲ့လွတ်လပ်သော ရယ်မောသံမှာ စက်ဘီးတွေရဲ့နောက်တွင် လွင့်ကျန်ရစ်ခဲ့သည်။

"အမယ်လေး ... အဲဒီတုန်းကဖြင့် သူက အဲဒါတွေတောင် သတိမရဘူး မဟုတ်လား။ ရထားသံလမ်းနား မရောက်မှာ ပဲ သေမလောက် ကြောက်နေခဲ့တာ။ ရှင့်ရဲ့ အဲဒီဖောကပ် နေတဲ့ ပုံစံကြောင့်ပဲ ညီကိုက စက်ဘီးဘရိတ်မမိတော့တဲ့ အကြောင်းကို မပြောဖြစ်တော့တာ"

သူက အဲဒီနေ့က သူ ဖြစ်ပျက်ခံစားခဲ့ရသော ပုံစံကို မျက်လုံးထဲမှာ ပြန်မြင်ယောင်လာမိလျှင် ကိုယ့်ကိုယ်ကိုယ် တကယ်ပဲ ပြုံးချင်သွားရသည်။ သေချာစဉ်းစားကြည့်လျှင် သူ တော်တော်ကြောင်သည်ဟု ပြောရမည်။ ကိုယ်နဲ့တစ်ခါမှ မသိ သော မိန်းကလေးတစ်ယောက်ကို စက်ဘီးနဲ့ လိုက်ပို့ခိုင်းသည် ဟူသော ဖြစ်အပျက်မှာ တကယ်ပင် ကြောင်လှသည်။ ဒါကို တစ်ဖက်မိန်းကလေးကလည်း လိုက်ပို့ပေးရှာသည်။ အင်း ... ဒီနေရာမှာ တခြားမိန်းကလေးသာ ဆိုလျှင်တော့ သိပ်သေချာမည် မထင်ပါ။

အဲဒီအတွက်တော့ သူက တွေးမိတိုင်း သူမကို ကျေးဇူးတင်ရပါသည်။ ပြီးတော့ ... တဖြည်းဖြည်း ဆွေးအေးသွား တော့မှ အားနာစရာလည်း ကောင်းခဲ့သည်ဆိုတာ တရေးရေးမြင်



သည်။ ဒီအကြောင်းတွေကို သူက ကူးကိုတောင် မပြောပြ ပါ။ ကူး သိလျှင် သူ့ကို အပြစ်တင်ဝေဖန်တော့မည်ဆိုတာ ကြိုသိနေဖြစ်သည်။

"အဲဒီနေ့က ကိစ္စကို ပြန်စဉ်းစားရင် တော်တော်တော့ အားနာဖို့ ကောင်းတယ်။ စိတ်ထဲမှာ ပျာနေတာပဲ သိတယ်။ အချိန်ကလည်း အရမ်းကိုကပ်နေလို့ပါ ...

Rush ဖြစ်နေတာပေါ့"

သူမက နားလည်သော အပြုံးမျိုးဖြင့် အေးအေး ဆေးဆေး ပြုံးကာ ...

"ရပါတယ်။ ဒါ ဖြစ်တတ်တဲ့ သဘာဝတွေပါ"

"အင်း ... မင်းတော့ ကွယ်ရာမှာ ကျိတ်ရယ်နေမှာပဲနော်။ တော်တော်ကြောင်တဲ့ကောင်ပဲလို့"

"ဟယ် ... မထင်ပါဘူး။ အဲလို ဘာလို့တွေးရတာလဲ"

"ဪ ... တွေးတာပေါ့။ ဘယ်သူမှ ဒါမျိုးခိုင်းမှာမဟုတ် ဘူးလေ"

"အဟင်း ဟင်း ... စကားတစ်ခု ကြားဖူးတယ်။ တစ်ခါ တလေမှာ ချစ်စိတ်မွှန်နေတတ်ရင် ဝက်ခြံလေးကိုတောင် ပါးချိုင့်နဲ့ မှားမိတတ်ကြတယ်တဲ့ ...

ဒီလိုပဲ ဖြစ်တတ်ပါတယ်။ Don't worry ! အေး အေးဆေးဆေး"

"ဘယ်လို ! ။ ချစ်စိတ်မွှန်နေရင် ပါးချိုင့်နဲ့ ဝက်ခြံကို တောင် မှားတယ် ဟုတ်လား။ ဟား ဟား ... ကြိုက်သွား ပြီကွာ။ အဲဒီစကားကိုတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ယူသုံးမယ်တော့ မကြဲနဲ့နော်။ ကြိုက်ဈေးပေးမှ ရောင်းမှာ၊ ကဲ ... လမ်းချိုးတော့မယ်၊ ဘိုင့်ဘိုင် ဆီးယူ"

သူမက နှုတ်ဆက်တော့မှပင် သူမတို့ အိမ်ရာဘက် ချိုးရတော့မည့် လမ်းရောက်ပြီဆိုတာ သတိပြုမိတော့သည်။ စိတ်လက်ပေါ့ပါးစေသော စကားတို့ဖြင့် စကားတပြောပြော နင်းလာသောကြောင့် ရောက်လို့ရောက်လာမှန်းတောင် မသိလိုက်ရချေ။

"အိုခေ ... အိုခေ ... ဆီးယူ"

သူမက အပြုံးဖြင့် လက်တစ်ဖက် ဝှေ့ယမ်းနှုတ်ဆက်ကာ လမ်းသွယ်လေးထဲသို့ ဆက်လက်နင်းသွားသည်။ သူသည် တီရှပ်လိမ္မော်ရောင်လေး ဝတ်ထားသော ကောင်မလေးရဲ့ကျောပြင်ကို ဖျတ်ခနဲ ငေးမိရင်းမှ သဘောတကျပြုံးကာ စက်ဘီးကိုဆက်နင်းလာခဲ့သည်။ သူ့အိမ်ရောက်ဖို့ကလည်း သိပ်မလိုတော့။

သူသည် ညိုညိုကို ဟူသော ကောင်မလေး ပြောသွားသည့်စကားကို တော်တော်ပဲ သဘောကျကာ နားထဲမှ မထွက်နိုင်ဖြစ်နေသည်။ အချစ်စိတ်မွှန်နေတဲ့ သူတစ်ယောက်ဟာ ဝက်ခြံတို့တောင် ပါးချိုင့်နဲ့ မှားမိတတ်တယ် ဆိုပါလား။ သိပ်ကို လက်တွေ့ကျသော ဥပမာပဲ ဖြစ်တော့သည်။ သူသည် ဖျတ်ခနဲပဲ ကူးရဲ့မျက်နှာလေးကို မြင်ယောင်လာသည်။ ကူးရဲ့မျက်နှာမှာ ဝက်ခြံလေး ရှိပါသလား။ သေချာတောင် မသိတော့ပါ။ ရှိခဲ့လျှင်ရော အဲဒီဝက်ခြံလေးကို ပါးချိုင့်နဲ့ မှားနိုင်ပါသလား။ ဒါလည်း သေချာစွာ မသိ။ ကောင်မလေး ပြောသွားသလို မှားချင်လည်း မှားသွားနိုင်သည်။



သေချာတာကတော့ ကူးရဲ့မျက်နှာမှာ ဝက်ခြံ ရှိ၊မရှိဆိုတာ သူ မသိပါ။ ကူး မျက်နှာကို တွေ့တဲ့အချိန်တိုင်း ငေးနေမိသော်လည်း မျက်နှာမှာ ဝက်ခြံရှိ၊မရှိဆိုတာ သူ မသိ။ သိပ်ချစ်လွန်းသောကြောင့် ဝါးသွားတာပဲလားတော့ မပြောတတ်ပါ။ ဒါမှမဟုတ် ချစ်တဲ့မျက်စိနဲ့ ကြည့်နေလို့ပဲ မမြင်တော့တာလားလည်း မသိပါ။ ဒါဆိုရင်တော့ ညိုညိုကို ပြောသွားသည့် ဝက်ခြံတို့တောင် ပါးချိုင့်နဲ့ မှားတတ်သည်ဆိုတာ ဖြစ်တော့ဖြစ်နိုင်သည်ဟု ထင်သည်။ ဒီတော့မှပင် သူသည် ကူးရဲ့မျက်နှာကို စေ့စေ့စပ်စပ် (သတိရှိရှိဖြင့်)ကြည့်တတ်ဖို့ လိုလာပြီဖြစ်ကြောင်း အမြင်မှန်ရလာရလေသည်။

အို ... ကျေးဇူးတင်ဖို့ကောင်းသော ကလေးမ ညိုညိုကို။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချစ်သူအတွက်
တန်ဖိုးအရှိဆုံး လက်ဆောင်ဆိုတာ
သူ့ မတောင်းဘဲ ပေးလိုက်တဲ့
နိုင်မာတဲ့ သစ္စာတရားပါ။



## ၄

တကယ်တမ်း ကူးနဲ့တွေ့သောအခါတွင်လည်း သူသည် ဝက်ခြံနဲ့ ပါးချိုင့်ကိစ္စကို မေးဖို့ မမေ့ခဲ့ပါ။ အဲဒီစကားကို တော်တော်ကြိုက်သွားသောကြောင့် သူငယ်ချင်းတွေကြားထဲမှာတောင် သူ တွေ့ထားသလိုလိုဖြင့် ခပ်တည်တည်ဖိန့်ခဲ့သေး၏။ သူငယ်ချင်းတွေကလည်း အဲဒီစကားကို လူမျိုးတွေ့နဲ့ နှီးစပ်သောစကားအဖြစ် သဘောကျသွားကြသည်။ ညိုညိုကို ပြောပြခဲ့သောစကားအဖြစ် ဝန်မခံသည်မှာတော့ သော်ဇင့် ရန်ကိုကြောက်၍ဖြစ်ပါသည်။ သော်ဇင် တစ်ယောက်ဟာလည်း ညိုညိုကို,ကို ဘာတွေခတ်ကျကာ အာရုံတွေရနေသလဲတော့ မပြောတတ်။ နာမည်တောင် မသိသေးပါဘဲနဲ့တောင် စွဲလမ်းနေသည်မှာ ပုံမှန်တော့ မဟုတ်ဟု ထင်သည်။

ပြီးတော့ အဲဒီကောင်က ကောက်ရိုးမီးလို ဟုန်းခနဲ ထောက်တတ်သောကောင် ဖြစ်သည်။ မိန်းကလေးတစ်ယောက်ကို ကြိုက်မိပြီဆိုလျှင် အသည်းအသန်။ နောက်တော့ အဖျားရှူးသွားတတ်ပြန်သည်။ ကောင်မလေးတွေကလည်း သူ့လိုတွေချည်း

www.burmeseclassic.com

www.burmeseclassic.com



ပဲမို့ ဘာမှတော့ သိပ်မထူးပါ။ သို့သော် ညိုညိုကို ဆိုသော ကောင်မလေးကတော့ တခြားကောင်မလေးတွေနှင့် မတူဘူးဟု ထင်သည်။ ဖြူစင်ဖော်ရွေသော်လည်း ရိုးသားသည့်သဏ္ဍာန်ရှိသော ကောင်မလေးနှင့် သူ မိတ်မပျက်ချင်ပါ။ ဒါကြောင့် သော်ဇင့် ရှေ့မှာ ညိုညိုကို့အကြောင်း ယောင်လို့တောင်မဟ။ သူသည် ကူး နှင့်ချိန်းထားပြီး ကူး မလာသေးခင်စပ်ကြားမှာ ရောက်တတ်ရာရာ တွေးနေသော်လည်း သူရှိရာသို့ လှမ်းလာကာ ကူးကို အမြင်မှာ တော့ မတ်တတ်ရပ်ကာ လက်လှမ်းပြလိုက်သည်။

ကူးက လှစ်ခနဲပြုံးပြကာ သူ့ဆီသို့ လှမ်းလာသည်။ ရောင်အကျီလှလှလေးကို ဂျင်း(န်)မှိုတက်စကတ်အတိုလေး ပန်ရစ္စာ တွဲဖက်ဝင်ဆင်လာသော ကူးသည် သူ့မျက်လုံးထဲ တွင် ဘယ်လိုမှ မေ့မရအောင် လှပနေသည်။ ကျောလယ်ခန့်ရှိ သော ဆံနွယ်တွေမှာ အလယ်တိတိခွဲထားလျက် Shampoo ကြော်ငြာတွေထဲကလို ပျော့အိမည်းခက်နေကြသည်။ ကူးသည် သူ့အနားသို့ ရောက်သောအခါ ဆံပင်တွေကို တစ်ချပ်သပ်တင် ရင်း ပြုံးပြကာ သူနှင့်အောတိုက်မကျတကျမှာ ဝင်ထိုင်သည်။ သူ က ကူးကို မွတ်သိပ်သော မျက်လုံးများဖြင့် ငေးကြည့်ကာ _

"ကိုယ့်အနားမှာ လာထိုင်လေ ကူးရဲ့"

သူက နှစ်ယောက်ထိုင် ဆိုဖာအရှည်တွင် ထိုင်နေ ခြင်းဖြစ်သည်။ သူတို့ထိုင်သော ကော်ဖီဆိုင်လေးမှာ လူငယ်တွေ၊ ချစ်သူစုံတွဲတွေသာ အလာများလျက် အေးစိမ့်၍ ပြာလဲ့လဲ့အလင်း ရောင်တွေရှိသော အင်မတန် Romantic ဆန်သော ကော်ဖီဆိုင် လေးဖြစ်သည်။ သီချင်းသံသဲ့သဲ့လေး ပျံ့လွင့်နေလျက် စကား



သံတွေ သိပ်မကျယ်သော ဒီဆိုင်လေးမှာ ထိုင်ရခြင်းကို သူ ရော ကူးရော အကြိုက်ချင်း တူကြပါသည်။

ကူးက သူ့အပြောကို ပြုံးပြုံးလေး ပြန်ကြည့်ကာ...

"ဒီမှာထိုင်လည်း မြင်ရတာပဲ ရူးနှင့်ရဲ့"

"ဩော် ... Air Con က အရမ်းအေးတော့ ကူး ချမ်းနေ မှာစိုးလို့ပါ"

သူ့အပြောကို ကူးက မျက်စောင်းနုနုလေး ထိုးသည်။ ပြီးတော့ အနားမှာ လာရပ်သော ဝိတ်တာလေးကို ကော်ဖီတစ် ခွက်နှင့် ငါးဆင်းဒဝစ်တစ်ပွဲ မှာသည်။ သူက ဆိုဖာကို သက် တောင့်သက်သာမှီကာ ကူး လှုပ်ရှားပြောဆိုသမျှကို နှင့်သီးစွာ မောနေမိသည်။ ဒါဟာ ငါ ပိုင်ဆိုင်ခွင့်ရသော ချစ်သူမိန်းက လေးပါလားဟူသော အသိဖြင့် သူ့နှလုံးသားထဲတွင် လှိုက်တက် သော ခံစားမှုမျိုးကို ခံစားရပါသည်။ အဲဒီခံစားမှုမျိုးကို ကိုယ့်ချစ်သူအား အင်မတန်ချစ်သော ယောကျ်ားလေးတိုင်း ခံစား ရမည် ထင်သည်။

ကိုယ်ချစ်ရသော ကောင်မလေးဟာ ကိုယ့်ကိုလည်း ပြန်လည်ချစ်မြတ်နိုးကြောင်း ဖွင့်ဟဝန်ခံထားခြင်းဖြင့် ချစ်သူဟူသော ခေါင်းစဉ်အောက်မှာ တရားဝင်ပတ်သက်မိကြသည်။ သူနဲ့ကိုယ်ဟာ ချစ်သူတွေဟူသော အသိသည် လေးနက်ကြီးမြတ်သော ခံစားချက် တို့ကို ပေးစွမ်းစေပါသည်။

သူက ကူးကို ပြုံးပြီးစိုက်ကြည့်နေသဖြင့် ကူးက သူ့ကို မျက်လုံးဝင့်ကြည့်ကာ ...

"ဘာကြည့်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အော် ... ကိုယ့်ချစ်သူမို့ ကြည့်နေတာပေါ့၊ မကြည့်ရ
သား"

"မမြင်ဘူးတဲ့သူ ကျနေတာပဲ"

ကူးက အဲဒီစကားလေးကို တစ်ယောက်တည်း
ပြောသလိုလိုဖြင့် မပွင့်တပွင့်ဆိုသည်။ အဲဒီလို မပွင့်တပွင့်ပြော
သော နှုတ်ခမ်းလေးကို သူ အသည်းသိပ်ယားလှပါသည်။ ချယ်
ရောင် Lip Gloss နှုတ်ခမ်းဆိုးဆေးကို ခပ်ရွှဲရွှဲဆိုးထားသော
ခမ်းများကို တစ်ချက်စိုက်ကြည့်ရင်း သူ ရင်ခုန်လာသည်
တ်ခမ်းလေးဟာ ဘယ်လောက်များ မွှေးနေမှာပါလိမ့်။ ဒေ
ာတော့ သူ တစ်ခါမှ မနမ်းဘူးသေးပါ။ ဒါဖြင့်ရင် ပါးပြ
ပါးတွေကိုရော။ ဟင့်အင်း ... အဲဒါလည်း မကြုံဖူးသေးဘူး။ သူ
အသည်းသိပ်ယားလာလျှင် ကူးရဲ့လက်ထိပ်ဖျားလေးတွေကို မ
အောင် ကိုက်ထားတာမျိုးပဲ ရှိသည်။ ပါးပြင်ဆိုတော့မှ သူ
ကြ ပါးချိုင့်ကိုစွဲကို ဖျတ်ခနဲ သွားသတိရတာဖြစ်ပါသည်

"ကူး ... ဒီကို လာထိုင်ကွာ"

"ဟယ် ... ဘာဖြစ်နေတာလဲ၊ ဒီလိုထိုင်နေလဲ ဖြစ်တဲ့ဟာကို"

"မဖြစ်ဘူး။ ကိုယ် ကူးကို ကြည့်စရာရှိတယ်"

"ဟင် ... ဘာကြည့်မှာလဲ၊ လက္ခဏာလား"

"အင်း ... လက္ခဏာလည်း ကြည့်ပေးမယ်။ တခြားကြည့်
စရာလည်း ရှိတယ်"

"ဟင် ... ဘာကြည့်မှာလဲ"

"ဟဲ ... အနားရောက်တော့ ပြောမယ်ကွာ။ လာပါဆိုနေ
မလာဘူးလား"



သူက ဂျိနည်းနည်းကျလိုက်လျှင် ကူးက အလျှော့
ပေးတယ်ဟူသော သဘောမျိုးဖြင့် မျက်စောင်းလေးတစ်ချက် ကဲ
ကြည့်ကာ သူ့ခုံသို့ တကယ်ပဲ ကူးလာပါသည်။ အဲဒီအတွက်
သူဟာ ကူးကို ပို၍ heart ထိသွားသည်။ သူ့ဘေးနားသို့ ဝင်
ထိုင်လိုက်သော ကူးထံမှ အမျိုးအမည် မသိသော မွှေးရနံ့နှစ်မျိုး
ကို ခံစားလိုက်ရသည်။ တစ်မျိုးက ကူးရဲ့ဆံနွယ်တွေထဲမှ လွင့်
ဖျံ့လာသော Shampoo ရနံ့ဖြစ်ကာ၊ တစ်မျိုးကတော့ ကူးရဲ့ခန္ဓာ
ကိုယ်မှ သင်းပျံ့နေသော ခပ်ချိုချိုရနံ့လေးတစ်မျိုး ဖြစ်ပါသည်။

ကူးက သူ့ဘေးမှာ ဝင်ထိုင်လိုက်လျှင် သူက ကူး
နဲ့ နီးကပ်အောင် ထပ်ရွှေ့လိုက်သည်။ ကူးထံမှ ဟင်းနော်ဟူသော
အသံလေး ထွက်လာသော်လည်း သူက ဂရုမစိုက်ဘဲ ကူးလက်
ကလေးကို ဖျတ်ခနဲ ကောက်ကိုင်လိုက်လေသည်။ ပြီးတော့ ဘာ
မပြော ညာမပြောနှင့် လက်ခုံလေးကို ရွတ်ခနဲ နမ်းရှိုက်လိုက်
သည်။ ကူးက ဟယ် ဟူသော အာမေဍိတ်နှင့်အတူ သူ့လက်
မောင်းကို ဖျတ်ခနဲ ပိတ်ရိုက်သည်။ အားပါသောကြောင့် နည်း
နည်းတောင် နာသွားပါသည်။

"ဘာလုပ်တာလဲ။ စူးနင့်နော် ... ကဲမနေနဲ့။ လူကြားထဲ
မှာ ကူး စိတ်ဆိုးလိုက်မှာ"

"ဘယ်သူမှ မမြင်ပါဘူးကွာ။ အားလုံးက ကိုယ့်ဘာနဲ့
ကိုယ် ဟဲ ... ဟဲ။ snap shot kiss လေ။ လျှပ်တစ်ပြက်
အနမ်းပေါ့"

"တော်ပြီ ... ခုံပြန်ရွှေ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ကူးရဲ့လက်ကို ကမ္ဘန်းကတန်း ဖမ်းဆွဲထားရသည်။ ပြီးတော့ ကူး လက်ချောင်းတွေထဲသို့ သူ့လက်ချောင်းတွေကို ဆက်ယှက်ထည့်ကာ ကူး အနားသို့ တိုးကပ်လျက် တတွတ်တွတ် ချော့ရလေသည်။

"ဆောရီး ကူးရယ်။ စိတ်မဆိုးပါနဲ့ကွာ။ ကိုယ်က အရမ်းချစ်လို့ပါ။ လက္ခဏာ တကယ်ကြည့်ပေးမှာပါ။ စိတ်မဆိုးနဲ့ ... နော် ... မောင့်အချစ်"

"သွားပါ။ ဘာလက္ခဏာကြည့်မှာလဲ။ လျှောက်ပြောမနေနဲ့။ ကြည့်လည်း မကြည့်တတ်ဘဲနဲ့"

"ဟာ ... ကြည့်တတ်တာပေါ့၊ မကြည့်တတ်လို့ ရမလား။ ယောကျ်ားလေး တော်တော်များများက အခြေခံလက္ခဏာလောက်တော့ အားလုံး ကြည့်တတ်ကြတယ် ... မကြည့်တတ်လည်း ကြည့်တတ်အောင် သင်ထားရတာမျိုးပဲ"

"ဘာဖြစ်လို့လဲ"

"ဒါမှ ကောင်မလေးတွေရဲ့လက်ကို ကိုင်လို့ရမှာကိုး ... ဟဲ ဟဲ"

"သြော် ... ကြည့်စမ်း။ ဒါဆို ရှင်လည်း ဒီလိုနည်းနဲ့ လုပ်စားနေတာပေါ့လေ။ ဟုတ်လား"

ကူးက သူမရဲ့လက်တွေကို သူ့လက်ထဲမှ ဆောင့်ရုန်းထွက်ကာ ခါးထောက်ရင်း အော်လေသည်။ သူသည် ကူးဖြစ်ပျက်သွားသော ပုံစံကိုကြည့်ကာ သဘောတကျဖြင့် ရယ်ရသည်။ ကူး သူ့ကို သဝန်တိုတယ်ဟူသော အဖြစ်အပျက်သည် သူ့နှလုံး



သားကို တကယ်ပဲ ကြည်နူးလှိုက်ဖြာစေပါသည်။ ကိုယ် ချစ်မြတ်နိုးရသော မိန်းကလေးတစ်ယောက်က ကိုယ့်ကို သဝန်တိုတယ်ဟူသော ကိစ္စမှာ ချစ်ခြင်းတရားကို အရင်းခံပြီး ဖြစ်လာတာမို့ ကျေနပ်ရသည်။ သဝန်တိုပြီး ဆူနေသော နှုတ်ခမ်းလေးမှာ အင်မတန် အသည်းယားဖို့ ကောင်းလေသည်။

"ဟင်း ဟင်း ... ကူး ကိုယ့်ကို သဝန်တိုလား"

"အောင်မယ် ... ဘာကိစ္စ တိုရမှာလဲ"

"ဟင် ... မတိုဘူးလား။ သဝန်တိုလို့ စိတ်ဆိုးတာ မဟုတ်ဘူးလား"

"အိုး ... နိုးပါ။ သဝန်တိုတာ မဟုတ်ဘူး၊ ဘာတဲ့။ အခုနကဟာ တကယ်ပဲလား၊ မိန်းကလေးတွေလက်တွေကို ကိုင်ချင်တာနဲ့ပဲ လက္ခဏာကြည့်သင်တယ်ပေါ့ ... ပြောစမ်း ... ပြောစမ်း။ ရှေ့မှာ ဘယ်နှယောက်ကို အဲဒီလို ကိုင်ကြည့်ဖူးပြီလဲ"

"ဟား ဟား ... အထင်ကြီးလိုက်တာကွာ"

"စူးနင့်ခနော် ... ရှုးချင်ယောင်ဆောင်မနေနဲ့၊ မေးတာကိုဖြေ"

"ဖြေပါတယ်ကွာ။ ကိုယ် ပထမဦးဆုံး ကိုင်ဖူးတဲ့လက်က ကူးရဲ့လက်ကလေးပေါ့။ ဒီလက်ကလေးကို ကိုင်ချင်လွန်းလို့ နှစ်နှစ်လောက်တောင် စောင့်လာခဲ့လိုက်ရတာ ... ကိုယ့်အချစ်ကို အကြွင်းမရှိ ယုံလိုက်စမ်းပါ ကူးရယ်။ သံသယတွေ မရှိစမ်းပါနဲ့။ ကိုယ်က ကူးကို အရမ်းချစ်ရတဲ့သူပါ"

www.burmeseclassic.com

www.burmeseclassic.com



သူက ခံစားချက်အပြည့်ဖြင့် တမေ့တမော ပြော လိုက်လျှင် ကူးက ကျေနပ်သွားဟန်ဖြင့် ငြိမ်သက်သွားသည်။ သူက ကူးရဲ့လက်ဖျားလေးတွေကို ဆွဲယူဖျစ်ညှစ်ကာ ကူး ပခုံး နားသို့ အသာတိုးကပ်၍ ...

"ကိုယ့်အချစ်ကို ယုံလားဟင် ကူး"

ကူးက မနေတတ်သလိုဖြင့် ရှက်ပြုံးပြုံးကာ ခေါင်း တစ်ချက်ညိတ်ပြသည်။ သူက ဟက်ခနဲ ရယ်လိုက်ရင်းမှ ကူးရဲ့ လက်ဖဝါးလေးတွေကို ဆွဲဖြန့်လိုက်ကာ ...

"ကဲ ... လက္ခဏာကြည့်ပေးတော့မယ် ... လာ"

"တော်ပါ ... ကြည့်လည်း မကြည့်တတ်ဘဲနဲ့"

"ဟား ဟား ... ကြည့်တော့ ကြည့်တတ်ပါတယ်။ ကူးက ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေရမယ့်သူပဲ။ အင်း ... ပညာရေးလည်း ကောင်းတယ်။ အချစ်ရေးက တော့ ကံအကောင်းဆုံးပဲ။ သစ္စာရှိသော ချစ်သူကောင်း ကို ရထားတာ၊ အင်း ... ပြီးတော့"

"တော်ပါပြီဟယ်၊ လျှောက်ပြောနေတယ်"

"ချစ်လို့ ... ချစ်လို့။ ဒြော် ... ကူး မျက်နှာမှာ ဝက်ခြံ ရှိလားဟင်"

"ဟင် ... ဘာလုပ်မလို့လဲ"

"ဒြော် ... ဘာမှမလုပ်ပါဘူး။ မေးကြည့်တာပါ"

"မရှိပါဘူး။ မြင်နေရဲ့သားနဲ့ဥစ္စာ၊ ရှိရင် တွေ့မှာပေါ့ ဘာလို့မေးတာလဲ။ မှန်မှန်ပြော၊ အကြောင်းတစ်ခုခုတော့ ရှိရမယ်"



သူက ပါးနပ်သော ကူးကြောင့် အသာရယ်မောမိ သည်။ ကူးရဲ့ဆံပင်ဖျားလေးတွေကို အသာထိတွေ့ကိုင်တွယ်ရင်း မှ ...

"ကိုယ့်သူငယ်ချင်းတစ်ယောက်က ပြောတာကို သတိရမိ လို့ပါ။ ချစ်စိတ်မှန်နေရင် ချစ်သူ့ပါးက ဝက်ခြံကိုတောင် ပါးချိုင့်နဲ့ မှားမိတတ်ကြတယ်တဲ့ ...

ဒါကြောင့် မေးကြည့်တာ။ ကိုယ်ကတော့ မတွေ့မိပါ ဘူးလို့။ ဒါပေမဲ့ ကူးက မိတ်ကပ်တွေ ဘာတွေနဲ့များ ဖုံး ထားလားလို့လေ ... ဟဲ ဟဲ"

"အောင်မယ် ... မဖုံးပါဘူးနော်။ အရှိကို အရှိအတိုင်းပဲ။ ဟင်း ... သူတို့ပဲ ကြံကြီးစည်ရာ"

"ဒြော် ... ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ လူတစ်ယောက်က အရမ်းချစ်လာမိပြီဆိုရင် တော်တန်ရုံ ဘာမှ မမြင်နိုင်တော့ တာမျိုးတွေလည်း ရှိတတ်တယ်လေ ...

ကိုယ်ဆိုရင် အဲဒါမျိုး ခဏခဏ ဖြစ်တယ်။ ကူးကို အရမ်းချစ်မိနေတဲ့ အခါမျိုးတွေမှာ သူငယ်ချင်းတွေက နှောက်တာပေါ့ ...

ကူးရော အဲဒီလို ဝါးသွားတဲ့အထိ မချစ်ဘူးလား"

"ဟင် ... ဝါးသွားတဲ့အထိတော့ မချစ်ပါဘူး"

"ဟာကွာ ... ကူးကကွာ"

"နေဦးလေ၊ ပြောတာကို ဆုံးအောင်နားထောင်ဦးမှပေါ့။ ကူး ပြောချင်တာက ရှူးနင့်ကို ချစ်တာတော့ ချစ်တာပေါ့။ ဒါပေမဲ့ ကူးက ချင့်ချိန်တဲ့နှလုံးသားနဲ့ ချစ်တာ။ ရှူးနင့်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာတွေ လုပ်နေရင်တော့ ချစ်တယ်ဆိုပြီး မမြင်နိုင်တာတွေ လုပ်နေမှာ မဟုတ်ဘူးလေ ...

မမှားသင့်တာ မမှားရအောင်တော့ တားရမှာပေါ့။ အဲဒါကို ပြောတာ။ စူးနှင့် အပေါ်မှာ ကောင်းစေချင်တဲ့ စေတနာ ရှိတယ်လေ"

"အင်း ... အဲဒီလိုလား"

သူ့ရဲ့ အီလည်လည်အပြောကို ကူးက နားလည်သလို ပြုံးပြကာ သူ့ပခုံးတစ်ဖက်ကို ဖွဖွဆုပ်ကိုင်လာလျက် ...

"ကူးက သိပ်စိတ်ကူးယဉ်မဆန်ဘူး စူးနှင့်ရဲ့။ အရာရာကို လက်တွေ့ကျကျပဲ စဉ်းစားဆုံးဖြတ်တတ်တယ်၊ လူတစ်ယောက်ရဲ့ဘဝမှာ တိုးတက်အောင်မြင်ဖို့ဆိုရင် စိတ်ကူးယဉ်ဆန်နေလို့မှ မရတာ။ ဒါကြောင့် စူးနှင့် ဖြစ်စေချင်သလို အချစ်ကို အရမ်း Cazy ဖြစ်မှာတော့ မဟုတ်ဘူး"

"အချစ်နဲ့ဘဝက ဘယ်တူမှာလဲ ကူးရယ်"

"အင်းလေ ... မတူဘူးပေါ့။ အချစ်က အချစ်၊ ဘဝက ဘဝပဲ၊ ဘဝကို လက်တွေ့ကျကျ ဖြတ်သန်းရင်ဆိုင်ရမှာပေါ့။ တကယ်တော့ အချစ်ဆိုတာ ဘဝနဲ့ ထိပ်တိုက်တွေ့ပြီဆိုရင် ရှုံးနိမ့်ရတာများတာပဲ မဟုတ်လား"

"ဒါက သတ္တိမရှိတဲ့လူတွေ၊ ရင်မဆိုင်ရဲတဲ့လူတွေ ပြောတဲ့စကားပါ ကူးရာ"

"မဟုတ်ဘူးလေ စူးနှင့်ရဲ့၊ သတ္တိမရှိတာ မဟုတ်ဘူး။ သတ္တိရှိစရာကို မလိုဘူး။ အချစ်နဲ့ ဘဝ တိုက်ကြတဲ့စစ်ပွဲမှာ အားနည်းတဲ့ဘက်က ကျရှုံးမှာပဲ။ ကြိုတင်ပြင်ဆင်မှု



မရှိတဲ့ဘက်က ကျဆုံးမှာပဲ။ အချစ်ဆိုတာ စိတ်ကူးယဉ်ဆန် နူးညံ့တဲ့ အရာမျိုးမို့ လက်တွေ့ဘဝနဲ့ ယှဉ်လာရင် နောက်ကောက်ကျတာတော့ အမှန်ပဲလေ"

"ကူးရာ ... ကူး ပြောနေတဲ့စကားတွေက ချစ်သူရည်းစားမရှိတဲ့ မိန်းကလေးတစ်ယောက် ကျနေတာပဲ။ မခံစားတတ်လိုက်တာ"

"အဲဒါ ပြောတာပေါ့။ စူးနှင့်က ယောကျ်ားလေးဖြစ်ပြီး လက်တွေ့ကျကျ မစဉ်းစားတတ်တာ။ ကူးကတော့ လက်တွေ့ကျတယ်။ ဘဝတစ်ခုမှာ အောင်မြင်တိုးတက်ဖို့အတွက် လက်တွေ့ကျကျ ကြိုးစားမှ ရမှာပေါ့ စူးနှင့်ရယ် ...

ကူးက သာမန်ဘဝမျိုး ပြီးသွားရမှာကို မလိုလားဘူး။ ကူးဘဝကို အရမ်းမြင့်မြင့်မားမား တိုးတက်ချင်တာ။ လူတိုင်းက အားကျငေးမောရတဲ့ဘဝမျိုး၊ ခိုင်မာတဲ့ဘဝမျိုးကို တည်ဆောက်ချင်တာ၊ အောင်မြင်နေတဲ့ ဘဝစ်ခုပေါ့ ...

ကူးမှာ အဲဒီအနာဂတ်ရည်မှန်းချက်တွေ ရှိတယ် ...

ကဲ ... စူးနှင့်ကရော ဘာရည်မှန်းချက်တွေရှိလဲ၊ ပြောပါဦး"

ကူးက သူ့ကို ပြုံးပြုံးလေး မေးသော်လည်း သူက ဘာကယ်ပဲ စိတ်ညစ်လာရသည်။ အချစ်အကြောင်းလေးတွေ တယုယ ဖွဲ့ဆိုရာကနေ ဘဝအကြောင်းတွေ၊ ကြီးပွားရေးတွေ၊ ... ရေးတွေဘက် ဘယ်လိုရောက်သွားလဲတော့ မပြောတတ်ပါ။ ... နှလုံးသားတွေ နူးညံ့လာအောင် သူ ဘယ်လိုများ လုပ်ပေး ... ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ကူးရာ။ ကိုယ်ကတော့ ချစ်တာတစ်ခုတည်းသိတယ်"

"ဟာကွာ ... စူးနှင့်ကလည်း။ ကူး အကောင်းမေးနေတာ၊ အဲလို ဖော့မပစ်နဲ့။ ကူးက ကိုယ့်ကို သည်းသည်းလှုပ် ဖူးဖူးမှုတ်တိုင်းလည်း ကျေနပ်သာယာနေတဲ့ မိန်းကလေးမျိုး မဟုတ်ဘူးနော် ...

ကူး သိချင်တယ်။ စူးနှင့်မှာလည်း စူးနှင့် ရည်မှန်းချက် ရှိမှာပေါ့။ ဘာလဲ ... ပြောပြ"

"တကယ်ပြောပြရမှာလား"

"အင်းပေါ့ ... တကယ်မေးနေတဲ့ဟာပဲ"

"ကိုယ့်ရည်မှန်းချက်ကတော့ မြန်မာ့လက်ရွေးစင်ဘောလုံးသမားတစ်ယောက် ဖြစ်ဖို့ပေါ့ ဒီ့ထက်ကြီးကြီးကျယ်ကျယ်ပြောရရင်တော့ အာရှအဆင့်ထိပါမီတဲ့ ဘောလုံးသမားတစ်ယောက်ပေါ့"

သူ့အပြောကြောင့် ကူးက မျက်မှောင်တစ်ချက် ကြုတ်သွားသည်။ ပြီးတော့ သူ့ကို ခပ်နက်နက် တစ်ချက်စိုက်ကြည့်ကာ ...

"စူးနှင့် ... အဲဒါ တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပေါ့။ အဲဒါ ကိုယ့်ရဲ့အိပ်မက်ပဲလေ။ ကူးကို ကိုယ် ခဏ ခဏ ပြောဖူးပါတယ်။ ကိုယ်က ကျန်းမာရေးအတွက် သက်သက်ကန်တယ်များ ထင်နေလို့လား။ ကိုယ် ကူးကို ချစ်သလိုပဲ ဘောလုံးကိုချစ်တာ"



ကူးက ဘာမှဆက်မပြောချင်တော့သည့် သဏ္ဌာန်ဖြင့် သက်ပြင်းကိုချသည်။ သူက အခြေအနေကို ဖော့တိမ်လိုသည့်သဘောဖြင့် ကူးရဲ့ပခုံးလေးကို အသာဖက်ကာ ...

"ကူး ကိုယ့်ကို သဝန်တိုချင်ရင်တောင် ကောင်မလေးတွေနဲ့ သဝန်တိုရမှာ မဟုတ်ပါဘူးကွာ။ ကိုယ်က ကောင်မလေးတွေထက် ဘောလုံးကိုပဲ စိတ်ဝင်စားတာပါ။ မင်းသမီးတွေ မိုဒယ်တွေထက် ဘောလုံးသမားတွေကိုပဲ ပိုစိတ်ဝင်စားတာ ...

အဲဒါတော့ ကူး စိတ်ချလက်ချထား၊ သိလား"

"အင်း ... စိတ်ချပါတယ်၊ စိတ်ချတယ်"

"ကိုယ်ရော ကူးကို အဲဒီလိုပဲ စိတ်ချထားလို့ ရမလား"

"ရတာပေါ့။ သိပ်ရတယ်။ ကူးကလည်း ပညာရေးကလွဲလို့ ဘာမှစိတ်မဝင်စားဘူး"

"အိုခေ။ ဒါမျိုးမှပေါ့။ ကတိနော် ... ကတိ"

သူက ကူးရဲ့လက်ကလေးကို ဆွဲယူချိတ်ဆက်ကာ သက်မချင်း ဖိနှိပ်လျက် လက်သိုးချင်း ထိကပ်လိုက်ခြင်းဖြင့် ကတိနှိပ်လိုက်သည်။ အပြန်အလှန် ပြုံးကြည့်ဖြစ်သော အကြည့်များထဲတွင် တစ်ယောက်အတွက် တစ်ယောက်က သစ္စာရှိဖို့ဆိုတာကတော့ အထူးပြောနေစရာ မလိုသည့် ကတိပဲ ဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေမှာ အချစ်ဆိုတာ
လူတစ်ယောက်ကို ဘယ်အချိန်မှာ
စ,ချစ်မိသွားသလဲလို့ ...
ကိုယ့်ကိုယ်ကိုယ် မသိလိုက်တာမျိုး
ရှိတတ်တယ်။
ဥပမာ ပြောရရင်တော့ —
မိုးဖွဲဖွဲထဲ လမ်းလျှောက်လာမိသလိုပေါ့။
သတိထားမိတဲ့အချိန်မှာ
တစ်ကိုယ်လုံး စိုရွှဲနေခဲ့ပြီ။



# ၁

သူသည် ညိုညိုကို ဆိုသော ကောင်မလေးနှင့် သူငယ်ချင်းလိုလို ဘာလိုလို ခင်မင်ရင်းနှီးနေတာကို သူငယ်ချင်းတွေကြားထဲမှာ ဘာရယ်မဟုတ် လျှို့ဝှက်ထားတာ မဟုတ်ခဲ့သော်လည်း ဖွင့်မပြောဖြစ်ခဲ့ချေ။ ဒါလည်း သော်ဇင့်ကို ကြောက်လို့ ဖြစ်ပါသည်။ သို့သော် ဘယ်အရာကိုမှ ကြာကြာဖုံးကွယ်ထားလို့ ရသည့် ထုံးစံအတိုင်း သူတို့ သူငယ်ချင်းသုံးယောက်နှင့် ညိုညိုကို သို့ အင်တာနက်ဆိုင်တွင် သွား၍ဆုံသည်။ အဲဒီနေ့က သူ၊ သော်ဇင်နှင့် ခန့်ဝင်းတို့ သုံးယောက်တည်းဖြစ်၍ ကျန်တဲ့ နှစ်ယောက်က မပါ။ သုံးယောက်သား အင်တာနက်သုံးဖို့ လာတာ ဖြစ်ပြီး သူမကတော့ အင်တာနက်သုံးပြီး ပြန်ထွက်လာဟန်တူ သည်။ အပေါက်ဝမှာ ဆုံတာဖြစ်ပါသည်။

သူကလည်း သူမကို ချက်ချင်းမြင်သလို သူမကလည်း သူ့ကို ချက်ချင်းမြင်ဟန်တူသည်။ မျက်လုံးဝိုင်းကာ မျက် ငြိုပြသော စတိုင်လ်သည် လူတစ်ယောက်ကို စတွေ့လျှင် ကနဦးနှုတ်ဆက်တတ်သော စတိုင်လ်လားတော့ မပြောတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ သွားဖြူတန်းလေးတွေ လှစ်ခနဲပေါ်အောင် ပြုံးပြုကာ ခေါင်းတစ်ချက်ဆတ်၍ နှုတ်ဆက်သည်။ သူကတော့ အပြုံးတစ်ခုဖြင့် စကားစတင်ပြောလိုက်ရပါသည်။

"အင်တာနက် လာသုံးတာလား"

အင်တာနက်ဆိုင်လာတာ တွေ့ရဲ့သားနဲ့ အင်တာနက် လာသုံးတာလား ဟူသော အမေးမှာ ကြောင်မှန်းသိသော်လည်း ဘာမေးရမှန်း မသိသဖြင့် ပါးစပ်က အဲဒါပဲ ထွက်သွားတာဖြစ်သည်။ တစ်ယောက်တည်းလားလို့ မေးရမှာကျတော့လည်း သိပ်မကောင်း။ သော်ဇင်ကတော့ မျက်လုံးပြူးကြီးနှင့် ကြည့်နေပြီဆိုတာ လှည့်မကြည့်ပါဘဲနှင့် ဆင်ခြမအာရုံအရ အလိုလိုသိနေပြီဖြစ်သည်။

"ဟုတ်တယ်၊ ဘလော့ဂ်တွေ မွှေလာတာ၊ ဟင်း ... ဟင်း"

လာပြီ၊ ဒီ ရိုးလွင်သောရယ်သံက ထုတ်ပြန်သည်။ ဘယ်လိုစိတ်နဲ့မှတော့ ပြောခြင်းမဟုတ်၊ ဒီကောင်မလေးအပေါ်မှာလည်း သူ ဘာစိတ်မှ မရှိရပါ။ သို့သော် ယောကျ်ားလေးတစ်ယောက်အနေဖြင့် ရိုးရိုးသားသား Appreciate လုပ်ရလျှင် အဲဒီလို သန့်စင်သောအပြုံးနှင့် ဆည်းလည်းလှုပ်ခတ်သလို ရယ်မောသံဟာ တစ်ဖက်သားရဲ့စိတ်ကို အတော်ပဲ ဆွဲဆောင်သည်ဆိုတာ ကောင်မလေး သိမှသိပါလေစ။

"သြော် ... ပြီးသွားပြီပေါ့။ ပြန်တော့မှာလား"

"အင်း ... ပြန်မယ်။ ပြန်တော့မှာ။ ယူရော ဒီဆိုင်လာနေကြလား"



"လာနေကြ။ ခဏ ခဏ လာဖြစ်တယ်။ ခုတော့ ထရိန်နင်ရယ်၊ ကျောင်းရယ် ညနေဘက် ကစားတာရယ်တွေကြောင့် အချိန်မရတာနဲ့ ညဘက်တွေပဲ ရောက်ဖြစ်လို့ ... အခု ဘော်ဒါတွေ ဆုံတာနဲ့ ဝင်လာဖြစ်တာ"

သူမက ပြုံးပြီးခေါင်းညိတ်ပြသည်။ အဲဒီအချိန်မှာပဲ သော်ဇင်က မိတ်ဆက်ပေးဖို့ သူ့ခါးကို တို့နေပြီဖြစ်သည်။ ခန့်ဝင်းကလည်း အထဲဝင်မသွားသေးဘဲ ပေါ်တင်ကြီး အကဲခတ်နေလျှင် သူ့မှာ တကယ့်ကို စားကျပ်နံကျပ် ဖြစ်လာသည်။ ကြာလာလျှင် ပိုဆိုးမှာမို့ သူက ပေါ့ပေါ့ပါးပါး ပုံစံနှင့်ပင် မိတ်ဆက်ပေးလိုက်ရသည်။

"သြော် ... ညိုညိုကို။ ဒါလည်း ကိုယ့်ရဲ့ဘောလုံးတန်ဖက် သူငယ်ချင်းတွေလေ၊ ဒါက သော်ဇင်ကောင်းမြတ်တဲ့၊ သူကတော့ ခန့်ဝင်းကို၊ နှစ်ယောက်စလုံး ဆေး(၁)က ...

ဟော့ကောင်တွေ ... ဒါ ငါ တစ်ခါပြောပြဖူးတဲ့ ငါ့ကို ကူညီပေးခဲ့တဲ့ တစ်ယောက်ဆိုတာပေါ့။ ညိုညိုကိုတဲ့။ ကူးတို့ကျောင်းကပဲ"

သူက တမင်ပင် ကူးနာမည်ကို ထည့်ပြောလိုက်တာဖြစ်သည်။ သို့သော် သူငယ်ချင်းတွေက သူ့မျက်နှာကို ပြူးကြည့်ကြသည်။ သော်ဇင်ကတော့ သူ့ကို နောက်မှရှင်းမယ် ဟူသော မျက်နှာပေးမျိုးဖြင့် တစ်ချက်ကြည့်ပြီးလျှင် အခုလောလောဆယ် ညိုညိုကိုပဲ အာရုံထားလိုက်ဟန်တူသည်။ သူကတော့ စိတ်ပေါ့သွားပြီဖြစ်သည်။ သူလည်း တမင်ဖန်တီးပေးရတာမဟုတ်။ သူ့ခဲ့တာတောင် ပြန်ပြောခဲ့တာ မဟုတ်ခဲ့။ အခုလို မျက်နှာချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင် တိုက်တိုက်ဆိုင်ဆိုင် လာဆုံတာကတော့ မိုးနတ်မင်းကို
တိုင်တာကို သူကြားကြားအလိုရှိခဲ့၍ သတ်မှတ်ရတော့မည်ဖြစ်သည်

သော်ဇင်ကတော့ သွက်သွက်ကြီးပင် အရောကြ
လေသည်။ ရေကိုတောင် နှစ်လှမ်းလောက် တက်လိုက်သဖြ
သူမနဲ့တောင် နီးကပ်သွားသလိုရှိသည်။

"ဩော် ... ရှူးနင့် ဒုက္ခပေးလိုက်တဲ့ တစ်ယောက်ဆ
တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က သော်ဇင်ကော
မြတ်ပါ။ ဆူနီယံပတ်ခ်မှာ နေပါတယ်"

သူမက သော်ဇင့်ကို အကြည်လင်ဆုံး ပြုံးပြ
ခေါင်းညိတ်ပြီး အသိအမှတ် ပြုပါသည်။

"ဟုတ်ကဲ့ ... Nice to meet you."

"ပြန်တော့မှာဆိုတော့ အချိန်ရသေးတယ် မဟုတ်လာ
မုန့်တစ်ခုခု လိုက်စားပါလား၊ ဟော့ကောင် ... ရှူးနင့်
မင်း သူ့ကို ဘာကျွေးပြီးပြီလဲ။ အကူအညီတောင်းတုန်း
တောင်းခဲ့ဖူးပြီးတော့ အခုမှ စားပြီးနားမလည် လုပ်နေ
လား"

သော်ဇင်က ပွဲတောင်းလျှင် သူက ဖြစ်ရမယ်ဟူသေ
သူတို့အချင်းချင်းသာသိသော အကြည့်မျိုးဖြင့် ကြည့်ကာ အလို
သင့်ပို့ပေးဖို့ ဆုံးဖြတ်ရသည်။

"ဟုတ်တယ်။ တစ်ခုခု စားပါလား ညိုညိုကို။ အချိန်ရလာ
ဒါမှမဟုတ် တစ်ယောက်တည်းဆိုတော့ ..."

သူက သူငယ်ချင်းတွေကိုပါ ဘယ်လိုလဲဟူသော
သောဖြင့် လှည့်ကြည့်လိုက်သည်။ သူမက တစ်ယောက်တည်



သူတို့က ယောက်ျားလေးသုံးယောက်။ ပြီးတော့ သူနဲ့ သူမကလည်း
အရမ်းကြီး ရင်းနှီးကြသေးတာလည်း မဟုတ်။ သူမကတော့
သူတို့ရဲ့ ဖိတ်ခေါ်မှုကို ဘယ်လိုမှ သဘောထားဟန် မတူပါ။
ကြည်လင်သော အပြုံးလေးတစ်ခုနှင့်ပင်။

"သင့်ခ်ယူ။ နောက်မှ စားတာပေါ့။ ဘာမှတော့ မဟုတ်
ပါဘူး။ အချိန်မရတော့လို့ပါ။ ထပ်ဆုံဖြစ်မှာပါ"

သူက ခေါင်းတညိတ်ညိတ်ဖြင့် လက်ပြလိုက်ကာ ...

"အိုခေ ... အိုခေ၊ ရပါတယ်။ ဒါဆိုလည်း နောက်မှဆုံ
တာပေါ့"

"အင်း ... သွားတော့မယ်နော်။ အားလုံးပဲ ဘိုင့်ဘိုင်"

သူမက သူတို့သုံးယောက်လုံးကို ဝေ့ဝဲကြည့်ရင်း
သက်ပြနှုတ်ဆက်သည်။ သူက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်
ပြသော်လည်း သော်ဇင်ကတော့ အရည်ပျော်ဒီစိုင်းဖြင့် မျက်လုံး
အေးနိုင် ဖြစ်ပြနေသည်။ သူမကို နှုတ်ဆက်တာတောင် ရိုးရိုးမ
နှုတ်ဆက်နိုင်။ ခေါင်းတညွတ်ညွတ် ခါးတညွတ်ညွတ်ဖြင့် လည်
ပြန်တွေပါ ငြိတွယ်ပြနေသည်။ သော်ဇင် တစ်ယောက်မှာ လူမ
မြင်ခင်၊ နာမည်မသိခင်တည်းကတောင် စိတ်ဝင်စားသူ ဖြစ်နေလေ
ရာ လူမြင်ပြီးတဲ့အခါမှာတော့ ပြောဖွယ်ကို မရှိတော့ချေ။

ညိုညိုကိုသည်လည်း ခေတ်ရဲ့မိန်းကလေး ပီသစွာ
ဝတ်စားထားပုံက ဖက်ရှင်မဂ္ဂဇင်းတစ်အုပ်ကို ဖတ်ရသလိုပဲဖြစ်
သည်။ သို့သော် ဒီကောင်မလေးက လွန်လွန်ကဲကဲကြီး ပြင်ဆင်
ထားတာမျိုးတော့ မရှိ။ ခဲပြာရောင် စပို့ရှပ်သားအင်္ကျီအရှည်ကို
ခါးပတ်ကြီးကြီးတစ်ခုဖြင့် တွဲဖက်ဝတ်ဆင်ထားကာ နက်ပြာရောင်

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းနေသည့် Skinney ဘောင်းဘီအကျပ်ကို ခပ်မိုက်မိုက် ဆင်ဆင်ထားလေသည်။ သော်ဇင်ကတော့ သူ့ကို အခဲမကျေသော မျက်လုံးများဖြင့် ကြည့်ကာ လက်သီးရွယ်ပြရင်း ...

"ဟော့ကောင် ... မင်းက ဘာအထာလဲ။ လျှိုထားတာပေါ့လေ၊ ဟုတ်လား"

"လျှိုထားတာ မဟုတ်ပါဘူးကွာ။ ပြီးမှ အေးအေးပြောပြမယ်"

"ဘာအေးအေးပြောမှာလဲ။ လျှိုထားတာ မဟုတ်ရင် ဘာလဲ။ မင်း two timing ရိုက်မလို့ပေါ့၊ ဟုတ်လား"

"ဟော့ကောင် ... ပေါက်တတ်ကရတွေ လျှောက်မပြောနဲ့ကွာ။ ငါ ကူးကို ဘယ်လောက်ချစ်တယ်ဆိုတာ သိရဲ့သားနဲ့"

"အေး ... ဒါဖြင့်ရင် ဒီကလေးမကို ငါ ဘယ်လောက် စိတ်ဝင်စားနေတယ် ဆိုတာလဲ မင်းသိရဲ့သားနဲ့"

"မဟုတ်ပါဘူးကွာ၊ ငါ ပြီးတော့မှ အေးအေးရှင်းပြပါ့မယ်"

"ဟော့ကောင် ... ဘာမှ အေးအေးရှင်းပြနေစရာ အကြောင်းကို မရှိဘူးနော်။ ဒီဇယားက ရှင်းရှင်းကြီး ပေါ်နေပြီ။ မင်း ဘာမှရှော်ပစ်လို့ မရဘူး"

"မရှော်ပါဘူး ဆိုမှကွာ။ မင်းကလည်း"

သူ့ အသည်းအသန် ဖြစ်ပြနေသော သော်ဇင့်ကို အော်ထည့်လိုက်သည်။ ငြိမ်နားထောင်နေသော ခန့်ဝင်းက သော်ဇင့် ပခုံးကို တစ်ချက် နှစ်ချက် ပုတ်ကာ ...

"ကဲ ... ပြီးမှ အေးအေးပြောမယ်ကွာ။ ဒီကိစ္စကို ငါလည်း စိတ်ဝင်စားတယ်။ ခုတော့ အင်တာနက်ထဲ ဝင်ကြစို့။



ဆိုင်ထဲတောင် ရောက်နေမှတော့ ပြန်မထွက်တော့ဘူး။ အားလုံး တစ်နာရီပဲ သုံးမယ် ...

တစ်နာရီပြည့်တာနဲ့ လက်ဖက်ရည်ဆိုင် သွားမယ်။ သဘောတူလား"

"အိုကေ"

"ပြီးရော"

နှစ်မဲတစ်မဲ ဖြစ်နေသည်မို့ သော်ဇင်က မကျေမနပ်ဖြင့် ခေါင်းညိတ်လိုက်လျှင် အင်တာနက်ထဲသို့ ရောက်သွားကြသည်။ ကိုယ်စီသုံးနေကြရင်းမှ သူက စိတ်ဝင်စားသော အကြောင်းအရာတွေနောက်သို့ လိုက်ပါစီးမျောသွား၍ အချိန်တွေ ကုန်လို့ကုန်သွားမှန်းတောင် မသိလိုက်။ ဘယ်အချိန်တည်းက နာရီကြည့်နေမှန်း မသိသော သော်ဇင်ကတော့ တစ်နာရီကို တစ်မိနစ်မှ အစွန်းမခံဘဲ လာအော်သည်။

"ဟော့ကောင် ... တစ်နာရီ ပြည့်ပြီကွ။ ထွက်တော့"

"အေးပါကွာ နေပါဦး။ ခဏလေး ... ခဏလေး"

"လက်စသတ်တော့ကွ။ ဟိုကောင် ခန့်ဝင်းရော"

"ဟော့ကောင် ... သိပ်ကဲပြမနေနဲ့။ အခုမှ မိန်းမတွေ့ဖူးတဲ့ကောင် မဟုတ်ဘူး။ ဘာမှန်းမသိဘူး။ လာပိုပြနေတယ်"

ခန့်ဝင်းက အော်လိုက်တော့မှ သော်ဇင်က မကျေမနပ်ဖြင့် ငြိမ်သွားသည်။ သူနဲ့ ခန့်ဝင်းက တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြလိုက်ပြီး ... သမီး ငါးမိနစ်လောက်ကြာမှ သူ တွေက ထဖြစ်တော့သည်။ အဲဒီနောက်မှာတော့ သူတို့သုံးယောက်ဟာ ထိုင်နေကျ လက်ဖက်ရည်ကောင်းကောင်းရသည့်ဆိုင်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာဖြစ်ကြသည်။ လက်ဖက်ရည်ခွက်တွေ ကိုယ်စီရှေ့ရောက်တာနှင့် သော်ဇင်က သူ့ကို မေးခွန်းစထုတ်တော့သည်။

"ကဲ ... ပြောတော့ ယောကောင်။ ညိုညိုကိုနဲ့ မင်းနဲ့ကြားထဲမှာ ထပ်တွေ့ရဲ့သားနဲ့ ငါတို့ကို သတင်းအမှောင်ချထားတာ ဘာသဘောလဲ ...

ငါကတော့ မင်းကို လုံးဝမရိုးသားဘူးလို့ မြင်တယ်။ အဲဒါကို ဝန်ခံလား၊ ပြော"

"ဝန်မခံဘူး"

"ဟာ ... ဘာလို့ ဝန်မခံရတာလဲ။ မင်း သူ့ကို ငါ ဘယ်နေရာမှာပဲတွေ့တွေ့ ငါ့အတွက် စဉ်းစားပြီး သယ်ခဲ့ပေးပါလို့ မင်းကို ငါ နေ့တိုင်းနီးပါး ပြောပါတယ်ကွာ ...

အဲဒီလိုတော့ မရှော်ထားစမ်းပါနဲ့"

"အေးလေ ... ငါလည်း အဲဒါကို စိတ်ဝင်စားတယ်။ အဲဒါကိုတော့ မင်း ပြောလိုက်"

ခန့်ဝင်းကပါ ဝင်ပြောလျှင် သော်ဇင်က အဖော်ရသွားသလိုဖြင့် အားတက်ကာ လက်မတစ်ချောင်း ထောင်ပြသည်။ သူက ပြောမယ့်အတူတူ အားလုံးရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောရမည်မို့ လက်ဖက်ရည်တစ်ငုံဖြင့် အားယူလိုက်သေးသည်။

"ငါ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ မင်းကို မယုံလို့ပဲ သော်ဇင်"

"ဘာရယ် ! "

သူ့အပြောကို သော်ဇင်ပင်လျှင် အူကြောင်ကြောင်ဖြစ်သွားပုံရသည်။ ဇဝေဇဝါပုံစံမျိုးဖြင့် ကြည့်လာလျက် ...



"ဘာကို မယုံတာလဲ"

"မင်းမှာ ဒီလောက် ကောင်မလေးတွေပေါနေတာ သော်ဇင်ရာ။ အိစီကလီတွေဆိုတာ ရေလို့တောင် မရဘူး"

"ဟာ ... အဲဒါနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့။ ငါ ပြောပြမယ်။ သေချာနားထောင်။ ဖြတ်ပြီးတော့ မပြောနဲ့။ တစ်ခါမှ မသိတဲ့ ငါ့ကိုတောင် စက်ဘီးနဲ့ သူကိုယ်တိုင် တင်နင်းပြီး လိုက်ပို့တယ်ဆိုတဲ့ သူ့စိတ်ထားဟာ ဘယ်လောက် စာနာကူညီတတ်သလဲဆိုတာ တစ်ခါတွေ့ဖူးရုံနဲ့ သိသာတယ်။ ငါလည်း အဲဒီတုန်းက မှန်နေတဲ့စိတ်ကြောင့်သာ ပြောမိပြောရာ ပြောထွက်သွားတာ။ ဘာကယ်တမ်း သွေးအေးသွားလို့ သေချာပြန်စဉ်းစားကြည့်တော့ တော်တော်ကြောင်ခဲ့တဲ့ ကောင်ပဲလို့ ကိုယ့်ကိုယ်ကိုယ် ထင်တယ်။ အရမ်းလည်း အားနာတယ်။ သူမို့လည်း ငါ့ကို လိုက်ပို့ပေးတာ။ ပြီးတော့ စက်ဘီးကဘရိတ်လည်း မိတာမဟုတ်ဘူး ...

ထားပါ။ အဲဒီအကြောင်းတွေ မင်းတို့ကို ပြန်ပြောပြလို့ မင်းတို့လည်း အားလုံးသိပြီးသားပါ။ သူ့ကိုပြန်တွေ့တာ ကျူးတိုရ်ကျောင်းမှာ ပြန်တွေ့တာ။ သူလည်း UFL ကပဲ။ ဂျပန်စာတက်နေတာ။ အဲဒီတုန်းကလည်း ခဏပဲ ပြောဖြစ်တာပါ။ ငါ ကူးဆီလာတယ် ဆိုတာလည်း သူသိတယ်။ ဒါပေမဲ့ကွာ မင်းကို ငါက မင်းမှာထားတဲ့အတိုင်းပဲ ဝမ်းသာအားရနဲ့ သော်ဇင် ငါကဘော့ သူ့ပြန်တွေ့ဖြစ်ပြီ၊ UFL မှာ ဘာညာပြောရင် မင်း ပေါက်ခနဲ့ ထပြေး

www.burmeseclassic.com



မှာပဲ။ ဒါပေမဲ့ မင်း တစ်ယောက်တည်း ပြေးမှာတော့ မဟုတ်ဘူး။ ငါပါ ပါမှာ အသေအချာပဲ ...

မိတ်တွေဆက်မယ်၊ ဝင်လုံးတော့မယ်၊ သူလည်း ခုခေတ် မိန်းကလေးပဲကွာ ဒီလောက်တော့ နပ်တာပေါ့။ အဲဒီကျ သူ့စိတ်ထဲမှာ ငါ့ကို ဘယ်လိုထင်မလဲ။ ငါ့အပေါ် impression ကတော့ တစ်မျိုးဖြစ်သွားမှာပဲကွ။ ဒီကောင် ဘာအမျိုး မျိုးတာလဲပေါ့။ အဲဒီကျ အခြေအနေက မင်းအတွက်ပါ မိုင်းနပ်စ်ဖြစ်လာနိုင်တယ်။ ပြီးတော့ သူက မင်းတွေ့ဖူးတဲ့ မိန်းကလေးတွေလို မဟုတ်ဘူးကွာ ...

ဖြူစင်တယ်။ ရိုးသားပွင့်လင်းတယ်။ ဒါပေမဲ့ အဲဒီအပေါ်မှာ အခွင့်အရေးသွားယူလို့ ရမယ့်သူမျိုးတော့ မဟုတ်ဘူး။ မင်းက မိန်းကလေးတွေနဲ့ ပတ်သက်လာရင် just for fun ကွာ။ ဒါကြောင့် ငါ မင်းကို မပြောဖြစ်ခဲ့တာပေါ့။ ဒါပေမဲ့ ဒါက အကြာကြီး ဖုံးထားလို့ရတဲ့ ကိစ္စလည်း မဟုတ်ပါဘူး ...

ခုလို တိုက်တိုက်ဆိုင်ဆိုင် သွားဆုံတော့ မင်းအတွက်လည်း ကောင်းသွားတာပေါ့။ ငါ ဖြစ်စေချင်တာလည်း အဲဒီလိုပုံစံမျိုးပါပဲ။ တစ်နေ့ ဒီလို ဖြစ်လာမယ်ဆိုတာကို လည်း ကြိုသိပြီးသားပါ။ ကဲ ... ငါ ပြောချင်တာ အဲဒါပဲ"

သူက စကားအရှည်ကြီး ပြောလိုက်ရသောကြောင့် မောသွားဟန်ဖြင့် လက်ဖက်ရည်ကို တစ်ကျိုက် ကောက်မော့လိုက်သည်။ ပြီးတော့ မိုက်ဆာလာသဖြင့် ဝက်သားပေါက်စီကိုပါ စတင်ဆွဲပါသည်။ သော်ဇင်နဲ့ ခန့်ဝင်းကတော့ သူ့ကို မျက်မှောင်



ကြုတ်ကြည့်နေကြပြီးမှ ခန့်ဝင်းကတော့ လက်ခံသွားသလို ဖြင့် လက်ဖက်ရည်သောက်သည်။ သော်ဇင်ကတော့ မျက်မှောင်ကုတ်ကို မဖြေနိုင်သေးဘဲ ...

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းက မိုက်တော့ မမိုက်ပါဘူး"

"မင်းကို ငါ တစ်ခုပြောမယ်ကွာ။ မင်း တကယ်မဟုတ်ဘဲနဲ့ ညိုညိုကို့ကို မလုပ်ပါနဲ့"

"ဟေ့ကောင် ... မင်း ဒါတော့ လွန်ပြီနော်။ မင်းနဲ့ဘာဆိုင်လို့လဲ။ မင်းသူငယ်ချင်း အရင်းခေါက်ခေါက်ကြီးလည်း မဟုတ်ဘူး"

"ဟုတ်ပါတယ်။ ငါ့မှာ မင်းကို အဲဒီလို ပြောပိုင်ခွင့်မရှိဘူး ဆိုတာလည်း ငါကိုယ်ငါ သိပါတယ်။ ဒါပေမဲ့ ပြောကြည့်တာပါကွာ။ သူ့ကို ငါ တကယ် ခင်သွားလို့ပါ"

"အောင်မယ် ... လာသေးတယ်။ ဟေ့ကောင် ... မင်း two timing ရိုက်ဖို့တော့ မကြံစည်နဲ့နော်။ ငါ စန္ဒကူးခင်ကို သွားပြောမှာ"

"ဟား ... ကြံစရာလားကွာ။ သူနဲ့ ငါနဲ့ အကန့်က လုံးဝ ပလိန်းပါ။ ကူးနဲ့ ချိန်းထားတဲ့နေရာကိုတောင် သူ ကိုယ်တိုင် လိုက်ပို့ပေးခဲ့သေးတာပဲ ...

သူ့ကိုပြန်တွေ့တော့လည်း ကူးရဲ့ကျောင်းကို လိုက်သွားရင်း တွေ့တာ။ ကူးဆီ လာတွေ့တယ်ဆိုတာလည်း သူ သိနေတာပဲ။ တစ်ယောက်နဲ့ တစ်ယောက်က ဘယ်သူ ဘာလဲဆိုတာ သိပြီးသားပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ သူ့ကို တကယ်သဘောကျတယ်။ ရှေ့ဆက်ပတ်သက်သွားဖို့ အကြောင်းရှိတယ်။ အဲဒါ အခု တရားဝင် ကြော်ငြာတယ်"

"ဟူး"

သူက စိတ်ကုန်တယ်ဟူသော သဘောမျိုးဖြင့် လေရှူ တစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ သော်ဇင်ကတော့ အကျေနပ်ကြီး ကျေနပ်နေသော မျက်နှာထားဖြင့် မေးစေ့ကို လက်နဲ့ပွတ်ကာ ...

"ညိုညိုကို တဲ့။ နာမည်လေးက ရိုးမလိုနဲ့ မိုက်တယ်။ လူကတော့ ရေလည်းလန်းတယ်ကွာ။ ဘာကြောင့် ဒီလောက် မှည့်နေရတာလဲ မသိဘူး။ တွေ့ဖူးသမျှဆော်တွေထဲမှာ သူ အမှည့်ဆုံးပဲ"

"ဒါ မင်း ပြောနေကျ စကားကြီးပါကွာ။ မင်း ရွှတ်နေကျ ကဗျာပါ"

ဒီစကားကိုတော့ ရောက်ကတည်းက ငြိမ်နေသော ခန့်ဝင်းက ဝင်ပြောတာ ဖြစ်သည်။ သူက ခန့်ဝင်းရဲ့စကားကို ထောက်ခံသလို တစ်ချက်ထရယ်လိုက်လျှင် သော်ဇင်က အသည်းအသန် ထငြင်းသည်။

"ဟေ့ကောင် ... ငါ ဆော်ကြည်ပေမယ့် ဒီလောက်ကြီး တော့ တစ်ခါမှ မဖြစ်ဖူးဘူးနော်။ အဲဒါတော့ သေချာတယ်။ သူ့ကိုတော့ နာမည်မကြားခင်၊ လူမမြင်ဘူးခင်တည်းကကို စိတ်ဝင်စားတာ။ စူးနှင့် ပြောပြတည်းက ဘာကြောင့်မှန်း မသိဘူး အရမ်းစိတ်ဝင်စားသွားတာ။ မပြောတတ်ဘူးကွာ။ သူက ငါ့အတွက် Attrection အရမ်းဖြစ်နေတယ် ...



တစ်ချိန်ချိန်မှာ အရမ်းချစ်မိသွားမလားတောင် မပြောတတ်ဘူး"

အဲဒီအပြောကိုတော့ သူနှင့် ခန့်ဝင်းတို့က ပြိုင်တူ [illegible]ကြသည်။ သော်ဇင်က အဲဒီအမဲ့ကြောင့် မျက်လုံးပြူးပြူးကာ ...

"ဟေ့ကောင်တွေ၊ ငါ့စကားကိုတော့ ဟာသလုပ်မပစ်နဲ့နော်။ ငါ တကယ်ပြောနေတာ"

"အေးပါ၊ မင်းကို ဘယ်သူက ဘာပြောနေလို့လဲ"

"မင်းတို့ရုပ်တွေက ငါ့စကားတွေကို လှောင်ရယ်ချင်နေတာ ငါ သိသားပဲ"

"သိလို့ တော်သေးတာပေါ့"

ခန့်ဝင်းရဲ့ အငေါ်တူးစကားကို သော်ဇင်က မျက်[illegible]င်းတစ်ချက် ကဲကြည့်သည်။

"မင်းတို့က ငါ့ကို အထင်သေးတာလား။ အထင်ကြီးတာလား"

"အထင်ကြီးတာပါကွာ၊ မင်းက လှတာကိုး ... ဟားဟား"

"အေး ... ဖြစ်နိုင်တယ်။ ငါ လှတာက နဂိုလှတာ။ စူးနှင့် လှလာတာကတော့ စန္ဒကူးခင် အပြင်အဆင်တော်လို့ ...

နေပါဦး၊ မင်းနဲ့ ညိုညိုကိုနဲ့ သိတာ စန္ဒကူးခင် သိလား"

"သူ မသိပါဘူး"

"ဟာ ... မင်းက ဘာလို့မပြောပြတာလဲ။ ဒါဆော့ မင်း လျှို့ထားတာပဲ။ မင်း မရိုးတော့ဘူးနော်။ ငါတို့ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



လှိုတယ်၊ မင်းဆော်ကိုလည်း လှိုတယ်။ ဘာသဘောလဲ မင်းက"

"မင်းတို့ကို လှိုတာတော့ အခုနက ပြောပြီးပြီလေကွာ။ ကူးကိုတော့ တမင်လှိုထားတာ မဟုတ်ပါဘူး။ မကြုံကြိုက် သေးလို့ပါ။ တမင်ကြီးလည်း ပြောပြနေစရာ မလိုပါဘူး။ ဘာမှမှ မဟုတ်တာ။ ဟော့ကောင် ... မင်းစိတ်နဲ့ လာနိုင်း မနေနဲ့ ...

မင်းလိုအကန့် ငါ့မှာ မရှိဘူး။ ငါ့မှာ ကူးရှိတယ် ဆိုတာ ညိုညိုကို သိတယ်။ စတွေ့တာကိုက ကူးကြောင့်ပဲ ငါတို့တွေတာ"

"အေးပါ ... ထားလိုက်ပါတော့။ မင်းနဲ့ ရှော့မရှိဘူးဆိုတာ ယုံပါတယ်။ ဒါပေမဲ့ ငါကတော့ သူ့ကို တကယ်ပဲ သဘောကျသွားပြီ။ မိုက်တယ်ကွာ"

"မလိမ့်မှာဘူး•သူခိုး"

သူ့ရဲ့အလှောင်စကားကို သော်ဇင်က မပြုံးဟန်ဖြင့် ပခုံးတစ်ချက်တွန့်ကာ ...

"ဘာပဲဖြစ်ဖြစ် သူ့အနားကိုတော့ ရောက်အောင်သွားတော့ မယ်ကွာ။ အရင်ဆုံး သူ့ဖုန်းနံပါတ်ကို သိအောင်ကြိုစား ရမယ်။ ဖုန်းနံပါတ်သိရင် တော်ရုံတန်ရုံကိစ္စက အဆင်ပြေ သွားပြီ။ သူ ဘယ်မှာနေလဲဆိုတာ မင်း သိလား"

"ကဲ ... ငါ သိသမျှ အားလုံးကို မင်းကို ဖွင့်ချတော့မယ် ကွာ။ ဒါပေမဲ့ မင်း ငါ့ကို ဘီယာတော့ တိုက်ရလိမ့်မယ်"



"ဟွန်း ... ခွေးကောင်။ မင်းက ဒီလိုကြေးပေါ့လေ။ ရပါ တယ် ... ရပါတယ်။ ငါ့ရာဇဝင်မှာ မိန်းမတစ်ယောက် အတွက်နဲ့ ပွဲပေးတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူးနော်။ ဒါကိုတော့ မင်း အသိအမှတ်ပြုလိုက်။ ငါ သူ့ကို ရေရေ လည်လည် ထိတယ်ကွာ။ ဘယ်လိုမှန်းကို မသိဘူး။ တူကို မတူတာ"

"အေးပါ ... မတူပါနဲ့။ ငါကလည်း တခြားကောင်မလေး တွေနဲ့ တူမှာကိုပဲ ကြောက်နေတာပါ"

"ဟော့ကောင် ... မင်းက ဘာရောဂါထနေတာလဲ။ မင်းညီမ လည်း မဟုတ်၊ မင်းနဲ့ ငယ်ပေါင်းကြီးဖော်လည်း မဟုတ် ဘဲနဲ့"

"မဟုတ်ပေမယ့် ငါ သူ့ကို ခင်တယ်။ မင်းနဲ့ ပတ်သက် ပြီး မျက်နှာမပျက်ချင်ဘူး။ အဲဒါ အဓိကပဲ"

"ဗိုး ... ထားပါတော့။ ညိုညိုကိုကပဲ မျက်နှာမြင် ချစ် ပါစေဆုနဲ့ ပြည့်စုံတယ်ပေါ့။ ကဲ ... ပြောတော့ကွာ။ သိသမျှ ညိုညိုကိုရဲ့အကြောင်း ပြည့်ပြည့်[illegible] ...

ဟော့ကောင် ... ဖုန်းနံပါတ်သိရင် အဲဒါ အရင်ပြော အဲဒါကိုတော့ မလှိုနဲ့"

"ဖုန်းနံပါတ်ကတော့ တကယ် မသိတာပါကွာ။ ငါ သိ တာက သူ့နာမည် ညိုညိုကို၊ သူက UFL မှာ ဂျပန်စာ တက်နေတယ်။ နေတာက သစ္စာအိမ်ရာထဲမှာ။ ညနေပိုင်း နာရီလောက် လမ်းမကြီးထိပ်ဘက်က အော်စကာစာအုပ် ဆိုင်မှာ နေ့တိုင်းလိုလို စာအုပ်ငှားတတ်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



တောင်းပေးမိရင် သိခဲ့တာတစ်ခုက သူလည်း ဘောလုံး ဖွံ့ကြည့် ဝါသနာရှင်တစ်ယောက် ဆိုတာပဲ။ ကဲ ... အဲဒါ ငါ သိသမျှ အကုန်ပဲ"

သော်ဇင်က သူ့စကားဆုံးလျှင် လက်ဖျောက်တစ်ချက်တီးကာ ...

"ညနေ ငါးနာရီလောက် အော်စကာမှာ စာအုပ်ငှားတတ်တယ် ဟုတ်လား။ Wow ! ။ ဒီ information က အဖိုးအတန်ဆုံးပဲ။ ငါတို့ ဘောလုံးကန်ပြီးတဲ့ အချိန်လောက်ပေါ့"

"ဟေ့ကောင် ... မွှန်မနေနဲ့။ ဘောလုံးက ခြောက်နာရီလောက်မှ ပြီးတာ"

သော်ဇင့်ကို ခန့်ဝင်းက ဝင်၍ဟန့်သည်။ သော်ဇင်ကတော့ ဘာပဲဖြစ်ဖြစ်ဟူသော ပုံစံမျိုးဖြင့် ...

"ဘာပဲဖြစ်ဖြစ်ကွာ သူ့ကို တွေ့ရဖို့ အခွင့်အရေးကိုတော့ လက်လွှတ်မခံနိုင်ဘူး။ မနက်ဖြန်ပဲ စာအုပ်သွားငှားမယ်။ ဟေ့ကောင် ... ယောက်ဖ။ မင်း ငါ့ကို ကူညီဦးနော်။ စာအုပ်ဆိုင်က ငါနဲ့မသိတော့ မင်း ပါမှဖြစ်မှာ ...

ပထမပိုင်းတော့ Intro လေး ဝင်တီးပေးပါဦးကွာ။ နောက်ကျမှသာ သူနဲ့ ငါ နှစ်ယောက်တည်း နှစ်ပါးသွားကြမှာပေါ့"

"ဘာနှစ်ပါးသွားမှာလဲ။ ဒီမှာ ကောင်မလေး ဆင်းရဲကြမ်းပြင်ကို xxx မင်းရဲ့ ဒီလိုပုံစံက မိုက်တယ် မိုက်တယ် ဆိုပြီး နှစ်ပါးသွားကြမှာလား"



"ဟား ဟား ... ဟုတ်တယ် ယောက်ဖ။ အဲဒါ အမှန်ဆုံးပဲ၊ အားယါးပါး ... ပြောရင်းနဲ့တောင် ရင်တွေခုန်လာပြီ။ မိုက်တယ်ကွာ၊ ရင်ခုန်တယ်ဆိုတာ ဘာမှန်းမသိခဲ့တဲ့ ငါ့အဖို့ သူ့နောက်ကို လိုက်ရတော့မယ့် အချိန်တွေမှာ ရင်ခုန်သံတွေ ဒိန်းတပ်တပ် ဖြစ်နေမှာလားတော့ မပြောတတ်ဘူး"

"အင်း ... ဒါဆိုရင်တော့ အချစ်ဖြစ်ဖို့ နီးစပ်လာပြီ"

ဒီစကားကိုတော့ အချစ်နဲ့ ပတ်သက်လာလျှင် ယောက်တည်းနဲ့ နောကျေခဲ့သူ အသည်းကွဲဆရာကြီး ခန့်ဝင်းက စဉ်းစဉ်းစားစားဖြင့် ဝင်ပြောတာဖြစ်သည်။ သော်ဇင်သည် စကားကိုကြားလျှင် မျက်နှာက ဝင်းပသွားကာ ခန့်ဝင်းဘက်ကြည့်၍ ...

"ဟုတ်လား ယောက်ဖ။ ဒါ အချစ်ဖြစ်နိုင်လား"

"ဒါတော့ မင်း အသိဆုံးနေမှာပဲလေ။ ငါက ငါထင်တာကို ပြောတာ။ မင်းတို့ကို ဟိုးအရင်တစ်ခါက ပြောဖူးပါတယ်။ အချစ်ကို ဘာမှန်းရေရေရာရာ မသိခင်မှာ သဘောကျတဲ့ မိန်းကလေးတစ်ယောက်ယောက်ကို ရည်းစားထားထားတာ မှန်တယ်လို့"

ပထမဆုံးအကြိမ်မှာ ရင်နဲ့အရှမ်းရင်းပစ်လိုက်တဲ့ကောင်တွေ ကွဲတာပဲလေ။ ငါ့ကိုပဲကြည့်ပေါ့။ ဒါကြောင့် ရည်းစားနှစ်ယောက် သုံးယောက်လောက် ထားခဲ့ဖူးတဲ့ကောင်က တကယ့်အချစ်နဲ့ တွေ့လာရင်တောင် နေတတ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်တတ်သွားတယ်။ နားလည်သွားတယ်။ ဒါတောင် သတိလက်လွှတ်သွားပြီး လစ်မစ်တက်ရင် တက်သလို ထိတာတွေ ရှိတာပဲ။ တချို့ကျတော့လည်း ဒီတစ်ယောက် ကို ကိုယ့်စိတ်ထဲမှာ သိပ်မချစ်မိပါဘူးလို့ ထင်ရင်လည်း ထင်မယ်။ ဒါပေမဲ့ မသိစိတ်မှာကျတော့ အရမ်းစွဲလမ်းနေ မိတာမျိုးလည်း ရှိတတ်တယ်။ ဥပမာပေးရရင် မိုးဖွဲဖွဲထဲ မှာ ထီးမပါဘဲ လမ်းလျှောက်ထွက်လာတဲ့ သူလိုပေါ့။ ကိုယ် သတိထားမိတဲ့အချိန်မှာ စိုရွှဲနေပြီ ...

အကောင်းဆုံးကတော့ နားလည်မှုရှိတဲ့ အချစ်မျိုး ပေါ့ကွာ။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စိတ်ချမ်း သာစေနိုင်တဲ့ အချစ်မျိုးမှလည်း မြဲတယ် ထင်တာပါပဲ။ ဒါပေမဲ့ နှလုံးသားဆိုတာ သူ ချစ်ချင်တာကို သွားချစ်တာ ဆိုတော့ နားလည်မှုပေးနိုင်တဲ့သူကို ရွေးချစ်လို့ကလည်း မရပြန်ဘူး ...

တကယ်ချစ်လာပြီ ဆိုရင်တော့ ယောကျ်ားလေးပဲ ဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် နှလုံးသားက နူးညံ့တတ်တာ များပါတယ်။ အချစ်စစ်ဖို့ကိုပဲ အားကိုးရမှာပဲ”

“အားကိုးတယ်ကွာ၊ အားကိုးတယ်။ အရင်ဆုံး ကိုယ့်နှလုံး သားကို ကိုယ်ပြန်အားကိုးတယ်။ ကဲ ... မောင်ရှုံး မနက်ဖြန်မှာ မင်းတို့ကို ဘီယာတိုက်မယ်ကွာ။ သန်ဘက် ခါမှာ စာအုပ်သွားငှားမယ်။ သူ့စက်ဘီးဘေးက လိုက်မယ် ဟုတ်ပြီလား”



“ဟင်း ... ငါတော့ လူပေါင်းမှားပြီနဲ့ တူပါတယ်”

“ကုသိုလ်ရပါတယ်ကွာ။ ကူညီကောင်းပါတယ်”

“မင်း ငါ့ကိုပဲ ခေါ်မနေနဲ့လေ၊ တခြားကောင်တွေလည်း ရှိတာပဲဟာ။ ခန့်ဝင်း ဆိုရင် လူကဲခတ် ဆော်ကဲခတ်တဲ့ နေရာမှာ ဆရာကြီး။ ဟိုကောင် နော်နော်ဆိုလည်း ပေါက် ကရပြောတဲ့နေရာမှာ ထိပ်သီး။ မိန်းကလေးဆိုတာ ဟာသ တွေ လျှောက်ပြောနေရင် ကြိုက်တဲ့အမျိုးပဲဟာ။ ငါ့ကိုပဲ မျက်လုံးထဲ ပြေး,ပြေးမြင်မနေနဲ့ကွ”

သူ့ရဲ့အပြောကို သော်ဇင်က တမင်ရီဝေပြထားသော မျက်လုံးများဖြင့် ပြန်ကြည့်လျက် လက်ညှိုးတစ်ချောင်းကို ယမ်း ပြတာ ...

“နီး ... နီး ... မပူပါနဲ့ ယောက်ဖ၊ မင်းက ညိုညိုကိုနဲ့ ခင်တဲ့သူ၊ ငါက အခုအခြေအနေမှာ မင်းကိုကပ်ပြီး ဝင် ရမယ့်သူမို့ မင်းကို ရှေ့ထွက်မင်းသားလေး လုပ်ခိုင်းတာ ပါ။ မပူပါနဲ့၊ မင်းနောက်မှာ နောက်ပွဲဆက်ကမယ့် မင်း သားတွေ တန်းစီနေပါတယ် ...

သော်ဇင်က ဆော်ကဲခတ်တင် မကဘူး၊ ဂစ်တာပါ အတီးကောင်းတဲ့အတွက် နောက်ဆို ညိုညိုကိုတို့ အိမ်ရှေ့ မှာ show သွားဆိုမယ့် အစီအစဉ်မှာလည်း ပါဦးမှာပါ။ မင်းဆိုရင်လည်း အသံကောင်းတယ်။ မသိရင် Lလွှန်းဝါ ဆိုနေတဲ့အတိုင်းပဲဆိုတော့ မင်းလည်း နောက်ပွဲပါ ကဖြစ် ဦးမှာ။ သားမြတ်ဆိုလည်း ဘာဂျာအမှုတ်ကျွမ်းတော့ ဆွဲ ဦးမှာ ...

www.burmeseclassic.com

www.burmeseclassic.com



မပူပါနဲ့ ယောက်ဖတို့။ မင်းတို့ ညီမလေး ညိုညို

ရဲ့နှလုံးသားကို ပိုင်စိုးရဖို့အရေးမှာ မင်းတို့ အကူအညီ

အများကြီး သုံးရမှာပါ ... ဟဲ ဟဲ”

သော်ဇင်ရဲ့စကားကြောင့် သူနဲ့ ခန့်ဝင်းမှာ တ

ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ပြိုင်တူ ပခုံးတွန့်မိ

လေသည်။ ရှေ့ဆက်ပြီး ဘာဖြစ်မယ်ဆိုတာ ဆက်မသိရသေး

လည်း ဒီကိစ္စကိုတော့ သူ တကယ်ပဲ စိတ်ဝင်စားသွားခဲ့သည်

အထူးသဖြင့် ညိုညိုကိုသည် သော်ဇင့်အပေါ်မှာ ဘယ်လိုသ

ထားမည်နည်း။ သူ သိချင်လေသည်။



နေ့တိုင်းသာ တစ်ခုတစ်ယောက်က တို့ကို
ကျောက်တုံးတစ်တုံး ပေးနေခဲ့မယ်ဆိုရင်
ဘာတွေကို တည်ဆောက်မှာလဲ။
တံတားတစ်ခုလား။ နံရံတစ်ခုလား
(ဆိုလိုတာက ၂)
ရင်နီးခင်မင်မှုလား။ စိမ်းကားမှုလား။

www.burmeseclassic.com

www.burmeseclassic.com



## ၆

တကယ်တမ်းတွင် ထိုနေ့ညနေခင်းကျမှ ညီညီကြီးနှင့် စာအုပ်ဆိုင်မှာ ဆုံဖြစ်ဖို့ စီစဉ်ထားခဲ့သော်လည်း သူက အဲဒီမနက်ခင်း အစောမှာပင် သူမနဲ့ ဆုံဖြစ်ခဲ့သေးသည်။ သူတို့ထရိန်နင်က မနက်ငါးနာရီကနေ ခုနစ်နာရီထိမို့ နံနက်စောစောထရိန်နင်ဆင်းပြီး အပြန်မှာ မုန့်ဟင်းခါးဝင်စားရင်း သူမကိုတွေ့တာ ဖြစ်ပါသည်။ ဘောလုံးကွင်းရဲ့အပြင်ဘက် ဆိုင်တန်းတွေမှာ မနက်ကိုးနာရီ ထိုးပြီးတာနဲ့ ကုန်သွားတတ်သော မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ရှိသည်။ သူ ထရိန်နင်ဆင်းတိုင်း စားနေကျဆိုင်ဖြစ်ပါသည်။ အဲဒီဆိုင်ရှေ့က ဖြတ်သွားသူတိုင်း မုန့်ဟင်းခါးစားချင်လိုက်တာ ဟူသော အတွေးဝင်လာသည်အထိ မုန့်ဟင်းခါးဟင်းရည်ရနံ့မှာ လေသင့်ရာတိုင်း မွှေးနေတတ်သည်။

သူက ဆိုင်ရဲ့ဘေးဘက်မှာ စက်ဘီးကို ဒေါက်ထောက်ပြီးနောက် မုန့်ဟင်းခါးပြင်နေသော မုန့်ပုံးအနီးသို့ ကပ်လာခဲ့သည်။ မုန့်ပွဲတွေ ပြင်ဆင်နေသော ဆိုင်ရှင်အန်တီကြီးမှာ စီးရီးပရိုမိုးရှင်းပွဲ၌ လက်မှတ်ထိုးပေးနေရသော အဆိုတော်



အကျော်တောင် လက်မလည်နိုင် ဖြစ်နေလေသည်။ ငုတ်တက်နေသော မုန့်ဟင်းခါးဟင်းရည်အနံ့မှာလည်း သူ့အစာအိမ်ကို လာပြီးကလိတာ ဆွနေသလိုပဲ ဖြစ်သည်။ မနက်တည်းက ဘာမှစားမလာခဲ့ဘဲ ပင်ပင်ပန်းပန်း ထရိန်နင်ဆင်းခဲ့ရသည်မို့ မုန့်ဟင်းခါးစားဖြစ်လျှင် သူက နှစ်ပွဲမှ ဝတတ်သည်။ သူက အန်တီကြီးကြားအောင် အသံကိုမြှင့်ကာ ...

"အန်တီ မုန့်ဟင်းခါးတစ်ပွဲ၊ ဘူး ငါးဖယ်နဲ့"

အန်တီကြီးက သူ့ကိုမော့မကြည့်အားသေး။ သို့သော် အကျော်သည်ရဲ့အသံမှန်း မှတ်မိဟန်ဖြင့် ခေါင်းတွေတော့ ညိတ်ပြနေသည်။ လက်မလည်အောင် မုန့်ပွဲတွေကို ပြင်ဆဲ။ လူတွေကလည်း တစ်ယောက်တစ်မျိုး မရိုးအောင် မှာသည်။ ငံပြာရည်လျှော့ထည့်။ ရေတတ်သီးမှုန့်ပါလေကာ၊ ပဲသီး မထည့်ဘူး၊ ကြက်သွန်မိတ်များများ၊ ဘာတွေမှန်းကို မသိ။ သူသာ မုန့်ပွဲပြင်သည့်သူ ဆိုလျှင်တော့ တော်တော်ဦးနှောက်ခြောက်မှာ သေချာသည်။ သို့သော် အန်တီကြီးကတော့ used to ဖြစ်နေသည့်အလား သွက်လက်လိုက်တာမှ တိကျမြန်ဆန်နေသည်။ သူ့အလှည့်က မရောက်နိုင်သေး။

"အန်တီ ... ကျွန်တော့်ဖို့ ပြင်ပေးပါဦး၊ ဘူး ငါးဖယ်နဲ့"

"အေး ... အေး၊ ခဏလေးပါ"

ခဏလေးဆိုပြီး ငါးမိနစ်လောက် ထပ်စောင့်လိုက်ရသေးသည်။ ပြီးတော့မှပဲ သူ့လက်ထဲသို့ မွှေးပျံ့၍ စားချင်စဖွယ်ဖြစ်နေသော မုန့်ဟင်းခါးပန်းကန်က ရောက်ရှိလို့ လာလေသည်။ ကြက်သွန်ဖြူဆီချက်၊ နံနံပင်အနည်းငယ်နှင့် ပဲသီး၊ ဘူးသီးကြော်၊

www.burmeseclassic.com

www.burmeseclassic.com



ငါးဖယ်ကြော်တွေ ညှပ်ထည့်ထားသော မုန့်ပန်းကန်ကို ကိုင်ကာ မတ်တတ်ရပ်စားဖို့ နောက်နည်းနည်း ဆုတ်လိုက်စဉ် သူ့နောက်မှ အသံတစ်သံက ထွက်ပေါ်လို့လာသည်။

"ဟိတ် ... ရှတ် ... ရှတ် ... ရှူးနင့်"

ပထမပိုင်း ဟိတ်ရှတ်ရှတ် ဆိုတုန်းကတော့ လှည့်မကြည့်ဖြစ်သေးချေ။ သူ့နာမည် ပါလာသောအခါ လှည့်မကြည့်လို့ မဖြစ်တော့။ သူက လှည့်ကြည့်လိုက်လျှင် ဆိုင်အတွင်းခန်းထောင့်စားပွဲမှ မတ်တတ်ရပ်ပြီး လက်ယပ်ခေါ်နေသော ညိုညိုကို့ကို တွေ့လိုက်ရသည်။ ဒီတော့မှ သူက မုန့်ပန်းကန်ကိုကိုင်လျက် ဝင်သွားမိသည်။ ညိုညိုကိုက သူ ရောက်လျှင် ခုံမှာ ပြန်ထိုင်လျက်...

"ဒီမှာ လာထိုင်စားလေ။ ညိုကို တစ်ယောက်တည်းပါ"

လူသုံးယောက်လောက်သာ စားလို့ရသည့် စားပွဲခုံလေးတွင် သူမတစ်ယောက်တည်း ထိုင်စားနေခြင်းဖြစ်သည်။ သိပ်မလျော့သေးသော မုန့်ပန်းကန်ကြောင့် သူမလည်း စားနေတာ မကြာသေးဘူးဟု မှတ်ချက်ချရသည်။ သူက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ပြီးနောက် သူမနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ဆင်စွယ်ရောင်အသား ခပ်အိအိ စပို့ရှပ်လက်ရှည်ဖြင့် ထရက်ဆုဘောင်းဘီရှည် အနက်ရောင်ကို ဝတ်ဆင်ထားသော သူမသည် ဘာမှ ပြင်ဆင်ထားသောပုံစံ မရှိဘဲ အခုမှ အိပ်ရာထလာကာစ ဒီဇိုင်းနဲ့ဖြစ်သည်။ မျက်နှာက အခုမှ မျက်နှာသစ်လာစသူလို ရေဓာတ်ကြွယ်ဝကာ လန်းဆန်းပြီးနေသည်။

"ကျေးဇူးပဲ၊ တစ်ယောက်တည်းလား"



သူ့ရဲ့နှုတ်ဆက်စကားကို သူမက ခေါင်းတစ်ချက်ညိတ်ပြကာ ...

"ဟုတ်တယ်။ စားချင်တာနဲ့ တစ်ယောက်တည်း ထစားတာ။ ဒီမုန့်ဟင်းခါးက ကိုးနာရီလောက်ဆို ပြတ်ပြီဆို"

"အင်း ... ဟုတ်တယ်။ အရမ်းရောင်းရတယ်"

"ဟုတ်တယ်နော်။ အခုနကတင် ဒီစားပွဲမှာ လူအပြည့်။ ကောင်းတယ်ဆိုတာနဲ့ ညိုကိုလည်း စောစောထပြီး လာစားတာ။ ဒီအချိန်ဆို အမှန်က အိပ်တုန်း အဟင်းဟင်း"

လာပြန်ပြီ ချိုလွင်သော ရယ်သံ။ ဒီရယ်သံမျိုးနဲ့သာ သော်ဇင့်ရှေ့ သွားလို့ကတော့ ဟိုကောင်က ရောဂါတွေ အကုန်ပြီးရင်း တက်နေတော့မည်။ သူက သော်ဇင့်ကို သတိရသာနှင့် တစ်နေ့က အင်တာနက်ဆိုင်မှာ တွေ့သည့်အကြောင်းကို စကားစလိုက်သည်။ တစ်လက်စတည်းမှာပဲ သူတို့အပေါ်မှာထားသည့် သူမရဲ့သဘောထားကိုလည်း တီးခေါက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ညိုညိုကိုက The Moon မှာ အင်တာနက် သုံးနေကြလား"

"အင်း ... သုံးနေကြပေါ့။ ပန်းဆိုးတန်းက ဆိုင်မှာလည်း သုံးဖြစ်တယ်။ ပုံသေတော့ မရှိပါဘူး။ The Moon မှာလည်း သုံးပါတယ်။ အဲဒီနှစ်ဆိုင်ပေါ့၊ ရှူးနင့်တို့ရော"

"ကိုယ်တို့လည်း The Moon မှာ ထိုင်ပါတယ်။ သူငယ်ချင်းတစ်ယောက်က စမ်းချောင်းကဆိုတော့ စမ်းချောင်းမှာလည်း ထိုင်ကြတယ်၊ အဆင်ပြေသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့စကားကို ထောက်ခံသလိုဖြင့် မုန့်ဟင်းခါးတစ်ခွန်းကို ပါးစပ်ထဲထည့်ကာ ခေါင်းညိတ်ပြသည်။

"အဲဒီနေ့က သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးတာ အနှောင့်အယှက်များ ဖြစ်သွားလား မသိဘူး။ ကိုယ်က ညိုညိုကို ကူညီခဲ့ဖူးတာကို ဒီကောင်တွေကို ပြန်ပြောပြထားတော့ သူတို့က ညိုညိုကို့ကို စိတ်ဝင်စားနေကြလို့ပါ"

"အို ... နဲဗားမိုင်း။ ပြဿနာမရှိပါဘူး"

သူမက နဲဗားမိုင်း ဟူသည့် စကားကို တော်တော်ကြိုက်ပုံရသည်။ ဒါပါနဲ့ဆိုလျှင် နှစ်ခါရှိသွားပြီဆိုတာ သူ မှတ်မိပါသည်။

"ဒါဆို ကိုယ်တို့အုပ်စုကို ညိုညိုကို ခင်တယ်ပေါ့"

"သူရော ညိုကို့ကို ခင်လား"

မမျှော်လင့်သော အမေးကြောင့် သူက ရုတ်တရက် ကြောင်သွားသည်။ ပြီးတော့မှ ယောင်ယမ်းပြီး ခေါင်းညိတ်ပြလိုက်လျှင် သူမက လှစ်ခနဲပြုံးကာ ...

"ခင်ရင် ညိုညိုကိုလို့ မခေါ်ပါနဲ့လား။ ညိုကို လို့ပဲခေါ်ပါ"

"ဩော် ... အင်း"

သူမက မုန့်ဟင်းခါးကို စိတ်ပါလက်ပါ စားနေရင်းမှ စိတ်ပါလက်ပါပဲ စကားဆက်သည်။

"သူ့သူငယ်ချင်းတွေက ဘယ်သူ ... သော်ဇင်ရယ်၊ ခန့်ဝင်းကိုရယ် ဟုတ်လား"

"အင်း ... အင်း ... ဟုတ်တယ်၊ ညိုကိုက နာမည်တွေ မှတ်မိသားပဲ"



"အံမယ် ... ညိုကိုက မှတ်ဉာဏ်ကောင်းပါတယ်နော်။ စုနှင့် သူငယ်ချင်းတွေက ခင်ဖို့ကောင်းမယ့်ပုံစံတွေပါ"

"ဟုတ်တယ်၊ ခင်ဖို့ အကောင်းလွန်နေလို့ သတိထားပေါင်း"

"ဟယ် ... ဘယ်လိုကြီးလဲ"

သူမက မျက်လုံးအဝိုင်းသားဖြင့် တအံ့တသြပြန်မေးသည်။ သူက မျက်ခုံးပြန်ပင့်ပြလျက် ...

"သူတို့က မိန်းကလေးချောချောဆိုရင် ခင်ချင်ကြတယ်လေ။ အထူးသဖြင့် သော်ဇင်ပေါ့။ အဲဒါကြောင့်ပြောတာပါ"

သူ့စကားကို ဒီတစ်ခါတော့ သူမက တဟားဟားရယ်ကာ ...

"ဟား ဟား ဟား ... အဲဒါ ရှင်က ညိုကို့ကို ချောတယ်လို့ သွယ်ဝိုက်ပြောလိုက်တာပေါ့လေ"

"သွယ်ဝိုက်ပြောတာ မဟုတ်ပါဘူး။ ဒီကောင့်အကြောင်းကို ပြောရင်းနဲ့ ပါသွားတာ။ အမှန်တော့ ညိုကို့ကို ချောတယ် လှတယ်လို့ မပြောလိုလှပါဘူး"

ဒီတစ်ခါတော့ သူမက မျက်ခုံးတွေကို နှစ်ဆင့်ဆောင် ပင့်တင်လိုက်ရင်း ...

(မျက်ခုံးကို နှစ်ဆင့်ပင့်တင်ဖူးပါသလား။ မတင်ဖူးသေးလျှင် မှန်ထဲမှာ လေ့ကျင့်ကြည့်ပါ။ အင်မတန်ထူးခြားသော Style တစ်ခု ဖြစ်ပါသည်။)

"ဘာဖြစ်လို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုယ့်အတွက်က အဲဒါတွေ အရေးမကြီးဘူးလေ။ ရုပ်လှတယ်ဆိုတာ အပေါ်ယံအမြင်ပါ။ အချိန်မရွေးလည်း ပြောင်းလဲသွားနိုင်တယ်။ ကိုယ့်ကို စက်ဘီးနဲ့တင်ပြီး လိုက်ပို့တဲ့နေ့တည်းက ညိုကိုဟာ ကမ္ဘာ့အလှဆုံးမိန်းကလေးအဖြစ် သတ်မှတ်လိုက်ပြီးသားပါ ...

လူတစ်ယောက်ကို စိတ်ထဲမှာ impersion တစ်ခုရှိတဲ့အခါမှာ ဘယ်သူနဲ့မှ မတူအောင် ထူးခြားသွားတတ်တယ်။ ညိုကိုဟာ အဲဒီလို မိန်းကလေးပေါ့။ အဲဒီလို မိန်းကလေးတစ်ယောက်ကို လှတယ်လို့ မပြောချင်တော့ဘူး"

သူမက သူ့ကို ရွှန်းလက်သော မျက်လုံးများဖြင့် စိုက်ကြည့်လျှင် သူသည် မုန့်ဟင်းခါးတောင် ဆက်မစားတတ်တော့လောက်အောင် ဖြစ်သွားသည်။ ခဏကြာတော့မှ သူမက အဓိပ္ပာယ်ရှိသော အပြုံးတစ်ချက်ဖြင့် ...

"သင့်ခ်ယူ ... အဲဒီစကားဟာ ကျွန်မကို လှတယ်လို့ပြောတဲ့ စကားအခွန်းတစ်ထောင်ထက် ပိုကြီးမြတ်ပါတယ် ...

ညိုကိုကလေ ကိုယ့်ကို လှတယ်ပြောတာထက် ခင်ဖို့ကောင်းတယ်လို့ ပြောတာကို ပိုသဘောကျတဲ့သူပေါ့။ လှတယ်ဆိုတဲ့အပေါ်မှာ သိပ် feel မရှိဘူး။ ဒါနဲ့ စူးနင့်က အခု ထရိန်နင်ဆင်းပြီး ပြန်လာတာလား"

"ဟုတ်တယ်။ ထရိန်နင်က အပြန်တိုင်း ဒီဆိုင်မှာဆွဲနေကြ။ တစ်ပွဲတည်းနဲ့လည်း မဝဘူး။ ကုန်တော့မယ် ထပ်မှာဦးမှ"



သူက ပြောပြောဆိုဆိုနှင့် စားပွဲထိုးနေသော အစ်မကြီးတစ်ယောက်ကို လိုက်ပွဲထပ်မှာလိုက်လျှင် သူမက သဘောကျ[illegible]ဖြင့် ပြုံးကြည့်နေသည်။ သူမကတော့ ဟင်းရည်နှင့် ဘူးသီး[illegible]တစ်ခုသာ ထပ်မှာပါသည်။

"ထရိန်နင် အစောကြီး ဆင်းရတာလား"

"ဟုတ်တယ်။ မနက်ငါးနာရီလေ"

"သြော် ... အိပ်ရေးမဝလိုက်တာနော်"

"အဟင်း ... ဟုတ်တယ်။ ဒါကြောင့် ညဘက်စောစော အိပ်ရတယ်။ အိပ်ရေးပျက်ခံလို့ မရဘူးလေ။ ပြိုင်ပွဲကနီးလာပြီဆိုတော့ ထရိန်နင်က စောတဲ့သဘောပါ။ ခါတိုင်းက ဒီအချိန် မဟုတ်ဘူး။ အဲဒါ အခု ထရိန်နင်ပြီးတာနဲ့ အိမ်ပြန် ကျောင်းပြေးတက်၊ ညနေဘက်ကျတော့ ချိန်းပွဲတွေကန်၊ အဲလိုမျိုး။ ညဘက်ဘောလုံးပွဲတွေတောင် ကောင်းတဲ့ဟာလောက်ပဲ ရွေးကြည့်ဖြစ်တော့တယ်။ အိပ်ရေးပျက်ရင် ကစားတဲ့နေရာမှာ ထိခိုက်တယ်"

"အင်းပေါ့ ... ထိခိုက်မှာပေါ့။ အိပ်ချိန်ကတော့ ရှစ်နာရီပြည့်မှဖြစ်မှာ။ အားကစားသမားတစ်ယောက်အဖြစ် ကြိုးစားရတာ လွယ်တော့ မလွယ်ဘူးနော်"

"ဘယ်လွယ်မလဲ။ မိဘက ကြည်ဖြူဖို့လည်း လိုသေးတယ်။ ကိုယ်တိုင်လည်း အားကစားသမား ဖြစ်နေတော့ ဆေးလိပ်တို့ ကွမ်းတို့ကို ရှောင်ရတယ်"

"ဘီယာတို့ အရက်တို့တော့ မရှောင်ဘူးပေါ့ ... အဟင်းဟင်း"

www.burmeseclassic.com

www.burmeseclassic.com



သူမက ချိုလွင်သော ရယ်သံဖြင့်မေးလျှင် သူက ခင်မင်စိတ်ဖြင့် သူမကို ပြုံးကြည့်ကာ ...

"အဲဒါတွေလည်း ရှောင်ပါတယ်။ ဘာလဲ အဲဒီလိုရုပ်ပေါက်နေလို့လား"

"ဟုတ်ပါဘူး။ ဆေးလိပ်နဲ့ ကွမ်းပဲ စကားထဲထည့်ပြောလို့ပါ"

"သြော် ... အဲဒါကတော့ လုံးဝအရှင်း မပတ်သက်လို့ပါ။ ဟိုဟာလေးတွေကတော့ ဘော်ဒါတွေ စုံလာရင်ပေါ့ – ဟဲ ဟဲ"

သူမက သူ့အပြောကို သဘောကျဟန်ဖြင့် အကြည်လင်ဆုံးပြုံးကာ စိုက်ကြည့်နေသည်။ သူသည် အဲဒီအပြုံးနှင့်အကြည့်ကို မြင်လိုက်ရလျှင် သူမကို ယောက်ျားလေးတစ်ယောက်လိုပဲ တကယ်ကို ရင်းရင်းနှီးနှီး ခင်မင်သွားသည်။ တခြားမိန်းကလေးတွေနဲ့ သိပ်မတူဘဲ ဖော်ရွေပွင့်လင်းသော သူမရဲ့ပုံစံသည် သူတို့ယောက်ျားလေးတွေအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေပါ။

"စူးနှင့်ကလည်း ပွင့်လင်းသားပဲ"

"ညိုကိုလည်း ပွင့်လင်းတယ်။ ဒါကြောင့် ပိုခင်ခင်လာတယ်"

"ဟယ် ... ဟုတ်တယ်၊ အဟား ဟား"

သူမက သူ့စကားကို ဘာသဘောကျသွားလဲတော့ မပြောတတ်။ ဟက်ဟက်ပက်ပက် ရယ်မောကာ မုန့်ဟင်းခါးဖိုး ရှင်းဖို့ လှုခေါ်သည်။ သူက ကပျာကယာ လက်ကာပြလျက် –

"ညိုကို ... ကိုယ်ရှင်းလိုက်ပါ့မယ်။ သွားပါ"



"ဟင် ... မရှင်းပါနဲ့။ အားနာစရာ"

"မဟုတ်ပါဘူး။ ကိုယ် ကျွေးချင်လို့ပါ။ ထားခဲ့ပါ။ ပြီးတော့ ကိုယ် ပေါင်းရှင်းလိုက်ပါ့မယ်"

"ဘာလဲ ... ကျေးဇူးတင်တဲ့ အထိမ်းအမှတ်နဲ့လား"

"အာ ... မဟုတ်ပါဘူးကွာ။ အဲလိုကြီး မဟုတ်ပါဘူး။ ကျေးဇူးကို မုန့်ဟင်းခါးတစ်ပွဲနဲ့ တန်ဖိုးဖြတ်လို့ ရမလား။ ဒါက ခင်မင်မှုနဲ့ပါ။ မင်းနဲ့ ကိုယ်နဲ့ ဘော်ဒါတွေ ဖြစ်သွားပြီ မဟုတ်လား။ ဘော်ဒါအဖြစ် သတ်မှတ်ရင် လက်ခံကွာ"

"သြော် ... အဲဒီလိုလား။ စောစောက ပြောရောပေါ့။ ဒါဆိုလည်း ရှင်းပါ"

ဒီတော့မှ သူက ဘဝင်ကျသွားဟန်ဖြင့် ပြုံးပြလိုက်သည်။ သူမက ထိုင်ရာမှထကာ သူ့ကိုငုံ့ကြည့်သော အနေအထား လက်ချောင်းလေးများ လှုပ်ခတ်ပြရင်း နှုတ်ဆက်ကာ ...

"ခွင့်ပြုပါဦး စူးနှင့်။ သွားတော့မယ်"

"အိုခေ ... ဆီးယူ"

အဲဒီ ဆီးယူဟာ ညနေမှာဆုံမည့် ဆီးယူဆိုတာတော့ ထည့်မပြောဖြစ်တော့ချေ။ ညနေကိစ္စအတွက်တော့ သူက နည်းစိတ်လှုပ်ရှားပါသည်။ စိတ်လှုပ်ရှားတယ်ဆိုတာက သူနှင့် ...ခင်ကို တစ်မျိုးထင်သွားမှာစိုး၍ ဖြစ်သည်။ သူကသာကြား ... ကြီးတော်နှား အငှားကျောင်းပြီး စိတ်ပူနေသော်လည်း ...ခင်ကတော့ အိဘီမင်သောက်ထားပြီး မပူတော့။ ဘသားချော ... ဘောလုံးကွင်းကတောင် တန်း၍မသွားလိုဘဲ ရေမိုးချိုးကာ ...ချင်နေသေးသဖြင့် သူနဲ့ ဖုန်းထဲမှာ ရန်ဖြစ်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်နှင့် ခန့်ဝင်းကာဆေး(၁)ကကောင်တွေမို့ ကျောင်းချင်းက မတူ။ ဘောလုံးချိန်းကန်၊ လက်ဖက်ရည်ဆိုင်ထိုင်ကျမှသာ တွေ့ဖြစ်တာများသည်။ သူ့ဆီကို ဖုန်းလှမ်းဆက်သော သော်ဇင့်ကို သူက ဘောလုံးကန်ပြီး အပြန်ကျမှ သွားမယ်ပြောလျှင် ...

"ဟေ့ကောင် ... ဘောလုံးကန်ပြီးမှသွားတော့ ပါကဘယ်လိုလုပ် ဖြူးတော့မှာလဲ။ အပေအရေ ညစ်ပတ်ပြီး ချွေးသံတရွှဲရွှဲနဲ့ဟာကို"

"ဘာဖြစ်လဲကွာ။ အဲဒါမှ ယုတ္တိရှိမှာပေါ့။ ဘောလုံးကွင်းက လာတယ်ဆိုပြီး သန့်ပြန့်နေလို့ ဖြစ်ပါ့မလား"

"အို ... ယုတ္တိတွေ ယုတ္တာတွေ မလိုဘူး။ ပါဖြူးဖို့ပဲလိုတယ်။ ဘယ့်နှယ်ကွာ ဆော်ဝိုက်သွားပါမယ်ဆိုမှ ကြေးပေတူးရုပ်နဲ့။ စဉ်းစဉ်းစားစားလည်း ပြောပါဦး။ တစ်နေ့က တွေ့ခဲ့တဲ့ရုပ်နဲ့ တစ်ခြားဆီပါလားဆိုပြီး ငါ့ကို အမှတ်လျော့သွားရင် ဘယ့်နှယ်လုပ်မလဲ"

"ဝိုး ... ရောဂါကတော့ ဆေးမမီတော့ဘူး။ ဒါတောင် တစ်ခါတည်း မြင်ဖူးထားတာ။ ဒီမှာ သော်ဇင်။ သူက တခြားမိန်းကလေးတွေနဲ့ မတူဘူးကွ။ အဲဒါကိုလည်း မင်း သိထားဦး။ သူ့ကို လှတယ်ပြောတာတောင် ယဘောကျတဲ့ မိန်းကလေး မဟုတ်ဘူး။ နော် ... သဘာဝထဲက ကောင်မလေး၊ မှတ်ထားဦး"

"ဘာ ... ဘာ ... ဘာ။ မင်းက အဲဒါတွေ ဘယ်တုန်းက သိလိုက်တာလဲ။ မင်းက ဘယ်တုန်းက သူ့ကို လှတယ် သွားပြောလိုက်လို့လဲ"



"ရှစ်ထိ ... အရှုံးနဲ့တော့ တွေ့နေပြန်ပြီ။ မသိဘူးကွာ။ မနက်ခင်းတုန်းက ငါ ထရိန်နင်ကအပြန် မုန့်ဟင်းခါးဆိုင်မှာ သူနဲ့တွေ့တယ် ...

အဲဒီမှာ စကားနည်းနည်း ပြောဖြစ်ကြတယ်။ အဲဒါပဲ ဒါပဲ ဟေ့ကောင်။ ညနေမှ တွေ့မယ်"

"ဟာ ... နေဦး၊ ဖုန်းမချသေးနဲ့ဦး။ ညနေကျရင် ရေချိုးပြီးမှ သွားမှာနော်။ ပေရေစုတ်ဒီဇိုင်းနဲ့တော့ မသွားနိုင်ဘူး"

"မင်းကလည်း။ ဘယ်လိုဖြစ်နေတာလဲကွာ။ ငါတောင် ကူးဆီကအဖြေကို ဘယ်လိုပုံစံနဲ့ သွားယူသလဲဆိုတာ မင်းတို့အသိပဲ။ ယောကျ်ားတစ်ယောက်အတွက် လှပသပ်ရပ်မှုက အရေးကြီးတာ မဟုတ်ပါဘူး။ အရည်အချင်းကသာ အရေးကြီးတာ ...

သူ့အပေါ်မှာ မင်း အချစ်စစ်နဲ့ ချစ်ဖို့သာ အရေးကြီးတာ။ မင်းကို ငါ တကယ်ပြောနေတာနော်။ ညိုညိုကက တခြားမိန်းကလေးတွေနဲ့ သိပ်မတူဘူး ...

သိဘူးကွာ၊ မင်းဘာသာမင်း 'ရေချိုးချင်ချိုး - မချိုးချင်နေ။ ငါကတော့ ဘောလုံးကန်ပြီးမှ သွားမှာ။ အဲဒီပုံနဲ့ပဲ သွားမှာ။ ဒါပဲ ဟေ့ကောင်"

သူက စိတ်တိုလာသဖြင့် စကားအကုန်ပြောကာ ...တ်ချပစ်လိုက်သည်။ သော်ဇင့်ဆီက ဖုန်းထပ်ဝင်မလာတော့။ ...ရောက်၍ ဘောလုံးကွင်းမှာ တွေ့သောအခါ သော်ဇင်က ...ပုံဖြင့် မကျေနပ်။ ပထမပိုင်း ဘောလုံးကန်ပြီးချိန်ခဏနားချိန်မှာ သူ့ကို မနေနိုင် မထိုင်နိုင် စကားစ,လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုံးနင့် _ သူက စာအုပ်ဆိုင်ကို စက်ဘီးနဲ့လာတာလား"

"ဆင်ရတာပဲ၊ ဒါထက် မင်းက ဘယ်လိုလုပ်မှာလဲ။ ငါ့စက်ဘီးကလည်း ပြိုင်ဘီးကြီး"

"မင်း ရေ့ဘားတန်းမှာ ထိုင်လို့ရတာပဲ မဟုတ်လား"

သူက သော်ဇင့်ကို နှာခေါင်းရှုံ့တွပြလိုက်ပြီး ...

"မင်းအဘ ! မင်းကိုယ်ကြီးကို ငါက တင်နင်းရမှာလား။ ငါ့ရည်းစားတောင် ငါတင်နင်းဖူးတာ မဟုတ်ဘူး။ ဟင်းမောပါ့"

"အောင်မာ ... မင်းခန္ဓာကိုယ်ကြီးကိုတော့ ညိုညိုကိုက တင်နင်းခဲ့ရတယ်လေ၊ မင်းက ငါ့ကို ဘာဖြစ်လို့ မတင်နင်းချင်ရတာလဲ ...

ဒုံးနင့် ... မင်း သူငယ်ချင်း အချင်းချင်း ဘာမှအားမကိုးရတဲ့ ကောင်ပါလား"

"ဩော် ... မင်းက အခုတော့ ဒီစကားမျိုး ပြောပြီပေါ့လေ။ ဟေ့ကောင် ... လေသံကို အချိန်မီ ပြန်ပြင်လိုက်။ စွမ်းတယ်ထင်ရင် ကိုယ့်ဟာကိုယ် တစ်ယောက်တည်းသွား။ မင်းကို ဟိုက သိပြီးသား။ မှတ်မိတယ် ...

သွား ... ရေမြန်မြန်ချိုးပြီး ငါ့စက်ဘီးကို ယူသွား။ ငါတို့ လက်ဖက်ရည်ဆိုင်က စောင့်နေမယ်၊ ဖြစ်လား ပြော"

အဲဒီလိုကျပြန်တော့လည်း မဖြစ်သော သော်ဇင်က သူ့ကို မျက်လုံးကြီး ဖွေကြည့်သည်။ စကားများသောဒဏ်တွေကို သိပ်နားမခံနိုင်သော ခန့်ဝင်းကတော့ တစ်ခွန်းတည်းပဲ ဝင်ပြောသည်။



"အရမ်းမရှုးသေးနဲ့ဦး သော်ဇင်။ ခွင်(ဂွင်)ဆိုတာ အခြေအနေကို ကြည့်ပြီးမှ ဖန်ရတယ်။ မင်းကွာ ရည်းစားမထားဖူးတာလည်း မဟုတ်ဘဲနဲ့ ...

တစ်ဖက်မိန်းကလေးရဲ့ အခြေအနေကို လေ့လာပြီးမှ တက်ကနီကွေးကို ဆင်မှပေါ့"

"ဟုတ်တယ်၊ ခန့်ဝင်း ပြောတာကို ငါ ထောက်ခံတယ်။ မိန်းမတစ်ယောက်ကို လိုက်တယ်ဆိုတာ ဘောလုံးကန်သလိုပဲ။ ဂိုးသွင်းဖို့ ကြိုးစားရသလို အချစ်ကို ရဖို့အတွက် အလိမ်အခေါက် ကစားကွက်တွေနဲ့ ကြိုးစားသင့်ရင်လည်း ကြိုးစားရတာပဲ ...

အဲဒါကြောင့် မကစားခင်မှာ တစ်ဖက်အသင်းရဲ့ အခြေအနေကို စနည်းနာရသလို ကောင်မလေးရဲ့စရိုက်သဘာဝကိုလည်း မလိုက်ခင်မှာ စနည်းနာရတယ်ကွ"

နော်နော်ကပါ မပြောစဖူး ဝင်ပြောလျှင် သော်ဇင်ဘာမှပြန်မပြောနိုင်ဘဲ အီလည်လည်ဖြင့် နားထောင်နေရလေသည်။ အဲဒီနောက် ဘောလုံးကန်ပြီးလျှင် သူနဲ့ သော်ဇင်က စာအုပ်ဆိုင်သို့ စက်ဘီးကို တစ်ယောက်တစ်လှည့်တွန်းကာ သွားကြသည်။ စာအုပ်ဆိုင်သို့ရောက်လျှင် ငါးနာရီထိုးပြီး ဆယ့်ငါးမိနစ်။ သူက စာအုပ်ဆိုင်ပိုင်ရှင် ကိုမော်ရဲ့အခြေအနေကို အကဲခတ်ကာ ...

"အဟမ်း ... ကိုမော်"

"ဘာလဲကွ၊ ငါ့ဆိုင်မှာ သလိပ်ပျော်ဆေး မရောင်းဘူးနော်"

"မဟုတ်ပါဘူး။ ဟို ... ညိုညိုကို လာသွားပြီလား"

"ညိုညိုကို !... ဩော် မလာသေးဘူး၊ ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုမော်က သူ့ကို စူးစမ်းသော မျက်လုံးများဖြ
ပြုံးကာမေးသည်။ သော်ဇင် ဆိုသည့် ကောင်ကတော့ သူ
မဟုတ်သည့်အလား စာအုပ်စင်က စာအုပ်တွေကို ဟိုမွှေ ဒီမွှေ
လုပ်နေသည်။ သူက သော်ဇင့်ကို မေးတစ်ချက် ဆတ်ပြရင်းမှ

"ဘာမှမလုပ်ပါဘူး၊ မေးကြည့်တာ။ သြော် ... ဟိုဟာ
ဒီကောင်က ကျွန်တော့်ဘော်ဒါ သော်ဇင်တဲ့။ မှတ်ထား
ဦး။ နောက်ကျရင် သူ့ဟာသူ လာငှားရင် သိအောင်လို့

ဟေ့ကောင် သော်ဇင်၊ မင်းရုပ်ကြီးကို လှည့်
လိုက်ဦး"

ဒီတော့မှ စာအုပ် ရွေးချင်ယောင်ဆောင်နေသော
သော်ဇင်က ချာခနဲလှည့်ကာ ဟီးခနဲ ရယ်ပြသည်။ ကိုမော်
အသိအမှတ်ပြုဟန်ဖြင့် ခေါင်းတစ်ချက် ဆတ်ပြကာ ဘာမှမပြော
သူက ဖတ်ပြီးသား မဂ္ဂဇင်းအသစ်တွေကို ဟိုလှန် ဒီလှန် လှန်
ရင်းမှ ငှားပြီးသားတွေမှန်း သတိရ၍ နောက်ထဲက စာအုပ်
သို့ လျှောက်လာခဲ့သည်။ အရှေ့က Latest များကတော့ ဖတ်ပြီး
သားတွေမို့ နောက်ထဲက ရသစာပေ၊ ဘာသာပြန်စင်တွေကို
မွှေမှဖြစ်တော့မည်။

သော်ဇင်က သူ့အနားသို့ အသာကပ်လာလျက်

"ဟေကောင် ... ညိုကိုက မလာသေးဘူးတဲ့လား"

"အေး"

သော်ဇင်က ဆက်မမေးတော့ဘဲ စာအုပ်တွေလှန်
ကြည့်နေသည်။ သူကလည်း ဇန်းမော်တင်အောင်၏ စာအုပ်
အုပ်ကို စိတ်ပါဝင်စားစွာဖြင့် မြည်းစမ်း ဖတ်ရှုနေရင်းမှ အဲဒါ



ကို ဆုံးဖြတ်လိုက်သည်။ သော်ဇင့်ဘက်ကို တစ်ချက်လှည့်ကြည့်
လိုက်တော့ သမိန်ပေါ်ဆွန်းအာဇာနည်ကို ဖတ်ကာ တဟီးဟီးဖြစ်နေ
သွင် သူ့မှာ စိတ်ပျက်သွားရသည်။

"ဟေ့ကောင် ... မင်းက အဲဒါ ငှားမှာလား"

"အေးလေ ... ရယ်ရတယ်ကွ။ ဟား ဟား ... ဒါပဲငှား
တော့မယ်"

"အေး ... ကောင်းတယ်။ မင်းတို့ ဆေးကျောင်းကစာတွေ
က ခက်တယ်ဆိုတော့ ခေါင်းဆေးလို့ရမယ့် စာအုပ်တွေ
ငှားပေါ့။ တယ်ရွေးလိုက်ဦး"

"ရွေးဦးမှာ၊ ကာတွန်းပဲ ငှားမယ်ကွ။ ကာတွန်းပဲကြိုက်
တယ်။ သူ မလာမချင်း ကာတွန်းဖတ်ပြီးတော့ပဲ စောင့်
မယ်"

"ဟင်း"

သူက နှာခေါင်းတစ်ချက်ရှုံ့ပြီး ရှေ့သို့ပြန်အလှည့်
မှာပဲ ဆိုင်ထဲသို့ အဖော်တစ်ယောက်နှင့်အတူ ဝင်လာသော ညိုညိုကို
သို့ လန်းဆန်းစွာ တွေ့မြင်လိုက်ရသည်။ အပြာနုရောင်အကွက်
စိပ်လေးများ ပါရှိသော အင်္ကျီတစ်မျိုးကို ခပ်ပွပွအကျီ၊ ခြေသလုံး
တစ်ဝက် ဘောင်းဘီတိုပွပွတို့ဖြင့် ဝမ်းဆက်ဝတ်ဆင်ထားသော
သူမရဲ့ပုံစံမှာ အများကြီး လွတ်လပ်ပေါ့ပါးနေသည်။

"ဟေ့ကောင်"

သူ့ရဲ့ခပ်အုပ်အုပ်ခေါ်သံ အပြီးတွင် သူမက သူ့ကို
လှမ်း၍မြင်သွားသည်။ မျက်လုံးတွေက အရင်နေ့တွေဆက်ကာ
ပြုံးတွေက နောက်မှပြုံးပြပါသည်။ သူက ဇန်းမော်တင်အောင်

www.burmeseclassic.com

[illegible]ကိုက်ကာ သူမအနားသို့ လျှောက်သွားရင်း ကိုမော်ရှေ့ စာရင်းမှတ်ရန် စာအုပ်ကို ချပေးလိုက်သည်။ အနားကပ်ကြည့်တော့မှ ရေမခြောက်တခြောက်ဆံပင်နှင့် Head & Shoulders Shampoo ရနံ့တို့ကြောင့် ရေချိုး ခေါင်းလျှော်ပြီးစဟု သတ်မှတ်ရသည်။ သူမက သူ့ကို ပြုံးပြနှုတ်ဆက်ပြီးလျှင် သူ့နောက်ကပ်ပါလာသော သော်ဇင့်ကိုပါ မြင်သွားဟန်ရှိသည်။ သော်ဇင်ကိုပါ ဆက်ပြုံးပြလျှင် ဟိုကောင်က အတော်သဘောခွေ့သွားဟန်ရှိသည်။ ဘဲသားချောက လက်ကလေးတစ်ဖက်တောင် ထောင်ပြလိုက်သေးကာ ...

"ဟိုင်း ... ညိုကို၊ ကိုယ့်ကို မှတ်မိလား"

"ဆူနီယံပတ်ခ်မှာနေတဲ့ သော်ဇင်ကောင်းမြတ် မဟုတ်လား။ ဆေး(၁)က"

သော်ဇင်က ကိုရီးယားမင်းသားတွေရဲ့ စတိုင်အတိုင်း အဟားကို အသံမထွက်အောင်ရယ်ကာ သူမကို ထုံးစံအတိုင်း ညို့ရီရီ စိုက်ကြည့်သည်။ စပြီ တက်ကနီကွေးတွေကတော့ စသုံးပြီဆိုတာ သူက သဘောပေါက်လိုက်သည်။ ညိုကိုကတော့ ထုံးစံအတိုင်း မပြောင်းလဲသောအပြုံးဖြင့် ကိုမော်ရှေ့ စာအုပ်တွေကို ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုနေသည်။

"မဂ္ဂဇင်းအသစ် မထွက်ဘူးလား"

"ရွှေအမြုတေ ထွက်တယ်လေ"

"အင်း ... အဲဒါ ယူမယ်။ ဝတ္ထုရော"

"ဝတ္ထုတွေလည်း ထွက်တယ်။ ဒီရှေ့ကဟာတွေက အသစ်တွေချည်းပဲ"



"အင်း ... အင်း"

သူမက စာအုပ်တွေကို စိတ်ဝင်စားသွားဟန်ဖြင့် ခေါင်းငုံ့ကာ စိတ်ပါလက်ပါ စာအုပ်ရွေးနေသည်။ ပြီးတော့မှ နှစ်အုပ်လောက်ရွေးကာ ကိုမော့်ကို စာရင်းမှတ်ဖို့ ပေးလိုက်သည်။ စာအုပ်ငှားပြီး စာအုပ်ဆိုင်က ပြန်ထွက်လာချိန်မှာတော့ အတူတူပဲ ဖြစ်ကြသည်။ ကံကောင်းထောက်မစွာဖြင့် သူမက စက်ဘီး မပါချေ။ သော်ဇင် အကြိုက်တွေ့သွားဟန်တူသည်။ ရည်းစွယ်မအားပါဘဲနှင့် သူမက အစွန်ဆုံးဖြစ်ကာ၊ သော်ဇင်က သူမရဲ့ဘေးအလယ်ကောင်ကဖြစ်လျက် သူကတော့ စက်ဘီးတွန်းလျက်ဘေးစွန်ကဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူနဲ့က ပိုရင်းနှီးသည်မို့ သူက အရင်စကားစပြောရသည်။

"ညိုကို စက်ဘီးမပါဘူးပေါ့၊ ဘာဖြစ်လို့လဲ"

"အင်း ... ဘာမှတော့ မဖြစ်ပါဘူး။ လမ်းလေးပဲ အေးဆေးလျှောက်မလားလို့"

သူမက သူတို့နှစ်ယောက်စလုံးကို မော့ကြည့်ကာ အေးဆေးပဲဖြေသည်။ သူမပြောသလိုပင် လိမ္မော်ရောင်အနည်းငယ်ဖျန်းထားသည့် ဆည်းဆာညနေခင်းသည် ကိုယ်ဖော့ထားသလို ပျော့ပျောင်းစွာ လှပနေသည်။ လမ်းလျှောက်ထွက်ဖို့ ကောင်းလောက်အောင်ကို သာယာသော ညနေခင်းဖြစ်သည်။ မြို့ထဲက ခွန်းကျုပ်သော အငွေ့အသက်တွေနှင့် ကင်းဝေးကာ နေလို့ထိုင်လို့ကောင်းသော နေရာတစ်ခုဖြစ်လျက် ပတ်ဝန်းကျင်ရဲ့သာယာမှုတွေကိုလည်း ခံစားလို့ရနိုင်သောနေရာလည်း ဖြစ်သေးသည်။

www.burmeseclassic.com



သော်ဇင်ကတော့ ဘယ်လိုနေမလဲတော့မသိ။ သူ့ ... နည်းနည်းမျက်နှာပူလာသည်ဟု ထင်သည်။ ကောင်မလေ... ... ယောက်ရဲ့ဘေးမှာ ယောကျ်ားလေးနှစ်ယောက်က လိုက်... ရတာ ကောင်မလေးကို နည်းနည်းတော့ အားနာဖို့ကောင်းသည်ဟု ထင်သည်။ သို့သော် ညိုညိုကိုကတော့ ဘယ်လိုမှနေဟန်... ပါ။ သူက သော်ဇင်ရဲ့လက်ကို တံတောင်နဲ့တိုက်ကာ တစ်... ပြောဖို့ မေးဆတ်ပြရသည်။ သော်ဇင်က အေးပါဟူသော သဘော... ဖြင့် ခေါင်းညိတ်ပြလျက် ...

"ညိုကိုက ဘောလုံးပွဲတွေ ဘာတွေလဲ ဝါသနာပါတယ်... ဆို"

"အင်း ... ပွဲကောင်းရင်တော့ ကြည့်ပါတယ်"

"ဟုတ်လား။ ကိုယ်တို့ပွဲတွေလည်း ကောင်းပါတယ်... လာအားပေးပါဦး"

"အဟင်း ဟင်း ... TV မှာပါရင် ကြည့်မယ်လေ"

"အာ ... ကိုယ်က TV မှာ ပါမှာ မဟုတ်ဘူး။ ပါချင်ပေါ့... ဒီကောင်သာ ပါမှာ။ သိတယ်မှုလား ကိုယ်ကတော့... ဒေါက်တာလောင်းလေးလေ။ နေမကောင်းရင်တော့ သတိ... ရလိုက်ပါ"

"အဟင်းဟင်း ... မောင်ကောင်းထိုက် ဟာသထဲက... ဆရာဝန်လိုမျိုးလား"

သူမရဲ့ ဆိုလိုသောဟာသကို သော်ဇင်က နားမလည်... အူကြောင်ကြောင်ပုံစံဖြင့် ပြန်ကြည့်နေသည်။ မောင်ကောင်းထိုက်... ရဲ့ဟာသတွေကို အရည်ကျိုသောက်ထားသော သူကတော့ သူမ...



...ဘာကိုဆိုလိုတယ်ဆိုတာ ဒက်ခနဲ သဘောပေါက်လေသည်။ ...ကြောင့် သူမ ရယ်သလို လိုက်ရယ်မိသည်။ လိုက်မရယ်နိုင်... သော သော်ဇင်ကတော့ သူမကို ပြူးစစဖြင့် ငုံ့ကြည့်ကာ ...

"အဲဒါ ဘာပြောတာလဲ။ ကိုယ် မသိဘူး ဖြစ်နေတယ်၊ နည်းနည်းလောက် ရှင်းပြပါလား ညိုကို"

"အဲဒီဟာသကို စူးနင့်သိတယ်နဲ့တူတယ်၊ သူ ရယ်နေတယ်"

"ဟုတ်လား ယော့ကောင်။ မင်း သိလား"

သူက ခေါင်းညိတ်ပြလျှင် သော်ဇင်က သူ့ကိုဖွတ် ...မေးတော့သည်။

"ပြီးမှ ပြောမယ်ကွာ"

"ညိုကို ... ဘာသာပြန်ရတဲ့ စကားတွေ သိပ်မသုံးနဲ့ကွ။ ကိုယ်က နည်းနည်းဝေးတယ်"

"ဟုတ်လား ... ညိုကိုက IQ မညီတဲ့သူတွေနဲ့ သိပ်စကား မပြောတတ်ဘူး"

"ဩော် ... ဒီလိုလား။ ရပါတယ်။ ကိုယ် ကြိုးစားမှာပေါ့။ ညိုကိုနဲ့က ကွင်းစိမ်းနေသေးလို့ပါ။ နောက်ကျရင် ညိုကို့ကို လိုက်မီလာလိမ့်မယ်လို့ ထင်ပါတယ်"

"စောင့်ခေါ်ပါမယ်"

သူမက ပြုံးတုံ့တုံ့ဖြင့် သော်ဇင့်ကို လှည့်ပြောပုံမှာ ဟိုကောင့်တော့ မသိ။ သူတောင် ငေးခနဲ ဖြစ်သွားသည်။ သော်ဇင်က သဘောပီတိခွေ့သွားသော မျက်နှာကြီးဖြင့် ရင်ခုန်ရက် စကားတောင် ပြန်မပြောနိုင်။ အဲဒီအချိန်မှာ သူမက သူ့ကို ဦးတည်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"နုနုင့်တို့ရော ပြိုင်ပွဲအခြေအနေ ဘယ်လိုရှိလဲ။ ကိုယ်ခြေ ကိုယ်ရော အားရရဲ့လား"

"အင်း ... အကျေနပ်ကြီးတော့ မဟုတ်ဘူးပေါ့။ ကြိုးတော့ ကြိုးစားနေတာပါပဲ။ ပြောတော့ ပြောရခက်တယ်၊ ဘောလုံး ဆိုတာ အလုံးကြီးလေ"

"မှန်တာပေါ့"

သူမရဲ့စကားက ရယ်စရာစကား မဟုတ်သော်လည်း သူသော သော်ဇင်ရော်ပါ ရယ်မိကြသည်။ သော်ဇင်က သူမအနား သို့ အသာတိုးကပ်ကာ ...

"ညိုကိုက ထင်ထားတာ့ထက် ပိုခင်ဖို့ ကောင်းတယ်နော်။ ညိုကို့ ကိုယ့်ကိုရော စူးနင့်လိုပဲ ခင်တယ် မဟုတ်လား"

"ညိုကိုက လူတိုင်းကို ခင်တတ်ပါတယ်။ ပြီးတော့ ကူညီ တတ်တယ်"

သူမရဲ့အဖြေက ပါးနပ်ပါသည်။ သော်ဇင် မသိ စသော ပန်းတွန့်ကာ ...

"ဟုတ်ကဲ့ ... ယုံပါတယ်။ သူငယ်ချင်းတွေ ဖြစ်သွားပြီ ဆိုတော့ ညိုကိုတို့ ကျောင်းတွေ ဘာတွေကို လာလည်မယ် နော်။ စူးနင့်နဲ့ အတူတူပေါ့"

"အိုကေ ... ရပါတယ်"

သူမက အသာတကြည့်ပဲ ပြုံး၍ပြောပါသည်။ သာမန် ထက် နည်းနည်းပိုနေသော သော်ဇင်ရဲ့အကြည့်တွေ၊ အပြုံးတွေ ကိုလည်း ဘယ်လိုမှ ထူးခြားဟန်မပြ။ သာမန်အတိုင်း အေးအေး ဆေးဆေးသာရှိသည်။ စကားတပြောပြောဖြင့် လမ်းဆုံသို့ရောက်



သောအခါ သူမက ခြေစုံရပ်ပြီး သူတို့နှစ်ယောက်ကို အတိ နှုတ်ဆက်သည်။

"ကဲ ... နှစ်ယောက်စလုံးပဲ ညိုကို သွားတော့မယ်။ ဘိုင့် ဘိုင့်"

"ဟုတ် ... ညိုကို။ ဩော် ..."

ဟုတ် ညိုကို ဆိုသော သော်ဇင်ရဲ့စကားသံအဆုံး သူမက လှည့်ထွက်ဖို့ပြင်သည်။ သို့သော် ဩော် ဟူသော ကြောင့် လေးဆယ့်ငါးဒီဂရီ စောင်းထားသောခေါင်းက လှည့်လို့ လာခဲ့ကာ ဘာပါလိမ့်ဟူသော မေးခွန်းဆန်သည့် အကြည့်မျိုးဖြင့် သော်ဇင့်ကိုကြည့်သည်။

"ဟိုလေ ... ညိုကို့ရဲ့ဖုန်းနံပါတ်လေး သိခွင့်မရလားဟင်"

"အင်း ... ရပါတယ်။ (xxxxxx) ပါ"

သူမက မဆိုင်းမတွပဲ ချက်ချင်းရွတ်ပြသဖြင့် သူ ဘင် နည်းနည်းအံ့သြသွားရသည်။ သော်ဇင် ဆိုသည့် ငနဲက အ အသေအလဲ လိုက်မှတ်ကာ ခေါင်းတညိတ်ညိတ်ဖြင့် ကအုန်းသီးရသလို ဝမ်းသာအားရ ဖြစ်သွားသည်။ သေချာ ကတော့ မြေကြီးလက်ခတ်မလွဲ ဒီကောင် ဒီည ဖုန်းဆက်တော့ ဖြစ်လေသည်။ သူမက အပြုံးတစ်ချက်ဖြင့် ခေါင်းဆတ်ပြပြီး က် လမ်းချိုးလေးတွင်းသို့ ချိုးကွေ့ဝင်သွားသည်။

သော်ဇင်က သူ့ဘက်သို့ လှည့်ကြည့်ကာ ဘယ်လို ဟူသော မျက်နှာပေးကြီးဖြင့် အားရကျေနပ်စွာ ပြုံးပြနေသည်။ မြူးနေသော သော်ဇင်ရဲ့မျက်နှာကိုကြည့်ကာ တစ်ချက်ပြုံး သည်။ ကိုယ်နှစ်သက်သော ကောင်မလေးတစ်ယောက်နဲ့ ကန

www.burmeseclassic.com

www.burmeseclassic.com



ဦးအစမှာ အဆင်ပြေတာမျိုးကို ယောကျ်ားလေးတိုင်း ကျေနပ်ကြသည်ဟု ထင်သည်။ အစမှာ အဆင်ပြေတာထက် နောက်မှာ အဆင်ပြေဖို့က ပိုအရေးကြီးသည်ဟု သူကတော့ ထင်ပါသည်။ တွေးရင်း တောရင်းနှင့်ပင် သူဟာ ချစ်သူ"ကူး"ကို သတိရ လွမ်းဆွတ်လို့ လာမိလေသည်။ ညကျရင် ကူးဆီ ဖုန်းဆက်ဦးမှ။



အချစ်ရေးမှာ ကံကောင်းချင်ရင်
အကန်းဖြစ်စရာ မလိုဘူး။
မျက်လုံးတွေကို ရံဖန်ရံခါ
မှိတ်ထားရုံနဲ့တင် လုံလောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



# ၇

သော်ဇင်တော့ ညိုညိုကိုနဲ့ ဘယ်လိုစခန်းသွားနေသလဲတော့ မပြောတတ်ချေ။ သူကတော့ ပြိုင်ပွဲနီးကပ်လာသည်မို့ ထရိန်နင်တွေ၊ လေ့ကျင့်ပွဲတွေနဲ့ မအားလပ်နိုင်အောင် ဖြစ်နေသည်။ ဒီကြားထဲ ကျောင်းမှာကလည်း စာမေးပွဲနီးပြန်သောကြောင့် ကျောင်းခေါ်ချိန်ပြည့်အောင် ကျောင်းက ပြေးတက်ရသည်။ ညဘက်မှာ အချိန်လုပြီး စာကျက်ရသေးသည်။ ပြီးလျှင် ပင်ပန်းလွန်းသောကြောင့် စာကျက်ရင်းကနေ ငိုက်လာကာ စားပွဲပေါ်မှာ မှောက်ရင်း အိပ်ပျော်သွားတတ်စမြဲ။ သူ့အမေက လာနှိုးပြီး အိပ်ခိုင်းတော့မှသာ သူက စာမရသေးဘူး ဘာဘူး ညာဘူးဖြင့် မျက်နှာထသစ်လျက် ကူးထံ ဖုန်းဆက်သည်။

သူက ပင်ပန်းတယ်၊ မောတယ်၊ စာတွေက မရဘူး စသဖြင့် ညည်းညူပြလျှင် ကူးက အားပေးဖော်မရသည့်အပြင် ဆရာကြီးလုပ်ကာ တန်းစီပြီး ဆုံးမစကားတွေ ခြွေတော့သည်။ ညတစ်ရေးနိုးမှာ ချစ်သူနဲ့ဖုန်းပြောပြီး ဖီလင်တက်ကာ လန်းဆန်းလာဖို့တော့ မမျှော်လင့်နှင့်။ ပြောရင်း ဆိုရင်းနဲ့ တင်



ဘာကာ ရန်မဖြစ်ခင် ဖုန်းချလိုက်ရတာများသည်။ အဲဒီနေ့ကတော့ ဘာစိတ်ကူးပေါက်သလဲတော့ မသိ။ စကားပြောရတာ နည်းနည်းဆင်ပြေသဖြင့် သူက ကူးရဲ့ကျောင်းကို လာကြိုဖို့ ပြောလိုက်ချင် ကူးက အသာတကြည်ပဲ လက်ခံသည်။ ကျောင်းကအပြန် ...းသော စိမ်းလန်းစိုပြည်မှာ ဝင်ထိုင်ဖို့ကိုလည်း လက်ခံလိုက်သဖြင့် သူက သဘောတွေကျကာ ကျေနပ်သွားသည်။ ချိန်းထားသောနေ့မှာ သူ့အတန်းချိန်တွေက အရေးမကြီးသဖြင့် သူက ...ထားလိုက်သည်။ ကူးရဲ့ကျောင်းကလည်း ဆယ့်နှစ်နာရီမှာ ...မှာမို့ သူက အပြတ်ရှိုင်းပြီး UFL သို့ ထွက်လာခဲ့သည်။

အိမ်မှီဒီဇိုင်း ဆင်ယင်လာသော သူ့ကို ကျောင်းထဲ ... ကောင်မလေးတချို့က ကွက်ကြည့် ကွက်ကြည့်လုပ်ကာ ...ချို့က မကြားတကြား စနောက်သွားလျှင် သူက အသာပြုံးရသည်။ ကျောင်းထဲရောက်တော့မှ သူက ညိုကို ဆိုသော ကောင်မလေးနဲ့တောင် ခုတလော မတွေ့ဖြစ်ပါလားဟု သတိပြုမိရသည်။ ...ကာ စာအုပ်ဆိုင်မှာလည်း မတွေ့ဖြစ်။ မတွေ့ဖြစ်ဆို စာဖတ်...ကို မရှိသဖြင့် သူကလည်း စာအုပ်ဆိုင်သို့ မရောက်ဖြစ်ချေ။ သော်ဇင်တော့ ကာတွန်းစာအုပ်တွေ သွားငှားရင်းနဲ့ ဆုံဖြစ်သည်ဟု ...တော့ ပြောသံကြားသည်။ အခြေအနေတွေ ဘယ်လိုပြောင်းလဲ...သလဲတော့ သူ မသိရပါ။

သူတို့အုပ်စုထဲမှ ဆေးကျောင်းသား နှစ်ကောင်မှာ...ည်း စာမေးပွဲဖြေ ရှိသဖြင့် ဘောလုံးကန်လည်း မလာနိုင်။ ...လိမ်ထိဖို့အရေး အသည်းအသန် ကျန်းကျက်နေ ရသည်ဟု ...တော့ Message တွေ ပို့ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောင်းထဲသို့ လျှောက်ဝင်လာရင်းမှ ဘူးသီးသို့ သူ ရောက်ကြောင်း ဖုန်းဆက်ဖို့ စဉ်းစားကာ သူ့ဖုန်းကို ထုတ်လိုက်သည်။ အဲဒီအချိန်မှာပဲ သူ့လက်ထဲကဖုန်းကို ဘန်စုံတစ်ယောက်က ဖျတ်ခနဲ ဆွဲလုသွားတာကို ခံလိုက်ရလေသည်။

သူက ဟာခနဲဖြစ်သွားသောစိတ်နှင့် လှည့်ကြည့်လိုက်လျှင် သူ့ဖုန်းကိုကိုင်ကာ မျက်စပစ်ပြုံးပြလိုက်သော ညိုကို့ကို တွေ့လိုက်ရသည်။

"ဘယ်လောက်နဲ့ ပြန်ရွေးမှာလဲ ... ပြော"

"ဩော် ... အဲဒီလိုစနစ်တွေလည်း ဒီကျောင်းမှာရှိတယ်တဲ့လား"

"အဟင်း ဟင်း ... ရှိတာပေါ့။ ဒီကျောင်းထဲမှာ ဖုန်းကို တရားဝင်ပြောလို့ မရဘူး။ ခိုးပြောရတယ်။ ပြောနေတာတွေ့ရင် ဆွဲလုပြီး ငွေညှစ်လို့ရတယ်။ ပြန်ရွေးမှ ဖုန်းပြန်ပေးတဲ့ အလေ့အထရှိတယ်"

"ဩော်...မသိလို့ပါ။ ဒါဆိုလည်း ကန်တင်းသွားကြတာပေါ့"

"နီး နီး ... ကန်တင်းလောက်နဲ့ ဘယ်ရမလဲ။ ဒါပေမဲ့ နီးနီးနားနား စိမ်းလန်းက Zephyr လောက်ဆိုရင်တော့ မဆိုးပါဘူး"

သူသည် ကူးနှင့် နေ့လယ်စာသွားစားမည်ဆိုင်ဖြစ်တာကြောင့် နည်းနည်းကျောချမ်းသွားသည်။ ဒါကြောင့် ချက်ချင်းကြီး ပြန်မတုံ့ပြန်နိုင်ဘဲ အင်း အဲ ဖြစ်သွားလျှင် သူမ



အနေကို သဘောပေါက်ဟန်ဖြင့် လှစ်ခနဲပြုံးကာ သူ့ဖုန်းကို ပြန်ပေးလာသည်။

"ဆောရီး ... ညိုကိုက နောက်တာနော်။ ကေန္တတော့ ကောင်မလေးနဲ့ Zephyr ကို သွားမယ်နဲ့တူတယ်။ ဟုတ်တယ်ဟုတ်"

"အဟဲ ... ဟုတ်ပါတယ်။ ညိုကိုတို့ အကြားအမြင်တွေ ရနေတယ်နဲ့တူတယ်"

"ဟုတ်မှာပေါ့။ မနက်က တရားထိုင်တာ တော်တော်များသွားတယ်"

သူမရဲ့စကားကို သူက မရယ်ဘဲ မနေနိုင်ပါ။ ဆံပင်တွေကို ပိုနီလ်တေးစုစည်းထားကာ အညိုရောင်အကွက်ကြီးတွေ ပါဝင်သော ကုတ်လက်တိုပုံဆန်းကို စမတ်ကျစွာ ဝတ်ဆင်ထားသော သူမသည် UFL ၏ နာမည်ကြီးစာရင်းတွင် ပါဝင်သည်ဟု သော်ဇင့်ထံမှ သူ ကြားထားသည်။ ပြီးတော့ လက်ရွေးစင်မရှိ အီစီကလီမရှိသော အမှန်အကန်လေးတစ်ယောက်အဖြစ်လည်း သတင်းမွှေးနေပါသေးသည်။

"ဆောရီး ... ဒီနေ့က သူနဲ့ချိန်းပြီးသား ဖြစ်နေလို့ပါ။ နောက်နေ့တွေကျမှ သူငယ်ချင်းတွေစုပြီး တစ်ခုခုသွားစားမယ်လေ ..."

ညိုကို့ကိုလည်း တစ်ရက်လောက် ကျွေးချင်ပါသေးတယ်။ ခုလောလောဆယ်တော့ ကိုယ့်ဟာကိုယ်တောင် အတော်ရှုပ်နေတယ်။ ပြိုင်ပွဲက ရှေ့အပတ်ထဲလေ၊ စာမေးပွဲ ထကပ် စာတွေကမရနဲ့ တော်တော်ဂွမ်းနေတယ် ...ဟဲ ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သြော် ... ဒါနဲ့ ပါဝါလာဖြည့်တယ်ပေါ့"

"မဟုတ်ပါဘူး။ သူနဲ့မတွေ့တာတောင် ကြာပြီ။ မမှတ်

တော့မှာစိုးလို့ လာကြည့်တာ"

သူက ပြန်နောက်လျှင် သူမကလည်း မခေပါ။

"မှတ်ပုံလေး ဘာလေး တောင်းထားလေ။ ဆောင်ထား

တော့လည်း အန္တရာယ်ကင်းပြီး လာဘ်ပွင့်တာပေါ့"

"အင်း ... မှတ်ထားပါမယ်။ ဒါနဲ့ သော်ဇင်နဲ့ရော ဘယ်

လိုလဲ"

သူမက ပခုံးနှစ်ဖက်ကို အသာတွန့်ကာ ...

"ဘယ်လိုမှ မလဲဘူး။ အဲလိုပဲ"

"သြော် ... တကယ်မေးနေတာပါ။ ဒီကောင်နဲ့ မတွေ့

တာ တစ်ပတ်ကျော်ပြီ။ အုပ်စုထဲက ဆေးကျောင်းသား

ကောင်လုံး စာအုပ်ပုံထဲ ခေါင်းနှစ်နေတယ်။ စာမေး

တယ်လေ"

"အင်း ... ပြောပါတယ်။ စူးနှင့် သူငယ်ချင်းက

သိပ်နှိပ်စက်တာပဲ"

"ဟင် ... ဘာဖြစ်လို့လဲ"

"သြော် ... တစ်ခါတလေ သူ စာမရလို့ ရူးချင်

ရူးချင်လာပြီဆိုပြီး ညနှစ်နာရီလောက် ဖုန်းဆက်ရင်

နေတာလေ။ အိပ်ရေးပျက်တာပေါ့"

အဲဒီစကားကြောင့် သူ တကယ်ပဲ အားနာသွား

သည်။ သူတောင် ကူးထံ အဲဒီလိုမဆက်ပါ။ တစ်ခါ

ဘောလုံးပွဲကြည့်ရင်း ညဉ့်တစ်နာရီ၊ နှစ်နာရီတွေမှာ



န်အမင်း တောင့်တသတိရမိကာ ကူး အသံလေးကို ကြား

သော်လည်း အိပ်ရေးပျက်သွားမှာစိုး၍ မဆက်ဖြစ်။ သော်ဇင်

တာ နည်းနည်းတော့ လွန်သည်ဟု ထင်သည်။

"ကိုယ် ကြားထဲကပဲ တောင်းပန်ပါတယ်။ သော်ဇင်က

အဲဒီလိုပဲ။ သိပ်အလိုက်မသိတတ်ဘူး။ ဆောရီး ... နောက်

နေ့ကျရင် ဒီကောင့်ကို ဖုန်းဆက်ပြောလိုက်မယ်"

"မပြောပါနဲ့ ရပါတယ်။ ခုဆို ညတိုင်း ဖုန်းပိတ်ပြီးအိပ်

တယ်လေ၊ အဟင်း ဟင်း"

"သြော် ... အဲဒီလိုလား။ ကောင်းပါတယ်။ သိပ်အားမနာ

နဲ့ ညိုကို။ ဘော်ဒါချင်း ပြောရတာလည်း သိပ်မကောင်း

ဘူး။ ဒီကောင်က တစ်ချက် တစ်ချက်ကျရင် ကြောင်တယ်။

သူနဲ့ခင်ရတာ ညိုကို စိတ်အနှောင့်အယှက် ဖြစ်လားဟင်"

"ဟင့်အင်း ... မဖြစ်ပါဘူး။ ညိုကိုက သော ခင်တတ်

တာ သိပ်တော့ အားမနာတတ်ဘူး။ ကိုယ် စိတ်အနှောင့်

အယှက် အဖြစ်ခံပြီးတော့တော့ သည်းခံလိုက်လျောနေ

တတ်တဲ့သူမျိုး မဟုတ်ဘူး"

"တော်သေးတာပေါ့။ ကိုယ်က ကိုယ့်မျက်နှာကြောင့်

ညိုကို အားနာနေမှာတွေ ဘာတွေ စိုးရိမ်တာပါ"

"မနာပါဘူး။ ညိုကိုက စိတ်ထဲရှိတဲ့အတိုင်းပဲ နေတယ်။

သော်ဇင့်ကိုလည်း ခင်ပါတယ်။ ဒါပေမဲ့ အေးဆေးပဲ"

ဒါပေမဲ့ အေးဆေးပဲ ဟူသော စကားမှာ ဘာကိုဆို

ယ် ဆိုတာကို သူက ခေတ်လူငယ်ပီပီ ချက်ချင်းသိသော

လေသည်။ ပြောရလျှင်တော့ ညိုကိုရဲ့ဒီနိုင်းသည် တကယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ အေးဆေးဒီနိုင်းဖြစ်သည်။ ဘယ်လိုလွတ်လပ်မှန်းကို ... ရင်ထဲမှာ ဘာမှထည့်မထားသော ပေါ့ပါးရှင်းလင်းသည့် ဒီ... ကို သူပင် သဘောကျရသည်။ သူက ညိုကိုရဲ့စကားကို ခေါ... တဆတ်ဆတ်ညိတ်၍ ပြုံးပြီးထောက်ခံနေတုန်းမှာပဲ သူ့လက်ဖ... တစ်ဖက်ကို လာပြီးလှုပ်ယမ်းတာကို ခံလိုက်ရသည်။ ဆော... ကြည့်လိုက်လျှင် သူ့ကို ရှုတည်တည်ကြည့်နေရသော ကူး။

"ဖုန်းဆက်မလား ဆက်မလားနဲ့ စောင့်နေတာ။ ... နေတာကို ဖုန်းလည်းမဆက်ဘူး"

ကူးက သူ့ကို အပြစ်တင်သော လေသံနဲ့ပြောသ... သူက ညိုကို့ရှေ့မှာမို့ သူမကို နည်းနည်းအားနာသွားရသ... ပြီးတော့ အလျှင်အမြန်ပဲ မိတ်ဆက်ပေးဖို့ ကြိုးစားရပါသည်...

"ခုနကလေးတင်မှ ရောက်တာ။ ဒီမှာ သူငယ်ချင်းနဲ့... တာနဲ့ စကားနှုတ်ဆက်နေတာပါ။ ညိုကို ... ဒါ ကူး... ကောင်မလေးပေါ့။ ပြင်သစ်စာတန်းဖိုင်နယ်က။ ကူး... ဒါ ကိုယ့်ဘော်ဒါ ညိုညိုကိုတဲ့"

ကောင်မလေးနှစ်ယောက်က တစ်ယောက်ကို... ယောက်ကြည့်ကာ အပြန်အလှန် ခေါင်းညိတ်ပြကြသည်။ ... အကဲခတ်မိရသလောက်တော့ ညိုကို့ကို ကြည့်နေသည့် ကူး... မျက်ဝန်းတွေမှာ စူးစမ်းရိပ်တွေ ပြည့်နှက်နေ၍ အပြုံးက... လျော့ရိလျော့ရဲ ဖြစ်နေသည်။ သိပ်မသေသပ်။ ညိုကိုက... ထုံးစံအတိုင်း အေးဆေးပဲဖြစ်သည်။ ကူးကို အကြည်လင်... ပြကာ ကိုရီးယားကားထဲကလို ခေါင်းတောင်ညွတ်ပြလိုက်... သည်။



"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်။ နှစ်ယောက်လုံး ညိုကို့ကို ခွင့်ပြုပါဦး ... ဆီးယူ"

"အိုကေ ညိုကို။ နောက်မှ တွေ့မယ်"

သူ့ရဲ့ပြန်လည်နှုတ်ဆက်စကားကို သူမက ခေါင်းတစ်ချက် ဆတ်ပြရင်း လှည့်ထွက်သွားသည်။ သူမ လှည့်ထွက်သွားတာနဲ့ သူက ကူးရဲ့ဘက်ကို လှည့်လိုက်သည်။ ပြီးတော့ ကူးရဲ့လက်ကလေးကို ဖျတ်ခနဲဆွဲကိုင်လိုက်ကာ ...

"Let's go to Seinlan "

"နေပါဦး ... အဲဒါက ဘယ်တုန်းက ခင်လိုက်ရတဲ့ သူငယ်ချင်းလဲ။ တစ်ခါမှလည်း မကြားဘူးပါလား"

"ဩော် ... မပြောဖြစ်လို့ပါ"

သူက အရေးမကြီးဟန်ဖြင့် ဖြေလိုက်သော်လည်း ကူးက ကျေနပ်ဟန်မတူပါ။ အင်းပေါ့လေ ... ညိုညိုကို ဆိုတာသည်း မည်းတိမည်းချောက် ကောင်မလေးမျိုးမှ မဟုတ်တာ။ မြင်လိုက်တာနဲ့ကို စတိုင်လ်တစ်ခုမှာ ဝင်နေလျက် အလန်းစား စာရင်းဝင် ဖြစ်လေရာ သူ့ကို ကူး လျှော့မတွက်ထားတာလည်း မှန်တော့ မှန်သည်။ သို့သော် သူဟာ ညိုကို့ကို မိန်းကလေးတစ်ယောက် ဆိုတာထက် ယောကျာ်းလေးတစ်ယောက်လိုကို ခင်ထားတာဖြစ်ပါသည်။

"ဘာမပြောဖြစ်ရမှာလဲ။ ပြောဖြစ်အောင် ပြောရင်လည်း ရတာပဲ။ ကူးရေ ... ကူးတို့ကျောင်းက Queen နဲ့ ခင်တယ်ဆိုရင်လည်း ပြောလို့ရတာပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ဘာမဟုတ်တဲ့ ဘောလုံးသမားတွေအကြောင်းကျ ဆော့ စကားမရှိ စကားရှာ ဆက်စပ်ပြီး ပြောတတ်တယ်"

"ဟား ... ကူးကလည်းကွာ။ ကိုယ်ဖြင့် သူ့အကြောင်း ပြောဖို့ကို သတိမရတာ။ သူက UFL ရဲ့ Queen လား။ သိတောင် မသိဘူး။ အခု ကူးပြောမှပဲ သိတာ"

ကူးက သူ့စကားကို မယုံဟန်ဖြင့် မျက်လုံးဝေ့ ကြည့်သည်။ ကျောင်းအပြင် ရောက်လာပြီမို့ သူက Taxi တစ် စီးတားကာ စိမ်လန်းစိုပြည်ကို မောင်းခိုင်းလိုက်သည်။ ကားပေါ် မှာ တခြား ထွေရာလေးပါးတွေ ပြောမိသော်လည်း စိမ်းလန်းထဲ ရောက်၍ Zephyr စားသောက်ဆိုင်လေးမှာ နေ့ခင်းစာ အတူ မှာစားကြတော့ ကူးက အခုနက အကြောင်းကို စကားထပ်၍ ဆက်လာပြန်သည်။

"ကဲ ... ပြောပါဦး။ အဲဒီတစ်ယောက်နဲ့က ဘယ်လိုအ ဘယ်လို စတွေ့ပြီး ဘယ်ပုံ ဘယ်နည်းနဲ့ ခင်သွားရတာ တဲ့လဲ"

"ကူးရာ ... ဒီကိစ္စကို အဲလောက်တောင်ပဲ စိတ်ဝင်စား လား"

ကူးက သူ့ကို စူးစူးရှရှ တစ်ချက်ကြည့်ကာ မျက် စောင်းထိုးသည်။ သူက ဒီနေ့တော့ ဖြစ်ကြောင်းရယ်ကုန်စင် ဖွင့် ပြောပြဖို့ ဆုံးဖြတ်လိုက်ပါသည်။

"တကယ်တော့ ကူးကြောင့်ပဲ သူနဲ့ ခင်သွားတယ်လို့ ပြောလို့ရတယ်"

"ဘာ ... ဘာရယ်။ အဲဒါ ဘာပြောတာလဲ"



ကူးရဲ့ နားမလည်နိုင် ဖြစ်သွားသော ချာချာလည် ...ကို သူက သဘောတကျနှင့် ဟက်ခနဲရယ်ကာ ကူးရဲ့လက် ...လေးတစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ရင်းမှ အေးအေးဆေးဆေးနှင့် ...ဘာစဉ်ကာ ရှင်းပြမိသည်။ သူ့စကားတွေကို မျက်မှောင်အကြုတ် ...ားနှင့် နားထောင်နေသော ကူးသည် စကားအဆုံးမှာတော့ ...တ်ခမ်းကို တစ်ချက်မဲ့ရွဲ့ပြကာ ...

"ဘာမှ အဲဒါ ကူးကြောင့်ဖြစ်တာ မဟုတ်ဘူး ... နော်။ ကူးကို ဘာမှဆွဲမထည့်နဲ့။ ကိုယ့်ဘာသာ နမော်နမဲ့နိုင်လို့ ဖြစ်ရတာ။ ဩော် ... အဲဒါကြောင့် အဲဒီနေ့က ကျိုးနင်း ကျိုးနင်း ဖြစ်လာတာကိုး။ မေးတော့လည်း သူငယ်ချင်း တစ်ယောက်က လိုက်ပို့တယ်တဲ့။ အဲဒီထဲက ပြောပါလား။ ကြားထဲမှာလည်း အဖြေပေးတဲ့နေ့က အကြောင်းတွေ စကားစပ်မိသားပဲ ...

သက်သက် မပြောတာ။ တမင်လျှို့ထားတာ ... ဟင်း"

ကူးက မကျေမချမ်းနဲ့ဆိုကာ သူ့လက်ထဲက သူ့မ လက်ကို ဆောင့်ရုန်းထွက်လျှက် လာချထားသော ခရုခေါက်ဆွဲ ကြော်ကို စားဖို့ပြင်သည်။ သူကလည်း sea food ထမင်းကြော် ကို စားရင်းမှ ထပ်ဖြေရှင်းမိသည်။

"တမင်လျှို့ထားတာ မဟုတ်ပါဘူး။ ဒီအတိုင်းပဲမပြော ဖြစ်တာပါကွာ။ ကူးနဲ့တွေ့ရင် တခြားဘာကိုမှ သတိမရ တော့ဘူး။ ကိုယ့်မှာ ကူးရှိနေတာ သူသိနေတာပဲ။ သူ

www.burmeseclassic.com

www.burmeseclassic.com



"အို ... မအေးဆေးပါဘူး။ ဒီခေတ်ထဲမှာ ရည်းစားထား
တဲ့ဘ်ရှိလည်း အဲဒါကို ဘယ်သူကမှ အုံးစားကြတော့
မဟုတ်ဘူး။ သာ့ဒ်ဘာဒီ(third body)ဆိုတာ ပေါ်လာတ
စမြဲပဲ"

"ခက်လိုက်တာ ကူးရယ်။ ရှင်းအောင် ထပ်ပြောပြလိုက်
ဦးမလား။ အခု သူ့ကို သော်ဇင်ကလိုက်နေတယ်။ သူ
ညတိုင်း ဖုန်းပြောဖြစ်ကြတယ်။ ဒီကျောင်းကိုလည်း
တယ်။ အခုတောင် စာမေးပွဲရှိနေလို့လိုက်မလာတာ၊ သိလား"

သူ့စကားအဆုံးတွင် ကူးက ငြိမ်သွားသည်။
မျက်လုံးထဲတွင် အရုပ်မြင့်မြင့်၊ အသားဖြူဖြူ ရုပ်ချောကာ မျ
နှာလည်းချိုလျှက် အဝတ်အစား ဝတ်ဆင်ရာမှာလည်း ရှ့တိုင်
မိုက်သော၊ တစ်နည်းဆိုသော ပဲများသော ဆေးကျောင်းသ
သော်ဇင်ကို ပြေးမြင်သွားဟန်တူသည်။ ငုံ့စားနေရင်းမှ ဘာ
ဆက်မပြောတော့။

"ကိုယ်နဲ့ပတ်သက်ရင် စိတ်ထဲမှာ အဲဒါတွေကို ထည့်မထား
စမ်းပါနဲ့ ကူးရယ်။ ကိုယ် ဘယ်မိန်းကလေးကိုမှ စိတ်
ဝင်စားဘူး။ ကိုယ့်ဘဝမှာ ဘောလုံးရယ်၊ ကူးရယ်ကို
အချစ်ဆုံးလို့ ပြောပြီးသားပဲ"

"အဲဒီဘောလုံးကို ချစ်တာကိုလည်း မကြိုက်ဘူး"

"ဟောဗျာ"

သူက စားလက်စခွန်းကိုတောင် ပစ်ချလျှက် နောက်
ကိုမှီချပစ်လိုက်ကာ နဖူးကိုတောင် လက်နဲ့ပိတ်ရိုက်မိသည်။ ကူး
က သူ့ပုံစံကို စားရင်းနဲ့မှ မျက်လုံးတစ်ချက် လှန်ကြည့်ကာ —



"ဟုတ်တယ် စူးနင့်။ အခုဆိုရင် ကျောင်းတွေပြီးတော့
မယ်။ ကျောင်းပြီးရင် စူးနင့်ရော ကူးရော ဘွဲ့ရကြတော့မယ်။
ဘွဲ့ရရင် စူးနင့် ဘာဆက်လုပ်ဖို့ စိတ်ကူးထားလဲ ပြော"

"ဘာစိတ်ကူးရမှာလဲ၊ ကိုယ် ထရိန်နင်တွေ ဆက်လုပ်ပြီး
လက်ရွေးစင်ဖြစ်အောင် ကြိုးစားမှာပေါ့။ ဒီပြိုင်ပွဲကြီး ပြီး
သွားရင်တော့ လက်ရွေးစင် ဖြစ်လာလိမ့်မယ်လို့ ထင်တယ်။
ကူးရော ကိုယ် မြန်မာ့လက်ရွေးစင်ဖြစ်မှာ ဝမ်းမသာဘူး
လား ... ဟင်"

သူ့အပြောကြောင့် ကူးရဲ့အကြည့်တွေက မှုန်မှိုင်း
သွားကြသည်။ ပြီးတော့ မဟုတ်သေးပါဘူးဟူသော ပုံစံဖြင့်
ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းကာ ...

"ကူး မေးတာ အဲဒါကို မေးတာမဟုတ်ဘူး။ ဘဝနဲ့ပတ်
သက်တဲ့ ရည်မှန်းချက်ကို မေးတာ စူးနင့်"

ကူးရဲ့စကားကြောင့် သူ ဘာပြန်ပြောရမှန်းမသိ
ဖြစ်သွားသည်။ သူ့ဘဝရဲ့ ရည်မှန်းချက်မှာ မြန်မာ့လက်ရွေးစင်
ဘောလုံးသမားတစ်ယောက် ဖြစ်လာဖို့၊ ဆက်လက်ပြီး နိုင်ငံ့ဂုဏ်
ကို ဆောင်နိုင်သော အားကစားသမားတစ်ယောက် ဖြစ်လာဖို့ဆို
တာ ကူး နားလည်အောင် သူ ဘယ်လိုဘာသာစကားတွေဖြင့်
ထပ်ပြောပြရမှာပါလိမ့်။ တောက်ပသည့် အနာဂတ်တွေဖြင့် အလား
အလာကောင်းသော သူ့ကို မိခင်ကလပ်အသင်းကလည်း အားမ
တန်မှ အားထားသလို၊ သူ့အကြောင်းကိုသိသော၊ သူ့ခြေကိုသိ
သော လူတော်တော်များများကလည်း အလားအလာရှိသော အား
ကစားကြယ်ပွင့်တစ်ပွင့်အဖြစ် သတ်မှတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက အားပေးလက်ခံကြသောကိစ္စကို ချစ်သူက ဘာကြောင့်များ ဝမ်းမသာ ဂုဏ်မယူပေးနိုင်တာပါလိမ့်။

"ဒါ ဘဝနဲ့ပတ်သက်တဲ့ ရည်မှန်းချက်ပဲလေ ကူး။ ရွှေတံဆိပ်တွေချည်း ဆွတ်ခူးချင်တဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတစ်ယောက် ဖြစ်လာဖို့ဆိုတာ ကိုယ့်ဘဝရဲ့ ရည်မှန်းချက်ပဲပေါ့"

"ဟင် ... အဲဒီ ရည်မှန်းချက်က တစ်သက်လုံးအတွက် ချထားတဲ့ ရည်မှန်းချက်လား"

"အဲဒါတော့ ကိုယ် မသိဘူးကွာ။ ခုလောလောဆယ်မှာတော့ ကိုယ့်ဘဝရဲ့ အကြီးမားဆုံးဆန္ဒက အဲဒါပဲ။ အမြင့်ဆုံး ရည်မှန်းချက်ကလည်း အဲဒါပဲ"

"ဟင် ... အဲဒါကအမြင့်ဆုံး ရည်မှန်းချက်။ ဟင်း ... မဖြစ်သင့်တာပဲ စူးနင့်ရယ်။ အဲဒီရည်မှန်းချက်က စူးနင့် ဘဝကို ဘယ်လောက်ထိများ အာမခံချက် ပေးနိုင်မှာမို့လို့လဲ ...

အခုခေတ်မှာ စူးနင့်တို့လို ကူးတို့လို လူငယ်တွေ ပညာကို ဘယ်လောက်ထိ လေ့လာလိုက်စားနေကြသလဲ။ ပညာရဲ့တန်ဖိုးကိုသိပြီး အပြိုင်အဆိုင်နဲ့ အပတ်တကုတ် ကြိုးစားနေကြတဲ့ အထဲမှာ စူးနင့်က ဘောလုံးသမားတစ်ယောက် ဖြစ်ဖို့ပဲ ရည်မှန်းချက်ထားတယ်ဆိုတော့ ကူး ဘယ်လိုနားလည်ရတော့မလဲ"

ဘုရားရေ ...။ ဒီစကားကို ကူးကပဲ ပြောရတယ် ရှိသေး။ သူကပဲ မှားနေလား၊ ကူးကပဲ မှားနေလား။ တစ်ယောက်ယောက်ကတော့ လွဲမှားနေခဲ့ပြီဖြစ်သည်။



"ကိုယ့်ကို နားလည်ပေးပါလို့တော့ မတောင်းဆိုချင်ပါဘူး။ နားလည်မှုဆိုတာ တောင်းမှပေးတာထက် မတောင်းဘဲပေးတဲ့ နားလည်မှုက ပိုစစ်မှန်တယ်လို့ ထင်တယ်"

"ထားပါတော့၊ ဒါပေမဲ့ အနာဂတ်ရည်မှန်းချက်က ဘောလုံးသမားတစ်ယောက်ဖြစ်ရန်ဆိုတဲ့ plan ကြီးကတော့ သိပ်မဟုတ်ဘူး စူးနင့်ရယ် ...

နိုင်ငံခြားမှာမို့ အဲဒီလိုဖြစ်သွားတယ် ဆိုရင်လည်း တော်သေးတယ်။ ဘဝတစ်ခုအတွက် အာမခံချက်အပြည့် ပေးနိုင်တယ်။ ဘောလုံးသမားဆိုတာ သူဌေးပဲ။ ဒီမှာကတော့ ဘာဘဝအာမခံချက်မှ မပေးနိုင်တာ။ တစ်သက်လုံး စူးနင့် သင်လာခဲ့တဲ့ ပညာတွေ၊ ရင်းခဲ့ရတဲ့ အချိန်တွေအတွက် ဒီအထဲမှာပဲ ဘဝတစ်ခုလုံးကို စတေးပစ်လိုက်တော့မလို့လား ...

ကူး ပြောတာတွေ မှန်၊မမှန် စူးနင့်ပဲ သေချာစဉ်းစားကြည့်ပေးပါဦး"

သူက ကူး စကားတွေကြောင့် စိတ်ရှုပ်သွားသည်။ သူသည် ဘဝဆိုသော အနှစ်သာရကို တစ်ခါမှ လေးလေးနက်နက် မတွေးခဲ့ဖူးသော်လည်း ဘဝကို ပေါ့ပေါ့လေး ဖြတ်သန်းခဲ့သူ မဟုတ်တာတော့ သေချာပါသည်။ သူ့ဘဝမှာ လူငယ်သဘာဝ လွတ်လပ်ပေါ့ပါးစွာ နေခဲ့တာ မှန်သော်လည်း သူ့မိဘတွေကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် တစ်ခါမှ မလုပ်ခဲ့ဘူးချေ။ သူ့ဝါသနာနှင့် ရည် းချက်ကိုလည်း မိဘတွေက ဘာမှကန့်ကွက်ဝေဖန် ပြောဆို း မရှိကြ။ သူတို့မိသားစုဟာ အချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကြီး မဟုတ်ကြသော်လည်း ပြည့်စုံသည့် အနေအထားမှာ ရှိသော ကြောင့် မတောင့်မတ နေခဲ့ရသော်လည်း သူဟာ ပေါ့သွမ်းသွမ်း မနေခဲ့ပါ။

ပတ်ဝန်းကျင်ရဲ့အမြင်မှာရော ... ? ။ အားကစား လိုက်စားသည့် ခင်မင်ပျော်ရွှင်တတ်သော လူငယ်လေးတစ်ယောက် အဖြစ်ပဲ သူ့ကို မြင်ထားကြပါသည်။ ဘယ်လိုပဲတွေးကြည့်ကြည့် သူကတော့ မှားတယ်ဟု မထင်ပါ။

"သေချာစဉ်းစားကြည့်စရာ မလိုပါဘူး။ ကိုယ်ကတော့ ဘာမှ မမှားဘူး ထင်တာပဲ"

"ဒါဖြင့်ရင် ကူးလည်း မှန်တယ်၊ စူးနင့်လည်း မှန်တယ် ပေါ့"

"မှန်တာပဲလေ။ လူဆိုတာ ကိုယ့်ရည်မှန်းချက်၊ ကိုယ့် ယုံကြည်ရာ ရည်ရွယ်ချက်အတိုင်း ရပ်တည်ခွင့် ရှိတာပဲ။ ယုံကြည်ချက်ချင်း မတူလို့ ဘယ်သူက မှားတယ်၊ ဘယ်သူ က မှန်တယ်ဆိုတာ ခွဲခြားလို့ မရဘူးထင်တယ်"

သူ့ရဲ့စကားကို ကူးက အမိပ္ပာယ်ပါပါ ပြုံးသည်။

"စကားတစ်ခု ကြားဖူးတယ်။ အမှားနဲ့ အမှန်နဲ့တွေ့ရင် ဖြေရှင်းရ လွယ်တယ်။ အမှားနဲ့ အမှားနဲ့ တွေ့ရင်လည်း ဖြေရှင်းဖို့ သိပ်မခက်ဘူး။ ဒါပေမဲ့ အမှန်နဲ့ အမှန်နဲ့တွေ့ ရင်တော့ ဖြေရှင်းဖို့ ခက်တယ်တဲ့ ...

အခု ကူးနဲ့ စူးနင့်လည်း ဖြေရှင်းဖို့ ခက်နေပြီပေါ့နော်"

သူက ကူးရဲ့စကားကြောင့် ရင်ထဲမှာ နည်းနည်းထိ သွားသည်။ သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် သိပ်



...ရုံနှင့် မပြီးဘူးတဲ့လား။ တစ်ယောက်နဲ့တစ်ယောက် ချစ် ...သည့်အပြင် သူဟာ ကူးအပေါ်မှာ သစ္စာမဖောက်၊ ကောင်မ ...တွေနဲ့ ဖေးလားဝါးလားမလုပ်၊ အရက် ဘီယာ ကင်းစင်သည်။ ...တွေရှိရုံနဲ့လည်း ကူးရဲ့ အထင်ကြီးမှုကို မရနိုင်ဘူးတဲ့လား။ ... စဉ်းစားတတ်တော့ပါ။

"ဖြေရှင်းဖို့ ဘာခက်တာလဲ။ ဖြေရှင်းတယ် ဆိုတာက အရှုပ်တစ်ခုခု လုပ်ထားမှသာ ဖြေရှင်းဖို့ လိုအပ်တာလေ ကူးကလည်း။ ကိုယ်ရော ကူးရောက ဘာအရှုပ်တွေမှ လုပ်ထားတာ မရှိဘဲ။ ကူး စကားက မှားနေတယ်"

သူ့အပြောကို ကူးက ဘာမှပြန်မပြောတော့ချေ။ ...စုံတစ်ခုကို နက်နက်နဲနဲ တွေးနေဟန်ဖြင့် အစားကိုသာ ...တဆိတ် ဆက်စားနေသည်။ နေ့ခင်းစာ စားပြီးလျှင် ကန် ...ပြင်ရှိသောဘက်က လမ်းလေးမှာ အတူလမ်းလျှောက်ကြသည်။ ...မှန်းချက်၊ ရည်ရွယ်ချက်ဟူသော ခေါင်းစဉ်အောက်သို့ မရောက် ...အောင် ထိန်းချုပ်၍ စကားခေါင်းစဉ် လွှဲထားသောကြောင့် ...ားပြောရတာ သိပ်မလွတ်လပ်ပါ။ တကယ်ဆိုလျှင် သူ အင် ...န် ရှုံးသွပ်ရသော ပွဲစဉ်တွေအတွက် ချစ်သူထံမှ အားပေး ...ားတွေကို အရမ်းကြားချင်ခဲ့သည်။ သူ့ပြိုင်ပွဲတွေကို လာအား ...နိုင်တောင်မှ၊ စိတ်မဝင်စားရင်တောင်မှ ရေကုန်ရေခန်း ...အားနေသည့်သူ့ကို "ဂရုစိုက်နော်"ဟု တစ်ခွန်းမပြော။

ကိုယ့်ကို အားပေးစကားလေး ပြောပါဦး၊ ဂရုစိုက် ...ဦးဟုလည်း သူ မပြောချင်ပါ။ ပြောမှရသည့် အကြင်နာမျိုး ...သည်း သူ တကယ်မလိုလား။ သို့သော် မျှော်လင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


လမ်းကြောင်းပေးသည့် စကားတွေ ပြောခဲ့သည်။ ဘောလုံးက
ချသာ ပင်ပန်းလိုက်တာကွာဟု ညည်းပြလျှင် ပင်ပန်းရင် မက
နဲ့တော့လေ ဟူသော စကားတွေက လာသည်။ ကူးသည် ဟ
ဆောင်ပန်ဆောင်လေးတောင် သူ့ကို မကြင်နာပါ။ ကူး မကြင်
နာသော်လည်း ကူးအပေါ်မှာ သူ အကြင်နာမပျက်ခဲ့ချေ။ ကြင်နာ
မြ ချစ်မြဲသာ ဖြစ်ပါသည်။ ပြန်ခါနီးတွင် သူက ကူးရဲ့လ
မောင်းလေးနှစ်ဖက်ကို ဖွဖွကိုင်ကာ ...

"ယုံကြည်ချက်တွေ မတူပေမယ့်လည်း ကိုယ်တို့ ချစ်
ကြတယ်ဆိုရင် အဆင်ပြေတယ် မဟုတ်လား ကူး"

"အချစ်ချည်းသက်သက် ဆိုရင်တော့ အဆင်ပြေပါတယ်"

ကူးစကားက ထပ်တွေးလျှင် တွေးလို့ရသော စကား
အမျိုးအစားထဲမှာပါသည်။ သို့သော် သူက ထပ်မတွေးပါ။
ဒီလောက်နဲ့ပဲ ကျေနပ်လိုက်သည်။ ကူးက သူ့ကို နားမလည်
သော်လည်း သူကတော့ ကူးကို နားလည်ပေးလိုက်ပါသည်။
ကြားဖူးသားလေ ... ားလေးတစ်ခုလိုပင် အချစ်ရေးမှာ ကံကောင်း
ချင်ပြီ ... ရဲဖန်ရဲခါ မိုတ်ထားလိုက်သည်။

အချစ်နဲ့ ပတ်သက်လာလျှင် မျက်လုံးတွေကို တစ်ခါ
တလေ ပိတ်ထားတာကလည်း နားလည်ပေးသလိုပဲ အစွမ်းထက်
လှလေသည်။

❦ ❦ ❦

အချစ်ဆိုတာ
ပန်းရိုင်းပွင့်လေးတွေလိုပဲ။
မထင်မှတ်တဲ့ နေရာမှာ
မကြာခဏ တွေ့ရတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က ရှားရှားပါးပါး သူတို့သူငယ်ချင်း
ဘီယာဆိုင်မှာ ဆုံသောနေ့ဖြစ်သည်။ သူကလည်း ဘောလုံးပွဲ
သောနေ့ ဖြစ်သလို၊ သော်ဇင်နဲ့ ခန့်ဝင်းကို့ကလည်း စာမေးပွဲ
သွားသဖြင့် ခေါင်းပေါ့သွားသောအချိန်မို့ ဖုန်းဆက်ချိန်းတ
သူကလည်း လက်ခံဖြစ်သည်။ ခုတလောမှာ သူ့စိတ်တွေ
မကြည်လင်ချေ။ ဘာကို စိတ်ရှုပ်မှန်းမသိ ရှုပ်နေသည်။ ကျေ
ကိစ္စ၊ ပြိုင်ပွဲကိစ္စ၊ ချစ်သူကိစ္စ စသဖြင့် Stress တွေ ပိနေသည်
ထင်သည်။ ဒါကြောင့် သူငယ်ချင်းတွေနဲ့ တွေ့ရင်တော့ အ
အတန် ပြေပျောက်သွားလိမ့်မည်ဟု မျှော်လင့်ထားသဖြင့်
လာခဲ့ခြင်းဖြစ်သည်။

တကယ်လည်း ဟိုဟိုဒီဒီ လျှောက်ပြောရင်း
နည်းနည်းပေါ့လာသည်ဟု ထင်ရသည်။ အရည်ဝင်၍ အာ
နည်း သွက်လာလျှင် နော်နော်က ထုံးစံအတိုင်း ကောင်မလေး
ဘက်သို့ မြားဦးလှည့်လာသည်။ သူ့ကိုတော့ မပြောသေး။
တလော တခြားကောင်မလေးတွေဘက် အာရုံသိပ်မရော



ကိုထံကိုသာ ခေါက်ကျနေသော သော်ဇင့်ကိုပဲ ဦးတည်တာ
သည်။

“သော်ဇင်ရေ ... မင်းရော ညိုကိုလေးနဲ့ ဘယ်လိုလဲ၊ ဖိုင်း
လား”

“မဖိုင်းတဖိုင်းပေါ့”

“ဘာကြီးလဲ။ ရှင်းရှင်းပြော သားလေး”

“ရှင်းရှင်းပြောရရင်တော့ သူ့ကြည့်ရတာ ဘော်ဒါစတိုင်လ်
ပဲကွ။ ပဲလည်းမရှိဘူး၊ အီစီကလီလည်း မဟုတ်ဘူး။ ပွင့်
ပွင့်လင်းလင်း ရှိတာကိုက ဆွဲဆောင်မှုတစ်ခုလို ဖြစ်နေ
တယ်။ ငါကလည်း အဲဒါကို သဘောကျတယ် ...

တစ်ခါတလေတော့လည်း စဉ်းစားမိတယ်။ ပွင့်လင်း
လွန်းအားကြီးတော့လည်း မှန်းရခက်တယ်တဲ့ကွ”

“ဒါဖြင့်ရင် အခု မင်းတို့အနေအထားက ဘာလဲ”

“ဘာလဲဆိုတာ ငါ့ကိုယ်ငါတောင် မသိတော့ဘူး”

“ကောင်းရောပေါ့ကွာ။ မင်းလိုကောင်ကတောင် အဲဒါမျိုး
ပြောပြီဆိုမှတော့ ငါတို့က ငုတ်တုတ်ထိုင်နေရုံပဲ ရှိတော့
တာပေါ့”

နော်နော်ရဲ့စကားကို ခန့်ဝင်းက မေးစေ့ကိုပွတ်လျက်
လေးနက်နက် စဉ်းစားနေဟန်ဖြင့် ...

“တစ်ခုတော့ ရှိတယ်။ တချို့ကောင်မလေးတွေက ဆရာ
ကျတာတော့ မဟုတ်ဘူး။ အဲဒီလို free style နေတာ
တော့ မသိရင် ဆရာကျတယ်လို့ ထင်ရတယ်။ သော်ဇင်
ပြောတာ ဟုတ်တယ်။ ပွင့်ပွင့်လင်းလင်း နေတာတော့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ ရှင်းလင်းနေပြီး မှန်းရခက်တာမျိုးလည်း
တဘ်တယ်။ ယောကျ်ားလေးတစ်ယောက်အဖို့ အဲဒီ
မိန်းကလေးမျိုးဟာ လိုက်ရဖို့ အခက်ဆုံးပဲ ...

အထူးသဖြင့် ဘော်ဒါကျွာနဲ့ ချဉ်းကပ်ထား
ကောင်တွေပေါ့။ ဟုတ်ပြီ ဟုတ်ရဲ့နဲ့ ဖွင့်ပြောလိုက်
သူငယ်ချင်းလေးပါတဲ့ ဆိုရင်လည်း ဌမ်းရော။ ဘာဆ
လုပ်ရမှန်းကို မသိတော့ဘူး။ မင်းကရော ဘယ်လိုအက
နဲ့ ဝင်ထားတာလဲ"

သော်ဇင်က မျက်မှောင်ကို တစ်ချက်ကြုတ်ကာ ...

"အင်း ... ငါကတော့ သူငယ်ချင်းစစ်စစ် အကန့်ကြီးရ
တော့ မဟုတ်ဘူး။ သူလည်း သိပါတယ်ကွာ။ ငါ သူ့
ဘယ်လိုသဘောထားတယ်ဆိုတာ ...

စူးနင့်နဲ့တောင်မှ မတူတာ"

"အေးလေ ... အဲဒီတော့ သူ့ရဲ့တုံ့ပြန်မှုက ဘယ်လို
လဲ"

"အဲဒါ ပြောတာပေါ့။ မှန်းရခက်တယ်ဆိုတာ။ သူက
ငါနဲ့ဖုန်းပြောရင် အေးဆေးပဲ။ ငါက တစ်ခုခု ထည့်လို
လည်း သူက ဘယ့်နှယ်မှ မနေဘူး။ ပြန်တောင်ဖဲ့
တယ်။ သူ့ဘက်က အထာမရှိဘူး"

"သူ့မှာ ရည်းစားတွေ ဘာတွေများ ရှိလား။ မင်းမေး
ကြည့်ဘူးလား"

"ငါ စုံစမ်းပြီးပါပြီ၊ ရည်းစား မရှိပါဘူး"

"အရင်တုန်းကရော"



"မေးပြီးပြီကွ၊ သူက အချစ်ဆိုတာကို သိပ်စိတ်မဝင်စား
ဘူးတဲ့။ လူတိုင်း စိတ်ဝင်စားလို့ သူ စိတ်မဝင်စားတာလို့
လည်း ပြောသေးရဲ့။ သူ့ကြည့်ရတာ အဲဒါကို အချိန်ပေး
ချင်ပုံလည်း မပေါ်ပါဘူး။ တစ်နေ့ တစ်နေ့ စာဖတ်၊ အင်
တာနက်မွှေ၊ ဟိုဟာလုပ် ဒီဟာလုပ်နဲ့ပဲ အချိန်တွေကုန်၊
ကုန်သွားတတ်တယ် ပြောတာပဲ ...

သူနဲ့ စကားပြောရတာ စိတ်ဝင်စားဖို့တော့ ကောင်းပါ
တယ်။ တော်လ်ကီကတော့ ရေလည်ကောင်းတယ်ကွာ။
စာအရမ်းဖတ်တော့ သူနဲ့စကားပြောရင် ငါ လိုက်မမီတော့
ဘူး"

"ဟင်း ... ကြားရတဲ့စကားတွေကတော့ အားတက်ဖွယ်
မရှိလိုက်တာ။ တစ်ပတ်လောက်နဲ့ ဆော်တစ်ယောက်ကြည်
တဲ့ သော်ဇင်တစ်ယောက်တော့ ကျွတ်နေပြီပေါ့"

"ဒါပေမဲ့ အေးဆေးပါကွာ။ ကိုယ်တို့က ဒီအတိုင်းလေး
လည်း အဆင်ပြေပါတယ်"

"ပြေရင်လည်း ပြီးတာပဲ မောင်။ ဒီဘက်က မောင်စူးနင့်
ကတော့ ငြိမ်သက်လှချည်လား။ ကြွေ့တော့ မြေကြီးလက်
နဲ့ပုတ် လွဲ့လွဲမယ်သာ၊ ဒေါ်စန္ဒကူးခင်နဲ့ သိပ်မပြေလည်ဘူး
နဲ့တူတယ်"

သားမြတ်က ရှေးဟောင်းရုပ်ရှင်ကားတစ်ကားထဲမှ
တင်နဲ့ဆိုသည်။ သူတို့အုပ်စုထဲမှာ ဒီကောင်ကတော့ ရုပ်ရှင်ကို
ပြီး။ ရှေးဟောင်းဆို အကုန်စိတ်ဝင်စားသည်။ အရင်ခေတ်က
ကားအဟောင်း၊ သီချင်း၊ စာအုပ်၊ သတင်းဝင်နေရာများ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရှုံးသွပ်သောသူ ဖြစ်သည်။ မင်းသားတွေတော် ဒီခေတ်မင်းသားတွေကို မကြိုက်ဘဲ ကောလိပ်ဂျင်နေဝင်းတို့ ဝင်း တို့ကိုမှ ကြိုက်သူဖြစ်သည်။ သူသည် သားမြတ်ရဲ့အမေကို မနဖြစ်မိဘဲ မချိုပြုံးသာ ပြုံးမိသည်။ သားမြတ်သည်လည်း သူ ကလပ်တစ်ခုထဲ အတူတူကစားကာ ကျောင်းလည်းအတူတူပဲ ၍ မြန်မာလိဂ်ပြိုင်ပွဲတွေကို ယှဉ်ပြိုင်နေရသောသူ ဖြစ်သည် သို့သော် သားမြတ်က သူ့လောက် Stress မများချေ။ သူက ခုတလော ကူးနဲ့သိပ်အဆင်မပြေသဖြင့် Stress ပိုပိသည်။

“ဟုတ်သားပဲ၊ တို့ကောင်ကြီး ငြိမ်နေပါလား။ မင်းက ဘာလဲ၊ ကူးနဲ့ အဆင်မပြေဘူးလား။ ချစ်နေကြတာ မဟုတ်လား”

“ချစ်တော့ ချစ်ပါတယ်။ ဒါပေမဲ့ ရည်ရွယ်ချက်ချင်း ကတော့ တခြားစီ ဖြစ်နေတယ်”

“ဟ ... အဲဒါ ဘာဆန်းလဲ။ မင်းက မြန်မာ့လက်ရွေး ဖြစ်ချင်တယ်။ သူက အဲဒါ ဖြစ်ချင်ပါ့မလား။ ယောကျ်ား လေးနဲ့ မိန်းကလေး ရည်ရွယ်ချက်ချင်း ဘယ်လိုလုပ် မှာလဲ။ ဒါများ စကားထဲ ထည့်ပြောနေသေးတယ်”

“အေးလေ၊ အဲဒါ ပြဿနာလား။ မင်းက အဲဒါကိုအုံး နေတာလား”

သူငယ်ချင်းတွေကတောင် အဲဒီလို ပြောလာသော အခါ သူ နည်းနည်းတွေသွားသည်။ ဒီကိစ္စဟာ တကယ် ပြဿနာမဟုတ်ဘူးလား။ ကူးကပဲ ပြဿနမရှိ၊ ပြဿနာရှာ တာလား။ သူ မဝေခွဲတတ်တော့ပါ။ တကယ်ဆိုလျှင် သူ



သူနှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် ချစ်နေကြရဲ့ နဲ့ ဒီပြဿနာတွေဖြစ်ဖို့ မလိုဘူးဟု သူ ထင်သည်။ ကူးသာ တို့ နားလည်ပေးလိုက်မည်ဆိုလျှင် သူတို့ ချစ်သူဘဝလေး ဘယ်လောက်များ ပျော်ဖို့ကောင်းလိုက်မှာပါလိမ့်။ သူ့အိပ် တွေသည် ဒီ့ထက်တောင် ခမ်းနားလှပလာလိမ့်မည်ဟု မျှော် ရပါသည်။

“ငါ မင်းကို တစ်ခုပြောဖို့ မေ့နေတယ်ကွ။ နည်းနည်း တောင် ကြာနေပြီ။ မင်းရဲ့ကူးကို ဘဲတစ်ပွေနဲ့ တွေ့လိုက် တယ်။ နှစ်ခါတောင် တွေ့တာ”

သူ့ရင်ထဲတွင် နည်းနည်း လှုပ်ခတ်သွားသည်။ သော် သူဟာ ကူးရဲ့ကိုယ်ကျင့်တရားနဲ့ သိက္ခာကို ယုံကြည်သူ ယောက် ဖြစ်ပါသည်။ ဒီခေတ်ထဲမှာ ယောကျ်ားတစ်ယောက် မိန်းကလေးတစ်ယောက်တို့ အတူတွဲတွေ့တာဟာ ဘာမှဆန်း ကိစ္စ မဟုတ်ပါ။ ဒါပေမဲ့ အဲဒီမိန်းကလေးဟာ သူ့ချစ်သူ နေ၍ ဒီကိစ္စကိုတော့ သူ အပြုံးသဘောဖြင့် စိတ်ဝင်စားပါသည်။

“ဘယ်လိုတွေ့တာလဲ၊ ဘယ်မှာလဲ”

“ဘယ်လိုတွေ့တာလဲဆိုတော့ ပထမတစ်ခါက (xxx)ဆိုင် မှာ ထမင်းသွားစားရင်းနဲ့တွေ့တာ။ သူတို့နှစ်ယောက်တည်း ထမင်းလာစားတာ။ နောက်တစ်ခါကတော့ မြို့ထဲက ကွန်ပျူတာဆိုင်မှာ ကွန်ပျူတာပစ္စည်းတစ်ခုခု လာဝယ်တဲ့ ပုံစံပဲ ...

နှစ်ခါလုံး သူ ငါ့ကို မမြင်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"သြော် … ငါလည်း အရေးမပါဘူး ထင်လို့လေ။ အ
မင်း ဒီဖိုင်းကို ကြည့်ပြီးတော့မှ သတိရတာနဲ့ ပြောလိုက်တာ"

"သူတို့နှစ်ယောက်ပုံစံက ဘယ်လိုလဲ။ ဟိုဘဲကရော ဘယ်လိုပုံစံလဲ"

"ဟိုဘဲပုံစံကတော့ ငါတို့ထက် သုံးလေးနှစ်လောက်ကြီးမယ့်ပုံပဲ။ ပုံစံကတော့ ရိုးရိုးသားမှန်ပါပဲ။ ကြည့်ကောင်းတယ်ပေါ့။ ပါကတော့ တို့လောက် မဖြူးဘူး။ သူတို့နှစ်ယောက်ပုံစံကတော့ ဒီအတိုင်းပဲ"

"ဘယ်လို ဒီအတိုင်းပဲလဲ"

"ဒီအတိုင်းဆိုတာ အဲဒီပုံစံက free size ပဲကွာ။ ပေါ
လား။ သူငယ်ချင်းဆိုရင် small size ။ အတွဲဆိုရင် large size ။ အဲလို မရှိဘူး။ ဒါပေမဲ့ free size ဆိုတာက ဘယ်လိုပဲဖြစ်ဖြစ် ဖြစ်နိုင်တယ်ဆိုတဲ့ သဘော …

ပုံစံကတော့ ရှော့မရှိဘူး။ ကဲနေတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ မိတ်ဆွေဖြစ်ဖြစ် ချစ်သူဖြစ်ဖြစ် သတ်မှတ်မယ်ဆိုရင်တော့ may be ! ။ R … U … Ok ? "

နော်နော်က အဆုံးသတ်စကားကို Rapper Style ဖြင့် လက်ညှိုးထိုးကာ မေးသည်။ နော်နော်ရဲ့ ဒီဖိုင်းက လန်းသော်လည်း သူ့ရင်ထဲမှာတော့ မလန်းနိုင်ပါ။ ကူး သူ့ကို အပြစ်ရှာနေသည်မှာ ဒီအကြောင်းတွေကြောင့်လား။ အဲဒီအရာ သက်သက်နဲ့တော့ ကူး သူ့ကို အဲဒီလို လုပ်မည်ဟု မထင်ပါ။ ကူးဟာ သူ့အထင်ကြီးလေးစားရသော ချစ်သူမိန်းကလေးတစ်ယောက် ဖြစ်ပါသည်။



"ဒါဖြင့်ရင် ဘာလဲ။ စန္ဒကူးခင်က two timing ရိုက်နေတဲ့ သဘောလား"

ဒီမေးခွန်းကို သားမြတ်က ရှုးရှုးရှားရှားဖြင့် ဝင်မေးသည်။ အဲဒီမေးခွန်းကို ဘယ်သူမှ ဖြေနိုင်မယ် မထင်ပါ။ ဒီမေးခွန်းကို ဖြေနိုင်သူမှာ ကူးတစ်ယောက်သာပဲ ရှိပေလိမ့်မည်။ သို့သော် သူဟာ ကူးကို နောက်ဆုံးအချိန်အထိ ယုံကြည်နေခဲ့ပါမည်။

"မင်းတို့က ဘာပြဿနာဖြစ်နေလို့လဲ။

"ပြဿနာရယ်လို့တော့ မဟုတ်ပါဘူးကွာ။ ကူးတို့ အသိုင်းအဝန်းက ပညာတတ်အသိုင်းအဝန်း မဟုတ်လား။ အားလုံးက ပညာနဲ့ လုပ်ကိုင်စားသောက်ကြတဲ့ ပညာရှင်အသိုင်းအဝန်း ဆိုတော့ ပညာရေးကို အရမ်း အလေးထားတယ်ကွာ …

ကူးလည်း ဒီလိုပဲ။ ပညာရေးကိုပဲ အာရုံထားတယ်။ ပညာရေးနဲ့ ဘဝတိုးတက်မြင့်မားဖို့ကိုပဲ သူ့ခေါင်းထဲမှာ အာရုံထားတာ။ သူ့အမြင်မှာတော့ မြန်မာ့ Selection ဖြစ်ချင်နေတဲ့ ငါ့ရည်ရွယ်ချက်က အာပလာလို ဖြစ်နေတယ်။ အလကားပေါ့ကွာ။ ဘာအာမခံချက်မှ မရှိတဲ့ အလုပ်ပေါ့။ သူ့အသိုင်းစန်းမှာလည်း ငါ့နာမည်ကို ပွဲမထုတ်ချင်ဘူးနဲ့ တူပါတယ်။ အဲဒီလိုတွေ ဖြစ်နေတာပါကွာ။ ဒါလောက်ပါပဲ"

"ဘာဆိုင်လဲကွာ။ ထူးချွန်တဲ့ အားကစားသမားတစ်ယောက် ဖြစ်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ Talent လည်းပါလာဦးမှ …

www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း အပေအတေ နေနေတဲ့ကောင်မှ မဟုတ်တာ။ Perfect ကြီးမဟုတ်တောင်မှ မင်းဟာနဲ့မင်း အထာကျနေတာပဲ။ အစုတ်အနုတ်ထဲကမှ မဟုတ်တာ။ သူတို့အသိုင်းအဝန်းထဲ ဝင်မဆန့်တဲ့အထိလည်း ညံ့နေတဲ့ကောင် မဟုတ်ဘူး"

"ဒါပေမဲ့ သူ့အမြင်မှာတော့ ငါဟာ ဘာမှအထင်ကြီးစရာ မရှိတဲ့သူလို့ မြင်နေတာပဲ။ အချိန်တွေကို အလကားဖြုန်းပစ်နေတဲ့သူ၊ တလွဲဆံပင်ကောင်းနေတဲ့သူ့ စသဖြင့်ပေါ့ကွာ"

သူ့စကားအဆုံးတွင် သူငယ်ချင်းတွေထံမှ သက်ပြင်းချသံကြီးတွေက တန်းစီပြီး ထွက်လာသည်။ ဘယ်သူမှ ဘာမှ မှတ်ချက်ထပ်မပေးတော့။ နော်နော်ကတော့ ကြက်တောင်ပံတစ်ဖတ်ကို ကောက်ဝါးနေရင်းမှ ...

"မင်းတို့ သတင်းတွေ ကြားရတာလည်း မဆွံပါဘူးကွာ။ ကဲ ... အဲဒါတွေ မေ့ထားလိုက် ဘော်ဒါတို့။ ခုချိန်မှာတော့ ဆွဲသာဆွဲတော့။ နောက်ကျတော့လည်း ဒါတွေက ဘာမှ မဟုတ်ဘူး။ ရှူးနင့် ... စိတ်ထဲမှာ သိပ် feel ထားမနေနဲ့ကွ။ မေ့ထားလိုက် ...

ငါက ခန့်ဝင်းလောက် ဒိုင်တွေမထုတ်တတ်ပေမယ့် တတ်သလောက်မှတ်သလောက်တော့ ထုတ်တတ်ပါတယ်ကွ။ မင်း သိထားဖို့က လူတစ်ယောက်ဟာ ဘဝမှာ မွေးဖွားခြင်းဆိုတာလည်း တစ်ခါတည်း၊ သေဆုံးခြင်းဆိုတာလည်း တစ်ကြိမ်တည်းပဲကြုံရမယ်။ ဒါပေမဲ့ အချစ်ဆိုတာတော့ တစ်ကြိမ်တည်းပဲ တွေ့မှာမဟုတ်ဘူး ...



အချစ်တစ်ခုပြီးသွားရင် နောက်ထပ်အချစ်ဆိုတာ "ချိန်မရွေးတွေ့လာနိုင်တယ်ကွ၊ မှတ်ထား။ အချစ်ဆိုတာ ပန်းရိုင်းပွင့်လေးတွေလိုပဲ မထင်မှတ်တဲ့နေရာမှာ မကြာခဏတွေ့ရတတ်တယ်။ နော် သူငယ်ချင်း ဒါပဲ"

"Wow: ဒီဒိုင်ကို သား သိပ်ကြိုက်တယ်"

"ဟုတ်တယ် ဝမ်ဇွေ့ ဝမ်ဇွေ့ ဝမ် ဝမ် ဇွေ့ပါ ဖလာ့(မှရား)"

သူ့ သူငယ်ချင်းတွေက ဘီယာခွက်တွေကို မြှောက်ကာ နော်နော့်ရဲ့စကားကို ချီးကျူးထောပနာပြုကြသည်။ သူက ဘီယာခွက်မမြှောက်မိပေမယ့် အဲဒီစကားကို သဘောတော့ကျသွားတယ်ဆိုတာ ဝန်ခံပါသည်။ လက်ခံသင့်သလောက်လည်း လက်ခံသည်။ ဒီအယူအဆကို ဘယ်သူမှလဲ ငြင်းမှာမဟုတ်ပါ။ ဒါပေမဲ့ လက်ရှိမှာ မြတ်နိုးရတဲ့ချစ်ခြင်းတစ်ခုကိုရော ဘယ်သူက စွန့်လွှတ်ချင်မှာတဲ့လဲ။

ဘယ်သူပဲဖြစ်ဖြစ် ရင်ထဲက အချစ်တစ်ခုကိုတော့ ပိုင်ဆိုင်ထားလိုကြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



အခုလောလောဆယ်မှာ သူတို့ရဲ့ အမှတ်ပေးဘောလုံး ပြိုင်ပွဲတွေက ခဏနားထားသလို စာမေးပွဲလည်း ပြီးထားသည်မို့ သူသည် ခြေဦးမလှည့်ဖြစ်တာကြာပြီဖြစ်သော အော်စကာစာအုပ်ဆိုင်ဘက်သို့ ခြေလှမ်းတည့်မိသည်။ ကူးထံသို့ ဖုန်းဆက်ကာ ရထားသံလမ်းနားမှာ ခဏဆုံဖြစ်ဖို့ပြောသော်လည်း ကူးက ဆင်ခြေတစ်ခုပေး၍ ငြင်းဆန်လိုက်သောကြောင့် သူက အတင်းအကျပ် ပြောမနေတော့ပါ။ ကာယကံရှင်၏ စိတ်ဆန္ဒမပါသော ဘယ်အရာမှ စွဲမက်ဖို့ဦးမတည်ဟု သတ်မှတ်ထားသောကြောင့် ဖြစ်ပါသည်။

ဒါကြောင့် ဘောလုံးပြီးလျှင် ဒုတိယဝါသနာအပါဆုံး ဖြစ်သော စာအုပ်တွေနဲ့သာ Relax လုပ်ဖို့ စိတ်ကူးတော့သည်။ နှစ်သက်သောသီချင်းတွေကို ဖွင့်ထားကာ စိတ်ဝင်စားသော စာအုပ်တစ်အုပ်ကို ဖတ်ရတာလည်း ချစ်သူရဲ့အကြောင်းကို တွေးရသလိုပဲ ခံစားဖို့ကောင်းပါသည်။ သူသည် ကူးရဲ့အကြောင်းကို တွေးမိလျှင်တော့ ရင်ထဲမှာ နည်းနည်းနစ်သွားသည်။ တစ်လက်စတည်းမှာပဲ သူဟာ ခန့်ဝင်းပြောပြဖူးသော ပစောက်နှစ်လုံးနဲ့ ဆက်စပ်နေသော အချစ်အကြောင်းကို ဖျတ်ခနဲသတိရသွားသည်။ သူဟာ ကူးကို ပိုင်ဆိုင်ရမယ့်သူလား။ ပေးဆပ်ရမယ့်သူလား သူ မစဉ်းစားတော့ပါ။



စာအုပ်ဆိုင်ကိုရောက်လျှင် ကိုမော်ကတောင် ဆီးပြောသည်။

"ငါ့ကောင်ကြီး ပျောက်ချက်သား ကောင်းလှချည်လား"

"အေးဗျာ ... ပွဲတွေဆက်နေလို့ပါ၊ မဖတ်ရသေးတဲ့စာအုပ်တွေတော့ ပုံနေပြီနဲ့တူတယ်"

"ဒါပေါ့ မဂ္ဂဇင်းအသစ်တွေ ထွက်ထားတာကိုး၊ ဘယ်လိုလဲ အခြေအနေ"

"အခြေအနေကတော့ ဒီလိုပါပဲ"

"မင်းကြည့်ရတာ နွမ်းနေတဲ့ပုံပဲ၊ ရေလေးဘာလေးဖျန်းဦးမယ်လေ"

ကိုမော့်စကားကြောင့် သူက အသာပြုံးမိသွားသည်။

"အခု ဖျန်းမလို့ပဲဗျာ၊ ကဲ ... ပေး ဘာစာအုပ်တွေရှိ"

"ဟာသစာအုပ်တွေဖတ်မလား၊ မဂ္ဂဇင်းရော သောင်းပြောင်ထွေလာရယ်စရာ ရှိတယ်"

"အိုကေ ... အဲဒါပဲယူမယ်၊ ဝတ္ထုလည်း ဟာသပဲပေး"

သူက ကိုမော် ရွေးပေးသော ဟာသမဂ္ဂဇင်းနဲ့ ဟာသဝတ္ထုနှစ်အုပ်ကို စောင့်ယူနေတုန်းမှာပဲ သူ့ဘေးသို့ အရိပ်တစ်ခုကျလာသည်။ အမျိုးအမည်မသိသော ရနံ့မွှေးမွှေးလေး တစ်ခုကြောင့် အသာငဲ့ကြည့်မိလျှင် သူ့ကို ပြုံးပြနေသော ညိုကို ကို အလန်းဆန်းဆုံး အနေအထားဖြင့် တွေ့လိုက်ရသည်။ သူသည် သူမကို တွေ့လိုက်သောအခါ ဘာကြောင့်မှန်းမသိဘဲ ကွဲကွာသွားသော သူငယ်ချင်းဟောင်းတစ်ယောက်ကို ပြန်တွေ့လိုက်ရသလို ခံစားသွားခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မတွေ့တာတောင်ကြာပြီနော်"

"ဟုတ်တယ်၊ ပြိုင်ပွဲရော စာမေးပွဲရော ဆက်နေတာနဲ့"

"အင်း ... သော်ဇင့်ဆီက ကြားတော့ကြားတယ်၊ အဲဒီတော့ လူက ပန်းနေမှာပေါ့၊ အခု ပွဲတွေက ပြီးသွားပြီလား"

"မပြီးသေးဘူး၊ အဆင့်မြင့်တန်း ကျန်သေးတယ်လေ၊ ခဏ နားနေတာ၊ ရှေ့လထဲမှာ ပြန်စမယ်"

"ဪ ... ဪ ... သတင်းတွေတော့ Eleven ဂျာနယ်

ပြိုင်ပွဲ ထဲမှာ ဖတ်ရပါတယ်"

သွားသူ "စိတ်ဝင်စားတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ဆိုင် သူ့အပြောကို သူမက ဘာမှပြန်မပြောဘဲ ရယ်နေရုံသာ ကိုမော့်ထံမှာ စာအုပ်ငှားနေသည်။ ပြီးတော့ အတူတူဝင် ခဲ့တဲ့စာအုပ်ဆိုင်မှ ပြန်ထွက်လာဖြစ်ကြသည်။ ကိုမော်သည် သူတို့ ပြေနောက်ကျောကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့မလားတော့မပြောတတ် ပါ။ သူကလည်း စကားမပါ။ သူမကလည်း စကားမပါသဖြင့် အတူတူ လမ်းလျှောက်ဖြစ်သွားသည်။ ဆည်းဆာညနေခင်းသည် လိမ္မော်ရောင်ပျစ်ပျစ်ဖြစ်နေကာ တိမ်တွေကိုပါ လိမ္မော်ရောင် ပေစွန်းနေသဖြင့် ကြည့်လို့ကောင်းနေသည်။

သူက ညိုကို့ကိုမြင်သောအခါ သော်ဇင့်ကိုပါ တစ် လက်စတည်း သတိရသွားသည်။

"ညိုကို သော်ဇင်နဲ့ရော အဆင်ပြေရဲ့လား"

"အင်း ... ပြေပါတယ်၊ ဘာဖြစ်လို့မေးတာလဲ"

"ဒီလိုပါပဲ မေးကြည့်တာပါ"

"မေးကြည့်မနေပါနဲ့ ညိုကို သူ့ကို စိတ်မဝင်စားပါဘူး"

www.burmeseclassic.com



"ဗျာ"

သူသည် ထင်မှတ်မထားသည့် ညိုကို့ရဲ့ ပွင့်ပွင့်လင်းလင်းစကားကြောင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ အာမေဋိတ်သံထွက်သွားသည်။ ညိုကို့ကို လှည့်ကြည့်လိုက်လျှင် တည်ငြိမ်သောမျက်နှာထားနဲ့ပင် ...

"ဟုတ်တယ်၊ ရူးနှင့်မေးတဲ့ အဆင်ပြေလားဆိုတဲ့စကားက ဘာအဓိပ္ပာယ်နဲ့မေးတယ်ဆိုတာ သိပါတယ်၊ သိသိကြီးနဲ့တော့ ငွေ့မနေချင်တော့ဘူး။ တခြားမိန်းကလေးတွေတော့ မပြောတတ်ဘူး၊ မိန်းကလေးတော်တော်များများက ကိုယ့်စိတ်ဝင်စားတဲ့ ယောကျာ်းလေးကို ကြည့်လိုက်တာနဲ့တင် သိပါတယ် ...

ဒီယောကျာ်းဟာ ကိုယ် သဘောကျတဲ့လူလား၊ စိတ်မဝင်စားတဲ့လူလားဆိုတာ စိတ်က အလိုလိုခွဲခြားနိုင်တယ်၊ ဒါ ချစ်တာဘာညာတွေ မပါသေးဘူးနော်၊ အချစ်ဆိုတာကို ထည့်မပြောသေးဘူး၊ အဲဒီအကန့်က အဝေးကြီးလိုသေးတယ်၊ လူတစ်ယောက်ကို စိတ်ဝင်စားပြီး ပထမဆုံးအဆင့်မှာ Just for fun ပေါ့ ...

ဒါပေမဲ့ ညိုကိုက သော်ဇင့်ကို Just for fun ဆိုတဲ့ ဖီလင်တောင်မဖြစ်ဘူး၊ စိတ်ကကို မပါတာ။ သော်ဒါတစ်ယောက်အနေနဲ့ဆိုရင်တော့ အဆင်ပြေတာပေါ့၊ အဲဒီလိုပဲ စိတ်ထဲမှာရှိတယ်။ ဒါ ရူးနှင့်ကို အရိုးသားဆုံးနဲ့ အပွင့်လင်းဆုံး ပြောပြတာ"

www.burmeseclassic.com

www.burmeseclassic.com

သူက ဘာစကားမှပြန်မပြောနိုင်ဘဲ ညိုကို့ကို ငေးကြည့်နေမိသည်။ အဲဒီစကားတွေကို ကာယကံရှင် သော်ဇင်သာ ကြားလို့ကတော့ ဘယ်လိုနေမလဲ မသိပါ။ သော်ဇင်ကသာ ဖုတ်လမ်းစလျှင် Just for fun အနေအထားမှာပဲဖြစ်ဖြစ်၊ ဘယ်အနေအထားမှာပဲဖြစ်ဖြစ် ဖုတ်လမ်းပြန်လုပ်ဖို့ စဉ်းစားနေသော မိန်းကလေးတွေ အများကြီးပဲဖြစ်သည်။

အခုတော့ ညိုကိုသည် သော်ဇင့်ကို Just for fun အနေအထားနဲ့တောင် စိတ်မဝင်စားလှပါတဲ့။

သူက အဖြစ်အပျက်ကို ပြုံးမိသွားကာ သော်ဇင် ဆိုပြနေကြ သီချင်းစာသားကို ရွတ်ပြလိုက်သည်။

"သော်ဇင်က ညိုကို့ကို ဆိုပြဖူးလားတော့မသိဘူး၊ ဒီသီချင်းစာသားလေး ... ဟိုဟိုဒီဒီသွားဖို့ သိန်း(၆၀၀)တန်ကားတစ်စီး ရှိတယ် ...၊ လိုချင်တာတွေ ကြိုက်သလောက်ဝယ်စမ်း ရှင် ပေးနိုင်တဲ့ အစွမ်းအစရှိတယ် ... ညဘက်ဆိုလည်း အလွမ်းပြေဖို့ ဖုန်းလည်းရှိပါတယ် ... အိမ်ကမေးရင် ပြန်သာပြောလိုက် လက်ရှိငါက ဆရာဝန်လောင်းပါ ... ထွေလီထွေ မိန်းမကိစ္စ နာမည်ပျက်နဲ့ အရှုပ်အရှင်း ကင်းတယ် ... အသောက်အစားဆိုလည်း ဝေရမထိပါ ဝေးဝေးကရှောင်တယ် ... ဘာသာတရား ကိုင်းရှိုင်းပြီး လူချစ်လူခင်ပေါတဲ့သူ ... မင်္ဂလာဆောင်ပြီးရင် လုပ်ကိုင်စားဖို့ ကုမ္ပဏီကြီး တစ်ခုထောင်ပေးမယ့်အဖေ ... ကွန်ဒိုတိုက်ခန်းနဲ့ စိန်တစ်ဆင်စာလက်ဖွဲ့မယ်လို့ အမေကပြောတယ် ...



ရုပ်ရည်ကတော့ ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီပွင့်ကြီးပါ ... သည်းညည်းခံပြီး သဘောမနော အလွန်ကောင်း ငါလိုလူ နောက်တစ်ယောက်မရှိဘူး ... မင်း သိဖို့ ငါ့အကြောင်းများ ဒါ အကုန်ပါပဲ ဆုံးဖြတ်ဖို့ နင်စဉ်းစား ... ဒီလိုလူတစ်ယောက်ကို ပြန်ပြီးတော့ ချစ်နိုင်မလား ... ဆိုတဲ့ သီချင်းလေ"

သူ့စကားအဆုံးတွင် ညိုကိုက တဟားဟားနှင့်အော် ...သည်။ သူမရယ်သောပုံစံကို သူပင် အားကျမိသွားသည်။ သူ ...ထို မရယ်နိုင်တာတောင် နည်းနည်းကြာခဲ့ပြီဖြစ်သည်။

"သိသားပဲ အဲဒီသီချင်း။ အဲဒါ ကောင်မလေးတိုင်းကို သူ့ အမြဲဆိုပြနေတဲ့ သီချင်းပဲဟာ"

"ဟင် ... အဲဒါလည်း သိတာပဲလား"

"သိတာပေါ့။ မသိစရာလား။ အင်း ... အဲဒီသီချင်းကလည်း သူ့အတွက် စပ်ဆိုထားသလိုလိုဖြစ်နေတာကိုး။ ရယ်ရတယ် အဟင်း ဟင်း။ အဲဒါကြောင့် သူ့ကို ပြောထားတယ်။ နောက်တစ်ခါ ကြိုက်တဲ့ကောင်မလေးတစ်ယောက်တွေ့ရင် ပြော။ လိုအပ်တဲ့ တက်ကနစ်တွေ ပြောပြမယ်လို့ သူ အဲ လည်လည်ကြီး ဖြစ်နေတာပေါ့ ... ဟား ဟား"

သူက လွတ်လပ်ပေါ့ပါးစွာ ရယ်နေသော ညိုကို့ကို ...ကာ ရင်ထဲမှာ ရင်းနှီးစိတ်ဖြစ်လာသည်။ ညိုကိုဟာ သိပ်ကို ...ကောင်းတဲ့ ကောင်မလေးပဲ။ ဘာအထာမှမရှိ။ သူမသည် ...နေတဲ့ တိမ်တစ်စနှင့် ဆင်တူပါသည်။

"ညိုကိုက အဲဒီလို တက်ကနစ်တွေ တကယ်သိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... မိန်းကလေးက မိန်းကလေးအချင်းချင်း ပိုသိတာပေါ့။ ဘယ်လိုအချက်တွေက မိန်းကလေးတွေကြိုက်တတ်လဲ၊ မကြိုက်တတ်ဘူးလဲ ဆိုတာ သိတာပေါ့ ရွှေနှင့်ရဲ့"

"ဟုတ်လား ... စိတ်တောင်ဝင်စားလာပြီ"

"ဒါပေါ့။ ဒီလိုပဲ ဖြစ်ရမယ်လေ။ ကဲ ... ရွှေနှင့်တော့ မသိဘူး။ ညီကိုတော့ ဗိုက်နည်းနည်းဆာနေတယ်။ ရှေ့က မာလာဟင်းဆိုင်မှာ အကင်နဲ့မာလာဟင်းနဲ့ ဝင်စားမလို့။ ရွှေနှင့်ရော စားဦးမလား"

"စားလေ ရပါတယ်။ စားတာပေါ့"

"အိုခေ ... ဒါဖြင့်ရင် စားရင်းနဲ့ ဆက်ပြောမယ်"

သူမက လူတွေစည်ကားနေသော မာလာဟင်းဆိုင်ရဲ့ စားပွဲခုံပုလေးတွင် နေရာယူလိုက်ပြီးမှ သူ့ကိုထိုင်စေသည်။ သူမကတော့ အကင်တံတွေကို သွားရောက်ရွေးချယ်ပြီး အကင်ပန်းကန်ပြားကြီးနှင့် ပြန်ရောက်လာပါသည်။ သူ့ရှေ့သို့ ချပေးရင်းမှ —

"ရော့ ... ကြိုက်မယ်ထင်တာတွေ ရွေးလာတာပဲ၊ စားနော်။ စိတ်ညစ်နေရင် အစားများများစားရတယ်၊ အိပ်ပစ်ရတယ်တဲ့၊ စိတ်ညစ်စရာကို လက်ခံမထားရဘူး"

သူမက သူ့ကို ပြောလည်းပြော၊ ကိုယ်တိုင်လည်း အကင်တံတစ်ချောင်းကို အချဉ်ရည်ဖြင့် တို့ကာစားသည်။ သူသည် သူမရဲ့စကားကြောင့် အံ့သြသွားကာ မျက်နှာကိုကြည့်မိသည်။

"ကိုယ် စိတ်ညစ်နေတယ်လို့ မင်း ဘယ်လိုလုပ်သိလဲ"

"တို့က သိပ်အကဲခတ် တော်နေလို့မဟုတ်ဘူး၊ သူ့ပုံစံက သိသာနေလို့"



"ဟင် ... အဲဒီလောက်တောင် သိသာနေလား"

"အရမ်းကြီးရှဲနေတာတော့မဟုတ်ပါဘူး။ ဒါပေမဲ့ လေနေတဲ့ဒီဇိုင်းပေါ့။ ဒါကြောင့် လက်ထဲက ဟာသစာအုပ်တွေကို တောင် တင်းတင်းကျပ်ကျပ် ဖက်လာတာ ... အဟင်း ဟင်း"

သူမရဲ့စကားကြောင့် သူ ပထမဆုံးအကြိမ် သဘောကျရယ်မိသွားသည်။ သူမကလည်း ချိုလွင်စွာ ရယ်မောကာ [illegible]ယ်ရှိစဟူသော သဘောဖြင့် သူ့ကိုမေးဆတ်ပြသည်။ အဲဒီ [illegible]မှာပဲ သူမကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ခွင့်ရသူအဖြစ် [illegible]ည်အားကိုးသွားပါသည်။ အဲဒီခဏမှာပဲ မာလာဟင်းနှစ်ပွဲကို [illegible]ရှေ့သို့လာချသဖြင့် သူမက အားရပါးရ စတင်စားသည်။ [illegible]းပြနေပုံက အားရစရာမို့ သူတောင် ဗိုက်ပိုဆာလာသလို [illegible]ပါသည်။

"ဘယ်လိုလဲ ကောင်မလေးနဲ့ မအိုကေဘူးလား"

"အင်း ... ဒီလိုပါပဲ"

"ဘာဖြစ်တာလဲဟင်၊ ကူညီလို့ရတယ်ဆိုရင် ကူညီမယ်နော်၊ ရှင်တို့ဇာတ်လမ်းအစကတည်းက ညီကိုက အရေးပါတဲ့ [illegible]တ်ပို့နေရာက ဝင်ပါခဲ့ရတယ်ဆိုတော့ စိတ်တော့ဝင်စားတယ် သိလား ...

တစ်ခုခုဆို ညီကိုက ရှင့်အတွက် အကြံဉာဏ်တွေ ပေးနိုင်ပါတယ်"

"ယုံပါတယ် ညီကို။ အဲဒီအတွက် ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စမှာ ညီကို အကြံဉာဏ်ပေးလို့

www.burmeseclassic.com

www.burmeseclassic.com



ရမယ်မထင်ဘူး။ ဒါက ပြဿနာတစ်ခုရယ်လို့ ဖြစ်နေ
မယ့် ဖြေရှင်းနိုင်တဲ့နည်းလမ်း မရှိဘူးလို့ ထင်တာပဲ"
"အဆန်းပါလား။ ပြဿနာတစ်ခုမှာ ဖြေရှင်းနိုင်တဲ့နည်း
လမ်းမရှိဘူးဆိုတာ မဟုတ်ဘူးနဲ့တူတယ်။ လက်မခံဘူး"
"ညိုကိုက လက်မခံပေမယ့် ကိုယ်ကတော့ လက်ခံတယ်
သူက ကိုယ့်ကို အားမရဘူး ညိုကို။ ခုဆိုရင် ညိုကိုတို့လည်း
ကျောင်းတွေပြီးတော့မယ် မဟုတ်လား။ ကိုယ်တို့လည်း
ပြီးတော့မှာပဲ။ သူတို့အသိုင်းအဝန်းက ပညာကို တန်ဖိုးထား
တဲ့၊ ပညာတတ်အသိုင်းအဝန်းပေါ့။ သူကိုယ်တိုင်ကလည်း
ပညာကို အရမ်းအလေးထားတယ်။ ရည်မှန်းချက် အရ
ကြီးတယ်။ ဘဝမှာ တိုးတက်မြင့်မားချင်စိတ် ရှိတယ်

နိုင်ငံရပ်ခြားထိ ပညာတွေဆည်းပူးပြီး နိုင်ငံရပ်ခြ
မှာတောင် ပညာနဲ့လက်မှ,ထောင်ချင်တဲ့ဘဝမျိုးကို သူ
ရောက်ချင်တာ။ ဒီတော့ တိုတိုနဲ့လိုရင်းပြောရရင် သူ့အ
မှာ ကိုယ်က အာပလာကောင်တစ်ကောင် ဖြစ်နေတယ်
သူ့ရည်မှန်းချက်က သူ့အတွက် Child play ဖြစ်နေတယ်
ရယ်စရာကြီးပေါ့။ သူ့သူငယ်ချင်းတွေကြားထဲမှာတော
မပြောရဲဘူး။ အဲလိုမျိုးပါ။ အဲဒီတော့ ကိုယ် နည်းနည်းစိ
ညစ်တာပါ ...

ကိုယ်တို့ပြဿနာမှာ တစ်ယောက်နဲ့တစ်ယော
မချစ်လို့လည်းမဟုတ်ဘူး။ တစ်ယောက်ယောက်က သ
ဖောက်လို့လည်းမဟုတ်ဘူး။ ကိုယ် အရက်သောက်၊ လော
ကစားလုပ်နေလို့လည်းမဟုတ်ဘူး။ အဲဒီတော့ ဒီကိစ္စ



ဖြေရှင်းနိုင်မယ့်နည်းလမ်းမရှိဘူးလို့ ထင်တာပဲလေ။ အဓိက
ကတော့ သူမှ ကိုယ့်ကို နားလည်မပေးနိုင်တာ"

သူ့စကားအဆုံးတွင် သူမထံမှ အသံတိတ်သွား
သည်။ ရုတ်တရက် စကားပြန်နိုင်ပုံမရသည်ကို ကြည့်ခြင်းအားဖြင့်
လည်းပဲ ပြဿနာဟု သတ်မှတ်လိုက်ပုံ ရပါသည်။

သူမက မာလာဟင်းပန်းကန်ထဲမှ ငုံးဥတစ်လုံးကို
ားရင်း ...

"အင်း ... တစ်မျိုးပဲနော်၊ ပြောရတော့ခက်တယ်။ နားလည်
မှုမရှိတော့ ဘာမှလုပ်မရဘူးလို ဖြစ်နေတယ်"

"ဟုတ်တယ်။ ကိုယ် ပြောချင်တာလည်း အဲဒါပဲ။ ကိုယ်တို့
ရဲ့အဓိကပြဿနာကလည်း အဲဒါပဲ။ သူပေးမှရမယ့် 'နား
လည်မှု'ကို ကိုယ်က ဘယ်လိုနည်းလမ်းတွေနဲ့ ကြိုးစား
ရယူရတော့မှာလဲ ...

ကိုယ်တို့ အဆင်ပြေဖို့ဆိုတာ သူ ဖြစ်စေချင်သလို
သင်တန်းတွေတက်၊ ဒီပလိုမာတွေယူ၊ နိုင်ငံရပ်ခြားမှာ
ပညာသွားသင်၊ အဲဒီပညာနဲ့ နိုင်ငံရပ်ခြားမှာ တင့်တောင့်
တင့်တယ် အလုပ်လုပ်၊ စသဖြင့် အဲဒီလို ရည်မှန်းချက်တွေ
ထားမှ အဆင်ပြေမှာလေ။ ကိုယ်ဖြစ်ချင်တဲ့ဘဝက အဲဒါမျိုး
မှမဟုတ်တာ။ ကိုယ်ကလည်း ကိုယ့်ဝါသနာနဲ့ ရည်မှန်းချက်
ကို မစွန့်လွှတ်နိုင်ဘူးလေ။ ကိုယ်ဟာ တစ်နေ့မှာ နိုင်ငံ
ဂုဏ်ဆောင်နိုင်တဲ့ လက်ရွေးစင်ဘောလုံးသမားတစ်ယောက်
ဖြစ်လာမယ် ဆိုတာကိုလည်း ကိုယ့်ကိုယ်ကိုယ် သိနေ
တယ် ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အဆုံးသတ်က ဘယ်လိုဖြစ်လာ
တာ ကိုယ်လည်း မတွေးတတ်တော့ပါဘူး"

သူမက သူ့စကားကို အလေးအနက် နား
သော်လည်း ဝေဖန်ချက်တစ်စုံတစ်ရာမပေးပါ။ တစ်ခုခုကို
တောနေဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေပြီးနောက် ချ
ပင် လန်းဆန်းသောအမူအရာကို ပြောင်းလဲယူလိုက်သည်။

"အင်းပေါ့၊ ဘာပဲဖြစ်ဖြစ် ပျော်အောင်တော့နေပေါ့
ရယ်။ ကိုယ့်ရဲ့စိတ်ညစ်မှု စိတ်ပျော်ရွှင်မှုတွေဆိုတာ
ကပဲ ဖန်တီးယူတာပါ။ လောလောဆယ် စိတ်ထဲမှာ
ကိုမှ ထည့်မထားဘဲ ပြိုင်ပွဲတိုင်း အနိုင်ရရေးသာ ခေါ
ထည့်ထားပေါ့ ...

စိတ်ကို Relax ဖြစ်စေတဲ့အရာတွေ အများ
တယ်။ အရင်ခေတ်ကသာ ယောက်ျားလေးတွေ အ
ကွဲရင် အရက်သောက်၊ မိန်းကလေးတွေ အသည်း
အခန်းတံခါးပိတ်ငိုကြတာ၊ ဒီခေတ်မှာတော့ ပြောင်း
သွားပြီ"

သူမက စကားကို ဆက်မပြောတော့ဘဲ အ
တစ်ချောင်းကို ယူစားနေသဖြင့် သူကပဲ စိတ်ဝင်တစားနဲ့
မေးရသည်။

"ဘယ်လိုပြောင်းပြန်ဖြစ်တာလဲ ဆက်ပြောဦးလေ"

"ဟယ် ... သိချင်နေတယ်၊ အဟဲ ... ပြောမှာပေါ့။ ဒီ
ခေတ်မှာ ယောက်ျားလေးတွေ အသည်းကွဲရင် အင်
ဝင်ပြီး ချက်တင်ထိုင်တယ်၊ ဂိမ်းဆော့တယ်။ ချ



အထိုင်ကောင်းရင် ရည်းစားတစ်ယောက်တောင် အဖတ်
တင်သွားနိုင်တယ် ...

မိန်းကလေးတွေလည်း ဒီလိုပါပဲ။ စားကောင်းတာ
တွေ များများစား၊ ဗိုက်လေးလာရင်အိပ်၊ ရှော့ပင်ထွက်
ပေါ့။ ကိုရီးယားကားတွေကြည့်၊ ဖြေဖျောက်စရာတွေက
အများကြီးပါ။ လူဆိုတာ စိတ်ညစ်စရာကို ဘယ်သူမှ
ကြာကြာလက်မခံချင်ကြဘူး ဖူးနှင်း။ ကိုယ့်ပျော်ရွှင်မှုကို
တော့ ရှာဖွေနေကြတဲ့ လူတွေချည်းပဲ ....

" ဖူးနှင်းလည်း ကိုယ်ပိုင်တီထွင်ထားတဲ့ ပျော်ရွှင်မှုကို
ဖန်တီးပါ"

"ညီကို့စကားက အဆန်းပါလား။ ကိုယ်ပိုင်တီထွင်ထားတဲ့
ပျော်ရွှင်မှုဆိုတာ ဘယ်လိုဟာမျိုးကို ပြောတာလဲ"

သူမက ချက်ချင်းမဖြေသေးဘဲ လေပြည်လို အသံ
မျိုးဖြင့် ညင်းညင်းသွဲ့သွဲ့ရယ်နေသေးသည်။ ပြီးတော့မှ "သိချင်နေ
တယ်ပေါ့" ဟူသော အဓိပ္ပာယ်မျိုးပါဝင်သည့် အကြည့်မျိုးဖြင့်
ကြည့်လျှင် သူက တကယ်ပဲ ရယ်ချင်သွားသည်။

"ကိုယ်ပိုင် တီထွင်ထားတဲ့ ပျော်ရွှင်မှုဆိုတာ ဥပမာ
ဟာသ ဝတ္ထုတစ်ပုဒ်ကို ဖူးနှင်း ဖတ်လိုက်ရလို့ ရယ်ေ
ခံစားမှု၊ စိတ်ကျေနပ်သွားတဲ့ခံစားမှုဟာ ကိုယ်ပိုင်တီ
ပျော်ရွှင်မှုပေါ့။ ဒါ အခုလက်ရှိ ဥပမာသေးသေးလေ
ဆွဲထုတ်ပြတာပါ ...

ကိုယ့်ဟာကိုယ်ရတဲ့ ကျေနပ်ပျော်ရွှင်မှုပေါ့။ ရည်
ထားလို့ ပျော်ရတယ်ဆိုတာက ရည်းစားနဲ့ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ကောင်းတာပေါ့။ ဒါပေမဲ့ ရည်းစားနဲ့ ကျိုင်ပြီဆိုရင်တော့ မလ တော့ဘူးလေ။ ကိုယ့်ပျော်ရွှင်မှုက သူ့အပေါ်မှာ မူတည်နေတယ်ဆိုတာ သိပ်တော့မဟုတ်သေးဘူး —

သူ မရှိလည်း ကိုယ်ပျော်နိုင်ရမယ်။ ကိုယ်ကသာ သူများရဲ့ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်တဲ့သူဖြစ်ရမယ်။ ညိုကိုက အဲလိုလူစားမျိုးလေ”

“အင်း… စိတ်ထားတတ်ရင်တော့ ကောင်းတာပေါ့ ညိုကိုရယ်”

“အဲလေ့ကျင့်ဆိုတဲ့ စကားလုံးကို ကြားဖူးမှာပါ။ လူတွေက မှတ်ဉာဏ်မကောင်းလို့ဆိုတာကို မကြာခဏဝန်ခံကြတယ်။ ဆုံးဖြတ်ယူဆချက် မှားသွားတယ်လို့တော့ ဘယ်တော့မှ ဝန်မခံတတ်ကြဘူး။ အမှန်ကို လျစ်လျူရှုထားသမျှတော့ အမှန်တရားနဲ့ ဘယ်တော့မှ နီးစပ်လာမှာမဟုတ်ဘူးလေ —

ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်ငြိမ်းချမ်းအောင်နေဖို့ဆိုတာ Talentပါလာစရာမလိုပါဘူး ရွှေနှင့်ရယ်။ လုပ်ယူရင်ရတဲ့ ကိစ္စပါ”

သူမရဲ့ အဆုံးသတ်စကားလေးကြောင့် သူ့ရင်ထဲ ှင် နည်းနည်းလင်းသွားသလိုခံစားရပါသည်။ ဟဲဗီးကြီးမဟုတ် ်လည်း အနှစ်သာရပါသော စကားလေးတွေကြောင့် သူ းမှုလေးတွေတောင် အတော်အသင့် သက်သာသွားသည်ဟု ရသည်။ သူမဟာ သူ့အတွက် အားကိုးယုံကြည်ရသော ယ်ချင်းကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်ဟု မျှော်လင့် လည်း။



“ကိုယ့်ကို မင်း တစ်ချက်လောက် သုံးသပ်ကြည့်စမ်းပါ ညိုကို။ ကိုယ် ဘာများမှားနေလို့လဲလို့”

“ကျွန်မ သုံးသပ်ရတာကို ဝါသနာမပါဘူး။ ရှင် မှန်တယ်ထင်တယ် မဟုတ်လား။ ဆက်လုပ်ပေါ့။ အေးလူအမြင်ကို ဂရုစိုက်တဲ့အကျင့် သိပ်မလုပ်နဲ့ ရွှေနှင့် …

ကိုယ်လည်း ပညာတွေ သင်ခဲ့တာပဲ။ စာတွေဖတ်ထားတာပဲ။ လူဆိုတာ ကိုယ့်အရွယ်နဲ့ ကိုက်ညီတဲ့ ဆုံးဖြတ်ချက်မျိုးကိုချကြတာ။ အဲဒါအတွက် မှန်တယ် မှားတယ်ဆိုတာ ကိုယ့်ဟာကိုယ်ပဲ ဆုံးဖြတ်။ သေချာရင် ရှေ့ဆက်တိုးတော့ …

ဘာကိုမှ doubt ဖြစ်မနေနဲ့တော့။ ကိုယ် ယုံကြည်ထားတဲ့အတိုင်း ကြိုးစားဖို့က အောင်မြင်မှုရဲ့ အခြေခံအကြောင်းတရားပဲ”

သူက အဲဒီစကားကို ပြတ်ပြတ်သားသား ပြောနေသော ညိုကိုရဲ့မျက်နှာကို ငေးကြည့်နေမိသည်။ ခုလိုကျတော့လည်း ညိုကိုရဲ့မျက်နှာသည် အခါများစွာကနဲ့ မတူဘဲ တည်ငြိမ်ရင့်ကျက်သောလိုမျိုးပင်။

သူသည် အဲဒီ စကားကို နားထောင်ရသောအခါ အင်တွေက တစိမ့်စိမ့် ဝင်ရောက်လာသလို ခံစားရလေသည်။ အားပေးမှုမျိုးကို ဘယ်သူ့ဆီကမှ မရခဲ့ဘူးချေ။ သူငယ်ချင်းတွေလည်း သာမန်လောက်သာ။ ခေါက်ထားလိုက်၊ အားဆေး ဆိုတာလောက်နှင့် ပြီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ ဆိုတာကတော့ ပြောမနေနဲ့တော့။ သူသည် ညိုကိုရဲ့အားပေးစကားတွေအတွက် တကယ်ပဲ အားတက်လာ သည်။ ညိုကိုကို ကျေးဇူးတင်သော မျက်လုံးများဖြင့် ကြည့်မိကာ_

"ကျေးဇူးတင်ပါတယ် ညိုကို၊ ညိုကိုရဲ့စကားတွေက ကို့ အတွက် စိတ်ခွန်အား တိုးတက်စေပါတယ် ...

ညိုကို စာတွေ တော်တော်ဖတ်ထားတယ်နဲ့ တူတယ် နော်"

"စာအုပ်တွေလောက် ကောင်းတဲ့အဖော် ဘယ်မှာရှိ လို့လဲ ရှူးနှင့်ရဲ့။ ရှူးနှင့်ကို စာအုပ်တစ်အုပ်လောက် စေချင်တယ်။ 'သူတို့ဒီနေရာကို ဘယ်လိုရောက်လာ သလဲ'ဆိုတဲ့ စာအုပ်ပေါ့။ နယ်ပယ်အသီးသီးက အောင်မြင် နေတဲ့လူတွေရဲ့ ဘဝဖြတ်သန်းမှု အကြောင်းတွေကို မေးပြီး ရေးထားတာ ...

City mart ပိုင်ရှင် ဒေါ်ဝင်းဝင်းတင့်တို့၊ ဆရာ စံ–ဓာဏီဘိုတို့ စသဖြင့် အများကြီးပဲ။ ရှူးနှင့် သင့်တယ်"

"အင်း ... ကိုယ် သေချာရှာဖတ်လိုက်ပါ့မယ်။ ကျေးဇူး ညိုကို"

"ကျေးဇူးထပ်တင်လိုက်ဦး။ ဒီစားထားသမျှတွေ ရှင်းမှာနော်။ ကျေးဇူးတွေကို သိမ်းပိုက်ယူသွားချင်လို့ အဟင်း ဟင်း"

သူမရဲ့ အဆုံးသတ်စကားလေးကြောင့် သူက ဆံ့ရှင်းဖို့ကို မှတ်မပြောဖြစ်တော့ပါ။ စားပွဲပေါ်ကိုသာ ငုံ



ရင်း တိတ်တဆိတ် ပြုံးနေမိတော့သည်။ စားပွဲပေါ်တွင် စားသောက် ထားသော မာလာဟင်းပန်းကန်၊ ပေရေနေသော အချဉ်ရည်ခွက်၊ အကင်တံများ၊ ရေနွေးကြမ်းဖန်ခွက်များ စသဖြင့် စားကြွင်း စား ကျန်တွေ ပွနေသော်လည်း ဒါတွေဟာ အောင်မြင်သော စကား ဝိုင်းလေးတစ်ခုရဲ့ နိဂုံး၊ ဒါမှမဟုတ် စိတ်လေလေ ကောင်လေး တစ်ယောက်အတွက် အောင်မြင်မှုနိဒါန်းဟု သူ မှတ်ယူလိုက် ပါသည်။

အဲဒီနေ့က သူမက လမ်းချိုးလေးသို့မချိုးမီ သူ့ကို နှုတ်ဆက်ရင်း "ဝိုက်တီး"ဟု ကိုရီးယားလို အားပေးသွားခဲ့သေး သည်။ အင်း ... သူ ပြုံးတာတွေ များသွားခဲ့ပြီ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေရောက်ဖို့ ရှေ့ပြေးနိမိတ်တွေက
လေရူးနဲ့လွင့်လာတဲ့ ရော်ရွက်ဝါတွေ
မင်း ထားခဲ့တော့မယ့် နိမိတ်တွေက
အေးစက်တဲ့ အကြည့်တွေလား
ငါဟာ ဆောင်းရဲ့နောက်ဆုံးနှင်းစက်ထဲမှာ
မင်းနှုတ်ခမ်းကို ပြန်ပေးဆွဲထားချင်ခဲ့တုန်း။



# ၉

သူသည် ကူးနဲ့မတွေ့ဖြစ်သော သုံးလေးရက်အတော အတွင်းမှာ ညိုကို ပြောပြထားသလို ကိုယ့်ရဲ့ပျော်ရွှင်မှုကို ကိုယ့်ဘာသာရအောင် တည်ဆောက်ကြည့်ခဲ့သည်။ အတော်အသင့်ပြေလည်သွားပြီဆိုမှ အရာရာကို အကောင်းမြင်ရှုထောင့်မှတွေးကာ ကူးရဲ့ကျောင်းသို့ သွားခဲ့ပါသည်။ ကူးလည်း သူ့ကို သတိရနေမယ်၊ တွေ့ချင်နေလိမ့်မယ်ဟု မျှော်လင့်မိ၍ပင်။ အတတ်နိုင်ဆုံးပြေလည်အောင် ကြိုးစားကြည့်ဖို့ အားမာန်တွေဖြင့် ကူး ထံသို့ သွားခဲ့သည်။ ကျောင်းထဲသို့ ရောက်သောအခါ သူက ကန်တင်းမှနေ၍ ကူးထံ ဖုန်းဆက်လိုက်သည်။

"ကူး ... ကိုယ် ကူးနဲ့တွေ့ချင်တယ်။ မတွေ့ရတာလည်း သုံးရက်လောက် ရှိပြီလေ။ ကူး Class ပြီးတော့မှာ မဟုတ်လား"

"အင်း ... ပြီးတော့မှာ။ ဒါပေမဲ့ ကျောင်းကအပြန်မြို့ထဲ ဝင်စရာ ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ နည်းနည်းတင်းသွားသည်။ သို့သော် အတတ်နိုင်ဆုံး ပြေလည်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ထားသောကြောင့် သူ့စိတ်ကို လျှော့ထားလိုက်ပါသည်။

"ဝင်လေ ရတာပဲ ကူးရဲ့။ ကိုယ်ပါ အဖော်လိုက်ခဲ့ပေးမှာပေါ့"

"ဟင့်အင်း ... အိမ်ကနိုင်းထားတဲ့ကိစ္စပါ။ စူးနှင့် လိုက်လို့ အဆင်မပြေဘူး"

ဒါ ဘာသဘောလဲ။ သူ့ရင်ထဲတွင် မီးညွှန့်လေး တစ်ညွှန့်က ဟုပ်ခနဲ တောက်လာသည်။

"ကဲပါ လိုက်လို့မရရင်လည်း မလိုက်ပါဘူး။ ဒါပေမဲ့ ကိုယ် ကူးနဲ့တော့ တွေ့ချင်ပါသေးတယ်။ ကိုယ် အခု ကန်တင်းမှာ ထိုင်နေတာ ကူး"

သူမထံမှ ရုတ်တရက် အသံငြိမ်သွားသည်။ ပြီးတော့မှ ကျွတ်ခနဲ မြည်သံလား ဘာသံလားတော့ ကွဲကွဲပြားပြား မသိလိုက်ရ။ စကားသံ ထွက်လာသည်။

"ခဏစောင့်နေ လာခဲ့မယ်"

ပြောပြီးတာနဲ့ ကူးက ဖုန်းကိုပိတ်ချသွားလျှင် သူက ပခုံးကို အသာတွန့်မိသည်။ ဆယ့်ငါးမိနစ်ကျော် ကြာသောအခါ သူ့ရှေ့မှောက်သို့ ကူး တကယ်ပဲ ရောက်ချလာပါသည်။ သူသည် မြတ်နိုးရသော ကူးရဲ့မျက်နှာလေးကို ငေးမိသော်လည်း ကူးက သိပ်သာသာယာယာ မရှိလှပါ။ ကော်ဖီတစ်ခွက်ကို ဝတ္တရားကျေမှာရင်း သူ့ကို မျက်လုံးလှန်ကြည့်သည်။



"ကူး နေကောင်းရဲ့လား။ စာမေးပွဲ ဖြေတော့မယ်ဆို။ စာတွေရော ရပြီလား"

"ရပါပြီ၊ စူးနှင့်ရော"

"အင်း ... ကိုယ်ကတော့ ဒီလိုပါပဲ"

ကူးက သူ့အဖြေကို သဘောမကျဟန်ဖြင့် နှာခေါင်းချက်ရှုံ့ကာ ...

"ဘာဒီလိုပါပဲလဲ။ စူးနှင့်တို့ စာတွေဆိုတာ ဘာခက်လို့လဲ။ ကျောင်းမှန်မှန်တက်ပြီး ဖတ်သွားရုံနဲ့တင် အောင်နိုင်တာပဲ။ စာမေးပွဲရော အောင်ပါ့မလား"

"မပြောတတ်ဘူး။ ကျချင် ကျမှာပေါ့"

သူကလည်း စိတ်မရှည်လာတော့သည့် အတူတူအားကို စ,ပြောမိသည်။ ကူးက သူ့ကို မျက်မှောင်တစ်ချက်ကြည့်ကာ ...

"စူးနှင့် စကားကို ဘယ်လိုပြောနေတာလဲ။ ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေမှပေါ့"

"ပြောနေတာပဲလေ။ မှန်တဲ့အတိုင်း ဖြေတာပဲ"

"ကျွတ် ... အဲဒါတွေ ခက်တာပေါ့။ စူးနှင့် လမ်းပျောက်နေပြီ၊ လမ်းလွဲနေပြီဆိုတာရော ကိုယ့်ကိုယ်ကိုယ် သိရဲ့လား။ စူးနှင့် လုပ်တာတွေက တစ်ခုမှ မဟုတ်သေးဘူး။ ကိုယ့်ပညာရေးကိုတောင် လစ်ဟင်းခဲ့ပြီး ဒီဘောလုံးကို crazy ဖြစ်နေတာ လွန်လွန်းတယ် ..."

ပညာတွေ အများကြီး ဆက်ဆည်းပူးဖို့ကို မပြောနဲ့ ဒီရိုးရိုးသာမန်စာမေးပွဲလေးကိုတောင် အောင်,အောင်မဖြေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးဆိုရင် ရွှန်ႏှင့်ကို ကူး ဘယ်လိုအထင်ကြီးရမလဲ။ ဘယ်လို ယုံကြည်ရတော့မလဲ”

“ကူး … အဲဒါတွေ မပြောစမ်းပါနဲ့။ အဲဒီစကားလုံးတွေကို ကိုယ် နားအခါးဆုံးပဲ။ ကိုယ်တို့နှစ်ယောက် အချစ်မှာ အဲဒါတွေက အဓိကကျလို့လား …

အခု အေးစက်ချောက်ချားစ ပြုနေတဲ့ ကူးရဲ့အချစ်တွေအတွက် အဲဒါတွေက အရေးပါနေလို့လား”

“အဲဒါ ခက်တာပေါ့ ရွှန်ႏှင့်။ ရွှန်ႏှင့်က မဟုတ်တာတွေကိုပဲ ရှေ့တန်းတင်လွန်းအားကြီးတယ်။ ဘဝမှာ ဘယ်အရာတွေက အရေးပါတယ် ဆိုတာတော့ မတွေးဘူး …

ခက်တယ် ရွှန်ႏှင့်။ အဲဒါ အခက်ဆုံး ပြဿနာပဲ”

“အေး … ကိုယ်ကလည်း အဲဒီ အခက်ဆုံးပြဿနာကိုပဲ အဖြေရှာချင်နေတာပဲ။ ဒီအခြေအနေအတိုင်း ကိုယ်လည်း မနေချင်ဘူး ကူး။ မင်းနဲ့ ငြိမ်းချမ်းနားလည်စွာ ချစ်ရတဲ့ ဘဝမျိုးကိုပဲ လိုချင်တာ”

“ကူးကရော မလိုချင်ဘဲ ရှိပါ့မလား။ ဒါပေမဲ့ ရွှန်ႏှင့် နေထိုင်ပုံတွေက ဟုတ်မှ မဟုတ်ဘဲ”

“ဟာ … ကိုယ်က ဘယ်လိုတွေများ နေနေလို့လဲ။ ကိုယ် အရက်သမားလား၊ ဆေးရှူနေလို့လား၊ မိန်းမလိုက်စားနေလား၊ မင်းအပေါ်မှာ သစ္စာမဲ့နေလား၊ လူ့ဘောင်လူ့ကျင့်ဝတ်က ချမှတ်ထားတဲ့ ဘာစည်းကမ်းတွေကို ဖောက်ဖျက်ထားလဲ။ ကိုယ်ကျင့်တရား ပျက်ယွင်းနေတဲ့ ကောင်လား။ ကဲ … ပြော၊ အဲဒါတွေနဲ့ ဘာငြိလဲ ကူး”



“ဒါကတော့ ရွှန်ႏှင့် တစ်ယောက်တည်းတင် ထူးပြီးကောင်းနေတဲ့ အရာတွေမို့လို့လား”

အဲဒီစကားသည် သူ့ရဲ့ဖန်သားဆန်ဆန် နှလုံးသားကို သံမံတလင်းပေါ်သို့ ပစ်ချခွဲလိုက်သလိုပဲ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားသည်။ နင်သွားသောကြောင့် ရုတ်တရက် ဘာမှပြန်မပြောနိုင်ချေ။ ကူးကို စိုက်ကြည့်နေမိသော အကြည့်များကို ကူးသာ ဖတ်တတ်ခဲ့မည် ဆိုပါက ကြေကွဲနာကျင်နေသော သူ့ရင်တွင်းကို လှမ်း၍မြင်နိုင်ပါလိမ့်မည်။ သို့သော် ကူးက မြင်အောင် ကြိုးစားမည်လည်း မဟုတ်ပါ။ ငြိမ်သက်စွာ ပေါက်ကွဲနေတုန်း အခြေအနေမှာပဲ ကူးရဲ့ဖုန်းက ရုတ်တရက် ထမြည်လာသည်။

ကူးက ဖုန်းကို ချက်ချင်းဖွင့်ကိုင်သည်။ မမိုတ်မသုန် အကဲခတ်နေသော သူ့အတွက်တော့ ကူးရဲ့မျက်နှာအပြောင်းအလဲကို မှတ်ချက်ချခွင့် ရနေသည်။ တင်းမာနေသော ကူးရဲ့မျက်နှာသည် ဖုန်းထူးသောအခါ တင်းမာမှုတို့ လျော့နည်းသွားသည်။

“ဟယ်လို … ဟုတ် … အင်း … ရတယ် ကူးပဲ လာခဲ့မယ်။ မဟုတ်ဘူး ကူးပဲ လာခဲ့လိုက်မယ်၊ အင်းပါ၊ အင်း … ဒါပဲနော်”

ကူးက ဖုန်းကိုပိတ်ကာ သူမ သွားတော့မည် ဆိုသော အကြောင်းအရာကို မျက်လုံးနဲ့ တစ်ချက်သာကြည့်လျက်ရှိရာမှ ထရပ်သည်။ အဲဒီအပြုအမူ ပုံစံကြောင့် သူ့ရင်ထဲတင်းသွားကာ …

“ဒါက ဘယ်ကိုလဲ ကူး”

“အပြင်သွားစရာရှိတယ်၊ သွားတော့မယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နဲ့ စကားပြောနေတာ မပြီးသေးဘူးလေ"

"ဘာဆက်ပြောစရာ ရှိသေးလို့လဲ စူးနင့်။ ဆက်ပြော ရင် ပိုဆိုးရုံပဲ ရှိမှာပေါ့"

"အိုကေ ... ဆက်မပြောဘူး။ ဒါပေမဲ့ ကိုယ် ကူးနဲ့လိုက် ခဲ့မယ်"

"အဓိပ္ပာယ်မရှိတာ စူးနင့်"

သူမက မျက်မှောင်ကြုတ်ကာ အလိုမကျဟန်ဖြင့် ဆိုပြီး ချာခနဲ လှည့်ထွက်ဖို့ပြင်လျှင် သူက ကူးရဲ့လက်တစ်ဖက် ကို ဖျတ်ခနဲ လှမ်းဆွဲထားလိုက်သည်။ သူ့ကို လှည့်ကြည့်လာသော ကူးရဲ့အကြည့်များက စူးရဲပြီး ခက်ထန်နေကြသည်။ အစဉ်သဖြင့် နူးညံ့ခဲ့သော မျက်ဝန်းများသည် အရောင်ပြောင်းသွားခဲ့သဖြင့် သူ ပို၍နာကျင်ခံစားရပါသည်။

"မင်း သွားမှာ ဘယ်နေရာမျိုးမို့လို့ ကိုယ့်ကိုမခေါ်ရဲရတာ လဲ"

"ရှင် တကယ်ကို ဂျပိုးဆန်လာပြီကိုး"

အဲဒီအပြောသည် သူ့မျက်နှာကို လည်ထွက်အောင် ရိုက်ပစ်လိုက်သလိုပဲမို့ ရုတ်တရက် ဘာစကားမှ ပြန်မပြောနိုင် အောင် ဖြစ်သွားသည်။ ကူးသည် အဲဒါကို အခွင့်ကောင်းယူကာ သူ့လက်ကို ဆောင့်ရုန်းလျက် ချာခနဲ လှည့်ထွက်သွားလေသည်။ သူ့ရဲ့လက်တစ်ဖက်ဟာ လေထဲမှာ တန်းလန်းကျန်ရစ်ခဲ့သည်။ သူသည် အံကို တင်းတင်းကြိတ်ကာ ဆိုင်ခုံမှာ အရုပ်ကြိုးပြတ် ပစ်ထိုင်မိသည်။ မျက်လုံးကို တင်းတင်းမှိတ်ကာ၊ နှုတ်ခမ်းကိုစိ ကိုက်ထားမိပြီး အသက်ကို ပြင်းပြင်းရှူနေရသော သူ့အခြေအနေ



သည် နှလုံးရောဂါသာရှိပါက နေရာမှာတင် သေသွားနိုင်လောက် သည့် ခံစားမှုမျိုးဖြစ်သည်။

အဲဒီအချိန်မှာပဲ သူ့ပခုံးပေါ်သို့ လက်တစ်ဖက်က နူးညံ့ညင်သာစွာ ကျရောက်လို့ လာခဲ့တာဖြစ်သည်။ အဲဒီအထိ အတွေ့သည် သတိလစ်နေသောသူကို ရေနဲ့တောက်နှိုးလိုက်သလို သူ့အား ဆတ်ခနဲ ဖြစ်သွားစေသည်။ ဖျတ်ခနဲ သူလှည့်ကြည့် လိုက်လျှင် သူ့ကို နူးညံ့သော မျက်ဝန်းများဖြင့် ကြည့်နေသော သိုက်ကို တွေ့မြင်လိုက်ရသည်။ သိုက်ကိုရဲ့မျက်ဝန်းတွေသည် ခါတိုင်း ထက်ပိုပြီး နွေးထွေးနေသည်။ ပြီးတော့ တောက်ပနေသည်။ နှုတ်ခမ်းမှာ အပြုံးအနည်းငယ်သာ ရှိသော်လည်း အားအင်တွေ အပြည့်ပါသည့် အပြုံးမျိုးဖြစ်သည်။ အဲဒီနှုတ်ခမ်းသည် အနည်း ငယ်မျှ ပွင့်လာကာ ...

"အားတင်းထားပါဦး စူးနင့်"

ထိုစကားသည် သေအံ့ဆဲဆဲ လူတစ်ယောက်ရဲ့ နှုတ်ခမ်းဝသို့ ရေစက်လေးတစ်စက် ချပေးလိုက်သလိုပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကူး မသောက်ဘဲ ကျန်ခဲ့သည့် ကော်ဖီခွက်ကို စိုက်ကြည့်နေမိသည်။ အဲဒီကော်ဖီခွက်ကို ညိုကိုက ရုတ်တရက် ကောက်မော့လိုက်သောအခါ ညိုကို့ကို အထိတ်တလန့် မော့ကြည့်လိုက်မိသည်။ ညိုကိုက ကော်ဖီခွက်ကို ကိုင်ထားရင်းမှ လက်ကထောင်ပြကာ ...

"မသောက်ရသေးတဲ့ အသစ်ကြီး မဟုတ်လား။ နှမြောစရာ"

"အသစ်မှာသောက်ပါ ညိုကိုရယ်"

"ဟင့်အင်း ... ဘာလို့မှာမှာလဲ။ ဒါလည်း အကောင်းပဲဟာ။ အကောင်းသက်သက် အရာတစ်ခုကို ဒီအတိုင်းထားပစ်ခဲ့တာ သူ့တန်ဖိုးကို နားမလည်ရာ ရောက်ပါတယ်_

တန်ဖိုးရှိတယ်ဆိုတာကလည်း တန်ဖိုးသိတဲ့ လူတွေအတွက်သာ တန်ဖိုးရှိတာပါ"

"ဒီနေ့တော့ ညိုကို့ဒိုင်တွေကို နားထောင်ရတော့မယ်နဲ့ တူပါတယ်"

"ဟင့်အင်း ... ဒိုင်တွေ မဖွင့်ပါဘူး။ အာရုံမကြည်တဲ့ လူတစ်ယောက်ကို ဒိုင်အပြင်းစားတွေ သွားထည့်ရင် ပွမ်းသွားမှာပေါ့ ...



ဒီအချိန်မှာ လိုအပ်နေတာက တောင်စဉ်ရေမရစကားတွေ လျှောက်ပြောနေဖို့ပဲ"

သူက ညိုကို့ကို နွမ်းလျစွာ ကြည့်မိကာ ...

"ညိုကို အစအဆုံး မြင်နေခဲ့လား"

"အင်း ... ရှုးနင့် ထိုင်ပြီး ခဏနေတော့ ညိုကို ရောက်တာပဲ။ ခေါ်မလို့လုပ်တုန်းမှာ ရှုးနင့် ဖုန်းဆက်နေတာမြင်တော့ ရှုးနင့် ကောင်မလေး ရောက်လာမယ် ထင်တာနဲ့ ထ,မနှုတ်ဆက်တော့တာ"

သူမက ဖြစ်စဉ်ကိုပဲပြောပြီး ဆက်မမေးတော့ပါ။ သူက သက်ပြင်းတစ်ချက်ကို ရှိုက်ကာ ...

"အဆင်မပြေပါဘူး ညိုကိုရယ်။ သူနဲ့မတွေ့ဖြစ်တဲ့ သုံးရက်လောက်အတွင်းမှာ ကိုယ့်စိတ်တွေကို တည်တည်ငြိမ်ငြိမ်ထားပြီး သူ့ကို အကောင်းဘက်က တွေးမြင်ထားပြီး အပြေလည်ဆုံး ဆက်ဆံဖို့ ကြိုးစားခဲ့တယ် ...

ဒါပေမဲ့ ကိုယ် ဘယ်လိုပဲ ကြိုးစား ကြိုးစား အခြေအနေက အဆိုးဘက်ကိုပဲ ဦးတည်နေတယ်။ ကိုယ့်ကို သူလုံးဝဂရုမစိုက်တော့ဘူး။ စိမ်းကားတဲ့ နိမိတ်တွေ ပြနေပြီ။ ကိုယ် တစ်ခုခုကို သိနေသလိုပဲ ညိုကို"

သူမက သူ့ကို နားလည်စာနာသလို ကြည့်ကာ ခေါင်းတစ်ချက် ညိတ်ပြသည်။

"သိပ်လည်း စိတ်ဓာတ်မကျပါနဲ့လေ။ အချစ်ရေးဆိုတာ ဖြောင့်ဖြူးသာယာတဲ့အဖြစ်က နည်းပါတယ်။ နောက်ဆော့လည်း အဆင်ပြေသွားတဲ့ ဖြစ်ရပ်တွေ အများကြီး ရှိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော့ မထင်ပါဘူးကွာ"

"မထင်ရင်လည်း အဆိုးဆုံးကိုမျှော်လင့်ထားပေါ့ စူးနင့်ရယ်"

"ဟား ... ညိုကိုကကွာ"

"ဟုတ်တယ်လေ၊ ညိုကိုက သူများသမီးရည်းစားစုံတွဲထဲ ဝင်ပြီး ဘယ်သူကမှန်တယ်၊ ဘယ်သူက မှားတယ်လို့ ဖန်ချက် မပေးချင်ပါဘူး။ ပြီးတော့ တစ်ဖက်က မိန်း လေးဖြစ်နေတော့ ပိုဆိုးတယ်။ မကောင်းဘူးလေ ...

ဒါပေမဲ့ ညိုကို့စိတ်ကိုလည်း စူးနင့် ရိပ်ဖမ်းသိ တော့ သိမှာပါ။ ညိုကိုက အိညှက်ညှက်လည်း အားမ တတ်ဘူး။ တစ်ခုခုကို ပြတ်ပြတ်သားသားပဲ။ Do or Die ပဲ။ သေမလား ရှင်မလား တစ်ခုခုကိုပဲ ရွေးမယ် ...

မသေမရှင် ဆန့်တငံ့ငံ့နဲ့ ဝေဒနာမျိုးကိုတော့ စားလိုဘူး။ သေရင်လည်း ဘာမှမသိတော့တဲ့ ငြိမ်းချမ်း မျိုးပဲ၊ ရှင်မယ်ဆိုရင်လည်း စိတ်ညစ်စရာတွေကို လက် မထားတတ်ဘဲ လူဖြစ်ရကျိုးနပ်တဲ့ ဘဝမျိုးကိုပဲ ပိုင်ဆိုင် ချင်တယ် ...

သူများကြောင့် ကိုယ် စိတ်ညစ်နေရတဲ့ ဘဝမျိုး မလိုလားဘူး။ လက်မခံဘူး။ တစ်နည်းဆိုသော် အရှုံးမပေး ဘူးပေါ့"

သူ့မှာ ညိုကို၏ ရဲရဲတောက် စကားများကြောင့် ချစ်ရတာတောင် သိမ်ငယ်သလို ခံစားလာရသည်။ အဲဒီစကား ကိုတော့ အပြည့်အဝ ထောက်မခံလိုပေ။ သူမက အချစ်ကို မ ဖူးသောကြောင့်သာ ဒီလိုပြောသည်ဟု ထင်သည်။



"ညိုကို့ စကားတွေက နည်းနည်းတော့ ပြင်းထန်သလိုပဲ ကွာ။ ဒါကတော့ ညိုကို မချစ်ဘူးသေးလို့ပါ။ လူတစ်ယောက် ကို တကယ်ချစ်လာပြီဆိုရင် ရှုံးတာတွေ၊ နိုင်တာတွေ၊ ဘယ်သူမှ မတွက်ကြတော့ဘူး။ ချစ်ကောင်း သီချင်းထဲ ကလို အားလုံး အချစ်နဲ့အတွေ့မှာ ဒူးထောက်ကြရတာပဲ"

"ဒူးထောက်လေ ... ရပါတယ်။ ကိုယ်က ကျေကျေနပ်နပ် ကြီး ထောက်ပေးလိုက်ရင် ပြဿနာမရှိပါဘူး။ ကိုယ်ကြိုက် လို့ ကိုယ်လုပ်တာ ...

အခု စူးနင့်က လက်ရှိအဖြစ်အပျက်ကို ကျေနပ်နေ လို့လား"

အဲဒီမေးခွန်းကိုတော့ သူ မဖြေနိုင်ချေ။ ညိုကိုက သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ပြီး နားလည်စွာပြုံး ပြသည်။ မဖြေနိုင်တာကို နားလည်ပါတယ် ဟူသော သဘော။

"အချစ်ဆိုတာ ဘာလဲ စူးနင့် သိလား"

"အစကတော့ သိသလိုလိုပဲ၊ ခုတော့ မသိတော့ဘူး"

"Right ! အဲဒါ တကယ့်အဖြေမှန်ပဲ။ အချစ်ဆိုတာကို အားလုံးက သိတယ်လို့ ထင်နေတဲ့ အနေအထားမှာပဲ ရှိ တယ်။ ရေရေရာရာ ဘယ်သူမှ မသိကြပါဘူး ...

ဘာလို့လဲဆိုတော့ အရမ်း လျှို့ဝှက်နက်ရှိုင်းလို့ပေါ့။ တစ်ခါတစ်ရံမှာ သီအိုရီအတိုင်း ဖြစ်တတ်သလို တစ်ခါ တစ်ရံကျတော့လည်း သီအိုရီတွေနဲ့ လွဲသွားတတ်တယ် ...

သိပ် နားလည်ရခက်တဲ့ အရာတစ်ခုပါ ...

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူကတော့ဖြင့် မချစ်ဘူးသေးလို့ မခံစား တတ်ပါဘူးလို့တော့ မထင်လေနဲ့၊ ဒါဟာ normally အားဖြင့်တော့ မှန်ရင်မှန်မယ်။ ခြွင်းချက်မရှိတော့ မမှန် နိုင်ဘူး။ တချို့က ပင်ကိုစာတ်ခံ ခံစားမှုအား အရမ်းကောင်း တဲ့လူ ရှိတယ်။ အဲဒီလိုလူမျိုးတွေဟာ တစ်ခါလောက်ချစ် ဖူးတာနဲ့တင် အချစ်အကြောင်း တော်တော်နားလည်သွား တာတွေ ရှိတယ်။ နောက်ထပ် အချစ်တစ်ခုကိုလည်း လွယ်လွယ် မမွေးဖွားတတ်ဘူး ...

တချို့ကျတော့ ခဏ,ခဏချစ်တတ်ကြတယ်။ ချစ် ဘတ်သလောက်လည်း အချစ်မမြဲပြန်ဘူး။ ဒါပေမဲ့ အခုနက တစ်ခါလောက်ချစ်တတ်ထားတဲ့သူလောက် အချစ်အကြောင်း ကို နားမလည်ဘူး။ ရေသာများ၍ ငါးမတွေ့ဖြစ်နေတယ်"

သူက စိတ်ညစ်သည့်ကြားမှ ညိုကိုရဲ့စကားကို ...မဲ့နဲ့ ရယ်ရသေးသည်။

"အဲဒီစကားပုံက တစ်ဝက်တစ်ပျက်ကြီး ဖြစ်နေတယ်လေ။ ရှေ့မှာ ကျန်သေးတယ် မဟုတ်လား။ ချောင်းကိုပစ်၍ မြစ်ကိုရှာ ရေသာများ၍ ငါးမတွေ့ မဟုတ်ဘူးလား —

တချို့က ချောင်းကိုမပစ်ချင်ဘဲနဲ့ ပစ်ရတာဝါ။ တမင်ပစ်တာတော့ ဘယ်ဟုတ်မလဲ"

"ချောင်းကောသွားလို့ပေါ့လေ"

သူမရဲ့မျက်စချီမေးသော အမေးကို သူ့မှာ ဟက် ခနဲ ရယ်မိသေးသည်။ သို့သော် မသက်မသာ ရယ်ဟန်နဲ့မို့ သူမ က မျက်မှောင်ကုတ်ကြည့်ကာ ...



"ရယ်တာတောင် စိတ်ရှိလက်ရှိ မရယ်နိုင်တဲ့ ဘဝပါလား။ သနားစရာ !"

"မဟုတ်ပါဘူးကွာ။ စိတ်ရှိလက်ရှိ ရယ်ချင်ပါတယ်။ ရယ်မဖြစ်တဲ့ ဘဝမို့ပါ ညိုကို တစ်ခုလောက် ခန့်မှန်းပေး စမ်းပါ။ ကိုယ်တို့ ဘာဆက်ဖြစ်သွားမယ်လို့ ထင်လဲဟင်"

သူမ မျက်နှာတွင် တည်ငြိမ်သော အရိပ်တစ်ခု ဖြတ်ပြေးသွားသည်။ ပြီးတော့ တစ်နေရာကို စူးစိုက်ကြည့်ကာ...

"ဘာဆက်ဖြစ်သွားမယ်ဆိုတာ သိပ်မကြာခင် သိရတော့ မှာပါ"

"ဘယ်လိုလဲ ညိုကို။ အဲဒါ ဘာကိုဆိုလိုတာလဲ"

"ဘာကို ဆိုလိုတယ်ဆိုတာ သဘောမပေါက်တဲ့အထိတော့ စူးနင့် မညံ့ဘူး ထင်တာပဲ။ စူးနင့်တို့ ဖြစ်နေတဲ့ ပဋိပက္ခ တွေဆိုတာ ဒီအတိုင်း တန့်နေမှာမှ မဟုတ်တာ ...

အဆုံးသတ်တစ်ခုဆိုတာ ရှိလာမှာပဲ။ အဲဒီ အဆုံး သတ်ဆိုတာလည်း သိပ်ကြာတော့မှာမှ မဟုတ်တာ။ ဒါကို စူးနင့်လည်း သိမှာပါ"

သူ တစ်ချက် ငြိမ်သက်သွားသည်။ ညိုကို၏ စကား ...မှာ အမှန်တရားတွေမို့ သူ့အတွက် ခါးသီးလွန်းသော်လည်း ...ရင်ထဲက နှစ်နှစ်ကာကာကို လက်ခံမိသည်။ လက်ခံမိသော ...ကြောင့် သူသည် ကြက်ကြီးကို လည်လိမ်ထားသလိုဖြင့် မ...နိုင် ...ယ်နိုင် ဖြစ်လို့နေသည်။

ညိုကိုက သူ့ပုံစံကို တစ်ချက်စိုက်ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘယ်လိုလုပ်မှာလဲ။ ဒီအတိုင်းပဲ ငုတ်တုတ်မေ့ မှာလား၊ ဒါမှမဟုတ် လမ်းထလျှောက်မှာလား"

သူမက ဘာအထာနဲ့ မေးမှန်းလည်း မသိပါ။ သို့သော် ဒီနေရာမှာ သူ ကြာကြာဆက်မနေချင်တော့တာ သေ ချာသည်။ ဒါကြောင့် ပြန်ဖို့နှုတ်ဆက်လိုက်ကာ မတ်တတ်ထရပ် လိုက်သည်။ သူမကလည်း ပြန်ဖို့အတွက် မတ်တတ်ထရပ်ပါသည်။ အဲဒီနောက် ကျောင်းပေါက်ဝသို့ အတူလျှောက်လာကြရင်း သူမက သူ့ကို တစ်ချက်ငဲ့ကြည့်ကာ ...

"ရှူးနင့် ... ဟိုတစ်နေ့က ညိုကို ပြောတဲ့စာအုပ် ဝယ်ပြီး ပြီလား"

"မဝယ်ရသေးဘူး။ City mart ရောက်လို့ မေးကြည့်တော့ ကုန်နေတယ်လို့ ပြောတယ်။ စာအုပ်တန်းမှာမှ ရှိမယ်နဲ့ တူတယ်"

"**Right**! စာပေလောကမှာ ရှိတယ်။ ပန်းဆိုးတန်းအထက် က စာပေလောကကို ရောက်ပြီးပြီလား။ 1st floor မှာ ရှ ထားတာလေ။ မိုက်တယ်"

"အင်း ... မရောက်သေးဘူး။ ဖွင့်ထားတာ သိပ်မကြာသေး ဘူးနဲ့ တူတယ်"

"ဟုတ်ပါ့ တစ်လလောက်ပဲ ရှိသေးတယ်။ အခု ညိုတို့ အဲဒီကို သွားမှာ။ ဝယ်လာခဲ့ပေးရမလား။ ဖတ်ချင်စိတ် ရော ရှိရဲ့လား။ အင်းလေ ... ခုလောလောဆယ် မဖတ် တောင် နောက်ကျတော့လည်း ဖတ်လို့ရတာပဲ"



"ဖတ်မှာပါ ... ဖတ်မှာ။ အဲဒီ စာပေလောကကို သွားမှာ လား။ ကိုယ်လည်း လိုက်ခဲ့လို့ ရမလား"

သူမက သူ့ကို ဖျတ်ခနဲပြုံးပြီး 'လှည့်ကြည့်ကာ "သိပ်ရတာပေါ့"ဟုဆိုသည်။ အဲဒီနောက် သူတို့နှစ်ယောက်သည် ဘတ်စ်မှတ်တိုင်သို့ လမ်းလျှောက်လာကြသည်။ ညနေသုံးနာရီ ကျော်လောက်မို့ ဘတ်စ်ကားတွေက ချောင်နေသည်။ ကားပေါ်တွင် သူရော သူမရော့ပါ ခုံရပါသည်။ သို့သော် သူက ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက်ကို နေရာပေးလိုက်သည်။ အဲဒီအဖြစ်အပျက် ကို သူမက မော့ပြုံးပြသည်။ ပြီးတော့ သူ့ကို စကားလှမ်းပြော သည်။

"ရှူးနင့် ... ညိုကို့ ခုံမှာ ဝင်ထိုင်မလား"

"ဘာလို့လဲ၊ ထိုင်ပါ"

"အားနည်းတဲ့လူကို ဦးစားပေးတာပါ"

"ဘာဆိုင်လို့လဲ"

"အသည်းကွဲမယ့်လူဆိုတော့ ကြိုသနားပြီး ဦးစားပေးတဲ့ သဘောပါ"

သူမ ပြောင်စပ်စပ်ဖြင့် လျှာကို ထုတ်ပြရင်း ပြော လျှင် သူ့မှာ စိတ်ဆိုးရအခက်၊ ပြန်ပြောရအခက် ဖြစ်သွားသည်။ သူတို့ အံကြိတ်ပြလိုက်သော်လည်း အဲဒီအပြောကို ခံနိုင်ရည်ရှိ အောင် ဖြစ်နေတာကတော့ နည်းနည်းထူးဆန်းပါသည်။ ဘတ်စ်ကားက မှတ်တိုင်တွေ တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာကာ နောက်ဆုံးတော့ မြို့ထဲသို့ ရောက်လာသည်။ မှတ်တိုင်ရောက် လျှင် သူတို့နှစ်ယောက်လုံး ဆင်းလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းစ ရောက်ပြီမို့ မြို့လယ်ကောင်ရှိခင်းသည် လူရောင်စုံပင်လယ်လှိုင်းကြီးပမာ တလိမ့်ပြီးတစ်လိမ့် လိမ့်လျှက်ရှိသည်။ သူမက မြို့ပြရေစီးထဲမှာ အသားကျနေသူပမာ လူရောင်စုံတွေကို တစ်ချက်ငေးမောရင်းမှ သူ့ကို လှည့်ပြုံးပြသည်။ မှတ်တိုင်က တစ်မှတ်တိုင် ကျော်ရပ်ထားသည်မို့ စာပေလောကရှိရာသို့ သူတို့မှာ နောက်ရင်း ပြန်လျှောက်လာကြသည်။

"ညိုကို မြို့ထဲကို ဒီလိုပဲ တစ်ယောက်တည်း လျှောက်လိမ့်နေကြလား"

"အင်းပေါ့။ ဘာ့ယ်လောက်မိုက်လဲ"

"ဟုတ်တယ်နော်။ မင်းကို တွေ့လိုက်ရင် တစ်ယောက်တည်းပဲ။ ရှော့ပင်းသွားတာကို တစ်ယောက်တည်း သွားတာ ဝါသနာပါတယ်နဲ့တူတယ်"

"နိုးပါ။ ရှော့ပင်း ဝါသနာမပါဘူး။ ဒီလိုပဲ မြို့ထဲမှာ လမ်းလျှောက်ရတာကို ကြိုက်တာ။ စာအုပ်တန်းတွေ သွားတယ်။ အင်တာနက်ဆိုင် သွားတယ်။ သင်တန်းတွေ သွားတယ်။ လမ်းဘေးက စားချင်တဲ့မုန့်တွေ လျှောက်ဝယ်စားတယ်"

"အင်း ... ကောင်းပါတယ်"

သူက အဲဒီစကားကို သူမ မျက်နှာကိုကြည့်ပြီး လှည့်ပြောလိုက်တာ ဖြစ်တာကြောင့် တစ်နေရာသို့ စိုက်သွားသည့် သူမရဲ့မျက်လုံးအနေအထားကို တွေ့မြင်လိုက်ရသည်။ အဲဒီနေရာသို့ သူပါ လိုက်ကြည့်မိလျှင် သူမက သူ့ကို ဟန့်တားသည့်



သဘောဖြင့်ခေါ်သည်။ သို့သော် သူမရဲ့အသံမှာ နောက်ကျသွားခဲ့ပြီဖြစ်သည်။ သူ့မျက်လုံးတွေသည် တစ်ဖက်ပလက်ဖောင်းအာကူရာတာဝါထဲမှ ထွက်လာသော ကူးနှင့် လူတစ်ယောက်ကို တွေ့မြင်လိုက်ရ၍ ဖြစ်သည်။

ပထမတော့ သူ ကြောင်နေသေးသည်။ ကြောင်ပြီးကူးနှင့် အဲဒီလူကို ငေးကြည့်နေပြီးမှ သူ့ရင်ထဲတွင် တဖျဉ်းဖျဉ်းဖြစ်လာတာ ဖြစ်သည်။ သူနဲ့တွေ့ခဲ့တုန်းက တစ်နေရာကလာသောဖုန်း၊ သူ လိုက်မယ်ဆိုတော့ လိုက်ခွင့်မပေးခဲ့သူ၊ သူကိုဆက်ဆံခဲ့သော မျက်နှာထား၊ ဂျပိုးဆန်လာပြီဟု ပြောခဲ့သောစကားလုံးများ၊ အားလုံး အားလုံးကို ချက်ချင်းလိုပဲ မြန်ကြားဆောင်လာကာ ရင်ထဲမှာ ဆူဝေလာသည်။ သူသည် ချက်ချင်းပဲလက်ဖောင်းပေါ်မှတစ်ဆင့် လမ်းတစ်ဖက်ကိုကူးဖို့ ဟန်ပြင်လိုက်သည်။ သို့သော် ညိုကိုက သူ့လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲဆွဲထားကာ ...

"မသွားပါနဲ့ ရှူးနင့်"

"ဘာလို့ မသွားရမှာလဲ။ ကိုယ့်ကို ဂျပိုးလို့ ပြောထားတဲ့မိန်းမတစ်ယောက်ရဲ့'ဘေးကကောင်ကရော ဘာကောင်လဲဆိုတာ သွားမကြည့်သင့်ဘူးလား"

"မကြည့်ပါနဲ့ ရှူးနင့်။ ဒီလို သွားလုပ်လို့ ရှင်တို့ပြဿနာက ပြေလည်လာစရာ အကြောင်းမရှိပါဘူး။ ပိုဆိုးသွားလိမ့်မယ်"

"တောက်"

www.burmeseclassic.com

www.burmeseclassic.com



သူက တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်မိသည်။ တစ်ဖက် ပလက်ဖောင်းသို့ အကြည့်ရောက်သွားမိလျှင် ဖြူးရွှင်ရယ်မောစွာဖြင့် ကားတစ်စီးပေါ်သို့ အတူတက်သွားကြသော ကူးတို့ကို တွေ့မြင်လိုက်ရသည်။ သူ့နားထဲတွင် တစ်နေ့ကတင် နော်နော် ပြောခဲ့ဖူးသော free size ဟူသော စကားသံကို ပြန်လည်ကြားယောင်လာသည်။ ကူး သူ့ကို သစ္စာဖောက်ချင်တာနဲ့ပဲ အပြစ်တွေ တမင်သက်သက် ရှာနေတာလား။ ဒါပေမဲ့ ကူးဟာ သူ ဘောလုံးကန်တာကို အရင်တည်းက မကြိုက်ခဲ့သူဖြစ်သည်။ မကြိုက်ခဲ့ရုံသက်သက်နဲ့တော့ အစတည်းက အဖြေပေးခဲ့စရာ အကြောင်းမရှိ။ သူ တကယ်ပဲ ရူးချင်လာပါသည်။

"စိတ်လျှော့လိုက်ပါ စူးနှင်း။ လမ်းဆက်လျှောက်ပါ"

သူမ စကားကလည်း အဓိပ္ပာယ်နှစ်မျိုး ကောက်၍ရသော စကားဖြစ်သည်။ သူသည် အထွေအထူး ဆက်မပြောမိတော့ဘဲ ခေါင်းငိုက်စိုက်ကျကာ လမ်းလျှောက်လာမိသည်။ သူမကလည်း နားလည်ပေးဟန်ဖြင့် စကားမပြောချေ။ စာပေလောကသို့ ရောက်သောအခါ သူက စာအုပ်တွေကို စိတ်မပါတပါဖြင့် လျှောက်ကြည့်မိသည်။ ဆိုင်ကျယ်ကျယ်ထဲမှာ သူရော ညိုကိုရော သည် စိတ်သန်ရာ စာအုပ်များကို ကြည့်ရင်း တစ်နေရာစီရောက်သွားကြသည်။ စာအုပ်တွေ အစုံအလင် တွေ့ရသော်လည်း ဝယ်ချင်စိတ်လည်း မရှိတော့ပါ။ သူ့မျက်လုံးထဲတွင် ကူးနဲ့ဟိုတစ်ယောက်ရဲ့ပုံရိပ်က ထွက်ကိုမထွက်ချေ။ ရင်ထဲက တနုံ့နုံ့ဖြစ်မှုနဲ့ အတူ အရှုံးလိုပ်ခံရလေခြင်း ဟူသော ဒေါသစိတ်များသည် သူ့တစ်ကိုယ်လုံးကို ဖိစီးနှိပ်စက်လို့နေသည်။



ပြီးတော့ ... ဝမ်းနည်းနာကျင်လာမှုများ။ အဲဒါတွေက သူ့ရင်ကို ဒဏ်ရာတွေ ဗလပွဖြစ်လာစေပါသည်။ သူသည် ခါးသီးနာကျင်မှုများ၊ ဒေါသဖြစ်မှုများနဲ့အတူ ခုတစ်ခုမှာ အရုပ်ကြိုးပြတ် ထိုင်ချပစ်လိုက်မိသည်။ ဘယ်လောက်ကြာကြာ ထိုင်နေမိသလဲတော့ မသိပါ။ သူ့ရှေ့သို့ ညိုကို ရောက်လာ၍ အမည်ခေါ်တော့မှပင် မော်ကြည့်ဖြစ်လေသည်။ ညိုကိုက သူ့ကို စာအုပ်ပါသော အိတ်ကို ကမ်းပေးရင်း စာနာစွာ ကြည့်နေသည်။ သူမ မျက်ဝန်းထဲက ကရုဏာရိပ်တွေ၊ နားလည်ပေးမသည့် အရိပ်တွေကို မြင်တွေ့ရသောအခါ သူ ဝမ်းနည်းအားငယ်သွားသည်။

သူ့ချစ်သူ မိန်းကလေးက ရက်စက်စွာ ဥပေက္ခာပြုထားချိန်မှာ သူငယ်ချင်းမိန်းကလေးတစ်ယောက်က သူ့ဘေးမှာ စာနာနားလည်စွာ ရှိနေခြင်းသည် ကံကြမ္မာ၏ လွဲချော်မှုပဲ ဖြစ်ပါတော့သည်။ သူက စာအုပ်အိတ်ကို လှမ်းယူလိုက်ရင်းမှ ...

"ဆောရီး ညိုကို၊ ဘယ်လောက်ကျလဲဟင်"

"ဟင့်အင်း ... လက်ဆောင်ပေးတာပါ"

"အာ ... မဟုတ်တာ။ ကိုယ် နည်းနည်း ဘယ်လိုပြောရမလဲ။ ဟိုဒင်း ... ပိုက်ဆံပေးပါရစေ ညိုကို။ မလုပ်ပါနဲ့"

"စကားတွေ ပြောမနေပါနဲ့တော့ စူးနှင်း။ ဒီအချိန်ဟာ အိမ်ပြန်ပြီး တစ်ယောက်တည်း အခန်းတံခါးပိတ်နေရမယ့် အချိန်ပါ။ ညဘက်ကျမှ သူငယ်ချင်းတွေနဲ့ ဘီယာလေး ဘာလေး သောက်ချင်သောက်ပေါ့ ...

ညိုကိုတို့ ဒီကပဲ လမ်းခွဲကြစို့"

www.burmeseclassic.com

www.burmeseclassic.com



သူက ညိုကို့ကို အသာအယာကြည့်ကာ သင့်ခ်ဖူ ဟု တိုးတိုးပြောမိသည်။ သူမက ခေါင်းတစ်ချက်ညိတ်ပြပြီးလျှင် လှည့်ထွက်သွားဖို့ပြင်သည်။ သို့သော် သူရှိရာဘက်သို့ ပြန်လှည့် လာရင်း ...

"ဆောရီး စူးနင့်"

"ဘာအတွက် ဆောရီးတာလဲ"

"ဪ ... ရှင့်ကို ကားပေါ်မှာတုန်းက နောက်ခဲ့တာလေ။ မရည်ရွယ်ပါဘူး"

"ကိစ္စမရှိပါဘူး။ မင်းနဲ့ လိုက်လာလို့သာ ဒီမြင်ကွင်းကို မြင်တွေ့ရတာပါ။ အားလုံးအတွက် ကျေးဇူးတင်ပါတယ် ညိုကို"

"ညိုကို့ကို တကယ်ကျေးဇူးတင်တယ်ဆိုရင် အရမ်းကြီး အသည်းမကွဲပစ်ပါနဲ့"

သူမက အဲဒီစကားကို ပြောပြောပြီးချင်း ချာခနဲ လှည့်ထွက်သွားလျှင် သူသည် ဘာပြန်ပြောရမှန်း မသိဘဲ ကျန် ရစ်ခဲ့ရသည်။ အဲဒီနောက် အိမ်သို့ ဘယ်လိုပြန်ရောက်ခဲ့မှန်းတောင် မသိပါ။ သူမ ပြောခဲ့သလိုပင် အခန်းတံခါးပိတ်ကာ ခုတင်ပေါ် တွင် မှောက်နေသည်မှာ အကြာကြီးပင်။ ညနေစောင်း သူ့အမေ က ထမင်းစားဖို့ လာခေါ်မှသာ အဲဒီပုံစံက ထဖြစ်သည်။ ထမင်း စားချင်စိတ်လည်း မရှိ။ ရင်ထဲတွင် ဟုန်နေကာ တစ်ခုခုကို ဆွဲ ထုတ်ခံထားရသလို လစ်ဟာဟာကြီး ဖြစ်လို့နေသည်။

အသည်းကတော့ တစ်ခါမှ မကွဲဖူးသေး၍ ဒါဟာ အသည်းကွဲတာလား၊ ရိုးရိုးပဲ ခံစားရတာလား ဆိုတာတော့ သူ



သည်းမသိ။ သူသည် အရမ်းကြီး အသည်းကွဲမပစ်ပါနဲ့ ဆိုသော ညိုကိုရဲ့စကားကို ပြန်ကြားမိသောအခါ ဒီလောက် စိတ်ညစ်နေ သည့်ကြားမှ ပြုံးချင်ချင် ဖြစ်ရသေးသည်။ ဒီတော့မှပဲ သူမဝယ် ပေးလိုက်သည့် စာအုပ် နှစ်အုပ်ကို ဖွင့်ကြည့်မိလျှင် အောင်မြင် သူတို့၏ လေ့ကားထစ်များ စာအုပ်နှင့် အရှင်ဆန္ဒာဓိကာ၏ "အချစ် ကံခေပေမယ့် အနှစ်ကျန်ရစေရမယ်" ဟူသော စာအုပ်နှစ်အုပ်ကို တွေ့ရလေသည်။

သူသည် ခေါင်းစဉ်ကို မြင်တာနဲ့ စာအုပ်ကိုမလှန် ဘဲ မနေနိုင်ပါ။ အချစ်ကံခေဖို့က သေချာသလောက် ရှိနေပြီမို့ အနှစ်သူအတွက် ကောက်ရိုးတစ်မျှင်သည်လည်း အားထားစရာ ပဲ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲတယ်ဆိုတာ
ဘယ်လို အကောင်းစားပစ္စည်းကိုမှ
လိုချင်မက်မောတဲ့စိတ်မျိုး မရှိတော့ဘဲ
မြင်မြင်သမျှ အရာအားလုံးကို
စိတ်ကုန်နေတာပဲ ဖြစ်တယ်။



## ၁၀

ညီကိုပြောခဲ့သော အရမ်းကြီးအသည်းကွဲမပစ်လိုက်ပါနဲ့ ဟူသော စကားမှာ သူ့အတွက် တကယ်ပဲ ရှေ့ပြေးနိမိတ်ဘူးတော့ မပြောတတ်ပါ။ သူနှင့် ကူး နောက်ဆုံးမတွေ့ခင်အချိန်အထိ သူသည် ရင်ထဲမှာ ခံစားရတာတွေကို ကြိတ်မှိတ်ကျိတ် သူတို့ပြဿနာရဲ့အဖြေကို အသည်းအသန် ရှာဖွေခဲ့သည်။ ကူးနဲ့ တွဲနေသောလူဟာ ဘယ်သူလဲ ဆိုတာကိုလည်း တိတိကျကျမှန်းနိုင်ခဲ့သည်။ တကယ်တမ်း သိချင်ပြီဆိုလျှင် ဒီလိုကိစ္စမျိုးကိုလည်း စုံစမ်းဖို့ ဘာမှမခက်ပါ။ ကူးတွဲနေသောလူဟာ မိုးမြင့်တက် ဆိုသူဖြစ်ပြီး သူတို့ထက် သုံးနှစ်ခန့်ကြီးသည်။

မိဘအသိုင်းအဝန်းက ကြွယ်ဝချမ်းသာသည်။ ကိုယ်တိုင်က ဩဇီ(ဩစတေးလျ)မှာ ကျောင်းတက်နေတဲ့သူ၊ နောင်တစ်ချိန်မှာ နိုင်ငံရပ်ခြားရှိ အလုပ်အကိုင် ကြီးကြီးတစ်ခုမှာ ထူးရာခံရှိရှိဖြင့် ဝင်ရောက်လုပ်ကိုင်မည့်သူ၊ တစ်နည်းဆိုသော် အနာဂတ်အတွက် ရည်မှန်းချက်အပြည့်ဖြင့် ကြိုးစားနေသူ စသဖြင့် သူနဲ့စာလျှင် ကူးရဲ့အထင်ကြီးမှုတွေကို အပြတ်အသတ် ရထား

www.burmeseclassic.com

www.burmeseclassic.com



သောသူ ဖြစ်သည်။ သူ့လို သာမန်ညောင်ည ဘောလုံးသမားတစ်ယောက်နှင့် လားလားမျှမဆိုင်။ ဒီတော့ ကူးရဲ့အသိုင်းအဝန်းကလည်း ဒီတစ်ယောက်နဲ့ပဲ သဘောတူသည်။ အားပေးသည်။ ကူးတို့ရဲ့ လက်ရှိအခြေအနေမှာ ဖြစ်နေပြီလား မဖြစ်သေးဘူးလားတော့ အတိအကျမသိ။ ဖြစ်ချင်လည်း ဖြစ်နေနိုင်သည်။ ဒီအကြောင်းအရာတွေကို ကြားမိလျှင် သူသည် ကူးနဲ့မတွေ့လို့မဖြစ်။ စကားမပြောလို့ မဖြစ်တော့ဘူးဆိုတာ နားလည်လိုက်ရသည်။ ဒါကြောင့်ကန်တော်ကြီးထဲမှာတွေ့ဖို့ ချိန်းသောအခါ ကူးက လက်မခံပါ။ ဆွေးနွေးစရာရှိလို့ပါ ဆိုတော့မှ ခဏပဲ အချိန်ရမယ်ဆိုတာကလာသေးသည်။

သူသည် နာကျင်စွာ ရယ်မောမိပါသေးသည်။ ကန်တော်ကြီးထဲသို့ သူ ရောက်သွားတော့ ကူး ရောက်မလာသေးပါ။ ဆောင်းကုန်ပြီမို့ နွေရဲ့နိမိတ်တွေအဖြစ် လေပွေလေရူးတွေကတိုက်ခတ်နေကာ ရွက်ခြောက်တွေက နှလုံးသားရဲ့ပုံရိပ်ကို ကိုယ်စားပြုနေသလိုပင်။ သူ့နှလုံးသားသည် သစ်ကိုင်းမှာ တဲတဲလေးသာ ကျန်ရစ်တော့သည့် သစ်သီးတစ်လုံးလို လှုပ်ယမ်းခါလျက်ရှိနေသည်။ ဘယ်အချိန်မှာ ပြုတ်ကျသွားမလဲဆိုတာ မပြောတတ်။ အဲဒီအချိန်မှာပဲ ကူး ရောက်ရှိလို့လာသည်။ ကူးမျက်နှာသည် အရင်က တွေ့နေကျမျက်နှာနှင့် လုံးဝမတူတော့ပါ။ ဟိုတစ်နေ့က ဆာကူရာတာဝါထဲက ထွက်လာသည့် မျက်နှာမျိုးနဲ့လည်း မတူပါ။

"ဆွေးနွေးစရာရှိတယ်ဆိုတာ ဘာကို ဆွေးနွေးမှာလဲ စူးနှင်း ပြောစရာရှိတာ မြန်မြန်ပြောပါ၊ ကူး အချိန်သိပ်မရဘူး"



"ဘာလို့လဲ၊ မိုးမြင့်ထက်နဲ့တွေ့ဖို့ ချိန်းထားလို့လား"

ကူးရဲ့မျက်လုံးများသည် နေရောင်အောက်မှာ လက်ခနဲ ဖြစ်သွားကာ မျက်ဝန်းနှစ်ဖက်ထဲမှ မြားနှစ်စင်း ခုန်ထွက်လာသလို ခံစားရသည်။ ကြည့်လာသော အကြည့်များမှာ ဂျပိုးစကား ပြောပြန်ပြီလားဟူသော အကြည့်မျိုးဖြစ်သည်။ သို့သော် ထုံပေနာကျင်နေပြီဖြစ်သည့် သူ့နှလုံးသားဟာ မဖြူတော့ပါ။

"စကားကို ယောက်ျားပီပီသသ ပြောပါ စူးနှင်း"

"ယောက်ျားပီပီသသဆိုတာ ဘယ်လိုပြောရမှာလဲ။ ပုဆိုးကို ခါးတောင်းကျိုက်ပြီး ပြောရမှာလား၊ ဒါမှမဟုတ် ဆာကူရာ တာဝါပေါ်က အထပ်နှစ်ဆယ် ကော်ဖီဆိုင်မှာ မြင့်မြင့်မားမား တက်ပြောရမှာလား"

ကူးရဲ့နှုတ်ခမ်းတွေက ပို၍တင်းတင်းစေ့သွားကြသည်။ ပြီးတော့ သူ့ကို ခပ်စိမ်းစိမ်းကြည့်ကာ ...

"နင် ဒီလိုရစ်ဖို့ ခေါ်တာဆိုရင်တော့ ငါ ပြန်တော့မယ်"

သူက အဲဒီအပြောကြောင့် ဟက်ခနဲ ရယ်မိသည်။ နှလုံးသားထဲမှ သွေးတစ်စက ပွက်ခနဲ လောင်မြိုက်သွားသည်ဟု ထင်မိသည်။

"နင်တဲ့လား ကူး။ အဲဒီနာမ်စားဟာ ဘာအဓိပ္ပာယ်ကိုဆောင်လဲ။ မင်း ကိုယ့်ကို မချစ်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်လား"

"နင်က အချစ်ကို သိပ်ရှေ့တန်းတင်တာပဲ စူးနှင်း။ တကယ့်တကယ်တမ်း ဘဝတစ်ခုကို မြင့်မားအောင် တည်ဆောက်တဲ့နေရာမှာ အချစ်ဆိုတာ ဘာမှအရေးမပါဘူးဆိုတာ နင်မှ နားမလည်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ နားမလည်ဘူး။ အချစ်တွေ ဘဝ ထက်ကို မင်းကို ပိုပြီးနားမလည်ဆုံးပဲ။ မင်း ဘာဖြစ် ကိုယ့်ကို ရက်စက်ချင်ရတာလဲ ကူး ...

ငါ့ကိုရက်စက်ဖို့ မင်းနှလုံးသားက ဘာကြောင့် လက်ခံလိုက်ရတာလဲ။ ငါနဲ့ပတ်သက်လာရင် မင်းနှလုံး သားက အဲဒီလောက်တောင် မာကျောသွားခဲ့ပြီလား"

"အဲဒီစကားလုံးတွေက ဝတ္ထုတွေထဲမှာပဲ ပြောဖို့ကောင်း စကားတွေပါ စူးနှင့်။ ကိုယ့်ရည်ရွယ်ချက်၊ ရည်မှန်းချက် အတိုင်း အကောင်အထည်ဖော်ဖို့ ကြိုးစားတဲ့နေရာ ဘယ်သူက ဘယ်သူ့ကို ရက်စက်သွားတယ်ဆိုတဲ့ သ မှတ်ချက်တွေ မလိုပါဘူး ...

စူးနှင့်လည်း စူးနှင့် ရည်မှန်းချက်အတိုင်း အကောင် အထည်ဖော်ဖို့ ကြိုးစားနေတာပဲ မဟုတ်လား။ အဲဒါ ကူး မတားဘူး။ စူးနှင့် Right ပဲလေ။ ဒီလိုပဲ ကူးလည်း ကိုယ့်ရည်ရွယ်ချက်အတိုင်း အကောင်အထည်ပေါ်လာ ကြိုးစားခွင့်ရှိတယ်။ ကူးလျှောက်မယ့်လမ်း၊ သုံးမယ့် method ကို ကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ခွင့်ရှိတယ်"

"တော်လ်ကီတွေက လတ်ပါတယ်။ ဒါပေမဲ့ လိုရာကို မပြောပါနဲ့ ကူး။ ရည်ရွယ်ချက်တွေ မတူဘူးဆိုတာ အစ တည်းက သိခဲ့ကြသားပဲ၊ အခုမှ အဲဒါကို ခေါင်းစဉ်မလွှဲပါနဲ့"

"ခေါင်းစဉ်လွှဲနေတာ မဟုတ်ဘူး။ အဖြစ်မှန်အတိုင်း ပြောပြနေတာ။ အမှန်တရားကို စူးနှင့် ဘာကြောင့်လက် မခံရတာလဲ"



"ဘာအမှန်တရားလဲ။ မင်း two timing ရိုက်နေတဲ့ အမှန် တရားကိုလား"

သူ့အပြောကြောင့် ကူးမျက်နှာမှာ ရဲခနဲ ဖြစ်သွား သည်။ အံကို တင်းတင်းကြိတ်လိုက်ပြီးနောက် သူ့ကို မျက်လုံး များ မေးစင်းကြည့်လိုက်ပုံမှာ အပြီးသတ်ချေမှုန်းလိုက်တော့မည့် ပုံစံလိုပဲဖြစ်သည်။

"နင် ငါ့ကို မစော်ကားနဲ့ စူးနှင့်။ ငါ အဲလိုမိန်းမစားမျိုး မဟုတ်ဘူး"

"ဒါဆိုရင် မင်း အဲဒီကောင်နဲ့ တွဲနေတာ ဘာသဘောလဲ"

"ဒါဟာ ငါ့ personal ပါ။ နင် သိစရာ မလိုဘူး"

"ဟ ... ဘာလို့ မလိုရမှာလဲ။ ငါက မင်းချစ်သူ မဟုတ် ဘူးလား။ မင်းရဲ့လက်ရှိချစ်သူလေ၊ မင်း တခြားတစ်ယောက် နဲ့ တွဲနေတာ ငါက သိခွင့်မရှိဘူးလား ...

ငါရော အဲဒီကောင်ရော တစ်ပြိုင်နက် မင်း ပတ်သက် နေတာ၊ အဲဒါ two timing ရိုက်နေတာ မဟုတ်ဘူးလား"

"တော်ပြီ စူးနှင့်၊ ဆက်မပြောနဲ့တော့။ ဒီအကြောင်းကို ဆက်ပြောနေလို့ ဘာမှအကြောင်းမထူးဘူး"

"အကြောင်းမထူးလို့ မရဘူးလေ။ ဒီအခြေအနေကြီးကို ငါ လက်မခံနိုင်ဘူး ကူး။ မင်း တစ်ခုခုကို ပြတ်ပြတ်သား သား ဆုံးဖြတ်ရမှာပေါ့။ မင်းတွဲနေတာ နွားတွေမဟုတ်ဘူး"

ကူးက သူ့ကို အခဲမကျေနိုင်ယ်ပါသော အကြည့်မျိုးဖြင့် ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာဖြစ်ချင်တယ်ဆိုတာ နင် သိနေပြီပဲ စုးနင့်"

သူ့ရင်ထဲတွင် မျက်ခနဲ ဖြစ်သွားသည်။ ဒီလိုအ
အနေမျိုးကို မျှော်လင့်ထားပြီး ဖြစ်သော်လည်း ဒီလောက်မြန်
လိမ့်မည်တော့ မထင်ပါ။ နောက်ဆုံးမျှော်လင့်ချက်ဖြင့် အခြေအ
က တစ်မျိုးများ ပြောင်းလဲသွားမလားဟူသော ဆန္ဒတစ်စုံတ
က ရင်ထဲမှာ တိတ်တဆိတ် ငြိတွယ်နေသေးသည်။ သူသည်
ဘတ်ကို တင်းပုတ်ကြီးနဲ့ အထုခံလိုက်ရသူလို ဆို့နင်နာကျင်
ရုတ်တရက် ဘာပြန်ပြောရမှန်း မသိပါ။

"ကူး ... မင်း ဆိုလိုချင်တာက ..."

"ဟုတ်တယ်လေ။ ငါ two timing ရိုက်နေတာ မဟု
ဘူးဆိုတာ နင့်ကို သက်သေပြတာပါ ...

တစ်ခုတော့ ပြောခဲ့ပါရစေ စုးနင့်။ နင့်ကို
တကယ်ချစ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါဟာ အချစ်သက်သ
ပဲ။ အချစ်ဆိုတာ လျှောက်လှမ်းရတဲ့ ဘဝခရီးလမ်း
အများကြီး ထပ်တွေ့နိုင်တယ်။ ဘဝဆိုတာတော့ တ
တည်းပဲ ...

ငါက အချစ်နဲ့ဘဝကို တစ်ထပ်တည်း ကျချင်
သူပါ။ ဒါကြောင့် တစ်ထပ်တည်း မကျနိုင်ဘူးလို့ ထင်
တဲ့ အချစ်မျိုးကို တစ်နေရာမှာ ထားခဲ့လိုက်တာပဲ။ ငါ
နားလည်ပါလို့ မတောင်းဆိုချင်ပါဘူး။ ကဲ ... ဒီလော
ဆို အားလုံး ရှင်းသွားပြီလို့ ထင်တယ်။ ငါ သွားတော့
မယ် ... ဘိုင့်ဘိုင်"



ကူးက သူ့ကို နောက်ဆုံးနှုတ်ဆက်သလိုဖြင့် တစ်ချက်ကြည့်ကာ ချာခနဲ လှည့်ထွက်သွားသည်။ လှမ်းခေါ်မည့်ဟန်ပြုသော သူ့နှုတ်ခမ်းတွေကို ဦးနှောက်က ခွင့်မပြုပါ။ ဘာတဲ့လဲ၊ သူတို့ အပြီးအပိုင် လမ်းခွဲသွားပြီတဲ့ပေါ့။ သူ မယုံချင်သေးပါ။ သို့သော် အခြေအနေက ဒီအတိုင်းပဲ ဖြစ်ခဲ့ပြီ။ ကူး ပြောသွားခဲ့သော စကားတွေက ရှင်းရှင်းလေးပင်။ တကယ်ချစ်ခဲ့တယ်၊ ဒါပေမဲ့ ကိုယ့်အတွက် အသုံးမဝင်သော အချစ်မို့ လမ်းခုလတ် တစ်နေရာမှာ ထားခဲ့တယ်။

ကိုင်းဖျားမှာ တဲတဲလေး ကျန်တော့သော သူ့နှလုံးသားသည် အောက်သို့ပြုတ်ကျကာ တစ်စစီ ပဲ့ရွဲ့ထွက် စုတ်ပြတ်သတ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုတော် ဖြိုးကြီး ဆိုထားသော ဘယ်သူကယ်နိုင်မလဲ xxx အသည်းကွဲတဲ့ရောဂါ၊ လွယ်လွယ်နဲ့လည်း မပျောက်နိုင် ɪɒ̈x အသည်းကွဲတဲ့ရောဂါ ဟူသော သီချင်းကို တော်တော်များများ ကြားဖူးကြပါလိမ့်မည်။ အဲဒီသီချင်းထဲကလိုပင် အသည်းကွဲတဲ့ရောဂါကို ဘယ်သူမှ မကယ်နိုင်ပါ။ ကိုယ့်အသည်းနဲ့ကိုယ် ချစ်ပြီးတော့၊ အသည်းကွဲတော့လည်း ကိုယ့်အသည်းနဲ့ကိုယ် ကွဲလေရာ ကိုယ့်ဘာသာကိုယ်ပဲ ခံရုံပင်။ တကယ်လည်း သူဟာ ကိုယ့်ဘာသာကိုယ် ကြိတ်မှိတ်ခံခဲ့သည်။ သူနဲ့ ကူး တကယ်တမ်း တရားဝင်ပြတ်သွားကြပြီ ဆိုတာ သူငယ်ချင်းတွေလည်း သိသည်။

သို့သော် သူက ဘယ်သူ့ကိုမှ ဘာမှရင်ဖွင့်တာမျိုး အကြီးအကျယ်ဟောင်းတာမျိုး မလုပ်ခဲ့ပါ။ သူ့ဟာသူ တစ်ယောက်တည်းပဲ ကျိတ်၍ခံစားခဲ့သည်။ တစ်ခါ တစ်ခါကျတော့လည်း သူ့နှလုံးသားဒဏ်ရာက အင်မတန်နာသည်။ တစ်ခါ တစ်ခါကျတော့လည်း ကူးကို စိတ်နာသောကြောင့် ရုပ်ဖျဉ်းဖျဉ်းလောက်သာရှိသည်။ ပြတ်ကာစ တစ်ပတ်လောက်ကတော့ တော်တော်ဆိုးဆိုး အီစိမ့်နေသည်။ အဲဒီတစ်ပတ်လုံးလုံး သူ သူငယ်ချင်းတွေနဲ့ အဲဒီ အကြောင်းကို စကားမစဖြစ်ပါ။ သိပ်လည်း စကားမပြောဖြစ်



အသံတိတ်နေလျှင် အားလုံးက သဘောပေါက်ကာ အလိုက်တသိ ငြိမ်ပေးကြသည်။

အဲဒီတစ်ပတ်အတွင်းမှာ ညိုကိုနဲ့လည်း မတွေ့ဖြစ်တော့ပါ။ သူမလည်း ɪinal စာမေးပွဲ နီးလာပြီဖြစ်သဖြင့် အလုပ်ရှုပ်နေမည် ထင်သည်။ သူသည် သူ့ရဲ့မိတ်ဆွေကောင်း ကောင်မလေးကိုတော့ တကယ်သတိရပါသည်။ သူတို့ရဲ့ အချစ်ဇာတ်လမ်းအစမှာ အိရေးပါတဲ့ ဇာတ်ပို့နေရာက ပါဝင်ခဲ့သော ကောင်မလေးသည် နိဂုံးမလှခဲ့သော အချစ်ဇာတ်လမ်းတစ်ပုဒ်အတွက် ဘယ်လိုများ ခံစားနားလည်ပေးမှာပါလိမ့်။ သူဟာ ပထမတော့ သူမထံ ဖုန်းဆက်ဦးမလို့ပင်။ သို့သော် ဘာရယ်ကြောင့်မှန်းမသိဘဲ မဆက်ဖြစ်တော့ပါ။ တစ်ပတ်ကျော် ကြာသွားလျှင်တော့ ဘီယာဆိုင်မှာ သူတို့သူငယ်ချင်းတွေ အေးအေးဆေးဆေး ဆုံဖြစ်ကြသည်။ ဆေးကျောင်းသားနှစ်ကောင်မှာလည်း 3ʷ MB Final စာမေးပွဲ နီးလာပြီမို့ ကယောင်ချောက်ချားဖြင့် ဘီယာနဲ့ ရဲဆေးလာတင်ကြတာဟု ဆိုသည်။ တစ်ခွက်စီလောက် ဝင်သွားကြလျှင် အရှိန်ရလာပြီဖြစ်သဖြင့် သူတို့ရဲ့ အသည်းကွဲဆရာကြီး ခန့်ဝင်းက အသည်းကွဲ Topic ကို ဝက်ခေါင်းသုပ်တစ်ဖတ်မြို့ကာ စ,ခွင့်သည်။

"ဘယ်လိုလဲကွ၊ ခေတ်မီသူတိုင်း အသည်းကွဲဖူးကြသည် ဆိုတော့ ကိုကောင်းကြီး စူးနင့်လည်း ခေတ်မီသွားပြီပေါ့ ... ဘယ်လိုနေလဲဟေ့၊ အရသာက ကောင်းလား"

"ကောင်းပါတယ်"

"ဟား ... ကြိုက်ပြီကွာ။ ဘယ်လိုကောင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအကောင်းစားပစ္စည်းကိုမှ မက်မောစိတ်၊ လိုချင်
စိတ် မရှိတော့ဘဲ မြင်မြင်သမျှ အရာအားလုံးကို စိတ်ထ
နေတာ ကောင်းတာပေါ့ကွာ"

"ဗိုး ... ကောင်းလိုက်တဲ့ အသည်းကွဲဒိုင်ကွာ။ မြင်တ
ရင် တရားသဘောပဲ။ ဒီလိုပါပဲ သူငယ်ချင်း။ လျှော့ထ
လိုက်ပါ၊ အရှိကို အရှိအတိုင်း လက်ခံထားလိုက်ပ
ကွဲရင် ကွဲတယ်လို့မှတ်"

"ဟုတ်တယ်၊ ကွဲရင် ကွဲတယ်လို့မှတ်။ ပြန်လည်းဆ
မစဉ်းစားနဲ့တော့။ အသည်းကွဲတာကို အရှိအတိုင်း လ
လိုက်တာက သက်သာတယ် ...

တချို့က ဟက်တက်ကြီး ကွဲနေတာတောင် မကွဲ
ဘူးဆိုပြီး လိမ်နေတဲ့သူတွေက ရှိဖူးတယ်။ သူများကို
လိမ်လို့ရမယ် ကိုယ့်ကိုယ်ကိုယ်တော့ လိမ်လို့မရဘူး"

"Right ! ဒီတော့ တစ်ပတ်လောက်က စိတ်ရှိလ
လွှတ်ပေးထားလိုက်။ ဒီဘက်ခေတ်မှာတော့ တစ်
လောက်ပဲ လေကြတာပါ"

ခန့်ဝင်းရဲ့စကားကို သော်ဇင်က မျက်မှောင်ကျ
ကြည့်ကာ ...

"ဘာလဲ ... မင်း ဆိုလိုချင်တာက အသည်းကွဲတ
တာ တစ်ပတ်လောက်ပဲ ခံစားရတယ်လို့ ဆိုလိုချင်တာလ

"မဟုတ်ပါဘူး။ တစ်ပတ်ပဲ လိမ့်နေတာ။ နောက်ပိုင်
လည်း ခံစားနေရတာပဲ။ မမေ့နိုင်သေးသရွေ့တော့ ခံ
နေရတာပဲကွာ။ ဒါပေမဲ့ အဲဒီတစ်ပတ်ကတော့ ခု



စူးနင့် ပြောသလို မြင်မြင်ရာ စိတ်ကုန် စိတ်ပျက်နေတဲ့
တစ်ပတ်ပေါ့ ...

လောကကြီးဟာ ကိုယ့်အတွက် အဓိပ္ပာယ်မရှိတော့
ဘူးလို့ ခံစားရတယ်။ ကိုယ်နဲ့ လူတွေနဲ့က သပ်သပ်ဖြစ်
နေသလို ခံစားရတယ်။ အဲဒီတစ်ပတ် (သို့) ဆယ်ရက်က
တော့ တော်တော်ဆိုးတဲ့ နာလန်မထူနိုင် ကာလတွေပေါ့။
အစစ်အမှန် အသည်းကွဲတဲ့ ကာလတွေ။ နောက်ပိုင်းက
တော့ အေးဆေးကွဲတာပေါ့။ အရာရာမှာ မှုန်မှုန်မှိုင်းမှိုင်းနဲ့
ပေါ့လေ"

"တော်ပါပြီကွာ ... အဲဒီ အကြောင်းတွေ မကြားချင်ပါ
ဘူး"

သော်ဇင်က စိတ်ရှုပ်သလိုဖြင့် ဆက်မပြောဖို့ ဟန့်
ည်။ သော်ဇင်က နားမဆင်လိုပေမယ့် နော်နော်ကတော့ နား
င်လိုသည်။

"မင်း မကြားချင်ပေမယ့် ငါတော့ ကြားချင်တယ်။
အသည်းကွဲတဲ့ ဒဏ်ရာကို ယောကျ်ားလေးနဲ့ မိန်းကလေး
ဘယ်သူက အရင်ပိုပျောက်လဲ"

"ဘယ်သူကမှ အရင်ပိုမပျောက်ဘူး"

အဲဒီစကားကို ခန့်ဝင်းကပဲ ခပ်သွက်သွက် ဝင်ဖြေ
ဖြစ်သည်။ အားလုံးက ခန့်ဝင်းဆီသို့ အကြည့်ရောက်သွား
ည်။ သူလည်းပဲ ခန့်ဝင်းကို တစ်ချက်စိုက်ကြည့်ဖြစ်ပါသည်။
န့်ဝင်းက သူ့ထံမှ စကားဆက်ကို အားလုံးက မျှော်လင့်နေ
်း သိသဖြင့် လည်ချောင်းကို ဟမ်းခနဲ ရှင်းလိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဒီနေရာမှာ ယောကျ်ား မိန်းမ ခွဲလို့မရဘူး။ ခံစားချက်နဲ့ လူအပေါ်မှာပဲ မူတည်တယ်။ ယောကျ်ားလေးမို့လို့ အသည်းကွဲတာ မြန်မြန်ပျောက်တယ်၊ မိန်းကလေးစိတ်ပျော့လို့ နောက်မှပျောက်တယ်၊ အချိန်ကြာမှပျောက်တယ် ဆိုတာမျိုး မရှိဘူး။ တချို့ယောကျ်ားလေးတွေ နောက်တစ်ယောက်ကို ထပ်မချစ်နိုင်ပေမယ့် မိန်းကလေးတစ်ယောက်က တကယ် အသည်းကွဲပြီး ခြောက်လတစ်နှစ်လောက်နဲ့လည်း အချစ်သစ်ကို ယင်တွေ့နိုင်တယ် ...

ယောကျ်ားလေးတွေက အချစ်သစ်ကို တွေ့တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အပျော်ရည်းစား ထပ်ထားကြတာမျိုး တစ်ယောက်ပြီးတစ်ယောက် ထားတာမျိုးလည်း ရှိတယ်။ ဒါကကျတော့ ကိုယ့်စိတ်ကိုယ် ဖြေသိမ့်တာ၊ လှည့်စားတဲ့ သဘောမျိုးပေါ့ ...

ငါ့အသိတစ်ကောင်ဆို သူ အရမ်းချစ်တဲ့ဆော်နဲ့ ပြ ပြီးတဲ့နောက် တစ်လလောက်နေတော့ ရည်းစားတွေ ဆက်တိုက်ထားတာ။ ခြောက်ယောက် ခုနစ်ယောက်လောက်ရှိတယ်။ အဲဒါပြီးတော့မှ သူ တကယ်ချစ်သွားတဲ့ မိန်းကလေးတစ်ယောက်နဲ့ ထပ်တွေ့တာ။ အဲဒီတစ်ယောက်ကိုတော့ သူ တကယ်ချစ်တယ်ပေါ့ ...

အဲဒီတော့ ပထမဆုံးတစ်ယောက်နဲ့ နောက်တစ်ယောက်က အချိန်နှစ်နှစ်လောက်ခြားတယ်။ ကြားထဲက ရည်းစားခြောက်ယောက်နဲ့ အီစီကလီတွေကို စကားထဲ ထည့်မပြောဘူး။ တကယ်ချစ်တာကိုပဲ တွက်မှာ။ ရည်းစား



တွေသာ ခြောက်ယောက်လောက် ထားနေတာ အရင်ဆော်ကို မေ့မှမမေ့နိုင်တာ၊ ချစ်တုန်းပဲကိုး။ နောက်ဆုံးဆော်ကို တွေ့တော့မှသာ အရင်အချစ်ဆိုတာ တဖြည်းဖြည်းနဲ့ ဝါးသွားတာ။ ဒါပေမဲ့ ဦးနှောက်ထဲမှာတော့ အကာန့်တစ်ခု အနေနဲ့ ရှိတုန်းပဲ"

ခန့်ဝင်း၏ စကားအဆုံးတွင် အားလုံးက ထောက်ခံကြလေသည်။ သူကလည်း ဆိတ်ဆိတ်ငြိမ်ခြင်းဖြင့် ထောက်ခံလိုက်သည်။ နော်နော်က ခေါင်းတစ်ချက်ဆတ်ကာ ...

"ဒါဖြင့်ရင် မင်းလိုလူကျတော့ ဘယ်လိုစာရင်းထဲ ထည့်မလဲ။ ခုချိန်ထိ အချစ်နယ်မြေသစ်ကို ရှာဖွေမတွေ့ရှိသေးတဲ့ အချစ်သူ့ရဲကောင်းကြီးပေါ့"

"ရှူး ... တိုးတိုး၊ နှလုံးသားလေး အိပ်ပျော်နေတယ်။ မင်းပြောတာ ကြားရင် လန့်နိုးသွားလိမ့်မယ်။ ငါ့နှလုံးသားလေးက အခုမှ အသားနုတက်နေတုန်း ရှိပါသေးတယ်ကွာ၊ အသာနေပါ ...

တစ်ခါတလေကျတော့လည်း ချစ်သူလည်းမရှိ၊ ရည်းစားလည်းမရှိဘဲ တစ်ကိုယ်တည်းနေရတဲ့ ဘဝလေးကိုပဲ ပျော်နေမိတာ။ ငြိမ်းချမ်းတယ်ကွာ။ ဒါပေမဲ့ စကားကြီး စကားကျယ်တွေလည်း လျှောက်မပြောချင်ပါဘူး။ လူတစ်ယောက်ကို တွေ့ပြီး တကယ်ချစ်မိသွားရင်တော့ အချစ်ဆိုတာကြီး "ပက်သက်မိဦးမှာပေါ့လေ"

"တား ... ခုချိန်မှာတော့ အချစ်ဦး အချစ်ဟောင်းလေးကို မမေ့နိုင်ဘူး လို့ပါပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မမေ့နိုင်သေးဘူးရယ်တော့လည်း မဟုတ်တော့ပါဘူး။ ဒါပေမဲ့ အချစ်ဟောင်းဆိုတာ နောက်ထပ် အချစ်သစ်တွေ့သွားလို့ ကိုယ့်ရင်ထဲမှာ နေရာမပေးနိုင်တော့တောင် နှလုံးသားပြတိုက်ထဲမှာတော့ မော်ကွန်းဝင် သူ့ရဲကောင်းအဖြစ် မှတ်တမ်းတင်ထားရတာမျိုးပဲ ...

ဘာလို့လဲဆိုတော့ တစ်ချိန်က ကိုယ့်နှလုံးသားအင်ပါယာထဲမှာ မင်းမူထားပြီး အချစ်စစ်ပွဲမှာ ကိုယ့်ကို အနိုင်တိုက်ထားနိုင်တဲ့သူလေ"

"အားပါးပါး ... ကောင်းလိုက်တဲ့ ဒိုင်ကွာ။ ဘယ်ဝတ္ထုထဲက စကားလုံးတွေလဲ"

နော်နော်ရဲ့ အပျော်စကားကို ခန့်ဝင်းက တွေနေသော မျက်လုံးများဖြင့်ကြည့်ကာ လက်ညှိုးတစ်ချောင်းတည်ယမ်းပြရင်း ...

"နီး နီး ... မနောက်နဲ့ ညီလေး။ ကိုယ့်ကို အဲလိုမျိုး မနောက်နဲ့။ ဒါက နှလုံးသားတစ်ခုလုံး ရင်းထားပြီးမှ သိတဲ့အသိ"

"အေးပါကွာ၊ မင်းသာ စာရေးဆရာ ဖြစ်လို့ကတော့ ပေါက်လိုက်မယ့် စာရေးဆရာပဲ။ ကဲ ... ငါတို့သာ သွက်နေတာ။ စူးနင့်ကတော့ ငြိမ်လို့ပါလား ..."

စူးနင့် ... မင်းက အလှူအလိမ့်ကာလ တစ်ပတ်ကျော်သွားပြီ မဟုတ်လား။ ဘယ်လိုလဲ အေးဆေးမဟုတ်လား။ သက်သာရဲ့လား သူငယ်ချင်း။ နေသာထိုင်သာ ရှိသွားပြီလား"



"အင်း ... ဒီလိုပါပဲကွာ"

"ဟား ... အသံကိုက ငှက်ဖျားထနေတဲ့ လေသံနဲ့။ အေးဆေးပါကွာ၊ ခေါက်ထားလိုက်စမ်းပါ။ လွမ်းစရာရှိရင် နာတာနဲ့ဖြေ။ ကိုယ့်ရည်းစားက သေသွားတာမှ မဟုတ်တာ ...

ကိုယ့်ကို အုံးမစားတော့လို့ နောက်တစ်ယောက်နဲ့ ချိတ်သွားတာ။ ဘာမှလွမ်းမနေနဲ့"

"ဟုတ်တယ်နော် ဟော့ကောင်။ မင်းကို ငါ တစ်ခုတော့ စိုးရိမ်တယ်။ မင်း ပြိုင်ပွဲမှာ တစ်ခုခု ချွတ်ချော်မှားယွင်းသွားမှာမျိုး၊ ဒီပြိုင်ပွဲက မင်းအတွက် အရေးကြီးတယ်နော်။ ရှေ့မှာ တစ်လျှောက်လုံး မင်း အကောင်းဆုံး ကြိုးစားလာတာ၊ ဆရာတွေကလည်း မင်းကို အများကြီး မျှော်လင့်ထားကြတယ် ...

The Best Player ဆုကို မင်း ရလိမ့်မယ်လို့ ထင်တယ်"

"အေးကွာ၊ စိတ်ခာတ်ကျပြီး အားမလျှော့ပါနဲ့"

"လျှော့ထားလိုက် သူငယ်ချင်း။ အသည်းကွဲတာနဲ့ ဘောလုံးကန်တာက တခြားဆီပဲ၊ အောင်မြင်အောင်သာ ကြိုးစားပြလိုက်စမ်းပါကွာ"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်နှင့် အားပေးလာလျှင် သူသည် ကြည်နူးပီတိဖြစ်သောစိတ်ဖြင့် ယဲ့ယဲ့မျှသာ ပြုံးနိုင်လေသည်။ သို့သော် အားလုံးကိုတော့ စကားတစ်ခွန်း ပြန်ပြောနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါကွာ၊ ငါ အကောင်းဆုံးဖြစ်အောင် ကြိုးစား
ပါ။ ငါဟာ ငါလုပ်တဲ့ အလုပ်တိုင်းအပေါ်မှာ စေတနာ
ရယ်၊ တာဝန်သိတတ်မှုရယ်နဲ့ ကြိုးစားခဲ့တဲ့ကောင်
ဒီလိုပဲ အချစ်ရေးမှာလည်း အဲဒီခံယူချက်နဲ့ပဲ။ ကိုယ့်အ
ပေါ်မှာ အဲဒီလိုစိတ်မျိုး ထားခဲ့တဲ့အတွက် သူ ဘယ်
ဆုံးဖြတ်သွား ဆုံးဖြတ်သွား ငါကတော့ ငါ့လိပ်ပြာ
အမြဲသန့်နိုင်ပါတယ်"

သူ့စကားအဆုံးတွင် သူငယ်ချင်းတွေအားလုံး တိ
ဆိတ်သွားခဲ့ကြသည်။

❦ ❦ ❦



အချစ်ဟောင်းဆိုတာ
နောက်ထပ် အချစ်သစ် တွေ့သွားလို့
ကိုယ့်ရင်ထဲမှာ
နေရာမပေးနိုင်တော့တောင်
နှလုံးသားပြတိုက်ထဲမှာ
မော်ကွန်းဝင်သူရဲကောင်းအဖြစ်
မှတ်တမ်းတင်ထားရတာမျိုးပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ဒီနေ့ပွဲသည် သူတို့ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲကြီး
နောက်ဆုံးဗိုလ်လုပွဲ ပြိုင်ပွဲကြီးဖြစ်သည်။ သူတို့အသင်းနှင့် ယှဉ်
ပြိုင်မည့် တစ်ဖက်အသင်းမှာ အမှတ်တူဖြစ်နေသည့် ဌာနဆိုင်
အသင်းတစ်သင်းဖြစ်လျက် နာမည်ကြီးအသင်းဖြစ်သည်။ သူသ
အဲဒီပြိုင်ပွဲအတွက် အနည်းငယ် စိတ်လှုပ်ရှားနေခဲ့တယ် ဆိုတာ
ဝန်ခံပါသည်။ ပြိုင်ပွဲထဲသို့ အာရုံရောက်နေသောကြောင့် နှ
သားဒဏ်ရာကိုတောင် သိပ်သတိမရနိုင် ဖြစ်သွားသည်။ တထ
တမ်းကန်သောအခါ သူတို့အသင်းသည် ပထမပိုင်းမှာ တစ်
မသွင်းနိုင်ဘဲ တစ်ဖက်အသင်းကသာ သူတို့ကို တစ်ဂိုးသွင်း
လေသည်။ သူ့ရင်ထဲ၌ ဟာခနဲ ဖြစ်သွားသည်။ ကစ်ချ
ကောင်းလွန်းသောကြောင့် ဂိုးသမားလည်း ဘာမှမတတ်နိုင်

အဲဒီလိုနှင့် ခဏနေသောအခါ ပထမပိုင်း ပြီး
သည်။ အားကစားသမားဆိုတာ စိတ်ဓာတ်မကျဖို့ အဓိကလို
တယ်ဆိုတာ သိသော်လည်း ဒီပြိုင်ပွဲမှာ သူတို့အသင်း ရှုံးဖို့ဆို
ကို လက်မခံသော သူ့အတွက်တော့ ဌာနဆိုင်ရာအသင်းက



သွင်းထားသော အဖြစ်မှာ တော်တော်ကို ကသိကအောက်ဖြစ်
သော ခံစားချက်ဖြစ်သည်။ သူတို့ရဲ့နည်းပြဆရာကတော့ သူ့
ခံစားချက်ကို နားလည်စွာဖြင့် သူ့ကို အချိန်မီ ဆုံးမသည်။

"ရှူးနင့် ... မင်းခြေက တကယ့်ကို ကောင်းတဲ့ခြေ။ ခြေ
တင်ကောင်းတာ မဟုတ်ဘူး။ မင်းက ဦးနှောက်နဲ့ပါယှဉ်
ပြီး ကစားတတ်တယ်။ မင်းရဲ့အားသာချက်က အဲဒါပဲ။
ဒါပေမဲ့ အခုပွဲမှာ ဘာတွေ့ရသလဲဆိုတော့ မင်းရဲ့စိတ်
တည်ငြိမ်မှုစွမ်းအား ပျောက်ဆုံးနေတယ်။ အားကစားသမား
တစ်ယောက်အတွက် အကြီးမားဆုံးသော အားနည်းချက်
ကတော့ စိတ်လှုပ်ရှားခြင်းပဲ။ အသင်းက မင်းကို အား
ထားတယ်၊ မင်းက စိတ်လှုပ်ရှားနေတော့ ဘယ်ဖြစ်မှာလဲ ...

ဒီတော့ စိတ်လှုပ်ရှားတာ၊ နိုင်ချင်ဇောရှိတာတွေကို
ဘေးဖယ်ထားလိုက်ပါ၊ ငါတို့ ဘယ်လိုအကောင်းဆုံးကြိုး
စားမယ်ဆိုတာကိုပဲတွေး။ အခု ရှေ့မှာ ကစားပြီးသွားတော့
တစ်ဖက်အသင်းရဲ့ အားနည်းချက်၊ အားသာချက်တွေကို
လည်း သိရောပေါ့ ...

အဲဒါတွေကို ဆင်ခြင်တွက်ဆပြီး ကြိုးစားပါ။ ကဲ
မင်း အခန်းအပြင်ဘက် ခဏထွက်လိုက်ဦး။ မင်းကို နည်း
သည်တစ်ယောက် စကားပြောချင်လို့တဲ့ ...

ခဏလေးပါပဲ"

သူ့ဆရာစကားကြောင့် သူက နားနေခန်းမှ အပြင်
သို့ ထွက်ကြည့်လိုက်လျှင် လုံးဝမမျှော်လင့်ထားသော သူတစ်
ယောက်ကို တွေ့လိုက်ရသည်။ ကျောပေးရပ်နေရာမှ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုပြုံးပြလာသူမှာ မြန်မာစတားကလပ်တံဆိပ်ပါ တီရှပ်ကို ဝတ်ဆင်ထားသော သူမ (သို့မဟုတ်) ညိုကို။

မျက်မှန်အမည်းကြီး တပ်ထားသော်လည်း သူမက သူ့ကို နှစ်လိုဖွယ်ပြုံးပြကာ လက်ထဲမှ လိမ္မော်ရည်ဘူးကို ကမ်းပေးသည်။

"ယူပါ စူးနှင့်။ လိမ္မော်သီးအစစ်ကို ဖျော်လာတာပါ၊ သောက်လိုက်ပါ fresh ဖြစ်မှာပါ"

"ကျေးဇူးပဲ၊ ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ ညိုကို"

"ဆရာဝင်းက ညိုကို့ဦးလေးလေ"

"ဟာ ... ဟုတ်လား။ တစ်ခါမှလည်း မပြောဘူးပါလား"

"အင်း ... ထားပါတော့၊ စူးနှင့်တို့အသင်းကို ညိုကို လာအားပေးတာပါ။ ကြိုးစားနော် စူးနှင့်။ စိတ်မာတ်မကျပါနဲ့။ တစ်ဂိုး သွင်းထားတာ ဘာမှဂရုစိုက်စရာ မလိုပါဘူး ...

စိတ်ထဲမှာ ငါ နိုင်ရမယ်ဆိုတဲ့ စိတ်မျိုးကြီး အရမ်းထည့်မထားနဲ့ စူးနှင့်။ I'll do my best ပေါ့။ ငါ အကောင်းဆုံး လုပ်မယ်ဆိုတဲ့ စိတ်မျိုးပဲ ထားပါ။ ဒါဆိုရင် အဆင်ပြေမှာပါ။ စူးနှင့်တို့ နိုင်မှာပါ"

သူက ကလေးချော့သလို ချော့ပြောနေသည့် ညိုကို့စကားကြောင့် ဟက်ခနဲ ရယ်မိသည်။ ပြီးတော့ ခေါင်းကိုညိတ်ပြလိုက်ကာ ...

"အိုကေ ... ကျေးဇူးတင်ပါတယ် ညိုကို။ ခုလို လာအားပေးတဲ့အတွက်ပေါ့"



"မလိုပါဘူး စူးနှင့်ရယ်။ အားပေးရမယ့် တာဝန်က ညိုကို့တာဝန်ပါ"

ညိုကို့ စကားကြောင့် သူက မျက်ခုံးတစ်ဖက် ပင့်သွားကာ ကြည့်ဖြစ်သည်။ ညိုကိုကလည်း သူ့ကို ရယ်ရွှင်ရိပ်မြူးနေသော မျက်လုံးများဖြင့် တန်ပြန်ငေးကြည့်လို့ နေလေသည်။ သူတို့အကြည့်များသည် နှစ်စက္ကန့် သုံးစက္ကန့်လောက်သာ ကြာမယ့် အဲဒီအချိန်တွင် ရလိုက်သော အားအင်များသည် နောက်ပွဲစဉ် လေးဆယ့်ငါးမိနစ်လောက်အတွက်တော့ ကောင်းကောင်းကြီး လုံလောက်သည်ဟု ပြောရပါမည်။

"စူးနှင့် ပြန်ဝင်ချင် ဝင်တော့လေ၊ ညိုကို အဲဒါလေး လာပြောတာပါ။ ကြိုးစားနော် ... အားတင်းထား ... ပိုက်တီး"

သူမက လက်သီးကိုဆုပ်ကာ ကိုရီးယားကားထဲကလို လုပ်ပြသည်။ သူက သူမရဲ့အပြုအမူကြောင့် ရယ်ပြုံးဖြစ်သွားကာ သူတောင် အဲဒီလို ပြန်လုပ်ဖြစ်သွားသည်။

"ပိုက်တီး ... ပိုက်တီး"

"အဟင်း ဟင်း ... အိုကေ ... အိုကေ။ ညိုကို သွားတော့မယ်"

သူမက ချိုလွင်သော ရယ်သံအဆုံးမှာ လက်ချောင်းလေးများ လှုပ်ခတ်ပြလျက် ချာခနဲ လှည့်ထွက်သွားသည်။ သူသည် ထွက်ခွာသွားသော သူမရဲ့ကျောပြင်ကို ငေးကြည့်နေပြီးမှ ဒူးပါးစပ်က လွတ်ခနဲ ထွက်သွားသည်။

"ညိုကို"

www.burmeseclassic.com

www.burmeseclassic.com



သူမက ခန္ဓာကိုယ် မပါဘဲ ဦးခေါင်းချည်း သမင် လည်ပြန် လှည့်လာသည်။ အဲဒီလို လည်ပင်းလိမ်ပြီး ကြည့်ပုံလေး မှာ ဘာမှမထူးခြားသော်လည်း အတော်ကြည့်ကောင်းသည် ဆိုတာ ကိုတော့ သူ့စိတ်ထဲမှာ သတိပြုမိလိုက်သည်။ သူမက ငေးနေသော သူ့ကို "ဘာလဲ"ဟူသော သဘောမျိုးဖြင့် မေးဆတ်ပြသည်။

"ကျေးဇူးပဲ"

အဲဒီအပြောကြောင့် သူမက နားလည်သလိုဖြင့် သူ့ကို ခပ်နက်နက်လေး စိုက်ကြည့်သည်။ ပြီးတော့မှ နှုတ်ခမ်း ထောင့်စွန်းတွေက ပြုံးသွားကာ ခေါင်းညိတ်ပြပါသည်။ သူမထွက် သွားလျှင် သူက လိမ္မော်ရည်ပုလင်းကို ဆက်မော့ကာ နားနေခန်း ထဲသို့ ပြန်ဝင်ခဲ့သည်။ အထဲမှာရှိသော သူ့ကစားဖော်များက သူ့ ကို ပြုံးစစဖြင့် ငေးကာ ...

"ဟေ့ကောင် ... အဲဒါ ဘယ်သူလဲ"

"ဘယ်သူမှ မဟုတ်ပါဘူးကွာ"

"အောင်မာ ... ဘယ်သူမှ မလုပ်ဘဲနဲ့ ဒီကို ဘာလုပ်ဖို့ လာမှာလဲ။ လိမ္မော်ရည်ပုလင်းကလည်း လာပေးသွားသေး တယ် ...

ဘာလဲ ဟေ့ကောင်၊ ကိုကို မပျာနဲ့ စိတ်ကို တည် တည်ငြိမ်ငြိမ်ထားလို့ လာပြောတာ မဟုတ်လား"

သူတို့အသင်း၏ တိုက်စစ်မှူး ဝဏ္ဏရဲ့စကားကြောင့် သူ့မှာ ရယ်ရသေးသည်။ သူ ရယ်နေတာကို အသာငေးကြည့်နေ သော သားမြတ်က ကွယ်ရာကျတော့မှ ...

"ဟေ့ကောင် ... အဲဒါ ညီညီကို မဟုတ်လား"



"အင်း"

"ဟင် ... သူက ဘာလာလုပ်တာလဲ။ မင်းကို လာအား ပေးတာလား"

"အင်း ... ငါတို့အသင်းကို လာအားပေးတာပါကွာ။ သူက ဆရာဝင်း တူမတဲ့ကွ"

"ဟာ ... ဟုတ်လား၊ ဘာပဲဖြစ်ဖြစ် မင်းကိုတော့ အစိက အားပေးတယ်နဲ့ တူပါတယ်ကွာ။ ဟေ့ကောင် ... ကြည့် လည်းလုပ်ဦးနော်၊ သော်ဇင်နဲ့ သတ်နေရဦးမယ်"

"ဘာဆိုင်လို့လဲ၊ ငါတို့က အဲဒီလို အကန့်မှ မရှိတာ"

သားမြတ်က ဒါမျိုးတွေ ရိုးနေပြီဟူသော မဲ့ပြုံးမျိုး ဖြင့် ပြုံးကြည့်ကာ ပခုံးတွန့်ပြသည်။ သူက တစ်ခုခုပြန်ပြောဖို့ ပြင်လိုက်သော်လည်း နည်းပြဆရာက စကားပြောဖို့ ခေါ်လိုက် သောကြောင့် အားလုံး စုဝေးလိုက်ကြရသည်။ ဆရာက အသင်း သားအားလုံးကို မှာစရာရှိတာ မှာကြားပြီးနောက် သိပ်မကြာခင် မှာပဲ နားချိန်ပြည့်သွားပြီးနောက် သူတို့အားလုံး ကွင်းထဲသို့ ပြန် ဆင်းကြရသည်။

ကွင်းထဲပြန်ရောက်သွားလျှင်တော့ အားလုံးမှာ စိတ် အားလူသစ်ဖြင့် အားမာန်တွေ ပြည့်နေချေပြီ။ ဒီလိုနှင့် ဒိုင်လူ ကြီးက ဝီစီမှုတ်သောအခါတွင် ဒုတိယပိုင်းကို ဆက်လက်ကစား ကြသည်။ ဒုတိယပိုင်းသည် ပထမပိုင်းထက် ပို၍အကြိတ်အနယ် ဖြစ်လာသည်။ သူတို့အသင်းက တစ်ဖက်အသင်းကို ပို၍ထိုးဖောက် နိုင်သည်။ ဒီလိုနှင့် ပွဲစပြီး ငါးမိနစ်လောက်မှာပင် သူတင် ပေးလိုက်သော ဘောလုံးကို တိုက်စစ်မှူး ဝဏ္ဏက ခေါင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂိုးသွင်းပစ်လိုက်သောကြောင့် ချေပဂိုးတစ်ဂိုး ရသွားသည်။ တစ်ဂိုးစီ သရေဖြစ်သွားသောအခါ ပွဲက ပိုပြီးကြမ်းလာသည်။ သူတို့အသင်းမှကောင်တွေ မကြာခဏ အချခံရသည်။ ဒိုင်လူကြီးကား သူ့အိတ်ထဲက အဝါကတ်ပြားကို ခဏ ခဏ ထုတ်ပြနေရလေသည်။ ကြာတော့ သူတို့ဘက်က ကောင်တွေကပါ ပြန်ချကြသည်။

သူကိုဆိုလည်း အကျိုးချဖို့တောင် ကြိုးစားလာကြသည်။ သူ တင်ပေးသမျှ ဘောလုံးတွေမှာ သေချာပေါက် ဂိုးများဖြစ်နိုင်သည် မဟုတ်ပါလား။ ဒီလိုနှင့် ပွဲပြီးဖို့က မိနစ်ပိုင်းသာ လိုတော့သည်။ ခုချိန်ထိ သရေပင်။ သရေဆိုလျှင် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရတော့မည်ဖြစ်သည်။ ပယ်နယ်တီသည် မသေချာ။ ပယ်နယ်တီမှာ ကံကြမ္မာနှင့်သာ များများသက်ဆိုင်သည်ဟု ထင်မိလေသည်။ ဒါကြောင့် သူတို့တစ်အုပ်စုလုံးမှာ ဂိုးထပ်သွင်းဖို့ အခွင့်အရေးကို အများကြီး ဖန်တီးကြသည်။ သူ့တို့ ရှေ့တန်းညာအစွန်လူသည် တစ်ဖက်အသင်းကလူနှင့် ယှဉ်ပြေးနေရာမှ ရှေ့သို့ထွက်လာသည်။ ဘောလုံးကို အမြောက်ကန်ပို့သည်။ တစ်ဖက်လူက ရင်ဘတ်ဖြင့် တားသည်။ မမီချေ။ ဘောလုံးသည် ဒီဘက်မှာ တစ်ယောက်တည်း လွတ်နေသော သူ့ထံသို့ ရောက်လာသည်။ သူ ရှေ့သို့ဆွဲပြေးလာခဲ့သည်။ ပရိသတ်တွေထဲမှ အော်ဟစ်သံတွေက ပိုပြီးကျယ်လောင်လာသည်။

ဂိုးသမားနဲ့ သူ့မှာ နှစ်ယောက်ချင်း။

ဂိုးသမား ပြေးထွက်လာသည်။ ဂိုးသမားက သူ့ခြေထောက်ထဲမှ ဘောလုံးကို လုယူဖို့ ကြိုးစားသည်။ ခြေထောက်



ရော၊ လူကိုရော သိမ်းကျုံးခုန်အုပ်လိုက်သည်။ သို့သော် ဂိုးသမား နောက်ကျသွားပြီ။ သူ့တစ်ကိုယ်လုံးမှာ လေထဲတွင် မျောသွားသည်ဟု ထင်သည်။ ဘောလုံးသည် ဂိုးတိုင်ထိပ်ဖျားလေးမှ ဘောကောင်းစွာ အသာလေး ကပ်ဝင်သွားသည်။ နည်းနည်းလွဲသွားရင်တောင် ဂိုးလွန်ဘောဖြစ်ပြီ။ ဂိုးသမားနဲ့ သူ့မှာသာ ယောက်ချင်းတွေ့လျက် ခေါင်းချင်းဆောင့်မိကာ မီးတွေပွင့်သလားဟုတောင် ထင်ရသည်။

နှစ်ယောက်စလုံး အောက်မှာ ပက်လက်လှန်လျက်။ နေတော့ ဒိုင်လူကြီးက ပွဲပြီးကြောင်း ဝီစီမှုတ်သည်။ အခုမှ သူ့ရင်ထဲက အလုံးကြီးက ပြုတ်ကျသွားခဲ့တာဖြစ်သည်။ သူ အသင်းသည် မြန်မာ့လိဂ်အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲကြီးမှာ င်ပွဲခံလျက် ဗိုလ်စွဲသွားခဲ့ပြီ ဖြစ်ပါသည်။ ဒိုင်းဆုကြီးကို ခံရရှိသည်။ ပြီးတော့ သူဟာ အကောင်းဆုံးကစားသမားဆု Best Player)ကိုလည်း ရရှိပါသည်။ ဒီကြားထဲမှာ ညိုကို့ကို ကြည့်သော်လည်း မတွေ့ရတော့။ ဆရာ့ကို မေးရမှာကျတော့ အားနာသဖြင့် မမေးဖြစ်တော့ပါ။

ဒီလိုနှင့် အားလုံးပြီးစီး၍ အိမ်ပြန်ရောက်တဲ့အထိ ကို မတွေ့ရသောအခါ သူ့မှာ တစ်ခုခု လိုအပ်နေသလို သည်။ သူ့ကို တကူးတက လာအားပေးခဲ့သော ညိုကို။ ပဲဖြစ်ဖြစ် သူနဲ့အတူ ရှိနေပေးခဲ့သော ကောင်မလေး မှာ ကျေးဇူးတင်စကား အရမ်းပြောချင်နေမိသည်။ ဖုန်း စိတ်ကူးမိသော်လည်း သူသည် ညံ့ဖျင်းစွာနဲ့ပင် သူမရဲ့ ပါတ်ကိုလည်း မသိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းတော့ ဆက်မဖြစ်မည်ဟု သူ တွေးမိသည်။ ဒီနေ့ညနေမှာ သူတို့ကလပ်ကို ဟိုတယ်တစ်ခုမှာ ဂုဏ်ပြုပွဲလုပ်ပေးမှာ ဖြစ်သည်။ မနက်ဖြန်ကျလျှင် သူနဲ့ သားမြတ်က သူငယ်ချင်းတွေကို ဘီယာတိုက်ကြရမည်။ ဒီတော့ သူမကို တော်တော်နဲ့ တွေ့ဖြစ်ဦးမှာ မဟုတ်သေး။ သူမကိုလည်း သူက အောင်မြင်မှုတစ်ခုအတွက် တစ်ခုခု ကျွေးချင်လှပါသည်။ ဒါကြောင့် သူ့မှာ ဖုန်းနံပါတ်ကို သော်ဇင့်ထံ ဖုန်းဆက်မေးရသည်။ သော်ဇင်က ဖုန်းနံပါတ်တောင်းသံကြားလျှင် အံ့သြတကြီးလေသံဖြင့် ...

"ဟင် ... မင်းက ဘာလုပ်မလို့လဲ"

"ဖုန်းနံပါတ်တောင်းမှတော့ ဖုန်းဆက်မလို့ပေါ့ကွ။ ကဲ ပြောစမ်းပါကွာ။ မင်းအနေအထားက ငါ့ကို ရစ်နေရမယ့် အနေအထားမျိုး မဟုတ်သေးပါဘူး"

"ခွေးကောင်။ မင်း ရှိုးတော့ မရှိုးဘူးနော်။ ခုမှ ကောက်ခါငင်ခါနဲ့"

"ဟေ့ကောင် ... ထင်ချင်သလို ထင်ကွာ။ ကြားတယ်"

"ကျွတ် ... (519 xxx)။ ဟင်း ... ခုမှ အသည်းအသန် ဟေ့ကောင် ... မနက်ဖြန် မင်းနဲ့ သားမြတ် ငါတို့ကိုကျွေး ဖို့ ရှိတယ်နော်"

"သိတယ်။ ကဲ ... ဒါပဲ။ ငါ ဖုန်းပိတ်ပြီ ... ဘိုင့်ဘိုင်"

သူက သော်ဇင့်ကို ဖုန်းချပြီးတာနှင့် ညိုကို့ရဲ့ဖုန်းကို ခေါ်လိုက်သည်။ ဖုန်းက ချက်ချင်းမဝင်ပါ။ ဟန်းဒ်ဖုန်းတို့ထုံးအတိုင်း Network busy တွေ ဘာတွေ နှစ်ခါလောက်ဖြစ်ပြီး ဝင်သွားသည်။ ဖုန်းမြည်သံ လေးချက်မြောက်မှာတော့ ညိုကို



ဖုန်းဖွင့်လိုက်ပါသည်။ သို့သော် ညိုကို ဟုတ်,မဟုတ် မသေချာသဖြင့် ...

"ညိုကိုလား"

"ဟုတ်ပါတယ်၊ ဘယ်သူလဲ မသိဘူး"

"ညိုကို ... ကိုယ်ပါ၊ စူးနင့်ပါ"

"သြော် ... စူးနင့်။ အင်း ... ပြောလေ"

"ကိုယ်တို့ နိုင်တယ် ညိုကို။ အဲဒါ ညိုကို့ကို လှမ်းပြောပြတာပါ"

"ညိုကို သိပါတယ်။ အပြီးထိ ကြည့်တာပဲဟာ"

"ဟုတ်လား။ ပွဲပြီးသွားတော့ ညိုကို့ကို ရှာကြည့်သေးတယ်။ မတွေ့တော့ ပြန်သွားတယ်ပဲ ထင်တာ"

"အင်း ... ပွဲပြီးသွားတော့ ပြန်သွားတာ ဟုတ်တယ်။ ဆုပေးတာတွေ ဘာတွေထိတော့ စောင့်မကြည့်တော့ဘူးလေ။ စူးနင့်တို့ အသင်းအတွက် အများကြီး ဝမ်းသာပါတယ် ... ကွန်ဂရက်ကျူလေးရှင်း"

"ကိုယ်ကလည်း ညိုကို့ကို ကျေးဇူးအများကြီး တင်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျလည်း လာအားပေးတယ်။ ပြီးတော့ အားပေးစကားတွေလည်း ပြောတဲ့အတွက်ပေါ့"

"စကားပုံလေးတစ်ခု ကြားဖူးတယ် စူးနင့်ရဲ့။ အကြံဉာဏ်ပေးတာတို့၊ အားပေးစကား ပြောတာတို့ ဆိုတာ အနမ်းနဲ့တူတယ်တဲ့၊ အကုန်အကျ မရှိပေမယ့် နှစ်လိုဖွယ်ကောင်းတဲ့ လုပ်ရပ် တစ်ခုပါတဲ့"

"ဟား ... သိပ်မှန်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့အပြောကို ချိုချိုလွင်လွင်လေး ရယ်အေ ကာ ...

"ရှုးနင့် ... ရှင် သိပ်ပျော်နေတယ် မဟုတ်လား"

"အင်း ... ပျော်တာပေါ့"

"လူတစ်ယောက်ရဲ့ အောင်မြင်မှုကို တခြားလူတွေက ဝိုင်းဝန်းပြီး ခံစားပေးကြတဲ့အခါမှာ ပျော်ရွှင်မှုဟာ ပိုပြည့် စုံသွားတယ်။ ပျော်ရွှင်မှုဆိုတာ ကူးစက်တတ်တဲ့သဘော ရှိတယ်လေ။ ညိုကိုလည်း ရှုးနင့်အတွက် ပျော်နေတယ်"

အဲဒီအပြောကြောင့် သူ့ရင်ဃဲတွင် ဖျတ်ခနဲ ဖြစ် သွားပါသည်။ သို့သော် တွေးချိန်မရှိအောင် သူမက စကားဆ ဆက်သည်။

"ရှင်ကန်တဲ့ အကွက်တွေကလေ ပြီးခဲ့တဲ့ ယူရို(၂၀၀၈) တုန်းက စပိန်ကစားသမား ဒေးဗစ်ဗီလာကန်နေတဲ့ အတိုင်း ပဲ။ ကြည့်လို့ အရမ်းကောင်းတယ် ...

...ဆုံး ပွဲသိမ်းတဲ့ကန်ချက်ဆိုရင် ရင်သပ်ရှုမော ... ညိုကို ယုံကြည်တယ် ရှုးနင့်။ ရှင်ဟာ တစ်နေ့ကျရင် မြန်မာ့လက်ရွေးစင်တစ်ယောက် ဖြစ်လာလိမ့်မယ် ဆိုတာ ကိုပေါ့"

"ညိုကို ကိုယ့်အခန်းထဲက မျက်နှာကြက်ကြီး ပေါက်သွား ပြီကွ"

"ဟုတ်လား။ ဆွေးနေလို့ ဖြစ်မှာပါ"

သူရော ညိုကိုရော အဲဒီစကားကို ပြိုင်တူရယ်မော မိကြလေသည်။



"ညိုကို ဘယ်နေ့လောက် အားမလဲဟင်"

"ဘာလဲ ... ကျွေးတော့မယ် မွေးတော့မယ်ပေါ့"

"ကျွေးတာတော့ ဟုတ်ပါတယ်။ မွေးတာတော့ မမွေးပါ ရစေနဲ့။ ဒီနေ့ကတော့ ကိုယ်တို့ကလပ်က ဒင်နာလုပ်ပေး မှာလေ။ မနက်ဖြန်မှာတော့ ဟိုကောင်တွေကို ကိုယ်နဲ့ သားမြတ်က ကျွေးရမှာ ...

အဲဒါ ညိုကို အားမယ့်တစ်ရက်လောက်ပေါ့၊ တစ်ခုခု စားပါလား။ ကိုယ် ကျွေးချင်လို့ပါ"

"ညိုကိုက ဟိုလိုဆိုင်ကြီးတွေမှာ ခမ်းခမ်းနားနားကြီး မစား ချင်ပါဘူး"

"ဒါဖြင့်ရင် အင်းလျားကန်စောင်းက ဘူးသီးကြော်ဆိုင်မှာ စားမလား"

သူမက ငေါ့တယ်ထင်ကာ တဟားဟားနှင့် အော် ရယ်လေသည်။ သူသည် မိန်းကလေးတစ်ယောက်၏ လွတ်လပ် ဆော့ပါးသော ရယ်သံကို အခုမှ နားဆင်ဖူးဟန်ဖြင့် တအံ့တသြ ငေးထောင်နေမိသည်။

"ဘူးသီးကြော်တော့ မစားချင်ပါဘူး။ ညိုကိုက ဆီကြော် တွေ သိပ်မကြိုက်ဘူး"

"ဒါဖြင့် ဘာတွေကြိုက်ပါသလဲဗျာ"

"ဟိုတစ်နေ့ကလိုပဲ မာလာဟင်းနဲ့ အကင်လေး ဘာလေး စားရရင်ပဲ ကေ နုပ်ပါပြီ"

"ဟာ ... ညှိ ့ကလည်း။ အဲဒါက နောက်နေ့တွေကျ စာအုပ်ဆိုင်က အပြန်ဝ... ားလည်း ရပါတယ်။ မြို့ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုစားပါ။ ဟော့ပေါ့ထ်ဖြစ်ဖြစ်၊ ကြေးအိုးဖြစ်ဖြစ်

ဘာပိုကြိုက်လဲ"

"အင်း ... စနေနေ့ ညနေဘက်လောက် စားမယ်လေ

ဆိပ်ကမ်းသာလမ်းက YKKO မှာပဲ ကြေးအိုးသောက်မယ်_

ညိုကို သင်တန်းပြီးချိန်လောက်ပေါ့"

"အိုကေ ... ဒါဆို ကြားထဲမှာ ကိုယ် ထပ်ပြီးဖုန်းဆက်

လိုက်မယ်"

"အင်း ... အဲဒါဆို ဒါပဲနော် ... ဘိုင့်ဘိုင်"

"အိုကေ ... ဘိုင့်ဘိုင်"

သူက ရှင်လန်းစွာ နှုတ်ဆက်ပြလိုက်ပြီးနော

ဖုန်းပိတ်လိုက်သည်။ သူ့ အင်မတန်လိုလားသော အောင်မြင်

တစ်ခုအတွက် ဝမ်းသာပီတိဖြစ်နေချိန်မှာ အဲဒီပီတိကို မျှဝေခံစား

ပေးမယ့်လူတွေ ရှိတာဟာ တစ်မျိုးတော့ ဖြေသာသေးသည်

ထင်သည်။ သူဟာ ကူးကို ဖျတ်ခနဲ သတိရသွားသောအ

ရင်ထဲ၌ နာကျင်သွားသည်။ အခုဆိုလျှင် ကူး သူ့ကို ထားခဲ့

တမဲလကျော်ခဲ့ပြီ။ သူဟာ ခေါင်းကို ခပ်ပြင်းပြင်းယမ်းခါပစ်လို

ရင်း ဦးနှောက်ထဲမှ ထုတ်ပစ်လိုက်သည်။

❦ ❦ ❦



ဒီနေ့ ညိုကို့ကို ဆိပ်ကမ်းသာလမ်းက YKKO မှာ ကြေးအိုးတိုက်ဖို့ ချိန်းထားလေရာ သူက ကြေးအိုးဆိုင်ထဲသို့ အရင်ကြိုရောက်နေသည်။ ညိုကိုက သင်တန်းပြီးတော့မှ ရောက်လာမည်ဖြစ်လေရာ သူက ဆိုင်ထဲမှာ ကြိုရောက်နေပြီဖြစ်ကြောင်း ညိုကို့ထံသို့ Message ပို့လိုက်သည်။ အဲဒီနောက်မှာတော့ ဘာရယ်မဟုတ် ဆိုင်ထဲသို့ ဟိုဒီဝေ့ဝဲကြည့်လိုက်လျှင် သူ မျက်လုံးတွေ ရူးခနဲဖြစ်သွားသည်။ ထောင့်စွန်းက စားပွဲတစ်လုံးတွင် ကူးနဲ့ သူမရဲ့အတွဲသစ်ကို တွေ့လိုက်ရ၍ဖြစ်သည်။ ယောက်ျားလေးဖြစ်သူကတော့ သူ့ကို မြင်ဟန်မတူပါ။ ကျောပေးထား၍ဖြစ်သည်။ ကူးကတော့ သူ့ကို ကောင်းကောင်းကြီး မြင်လိမ့်မည်။

သူသည် ကူးကို မမိုတ်မသုန်စိုက်ကြည့်နေမိသည်။ သူထင်တာမမှားပါ။ ကူးရဲ့အကြည့်တွေသည် သူ့ထံသို့ ဖျတ်ခနဲ ရောက်လာသည်။ သူမရဲ့အကြည့်တွေကလည်း မခေချေ။ သူ့ကို သစ္စာဖောက်သွားတာ မဟုတ်သလို ရူးရဲလွန်းလှသည်။ ကိုရီးယားကားတွေထဲကလို စိတ်ကူးယဉ်ပြကွက်တွေအတိုင်းသာ ပြကြစတမ်းဆိုလျှင် သူ့မျက်လုံးတွေထဲမှ မြားတစ်စင်းထွက်၊ ကူးရဲ့မျက်လုံးတွေထဲမှ မြားတစ်စင်းထွက်၊ မြားနှစ်စင်းသည် လမ်းခုလတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တင်ထိပ်တိုက်တွေ့ကာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေသည်။ သူကတော့ မျက်လုံးကို မလွှဲမိ။ ကူးကသာ မျက်လုံးလွှဲသွားသည်။ အဲဒီအချိန်မှာပဲ ညိုကိုသည် အင်မတန်လန်းဆန်းသောအသွင်သဏ္ဌာန်ဖြင့် ဆိုင်ထဲသို့ ဝင်ရောက်လာသည်။ ကြက်သွေးရောင်မှန်ဖာပွါးအင်္ကျီလက်ရှည်ကို ခါးပတ်ကြီးကြီးတစ်ခုပတ်လျက် ဖက်ရှင်ကျစွာ ဝတ်စားဆင်ယင်ထားကာ အောက်က Skinny ဘောင်းဘီအနက်ရောင်ဖြစ်သည်။

ခုတလောတွင် ညိုကိုသည် မိန်းကလေးဆန်စွာ ပြင်ဆင်လာသည်ဟု ထင်မိသည်။ သူက ညိုကို မြင်သာအောင် မတ်တတ်ထရပ်ကာ လက်တစ်ဖက်ပြလိုက်သည်။ သူ့ကို မြင်သွားသော ညိုကိုရဲ့နှုတ်ခမ်းတွင် အပြုံးတစ်ချက် ပွင့်ဖူးလာသည်။ သူရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာသော ညိုကို့ကို ကူးတစ်ယောက် မမြင်ဘဲနေမှာ မဟုတ်ပါ။ သူသည် တမင်ပို့စွာဖြင့် ညိုကိုထိုင်တော့မှသာ ခုံမှာဝင်ထိုင်ဖြစ်သည်။ ညိုကိုသည် ကူးကို ကျောပေးလျက်မဟုတ်ဘဲ ကူးက ဘေးပိုက်လှမ်းမြင်တွေ့နိုင်သည့်နေရာမှာ ဝင်ထိုင်ပါသည်။

"စောင့်နေတာ ကြာပြီလားဟင်"

"ဟင့်အင်း ... အေးဆေးပါ။ ဒါနဲ့ ဒီနေ့ ညိုကို့ဒီမိုင်း ... လည်လန်းနေပါလား"

သူမက ထုံးစံအတိုင်း ချိုလွင်စွာရယ်မောပြီး သူ့ကို မေးဆတ်ပြကာ ...

"စူးနင့်လည်း လန်းနေပါတယ်နော်၊ အင်္ကျီအသစ်နဲ့ ... တယ်"



သူမက သူဝတ်ထားသော Baby Milo မျောက်အမှတ်တံဆိပ်တီရှပ်အဖြူရောင်ကို ကြည့်ကာပြောသည်။ သူ့အင်္ကျီမှာ လူငယ်ဖက်ရှင်လောကမှာ ရေပန်းစားနေသော မျောက်ပေါင်းမုံ့ကာတွန်းရုပ်လေးများပါသည့် အင်္ကျီဖြစ်ကာ သူ့ကို ကလေးတစ်ယောက်လိုသဘောထားဆဲ သူ့အမေက Baby Milo တံဆိပ်အင်္ကျီတွေကို ဒီနိုင်းစုံ ဝယ်ပေးထားတာဖြစ်သည်။

"ဟဲ ဟဲ ... ညိုကိုတော်တယ်။ ဒါ မနေ့ကမှ မားသားကြီးဝယ်ပေးလိုက်တဲ့ တကယ့်အသစ်။ အခုမှထုတ်ဝတ်လာတာ"

"ဟယ် ... ကြည့်စမ်း၊ မှန်းဖြေတာ မှန်သွားတယ်"

"အင်း ... ကဲ ... ညိုကို မှာလေ။ ဘာစားမှာလဲ ကြေးအိုးသောက်မှာလား"

"ကြေးအိုးက မကုန်ဘူး။ ကြေးအိုးဆီချက်ပဲ စားမယ်၊ ပြီးတော့ သဘောသီးဖျော်ရည်သောက်မယ်"

"အိုကေ ... ကိုယ်ကတော့ ကြေးအိုးဆွဲမယ်"

သူက အနားမှာလာရပ်သော ဝိတ်တာလေးကို မှာကြားပြီးနောက် ကူးတို့စုံတွဲထံသို့ အကြည့်ရောက်သွားသည်။ ဘယ်နေရာမှာမဆို ပါးနပ်သိမြင်လွယ်သော ညိုကိုသည် သူ့အကြည့်တွေ ဘယ်ရောက်တယ် ဆိုတာကို ချက်ချင်းသိကာ ဆိုင်ထဲမှာ ဘယ်သူရှိတယ် ဆိုတာကိုလဲ ချက်ချင်းသိသွားသည်။ ကူးရှိရာသို့ အကြည့်တို့က ရောက်သွားလျက် အေးအေးသက်သာနဲ့ပင် ...

"ဪ ... စူးနင့်ရဲ့ Old flame လည်း ရောက်နေတာကိုး"

သူက တစ်စုံတစ်ရာ ပြန်မပြောမိ။ ကူးရဲ့မျက်ဝန်း ... ဝှယ်များမှာ ညိုကို မလာခင်က အကြည့်များနှင့် ညိုကိုရောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အကြည့်တို့ မတူကြောင်း တစ်နှစ်ကြာချစ်ခဲ့သည့် အတွေ့
အကြုံအရ သူ သိနေသည်။ ပထမပိုင်းတုန်းကတော့ သနားသ
လို ချော့မြူသလိုလို မျက်ဝန်းများသည် ညိုကိုရောက်လာပြီးသည့်
အခါမှာတော့ သရော်မော်ကားအကြည့်ပုံစံသို့ ပြောင်းသွားသည်။
သူကလည်း ဒီနေရာမှာ ညိုကိုရောက်လာသည့်အတွက် တကယ်
ကျေးဇူးတင်ပါသည်။

ဟင့်အင်း ... တကယ်တော့ ညိုကိုက ကူး တို့
လည်း လာမှာပဲ။ သူသည် ဒီစုံတွဲနှင့် ချိန်းဆိုပေးသည့် ကံကြမ္မာ
ကိုသာ ကျေးဇူးတင်ရမည်ဖြစ်သည်။

သူ တွေးနေတုန်းမှာပင် စားသောက်ပြီးစီးသွားသည့်
ကူးတို့စုံတွဲက ပိုက်ဆံရှင်းကာ ထွက်သွားသည်။ ညိုကို့အတွက်
သခော်ာသီးဖျော်ရည်တစ်ခွက်က အရင်ရောက်လို့လာလျှင် ညိုကို
ဖျော်ရည်ကို အသာသောက်ကာ ...

"ရည်းစားဟောင်းကို သူ့ရဲ့ ဘဲသစ်နဲ့တွေ့ရတော့ ရင်
မှာ ဘယ်လိုခံစားရလဲဟင်"

"ဒီလိုပါပဲ"

"အဲဒီစကားကို ဘယ်သူက စထွင်သွားသလဲ မသိဘူး
လူတွေက တစ်ခုခုကို ပြန်မဖြေရဲကြတဲ့အခါမှာ ဒီလိုပဲ
အမြဲသုံးတတ်ကြတယ်။ ဒီလိုပါပဲရဲ့အဓိပ္ပာယ်ကတော့
အဘိဓာန်ထဲမှာ ပါမယ်မထင်ဘူး။ ဒါပေမဲ့ အနီးစပ်ဆုံး
ကောက်ချက်ဆွဲကြည့်ရမယ်ဆိုရင်တော့ မေးတဲ့မေးခွန်း
မဖြေနိုင်သောကြောင့် ဝန်ခံခြင်းငါးဆယ်ရာခိုင်နှုန်းပါ
အဖြေစကားကို ဆိုလိုသည်လို့ ပြောရမှာပဲ"



သူက ညိုကို့ရဲ့စကားကြောင့် ဟက်ခနဲရယ်မိသည်။
အဲဒီအချိန်မှာပဲ မှာထားသော စားစရာတွေက အငွေ့တထောင်း
ထောင်းဖြင့် ရောက်ရှိလို့လာလေရာ သူရော ညိုကိုရောသည် တူ
ဆွကို ကိုယ်စီဖောက်လျက် ဆွဲဖို့ပြင်ကြသည်။ သူမက တခြား
မိန်းကလေးတွေလိုပဲ ပဲမများဘဲ ကြေးအိုးဆီချက်ကို အားရပါးရ
စားပါသည်။ အသားလုံးတစ်လုံးကို အချဉ်ရည်နဲ့တို့ကာ ပါးစပ်ထဲ
သို့သွင်းထည့်သည်။

"မိန်းကလေးတွေရဲ့ နှလုံးသားက တော်တော်နားလည်ရ
ခက်တာပဲနော်"

အဲဒီစကားကိုတော့ သူက ဘာမှ မစားရသေးခင်
ညိုကို လှမ်းပြောလိုက်တာဖြစ်သည်။ ဘယ်လောက်ပဲ တည်ငြိမ်
အောင်လေ့ကျင့်ထား လေ့ကျင့်ထား တကယ်တမ်း ရင်ဆိုင်လိုက်
ရသည့် အချိန်မှာတော့ သူ့နှလုံးသားက နာကျင်မြဲသာတည်း။
ကူးကို စိတ်နာတာက စိတ်နာတာသက်သက် ချစ်တာလည်းချစ်
တာသပ်သပ်ဟုထင်သည်။

"အသည်းလေးများ ခွဲလည်း ကိုယ် ခွင့်ပြုမှာ ... နောက်
တစ်ယောက်နဲ့တွဲလည်း ကိုယ် ခွင့်လွှတ်တာ ... သူ မသိ
ဘူး ... အချစ်ဦးမို့ပါ"

ဆိုင်ထဲက လွင့်ပျံလာသော သီချင်းသံသံ့သဲ့သည်
သူ့ နှလုံးသားကို တိုးဝှေ့သည်။ ညိုကိုက ကြေးအိုးဆီချက်ကို
ဆွဲလျက် ပါးစပ်ထဲဝါးနေရင်းမှ ခေါင်းညိတ်ထောက်ခံသည်။

"သီချင်းတွေကလည်း တိုက်ဆိုင်နေပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခေါင်းစဉ်လွဲကြရအောင်ပါ ညိုကို။ တခြားအကြောင်းအရာတွေပဲ ပြောကြတာပေါ့"

"ဒါပေါ့။ ဒီလိုပဲ ဖြစ်သင့်တာပေါ့"

"ရေ့တစ်ဗတ်ဆိုရင် ညိုကိုတို့ စာမေးပွဲပြီးပြီနော်။ ကျောင်းပြီးရင် ဘာလုပ်ဖို့ စိတ်ကူးထားလဲ"

"ကျောင်းပြီးရင် ရေစက်ချမယ်လေ"

"ဟာကွာ ... ညိုကိုက။ မနောက်နဲ့ အကောင်းမေးနေတာ"

"ရှုးနင့် အရင်ဖြေ"

"ဟင် ... ဘယ်လိုကြီးလဲ။ ကိုယ်က အရင်မေးတာလေ"

"ဒါပေမဲ့ ရှုးနင့် ဖြေတာကို အရင်ကြားချင်တယ်"

"ဪ ... အစ်မကတော့ လုပ်ပြီ"

သူက အဲဒီလို ပြောလိုက်လျှင် သူမက ကြည်လင်တောက်ပသော မျက်လုံးလေးများဖြင့် ပြုံးစိုက်ကြည့်လာသည်။ အဲဒီအကြည့်ကြောင့် သူစားမည့် ကြေးအိုးကိုတောင် ပါးစပ်ထဲ မသွင်းဖြစ်တော့ပါ။ သူမရဲ့နှုတ်ခမ်းတွေက ကော့ညွတ်ပြုံးကာ ...

"ဘာအစ်မလဲ"

"ဟင် ... ဘာပြောတာလဲ"

"လူကို ဘာလို့ အစ်မလို့ခေါ်တာလဲ"

"ဪ ... ငေါ့ပြောတာလေ။ ဒုက္ခပဲ Definition လာဖွင့်ခိုင်းနေပြန်ပြီ"

"ဟိ ဟိ ... အစ်မတဲ့။ ကောင်းတယ် နောက်လည်း ဒီလိုပဲခေါ်။ ကဲ ... ပြော၊ မောင်လေး ကျောင်းပြီးရင် ဘာလုပ်ဖို့စိတ်ကူးထားလဲ"



"သောလုံးကန်မယ်၊ ထပ်မမေးနဲ့တော့၊ မရှင်းတော့ဘူး၊ အစ်မပြော။ အစ်မကရော ဘာလုပ်ရမှာလဲ"

သူမက အဲဒီအပြောကို တခစ်ခစ်ရယ်မောကာ ...

"အစ်မကလား အစ်မက သင်တန်းတွေ တက်စရာရှိတာ ဆက်တက်မှာပေါ့ ...

အစ်မက တိုးဂိုက်ဒ်လုပ်မှာလေ မောင်လေးရဲ့။ အစ်မက အဲဒါတွေ ဝါသနာပါတယ်။ အစ်မရဲ့ဦးလေးတစ်ယောက်က ခရီးသွားအေဂျင်စီတစ်ခု ထောင်ထားတာလေ။ အစ်မအတွက်က အလုပ်မရှားပါဘူး မောင်လေးရယ် ...

ခရီးသည်ရှားမှာပဲ စိုးရိမ်ရတာပါ ... အဟင်း ဟင်း"

သူက ပြောင်စပ်စပ်ပြောနေသော သူမရဲ့အပြောကို ကြည့်ကာ အခုမှပဲ စိတ်လက်ပေါ့ပါးစွာဖြင့် ရယ်ရသည်။ ညိုကိုသည် နွမ်းနယ်နေသော သူ့စိတ်နှလုံးသားတွေအတွက် အကောင်းဆုံးဖြေသိမ့်ရာ မိတ်ဆွေကောင်းတစ်ယောက်ပဲ ဖြစ်ပါသည်။

"ညိုကို မင်းကြည့်ရင် အမြဲပျော်နေတတ်တာပဲနော်။ အမြဲပျော်ရွှင်ခြင်းရဲ့ လျှို့ဝှက်ချက်ရှိလား"

"ရှိတယ် ပြောမပြဘူး၊ သတ်လိုက သတ်နိုင်တယ်"

"မသတ်ပါဘူး၊ နောက်ကျမှ ချော့မေးမှာပေါ့"

"အနုနည်းနဲ့ပေါ့လေ"

"အင်းပေါ့။ တစ်ခါတလေတော့လည်း လောကကြီးကိုစိတ်ကုန်တယ်ကွာ။ ဘာကိုမှ အလေးအနက်ထားချင်စိတ်မရှိတော့ဘူး။ ပေါ့ပေါ့နေပစ်တာပဲ ကောင်းမယ်ထင်တယ်။ မင်းလိုပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... လူကိုများ၊ ဘာပေါ့ပေါ့နေတာလဲ၊ ရည်မှန်းချက်နဲ့ သွားနေတဲ့လူနော်။ ပေါ့ပေါ့နေတာမဟုတ်ဘူး။ ပျော်ပျော်နေနေတာ ...

သူတောင် အားကျနေရပြီးတော့"

"ဟုတ်ပါတယ် အစ်မရယ်။ သား အပြောမှားသွားပါတယ်"

"ဒီနေ့ စူးနင့်ကို ညိုကို ဂုဏ်ပြုစရာတစ်ခုရှိတယ်။ အဲဒါကို မငြင်းရဘူး လက်ခံရမယ်နော်"

"ဘာများလဲ"

သူမက အိတ်ထဲမှ ပလတ်စတစ်အိတ်လေးတစ်လုံးကို ထုတ်ကာပေးသည်။ Auto အဖွင့်အပိတ်ပါသော အိတ်လေးထဲတွင် သူ မြင်ရတာက ပလက်တီနမ်ကြိုးတစ်ကြိုးနှင့် ဘောလုံးပုံသဏ္ဍာန်ဆွဲသီးလေးတို့ဖြစ်သည်။ သူက မျက်မှောင်ကြုတ်ကြည့်လျက် ...

"ဒါ ဘာလဲ ညိုကို"

"ဖွင့်ကြည့်လေ။ ဒီအတိုင်းပဲ မြင်နေရသားနဲ့"

"ဒါ ပလက်တီနမ်ကြိုးနဲ့ ဆွဲသီးမဟုတ်လား"

"အင်း ... ဟုတ်မယ် ထင်တာပဲ။ ကဲ ... ဖွင့်ကြည့်ပါ စူးနင့်ရယ်"

သူက ဘာမှမပြောတော့ဘဲ အိတ်ကိုဖွင့်ကာ ထုတ်ယူလိုက်လျှင် သူ့လက်ထဲသို့ ဆွဲကြိုးနှင့် ဘောလုံးလေးက တန်းလန်းပါလာသည်။

"အဲဒါ မြန်မာ့လက်ရွေးစင်လောင်း စူးနင့်အတွက် ညိုကိုရဲ့ ဂုဏ်ပြုလက်ဆောင်ပါ"



"ဟာ ... မဟုတ်တာ။ ကိုယ် ဒီလို တန်ဖိုးကြီးပစ္စည်းမျိုးကို လက်မခံချင်ပါဘူး ညိုကို။ မယူချင်ဘူး"

"မယူချင်လို့တော့ မရဘူး။ စူးနင့်အတွက်ကို ညိုကိုက ရည်ရွယ်ပြီး အော်ဒါမှာထားတာ။ ညိုကို့ စေတနာကို တန်ဖိုးထားရင် ယူပါ စူးနင့်"

"ညိုကို့ စေတနာကို တန်ဖိုးထားပါတယ်။ ဝမ်းလည်း ဝမ်းသာတယ်။ ဒါပေမဲ့ တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခုကိုတော့ မိန်းကလေးတစ်ယောက်ဆီက မယူပါရစေနဲ့ ညိုကိုရယ် ...

ကိုယ့်ကို နားလည်ပေးပါ ... နော်"

ညိုကိုက သူ့ကို အဓိပ္ပာယ်ပါသော မျက်ဝန်းများဖြင့် ကြည့်ကာ ...

"ဒါဖြင့်ရင် ညိုကို တစ်ခုပြောမယ်။ ဖိုက်အိုဝမ်း ဂျင်း(န်) ဘောင်းဘီတစ်ထည်ရဲ့ တန်ဖိုးကို စူးနင့် သိမှာပါ။ ကောင်းရင် ကောင်းသလို နှစ်သိန်းနား ပတ်ဝန်းကျင်မှာ ရှိတယ်။ Addidas ဖိနပ်တစ်ရန်ကျတော့ရော ...

MK က အင်္ကျီနဲ့ ဘောင်းဘီဝယ်မယ်။ တစ်သိန်းကျော်မှာကတော့ သေချာတယ်။ အဝတ်အစား၊ ဖိနပ်ဆိုပေမယ့် ဈေးက သေးလို့လား စူးနင့်ရယ် ...

ဒါက ... အဲဒီလောက်တောင် ဈေးမရှိပါဘူး။ စူးနင့်အတွက် လာဘ်ကောင်းစေတဲ့ အဆောင်လေးအဖြစ် ပေးတာမို့ မငြင်းပါနဲ့လား စူးနင့် ...

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘောလုံးပိုင်ရှင်ထက်သာတဲ့ ပလက်တီနမ်ဘောလုံးပိုင်ရှင်ပေါ့။ အမှန်တော့ ညိုကိုက ရွှေဘောလုံးလေး လုပ်ချင်တာပါ။ ဒါပေမဲ့ ရွှေဆိုတော့ စုးနှင့် မကြိုက်မှာစိုးလို့။ လက်ခံပါ စုးနှင့်။ အရမ်းတန်ဖိုးကြီးနေတဲ့ ပစ္စည်းမျိုးလည်း မဟုတ်ပါဘူး"

သူက သက်ပြင်းတစ်ချက် ချမိသည်။ ညိုကို ပြော တာတွေက ဟုတ်တာတော့ ဟုတ်ပေမယ့် ဒီပစ္စည်းကို လက်ခံ ရမှာကျတော့လည်း သူ ဝန်လေးနေသည်။ သူသည် လက်ထဲက ပလက်တီနမ်ဆွဲကြိုးလေးကို ငုံ့ကြည့်မိသည်။ သိပ်မထူသော ကြိုးလေးမှာ ပါးပါးပျော့ပျော့လေး ဖြစ်လျက် ဘောလုံးပုံသဏ္ဌာန် ဆွဲသီးကလေးကတော့ တကယ့်ပဲ လက်ရာမြောက်ကာ ချစ်ဖို့ ကောင်းပါသည်။ အပြင်တစ်နေရာမှာ သူ့ဟာသူ တွေ့လျှင်တောင် ဝယ်ဖြစ်မည့် ဒီဇိုင်းမျိုးဖြစ်သည်။

သို့သော် ခက်နေတာက ညိုကို့ဆီက ဖြစ်နေ၍ သူ မယူချင်ခြင်းပဲ ဖြစ်လေသည်။ သူ့အဖြစ်ကို သူမက စာနာသဘော ပေါက်ဟန်ဖြင့် နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက် ဟန်တူသည်။

"ကဲ ... ဒီလိုလုပ်။ ဒီအတိုင်း ယူသွားတော့ ရှင့်စိတ်ထဲ မှာလည်း တစ်မျိုးဖြစ်နေမှာပေါ့။ အဲဒီတော့ ညိုကိုတို့ အလောင်းအစားလေးတစ်ခု လုပ်ကြရအောင်။ စုးနှင့်နိုင် ရင် ဒီလက်ဆောင်လေးကို ယူရမယ် ...

စုးနှင့် နိုင်ရင်တော့ မယူနဲ့ပေါ့။ ကဲ ... ပြော၊ ကျေ နပ်လား"



"ကျေနပ်တယ်။ ဒါပေမဲ့ တစ်ခုပြောဦးမယ်။ နိုင်သွားရင် ဒီဆွဲကြိုးလေးကို ညိုကို့ဆီက ကျသင့်ငွေပေးပြီး ပြန်ဝယ် မယ်"

"ကြည့် ...။ ရှင် ကြိုက်နေတာပဲ မဟုတ်လား။ ကျုပ်ကို သက်သက်အလုပ်ရှုပ်အောင်"

"ကြိုက်ပေမယ့် ညိုကို့ဆီက တန်ဖိုးကြီးတာ မယူချင်လို့ ပါကွာ။ စေတနာကို နားလည်ပြီး ကျေးဇူးတင်ပါတယ်။ အဲဒီဆွဲကြိုးလေးကို ကြိုက်လည်း ကြိုက်တယ်။ တကယ်ကို ကြိုက်တာ။ ဒါကြောင့် နိုင်သွားရင်လည်း ညိုကို့ဆီက ဝယ်မယ်။ ရှုံးရင်တော့ ယူရမှာပေါ့"

သူမက သူ့ကို နှာခေါင်းတစ်ချက် ရှုံ့ပြကာ ...

"ထွင်လိုက်တာ။ ကဲ ... ပြီးရော။ ဒီမှာ ကြွေစေ့။ ခေါင်း ပန်း လှန်မယ်။ ဘာယူမှာလဲ ပြော"

"Lady first ပေါ့။ ညိုကို ရွေးပါ"

"ညိုကိုက ပန်း"

"အိုခေ ... လှည့်တော့"

သူမက သူ့ကို တစ်ချက်ကြည့်ကာ အကြွေစေ့လေး [illegible]စားပွဲပေါ်မှာ လှည့်လိုက်သည်။ ပြီးတော့ အရှိန်သေခါနီးမှာ [illegible]ခနဲပဲ လက်နဲ့အုပ်ချလိုက်လေသည်။

"ဖွင့်မယ်နော်"

"ဖွင့်ပါ ... ဖွင့်ပါ"

သူမက လက်ကို အသာဖယ်လိုက်လျှင် သူ ရွေး [illegible]သော ခေါင်းဘက်မှာ ကျနေတာ မဟုတ်ဘဲ ပန်းကျနေခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်သည်။ သူ ရှုံးသွားပြီ။ သူသည် ညိုကို၏ ဂုဏ်ပြုလက် ဆောင်ကို အငြင်းအဆန် မရှိတော့ဘဲ အသာတကြည် ယူရပါ တော့မည်။

"ကဲ ... ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး။ အဲလိုပဲ"

"ဘာလဲ ... ရှင် ရှုံးပြီလေ"

"ဟုတ်ပါတယ်၊ အရှုံးကလည်း ချိုမြိန်လိုက်တာ။ သီချင်း ကို ပြောင်းဆိုရတော့မှာပေါ့။ ဒီပလက်တီနမ်ဆွဲကြိုးက xxx ညိုကို ပေးထားတာ"

သူ့အပြောကို သူမက သဘောတကျ ရယ်မောပါ သည်။

အဲဒီနောက် သူ့ကို နူးညံ့သော မျက်ရစ်များဖြင့် ကြည့်ကာ ...

"အဲဒီဆွဲကြိုးလေးကို အမြဲဆွဲထားနော် စူးနင့်။ ဒီဆွဲကြိုး လေးက စူးနင့်အတွက် ကံကောင်းခြင်းတွေကို ဆက်တိုက် မွေးဖွားပေးမယ့် ကံကောင်းခြင်း လက်ဆောင်လေးပါ –

ရှေ့ဆက်ပြီး အောင်မြင်မှု ရစေမယ့် လက်ဆောင် အဆောင်လေးပေါ့"

သူမ ပြောပုံက တကယ့်ကို နက်နက်ရှိုင်းရှိုင်းပြော နေသည်မို့ သူက ရယ်ဖို့တောင် အားနာသွားပါသည်။ ဒါကြောင့် အတည်အတံ့မျက်ဝန်းတွေဖြင့် ခေါင်းညိတ်ပြလိုက်ရကာ ...

"စိတ်ချပါ ညိုကို။ ကိုယ့် အမြဲပဲ ဆွဲထားပါ့မယ်"

"ညိုကို ဆွဲပေးပါရစေ"



သူမက အဲဒီလိုပြောလိုက်လျှင် သူက ယောင်ယောင် ယမ်းယမ်းဖြင့် ခေါင်းညိတ်ပြမိသည်။ သူမက ထိုင်ရာမှထကာ ဆွဲကြိုးလေးကို သူ့လည်ပင်းမှာ ဆွဲပေးသည်။ သူက ငုံ့ကြည့်မိ လျှင် သူ့ရင်ဘတ်ပေါ်၌ ကျနေသော ဘောလုံးလေးက သူ့ကို ပြုံးပြနေသလိုပဲ ဖြစ်ပါသည်။ သူမကို သူက မော့ကြည့်ပြီးနောက် ...

"သင့်စ်ယူ ညိုကို"

သူမက တစ်စုံတစ်ရာ ပြန်မပြောဘဲ ပြုံးနေခဲ့ပါ သည်။ အဲဒီနေ့က ကြေးအိုးဆိုင်ကအပြန် ပလက်ဖောင်းဘောင်းမှာ သူတို့ လမ်းလျှောက်ကြသေးသည်။ ပလက်ဖောင်းဘောင်းက ဈေး ဆိုင်တွေကို လျှောက်ငေးရင်း ဟိုဟိုဒီဒီ ပေါက်တတ်ကရ ပြော တာဟာလည်း ပျော်စရာ ကောင်းလှသည်။ သူ သတိထားမိတာ တစ်ခုကတော့ ညိုကိုသည် သူ့မျက်နှာထက် သူ့လည်တိုင်လေး တိုသာ ငေးငေးကြည့်နေတတ်တာကိုပဲ ဖြစ်ပါသည်။

အဲဒီအကြည့်တွေထဲမှာ ကျေနပ်သော အရိပ်ယောင် တွေ ပြည့်နှက်နေတာကို တွေ့ရလျှင် သူ့ရင်မှာ လှိုက်မောရသည်။ အသည်းကွဲတာကို မီပီပြင်ပြင် ခံစားရသော်လည်း ရင်ထဲမှာ ဝေဒနာတခြား၊ ကျေနပ်တာကတခြား ဘာကြောင့်များ ဖြစ်နေပါ သိမ့်ဟု ကိုယ့်ကိုယ်ကိုယ် မေးမိတာလည်း အကြိမ်ကြိမ်ပင်။ သေ ချာတာကတော့ အသည်းကွဲတာကလွဲလို့ သူ့ကမ္ဘာကြီးမှာ စိုပြည် နေသေး၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးလေဝသခန့်မှန်းတဲ့ ကိစ္စနဲ့
အချစ်ကိစ္စမှာ
လိမ်ညာတယ်ဆိုတာ မရှိဘူး။
မှားသွားတာပဲ ရှိတယ်။

## ၁၂

ခင်မင်မှုနဲ့ ရှေ့ဆက်ခဲ့တဲ့ xxx ဖြူစင်ရှင်းသန့် xxx သံယောဇဉ် လက်ကလေးတွေ ဟူသော "သူငယ်ချင်း"သီချင်းလေးကို တော်တော်များများ ကြားဖူးကြပါလိမ့်မည်။ သူနဲ့ ညိုကိုတို့ရဲ့ ဆက်ဆံရေးသည်လည်း အဲဒီသီချင်း အစလေးလိုပဲ ဖြူစင်နက်ရှိုင်းစွာဖြင့် ရှေ့ဆက်ခဲ့ကြတာဖြစ်သည်။ အချိန်ရာသီတွေက ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နေသလို ရာသီစက်ဝန်းတစ်ခုရဲ့အောက်မှာ သူတို့တွေလည်း အလိုက်သင့် ဆက်စီးမြောခဲ့ကြသည်။ သူတို့အုပ်စုထဲတွင် ဆေးကျောင်းသားနှစ်ယောက်မှလွဲ၍ ကျန်သည့်သူတွေအားလုံး ကျောင်းပြီးသွားခဲ့ပြီဖြစ်၍ ကိုယ်စီကိုယ်စီ ဝါသနာပါရာတွေကို ဆက်လက်ဆောင်ရွက်ကြသည်။ ညိုကိုသည်လည်း သင်တန်းတွေ ဆက်တက်ကာ အောင်မြင်သော တီးဝိုင်းဒါရိုက်တာ ဖြစ်ဖို့ ကြိုးစားနေပါသည်။

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိရသော သတင်းစကားများအရ ကူး တစ်ယောက်သည်လည်း စင်ကာပူမှာ ကျောင်းသွားတက်ဖို့ အားလုံးပြင်ဆင်ပြီး ဖြစ်နေပြီဆိုတာပင်။ အဲဒီလို ကြားသိရတော့လည်း သူ့ရင်ထဲမှာ ထူးထွေပြီး သိပ်မခံ

www.burmeseclassic.com

ဘေးရတော့ပါ။ နဂိုတည်းကမှ သူ့ဘဝထဲက ကူးက ထွက်သွားပြီး သား ဖြစ်လေရာ ကူး ဒီနိုင်ငံမှာရှိခြင်း၊ မရှိခြင်းကလည်း သူ့ အတွက် သိပ်အရေးမပါတော့ပါ။ တစ်ခါတလေမှာ ဖျတ်ခနဲ သတိရမိတာကလွဲလို့ ကူးနဲ့ပတ်သက်လာလျှင် သူ့စိတ်ဧ အနည်ထိုင်သွားခဲ့ပြီဟု ထင်သည်။ ဒါကလည်း ညိုကို့ကြောင့် လားတော့ မပြောတတ်။ ညိုကိုသည် သူ တွေ့ဖူးသမျှ မိန်းက လေးတွေထဲမှာတော့ နားလည်မှုအရှိဆုံး မိန်းကလေးလို့ ပြော မည်ဖြစ်သည်။ ညိုကို နေထိုင်သောပုံစံ၊ ဘဝအပေါ် ခံယူချက် ကို သူ သဘောကျသည်။ သူမရဲ့စိတ်ဓာတ်က မိန်းကလေးတ ယောက်နဲ့ မတူချေ။ သူက ဒါကို အရမ်းသဘောကျရသည်။ နဓိုလျှင် သူနဲ့ ညိုကိုသည် စာအုပ်ဆိုင်အပြန်မှာ အမြဲဆုံဖြ သလို၊ မနက် မုန့်ဟင်းခါးဆိုင်၊ ညနေခင်း မာလာဟင်းဆိုင် စသဖြင့် နေ့တိုင်းလိုလို ဆုံဖြစ်ကြသည်။ ညဘက်မှာ ဖုန်းအ ပြောဖြစ်ကြသည်။ သူနဲ့ ညိုကိုတို့ တစ်စတစ်စ နီးကပ်လာ လောက် သော်ဇင်နဲ့ကတော့ တစ်စ တစ်စ ဝေးကွာသွားကြသည်။ သူတို့အုပ်စုက တစ်ယောက်နဲ့တစ်ယောက် လျှို့သောအထာ မရှိကြလေရာ သူငယ်ချင်းတွေက ဝိုင်းပြီး ထောပနာပြုကြသည်။

"စူးနင့်တို့များ စာတာတွေ ကောင်းချက်ကတော့ ဝမ်း ဝမ်းရယ်ဒီပဲဟော့။ လောကကြီးက တရားတော့ တရားမှ ပါတယ်ကွာ ...

အဆိုးနဲ့အကောင်း ဒွန်တွဲနေတယ် ဆိုတော့ အဆိုးတစ်ခုအတွက် မင်းက အကောင်းတွေချည်း ရ တာပါ"



"အေးလေ။ ညိုညိုကိုက ပြောရမယ်ဆိုရင် စန္ဒကူးခင်ထက် တောင် မိုက်သေးတယ်။ စန္ဒကူးခင်ကမှ ဆရာမကြီးအထာ နဲ့။ ညိုကိုက တကယ့် ပလိန်း။ အေးဆေးပဲ ...

လှတာကျတော့လည်း သူက ပိုလှတယ်"

"အင်းလေ။ ဟော့ကောင် ... မင်းတို့အခြေအနေက ဘယ် လိုလဲ"

"ဘယ်လိုမှ မလဲပါဘူးကွာ။ သူငယ်ချင်းတွေပါ"

"အပိုတွေ ပြောမနေစမ်းပါနဲ့ကွာ။ သူက သော်ဇင်နဲ့တောင် ဒီအထာတွေ ရှိတာမဟုတ်ဘူး။ ဟား ဟား ... ဒီစကား ကြားရင် သော်ဇင့် မျက်ခွက်ကြီး အီးမှန်သလို ရှုံ့မဲ့နေပြီ"

သူက သော်ဇင့်ကို ဖြုံးဖြုံးကြီး လှည့်ကြည့်လိုက် လျှင် သော်ဇင်က တကယ်ပဲ ရှုံ့မဲ့လို့နေသည်။ သူက သော်ဇင့် ခုံးကို အားပေးသလိုဖြင့် တစ်ချက် နှစ်ချက် ပုတ်ပေးလိုက်သည်။ သော်ဇင်က သူ့လက်ကို ပုတ်ချရင်း ...

"တော်ပါကွာ။ ရှိုးတဲ့မှပဲ။ မိန်းကလေးတွေများ နားလည် ရခက်လိုက်တာ။ ဒီဘက်က ကြွေဆင်းနေတဲ့ လူကိုကျ တော့ လှည့်ကြည့်ရကောင်းမှန်း မသိဘဲနဲ့ အသည်းမွစာ ကြီကောင်တွေကိုမှ အရေးသယ်နေတယ်"

သော်ဇင့် အပြောကို သူက တဟားဟား အော်ရယ် သော်လည်း ခန့်ဝင်းကတော့ မရယ်ပါ။ မေးစေ့ကိုပွတ်ကာ အားပုလင်းနှင်းမောင် စတိုင်လ်ဖြင့် စဉ်းစားခန်း ဝင်နေရင်းမှ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တချို့မိန်းကလေးတွေရဲ့စိတ်က ဆန်းကြယ်တယ်ကွ။ ပြီးတော့ မိန်းကလေးတွေက မိခင်စိတ်ဆိုတာ မွေးရာပါ ပါလာပြီးသား။ သနားတတ်တဲ့ ကရုဏာစိတ်အခံရှိတယ်။ ငါ့အခေါ်ဆို သူ့ကိုကြိုက်နေတဲ့ စစ်ဗိုလ် လူပျိုလူချော တောင့်တောင့်ဖြောင့်ဖြောင့်ကို မယူဘဲ သူ့ဆရာ မုဆိုးဖို ကလေးတစ်ယောက်အဖေကို ယူသွားတာကွ။ တစ်မျိုးလုံး တစ်ဆွေလုံး အုတ်အော်သောင်းနင်းပဲ ...

တော်တန်ရုံလူက သူ့ကို ဘယ်လိုမှ နားလည်မပေး နိုင်ဘူး။ ငါကတော့ နားလည်တယ်။ အဲဒါ အချစ်တော့ အချစ်ပဲ။ ဒါပေမဲ့ အချစ်ကိုမှ သနားတာတွေ၊ ကရုဏာတွေ ပေါင်းစပ်ထားတဲ့ ဖြတ်မရတဲ့ အချစ် ...

အချစ်ဆိုတာ အမျိုးမျိုးရှိတယ်ကွ။ တချို့က အချစ် သက်သက်အချစ်ပဲ။ အချစ်ဆိုတာ Snap shot ပဲ။ လျှပ် တစ်ပြက်လည်း ဖြစ်နိုင်တယ်။ အန်တီလေး ချစ်ခဲ့တဲ့ အချစ်မျိုးကျတော့ ကရုဏာတွေ သနားတာတွေ အရင်းခံ ထားတဲ့ အချစ်ဆိုတော့ ဖြတ်ရအရမ်းခက်တယ်။ တချို့ အချစ်တွေကျတော့ အထင်ကြီး လေးစားမှုတွေကို အခြေ ခံထားတဲ့ အချစ်။ ဒါမျိုးတွေလည်း မြဲတာပဲ။ ဒီတစ်ယောက် ကိုပဲ လူ ထင်တယ် ဆိုတာမျိုး။ လူထုဦးလှနဲ့ လူထု ဒေါ်အမာ၊ ဂျာနယ်ကျော်ဦးချစ်မောင်နဲ့ ဂျာနယ်ကျော်မမ လေးတို့ ချစ်ကြတဲ့ အချစ်မျိုးပေါ့"

"လာပြီ ... လာပြီ။ ကြီးကြီးကျယ်ကျယ်တွေ ပါလာပြီ"



"ဟုတ်တယ်လေ။ ရမ်းပြောတာမှ မဟုတ်တာ။ သူတို့ရေး တဲ့ စာအုပ်တွေထဲမှာ ဖတ်ရတာပဲ။ အဲဒီလို အချစ်ကျတော့ Devoted love လို့ ခေါ်တယ်။ ကြည်ညိုပြီး ချစ်တဲ့အချစ် ပေါ့"

"အေးပါ ... ဆက်မိန့်ပါဦး။ သနားချစ်၊ အထင်ကြီးပြီး ချစ်တဲ့အချစ်၊ ပြီးတော့ရော"

"သူငယ်ချင်း သံယောဇဉ်ပါလာတဲ့ အချစ်ပေါ့။ အဲဒါလည်း မြဲတာပဲ ...

ဒါပေမဲ့ အချစ်ကအချစ် သံယောဇဉ်က သံယောဇဉ် ရောမသွားတာလည်း ရှိတတ်ပါတယ်။ စန္ဒကူးခင်က စူးနင့်အပေါ်မှာ ချစ်ခဲ့တဲ့ အချစ်မျိုးကျတော့ ဘာနဲ့မှမရော တဲ့အချစ်ကွ။ ဒါကြောင့် အလွယ်လေး ခေါက်သွားနိုင်တာ ပေါ့ ...

ချစ်တာတော့ ချစ်တယ်။ ဒါပေမဲ့ လိုအပ်ရင် ထား ခဲ့လို့လည်း ဖြစ်တယ်။ ဒါကြောင့် စာအုပ်တစ်အုပ်ထဲမှာ ငါ ဖတ်ဖူးတယ်။ အချစ်ကိစ္စနဲ့ မိုးလေဝသခန့်မှန်းတဲ့ကိစ္စ မှာ လိမ်ညာတာ မရှိဘူး။ မှားတာပဲ ရှိတယ်တဲ့။ မှားသွား ရင်တော့ မတတ်နိုင်ဘူး ခံပေါ့ဆိုတဲ့ ဒီဇိုင်းပဲ။ လူတွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်။ လိမ်ထားတာ မဟုတ်ဘူး။ တကယ်ချစ်တယ်။ ဒါပေမဲ့ ပြတ်သွားတယ်။ အဲဒါ အချစ်တွေချည်းပဲမို့ ...

အခုနကပြောတဲ့ သနားကရုဏာ အရင်းတည်တဲ့ အချစ်မျိုး၊ အထင်ကြီး လေးစားရာကနေ ပေါက်ဖွားလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချစ်မျိုးကျတော့ ခံတယ်။ ဒီထက်ခံတဲ့ အချစ်မျိုးက

နားလည်မှုနဲ့ တည်ဆောက်ထားတဲ့ အချစ်မျိုးပေါ့။

ကတော့ အမိုက်ဆုံးပဲ။ လူမျိုးဘာသာမရွေး သင့်တော်တယ်

"ကောင်းတယ်ဟေ့။ ထောက်ခံတယ်"

"ကဲ ... မင်းကရော ညိုကိုနဲ့ နားလည်မှုတွေ တည်ဆော

နေပြီလား ... ပြော"

ခန့်ဝင်းရဲ့အမေးကို သူ ချက်ချင်းမဖြေနိုင်

မျက်လုံးထဲတွင် ညိုကိုရဲ့လွတ်လပ်ပေါ့ပါးသော အပြုံးနှင့်

သော မျက်ဝန်းများကို ပြန်လည်မြင်ယောင်လာသည်။ ဘာပဲ

ပြော ညိုကိုနဲ့ဆုံလျှင်၊ သူမနှင့် စကားပြောရလျှင် သူ တကယ်

စိတ်ချမ်းသာရသည်။ အတွေးအခေါ် အယူအဆကအစ

မိန်းကလေးတွေနဲ့ မတူသော ညိုကိုရဲ့စကားတွေထဲတွင်

မျောနေလေ့ရှိသည်။ ပြီးတော့ လှပခေတ်မီသော ညိုကိုနဲ့တွဲ

လေတိုင်း သူ ကျေနပ်ရလေ့ရှိသည်။ လူကြားထဲမှာ ဘာ

ဟုတ် အားကျသော အကြည့်တွေနှင့် အကြည့်ခံရလေတိုင်း

စိတ်မှာ ကြည်နူးသလိုလိုလည်း ဖြစ်မိသည်။ (ဒါကတော့ ယော

ဇီဇကို ပြသော စိတ်ဓာတ်ပဲ ဖြစ်လိမ့်မည်။)

ဘာပဲဖြစ်ဖြစ် သူနဲ့ညိုကိုရဲ့ ဆက်ဆံရေးမှာ

လည်မှုကို အခြေခံထားသော ဆက်ဆံရေးသာ ဖြစ်ပါလိမ့်

သူ ငြိမ်နေသောကြောင့် သော်ဇင်က သူ့ကို အားနာနေသည်

ထင်၍ ဝင်ထောက်ပေးသည်။

"ဟေ့ကောင် ... ငါ့ကို အားနာမနေပါနဲ့၊ ပြော

ပြောလိုက်စမ်းပါ"



"မင်းကရော ညိုကိုကို တကယ်ချစ်ခဲ့လို့လား"

"ဒါတွေ မေးမနေစမ်းပါနဲ့၊ ချစ်ခဲ့တယ် ဆိုရင်တောင် အခုနက ခန့်ဝင်း ပြောသလို အချစ်သက်သက် အချစ်ပေါ့ကွာ။ ဘာနဲ့မှ ရောမထားတဲ့ အချစ်ဆိုတော့ ဖယ်ထုတ်ရ လွယ်ပါတယ်"

သော်ဇင့် စကားကြောင့် သူက တစ်ချက်ရှုံ့မဲ့ပြသည်။ သော်ဇင်က မျက်ခုံးတစ်ချက် ပင့်ပြကာ ...

"ဟုတ်တယ်လေ။ ဒီဘက်ခေတ်မှာက လူတွေက ပေါ့ပေါ့ ပါးပါးတွေပဲ ကြိုက်လာကြတာ မဟုတ်လား။ ကက်ဆက် ခွေတွေ ထည့်နားထောင်ရတဲ့ walkman တွေထက် သေး သေးလေးနဲ့ သီချင်းပုဒ်ရေ ထောင်ချီနားထောင်လို့ရတဲ့ iPod တွေကိုပဲ ပိုမက်မောလာကြတယ် ...

အချစ်ရေးတွေမှာလည်း လူငယ်တွေက ဒီလိုပဲ ချစ်ကြည့်လိုက်တယ်။ အဆင်မပြေတော့လည်း ကိုယ့်လမ်း ကိုယ်ဆက်လျှောက်။ အသည်းကွဲတယ်ဆိုတာလည်း ဖက်ရှင် လို ဖြစ်နေပြီ။ ခေတ်မီသူတိုင်း အသည်းကွဲကြသည်ပဲ ...

ဒီတော့ ငါ့အကန့်က အေးဆေးပါကွာ။ ကိုယ့်ကို ရင်မခုန်တဲ့ မိန်းကလေးတစ်ယောက်ကို ဇွတ်အတင်းကြီး လည်း လိုက်မနှယ်ပါဘူး။ ညိုကိုကိုလည်း ငါ ချီးကျူးပါ တယ်။ သူ ငါ့ကို အီစီကလီ လုပ်ချင်ရင် ရတာပဲ။ ဒါပေမဲ့ သူက အဲဒီလိုအကျင့်မျိုး မရှိဘူး။ လုံးဝဆော်ဒါအထော ...

ဒါပေမဲ့ ငါတို့အမြင်မှာတော့ မင်းကို ဆော်ဒါအထော တင်မကဘူး ထင်တာပဲ။ မင်းရော ဘယ်လိုထင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖြေကို ဖြေဖို့ရာ ညိုကို့အပေါ်တွင် သူ အား နာပါသည်။ ဒီကောင်မလေး ငါ့ကို ကြိုက်နေတာပါကွာဟု အ မိန်းကလေးတွယ်ရာတွင် လျှောက်ပြောသည်အထိ ယောကျ်ားရှ ယောကျ်ားညံ့အုပ်စုထဲတွင် သူ မပါဝင်ပါ။ သူတင်မဟုတ်၊ သူ သူငယ်ချင်းတွေလည်း မပါ။ တချို့ကောင်တွေ အဲဒါမျိုးရှိတ သည်။ မိန်းကလေးတစ်ယောက်ကို အသားယူပြီး ပြောတာမျိုး ဒါမျိုးကောင်တွေကိုတော့ သူတို့ ယောကျ်ားချင်း ရွတ်ချသည်။

သူတို့လည်း သိပ်ကြီး မြင့်မြတ်နေကြတဲ့ ကောင်တွေ တော့ မဟုတ်။ ဒါပေမဲ့ နှမချင်း စာနာတဲ့ စိတ်မျိုးတော့ ထား သည်။

"ငါ မပြောတတ်ပါဘူးကွာ"

"ဟေ့ကောင် ... အဲဒီလိုတော့ မရှော်ပစ်နဲ့။ ကောင်းပြီ သူ့အထာကို မင်း မပြောတတ်ရင် မင်းဘက်ကရော သူ့ အပေါ်မှာ ဘယ်လိုသဘောထားရှိလဲ ...

အဲဒါတော့ မင်း ဖြေရမယ်။ မဖြေလို့ မရဘူး"

သူ နည်းနည်းချောင်ပိတ်သွားသည်။ သို့သော် အဲဒီအဖြေကိုတော့ သူ မဖြေရဲစရာ မရှိပါ။ ညိုကိုရဲ့ အားေ ပေးမှုတွေအပေါ်မှာ သူ သစ္စာရှိချင်ပါသည်။

"ညိုကို့အပေါ်မှာ ငါ သံယောဇဉ်ရှိသလိုပဲ။ ခံစားချက် တစ်မျိုးပဲကွာ။ ငါ သိပ်တော့မပြောတတ်ဘူး။ သူနဲ့ ငါနဲ့ အနေအထားက နားလည်မှု ရှိတယ်လို့ပဲ ပြောရမယ် နှစ်ယောက်စလုံးကတော့ အေးဆေးပါပဲ ...



အထူးသဖြင့် ငါ ကူးနဲ့ပြတ်ပြီး စိတ်ခတ်တွေကျ၊ ပြိုင်ပွဲကိစ္စတွေအတွက် Stress တွေ ပိနေချိန်မှာ သူက အကောင်းဆုံး အားပေးတဲ့ အနေအထားမှာ ရှိခဲ့တယ်။ ချော့မော့ဖျောင်းဖျတာမျိုး မဟုတ်ဘဲ စိတ်ဓာတ်တွေ ပြတ် ပြတ်သားသား မြှင့်တင်ပေးခဲ့တာ။ အဲဒီအခိုက်အတန့်ကာလ လေးကို မမေ့ဘူးကွာ။ သတိရနေတယ်"

"ဒါဆိုရင်တော့ သေချာပါပြီ"

ခန့်ဝင်းက ရေခွေးကြမ်းခွက်ကို မော့ရင်း ပြောသည်။

"ဘာသေချာတာလဲ"

"မင်းတို့နှစ်ယောက် အနေးနဲ့အမြန် ဖြစ်သွားတော့မယ် ဆိုတာကိုပေါ့"

အဲဒီအပြောကို သူ တစ်စုံတစ်ရာ မတုံ့ပြန်မိချေ။ ...လုံးထဲတွင် ကူးရဲ့ပုံရိပ်ကို ဖျတ်ခနဲ မြင်ယောင်လာမိသည်။ ...ကြောင့် နာကျင်ကွဲကြေခဲ့သော နှလုံးသားကို ညိုကိုက သက် ...ပျောင်ကင်းစေခဲ့တယ်ဆိုလျှင် သူ့နှလုံးသားကို ညိုကို့လက် ...သို့ အပ်လိုက်သင့်ပါသလား။ ညိုကိုကြောင့် သူ စိတ်ချမ်းသာ ...ပါသလား။ ဒီမေးခွန်းကိုတော့ သွက်သွက်ကြီး ခေါင်းညိတ် ...သည်။ ညိုကိုသည် သူ့ကို အမြဲစိတ်ချမ်းသာအောင် လုပ်တတ် ...သာ မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

"ဟုတ်တယ်။ မင်း ကြိုက်ရင်လည်း ဒါမှမဟုတ် အဆင် ပြေမယ် ထင်ရင်လည်း ဖွင့်ပြောလိုက်ပေါ့ကွာ။ အချိန်တွေ ဆွဲမနေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆွဲရမယ်ကွ။ ယောကျ်ားလေးဆိုတော့ သေချာစဉ်းစားရမှာပေါ့။ ရှေ့မှာလည်း တစ်ခါသေဖူးပြီးပြီ"

"ဟာ ... အဲဒီဒဏ်ရာကို ဒေါက်တာညိုက ချုပ်ပေးပြီးပြီ။ ကောင်းနေပြီ။ Carry on ...: Carry on "

သူငယ်ချင်းတွေက တစ်ယောက် တစ်ပေါက် မြှောက်ပေးလျှင် သူ့ရင်ခုန်သံတွေ နည်းနည်းမြန်လာသည်ဟု ထင်သည်။ နားထဲတွင် ညိုကိုရဲ့ ချိုလွင်သော ဆည်းလည်းရယ်သံလေးများကို ကြားယောင်လာသည်။ မျက်လုံးဝင့်ပြီး ကြည့်တတ်သောအခါ မျက်လုံးပေါ်က eye shawdoo တွေ လင်းဖြာသွားပုံ၊ နှုတ်ခမ်းထူထူတွေ ပြုံးလိုက်သောအခါ ခပ်ရွဲရွဲဆိုးထားသော ချယ်ရီရောင် Lip Gloss တွေက ခုန်ထွက်စဉ်လာတော့မတတ် အိကျလာပုံတို့ကို မြင်ယောင်လာမိသည်။

သေချာစဉ်းစားကြည့်လျှင် ရင်ခုန်ခြင်းဆိုတာ လတ်တစ်ကမ်းအကွာမှာ ရောက်နေပြီ ဖြစ်သည်။ စာအုပ်ဆိုင်က အတူပြန်လာသော ညနေခင်းတွေမှာ သူမထံမှ ဝေ့ဝဲလာသော သစ်သီးရနံ့ ရေမွှေးလေးကို စွဲလမ်းမသိ စွဲလမ်းနေခဲ့တာက ဘာဖြစ်နိုင်မလဲ။ သူ့လည်တိုင်ထက်မှာ ဆွဲထားသော ပလက်တီနမ်ကြိုးလေးကို မြင်တိုင်း အားရှိသွားသလို ခံစားရတာရော အများပါလိမ့်။ ဒီလို အချက်အလက်တွေကို စစ်ဆေးကြည့်ပါက "အချစ်"ဟု အဖြေထွက်မလား ?။

ညိုကိုရေ ... ငါ့နှလုံးသားကို မင်းလက်ထဲကို အပ်နှံချင်ပါတယ်။ ကျေးဇူးပြုပြီး လိုသလို ဆုံးမပဲ့ပြင်ပေးပါ။

❦ ❦ ❦



လူတစ်ယောက်နဲ့ တစ်ယောက်ဟာ "ချစ်သူ"ဟုသော ခေါင်းစဉ်အောက်သို့ ဘယ်လိုအခြေအနေမျိုးမှာမဆို တိုးဝင်ပြောင်းလဲသွားနိုင်သည်ဟူသော ဖြစ်ရပ်ကို အဲဒီနေ့က သက်သေပြလိုက်ခြင်းပင် ဖြစ်သည်။ သေသေချာချာ ပြန်စဉ်းစားကြည့်လျှင် အဲဒီနေ့က မိုးရွာသောကြောင့် သူတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြတာလား။ မိုးရွာပင် ရွာသော်ငြားလည်း ထီးဖြစ်ဖြစ် မိုးကာအင်္ကျီဖြစ်ဖြစ် ပါလျှင်ရော ချစ်သူတွေ ဖြစ်သွားနိုင်လား။ ဆိုင်တော့ မဆိုင်ဘူးဟု ထင်သည်။ ဘုရားဟော တရားတွေထဲမှာ သူ အကြိုက်ဆုံး ဖြစ်သည့် အကြောင်းအကျိုး ဆက်စပ်တတ်ခြင်း တရားနဲ့သာ နှိုင်းယှဉ်ပြီး ပြောရလျှင် ဒီလိုဖြစ်ဖို့ ရှေ့မှာအကြောင်းတရားတွေ ခံနေသောကြောင့်သာ ဒီလိုအကျိုးရလဒ်တွေ ဖြစ်လာခြင်းဖြစ်သည်။

အဲဒီနေ့က သူနဲ့ ညိုကိုသည် စာအုပ်ဆိုင်က ပြန်လာရင်းမှ ညိုကိုက လမ်းလျှောက်နေရင်း ဘာစိတ်ကူးပေါက်သည် မသိ။ ရထားသံလမ်းဘက်က မုန့်ပေါင်းနှင့် အကြော်တို့ စားချင်သည်ဟု ချဉ်ခြင်းတပ်သည်။ ရာသီဥတုကလည်း ခပ်ညို့ညို့။ ကောင်းကင်မှာ မိုးရိပ်တချို့ကလည်း ရှိနေသည်။ အခုဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



အနဲ့ ညိုကိုက ပြောမနာ ဆိုမနာ ဘော်ဒါတွေလို ဖြစ်နေပြီး သူက ညိုကို့ကို ဖျောင်းဖျသည်။

"မိုးချုပ်မယ်ထင်တယ် ညိုကိုရဲ့။ နောက်နေ့မှ စားပေါ့"

"ဟာ ... အခု စားချင်တာ။ နောက်နေ့ဆို စားချင်မှာ မဟုတ်တော့ဘူး။ စူးနင့် အလုပ်ရှိရင် ပြန်နှင့်လေ။ ညိုကို ဘာသာပဲ သွားပါ့မယ်"

"အာ ... အဲဒီလိုတော့ ဘယ်ဖြစ်မလဲ။ ကိုယ်ပါ လိုက်မှာ ပေါ့"

"ဒါများ ... ပဲများနေသေးတယ်"

သူမက နှာခေါင်းကိုရှုံ့ကာ ပြောသည်။ အဲဒီလိုနှင့် သူတို့နှစ်ယောက်မှာ ရထားသံလမ်းနားက အကြော်ဆိုင်သို့ ရောက်သွားသည်။ ညိုကိုသည် အဲဒီတစ်ခုကတော့ ဘာမသော့ စရိုက်မှန်းကို မသိ။ တခြားနေရာတွေမှာ အတွေးအခေါ် အယူ အဆက အင်တာနေရှင်နယ် ဆန်သလောက် အစားအသောက် ဆိုလျှင် သာမန်လောက်သာ ကြိုက်တတ်သူဖြစ်သည်။ အထမ်းနဲ့ ရောင်းသော တို့ဟူးသုပ်၊ ဘောလုံးကွင်းထိပ်က မန်ကျီးဖျော်ရည်၊ မာလာဟင်းနဲ့ အကင်၊ ရှောက်သီးသုပ်နဲ့ အာပူလျှံပူ စသဖြင့် အဲဒီလို အစားအသောက်တွေကိုသာ မက်မက်မောမော စွဲလမ်းသူ ဖြစ်သည်။

ပြီးတော့ သူမသည် လက်ဖက်ရည်ကောင်းကောင်း ကိုလည်း နှစ်သက်တတ်သူ ဖြစ်ပါသေးသည်။ အခုလည်း မုန့်ပေါင်းပူပူနှင့် ပုစွန်ကြော်ကို အားပါးတရ စားနေပြန်သည်။ သူ့ကိုလည်း ပခုံးလေးကျုံ့ပြီး ရယ်ပြကာ ...



"ကောင်းတယ်နော်။ ကော်ဖီပူပူလေးပါ တွဲလိုက်ရရင်တော့ ရှယ်ပဲ"

"သောက်ချင်လို့လား။ လက်ဖက်ရည်ဆိုင်က မှာလိုက်မယ် လေ"

"ဝေးပါတယ်"

"ဝေးလည်း ဘာဖြစ်လဲ။ မှာပေးမယ်"

"နေပါစေ စူးနင့်ရဲ့။ ရေနွေးကြမ်းနဲ့ပဲ ကောင်းပါတယ်။ စူးနင့် ကြိုက်ရဲ့ ကြိုက်ရဲ့လားမသိ။ ဖွတ်ခေါ်ကျွေးသလို ဖြစ်နေပြီ"

"ကြိုက်ပါတယ်။ အကြော်မကြိုက်တဲ့သူဆိုတာ ရှိလို့လား"

သူမက ဘူးသီးကြော်တစ်ချောင်းကို အချဉ်ရည်ထဲ တို့နှစ်ကာ ...

"အင်း ... ကျန်းမာရေးနဲ့ ကြည့်ရင်တော့ သိပ်မဂွတ်ဒ်ဘူး။ စားအုန်းဆီတွေနဲ့ ကြော်ထားတာကိုး။ ဆီထဲကိုနှစ်ပြီး ကြော်ထားတဲ့ အရာမှန်သမျှ ပြည့်ဝဆီဓာတ်တွေက အရမ်း များနေတာယ်"

"ဟုတ်တဲ့ပါ အစ်မရယ်"

သူက အဲဒီလို ပြောလိုက်လျှင် သူမက ချိုလွင်စွာ ရယ်တော့ဘဲ ဒီတစ်ခါတော့ ပြုံးရုံသာ ပြုံးနေပါသည်။ သူသည် အဲဒီအပြုံးကိုငေးကာ စိတ်ထဲမှာ ဖျတ်ခနဲ ပေါ်လာသော မေးခွန်း တစ်ခုကို ကောက်ခါငင်ခါ မေးမိသည်။

"ညိုကို ရည်းစားထားဖူးလားဟင်"

"ဟယ် ... မေးခွန်းကလည်း အဆက်အစပ် မရှိလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေးခွန်းပဲ။ ဘာအဆက်စပ် ရှိစရာလိုလဲ။ ခေါင်းထဲရှိတာ ကောက်မေးလိုက်တာပဲကို။ ကဲ ... ဖြေပါ။ ကိုယ် မသိလို့ မေးတာပါ။ ညိုကို့ကို ကြိုက်တဲ့လူတွေ အများကြီး နေမှာပဲလေ ...

ဟိုးအရင်တုန်းကရောပေါ့။ အဲဒီထဲက တစ်ယောက်ယောက်ကိုများ နည်းနည်းလေးလောက်တောင် ပြန်မကြိုက်ခဲ့ဘူးလား"

"ကြိုက်ခဲ့တာပေါ့"

အဲဒီအပြောကြောင့် သူက မျက်ခုံးပင့်သွားကာ သူမကို အလန့်တကြား မော့ကြည့်ဖြစ်သည်။ အမှန်အတိုင်း ဝန်ခံရလျှင် ဒီအဖြေမျိုးကို သူ မမျှော်လင့်ခဲ့ပါ။ သူမ မျက်ဝန်းတွေထဲသို့ ငုံ့စောင်းအဖြေရှာကြည့်လျှင် တကယ်ပြောနေသော အရိပ်အယောင်တွေကို တွေ့လိုက်ရသည်။

"အင် ... ကြိုက်ခဲ့တော့ ..."

"ကြိုက်ခဲ့တော့ ကြိုက်ခဲ့တာပေါ့ စူးနင့်ရဲ့။ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ။ ရည်းစားရလား၊ ရည်းစားဖြစ်ရောလား၊ အဲဒါကို မေးတာ"

သူ့ရဲ့စိတ်မရှည်သလို အပြောကို သူမက စိတ်ရှည်ဟန်ဖြင့် ပြုံးကြည့်နေလေသည်။ သူမ အဲဒီလို ပြုံးကြည့်လေတိုင်း သူ့စိတ်တွေဟာ ဘုံနန်းမြင့် ခုနစ်ထပ်ကို ရောက်သွားသလို ခံစားရသည်။ အဲဒီလို အကြည့်နဲ့ အပြုံးမျိုးကို ကူးထံကတောင် သူ မရခဲ့ဘူးပါ။

"ဖြေလေကွာ"



"အဲဒါက စူးနင့်အတွက် ဘယ်လောက်များ အရေးကြီးနေလို့လဲ"

"မင်းကရော ဘာလို့ ပဲကိုင်နေရတာလဲ"

"မကိုင်ရပေါင်။ ရည်းစားမရှိခဲ့ပါဘူး စူးနင့်ရယ်။ ကဲ ... ကျေနပ်ပြီလား"

"ရည်းစားက ဘာလို့ မရှိခဲ့ရတာလဲ"

"ဟောတော့ ... အလကားနေရင် ပြဿနာက ရှာပြန်ပြီ"

"ဟုတ်တယ်လေ၊ ကောင်လေးတွေကို ကြိုက်တယ်ဆိုရင် ရည်းစားတစ်ယောက်လောက်တော့ ထားဖြစ်ရမှာပေါ့။ ယုတ္တိမှ မရှိတာ"

"ဟာ ... အဟား ဟား ဟား"

သူမက သူ့အပြောကို ဟက်ဟက်ပက်ပက်ကြီးကို ရယ်မောလေသည်။ ပြီးတော့ ခေါင်းတွေကိုတောင် ယမ်းလိုက်သေးသည်။

ကြည့်စမ်း ... သူ့စိတ်ထဲမှာ သူမနဲ့ ပတ်သက်ပြီး သဝန်တိုနေတာလား။ ဒီလိုဆိုရင် သူ့နှလုံးသားက ဘာကြီးလဲ။

"မင်း ကိုယ့်ကို ရယ်နေတာပေါ့"

"အင်းလေ ... ရယ်နေတာ မြင်ရဲ့သားနဲ့ ရယ်နေတာလားလို့ မေးနေသေးတယ်။ ရှင် ပြောတာက ရယ်စရာကောင်းနေတာကိုး"

"ဟုတ်တယ်လေ။ ဆယ်ကျော်သက် အရွယ်မှာ ယောကျ်ားလေးတစ်ယောက်ကို ကြိုက်မိမှတော့ ဒါ ရည်းစားဖြစ်ဖို့ နီးစပ်နေတာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့် ... ကြိုက်တာက ကောင်လေးတစ်ယောက်မှ မ,တတာ"

"ကျွတ် ... မင်းကတော့"

"ဟုတ်တယ်လေ၊ ညိုကိုက အလန်းစားဆိုတော့ ညိုကို့ကို လာကြိုက်တဲ့ ကောင်လေးတွေကလည်း အလန်းလေးတွေချည်းပဲပေါ့။ သူတို့ရဲ့ရုပ်ရည်၊ စတိုင်လ်ကို ညိုကို သဘောကျတယ်၊ ကြိုက်တယ်လေ ...

ကြိုက်တိုင်းသာ ရည်းစားထားရမယ်ဆိုရင် ညိုကို သုံးလေးယောက်လောက် တစ်ပြိုင်နက် ရည်းစားထားနေရမှာပေါ့။ ဒါကြောင့် ဘယ်သူနဲ့မှ ရည်းစားမဖြစ်ခဲ့ဘူး။ ရည်းစား မထားခဲ့ဘူး ...

အဲဒါ တကယ်ပဲ"

"ဒါဖြင့်ရင် ညိုကို ဘယ်သူ့ကိုမှ မချစ်ဖူးဘူးပေါ့"

အဲဒီမေးခွန်းကိုတော့ သူမက ချက်ချင်းမဖြေပါ။ သူ့မျက်ဝန်းတွေထဲသို့ တစ်ခဏတာ ငေးရီစိုက်ကြည့်နေပြီးမှ ပြန်ပြီး ခေါင်းဆတ်ကာ ...

"အင်း ... အဲဒီလိုပဲ ပြောရမှာပေါ့"

"ထူးဆန်းတယ်နော်။ နှလုံးသားက ဒီအချိန်ထိ တည်ငြိမ်နေနိုင်တာ"

အဲဒီအပြောကိုတော့ သူမက မရယ်တော့ဘဲ အသာအယာပဲ ပြုံးလို့နေခဲ့သည်။ အဲဒီနောက် သူတို့အကြော်ဆိုင်က ပြန်ထွက်လာလျှင် မိုးသက်လေတစ်ချက်က ဝှေ့လာကာ မိုးရနံ့က ဆွတ်ပျံ့လာသည်။ နွေဦးမိုးအဖြစ် ရွာတော့မှာလား မသိ။



သအဝေ့မှာ မိုးစက်လေးတွေက တစ်ပေါက် နှစ်ပေါက် လွင့်စဉ်သို့လာသည်။ သူမက မိုးစက်လေးများကို လေထဲမှာ လိုက်ဖမ်းသလို လုပ်ရင်း ...

"မိုးလေဝသက ကြော်ငြာထားတယ်။ လာနီညို ရှိတယ်တဲ့။ ဒါကြောင့် အချိန်အခါမဟုတ် မိုးရွာလိမ့်မယ်"

"ရွာရန် ရာနှုန်းပြည့်လား"

"သိဘူးလေ"

သူမက နှုတ်ခမ်းဆူ၍ ချစ်ရာကောင်းစွာ ပြန်ဖြေသည်။ အဲဒီပုံစံကြောင့် သူ တစ်ချက် အသည်းယားသွားသည်။ သအဝေ့မှာ သူမထံမှ သစ်သီးရနံ့ဖျော့ဖျော့ ရေမွှေးနံ့လေးက သူ့ နှာခေါင်းဝသို့ လာရောက်ကျီစယ်သည်။

"ကိုယ့်သူငယ်ချင်း တစ်ယောက်က ပြောတယ်။ မိုးလေဝသ ခန့်မှန်းတဲ့ကိစ္စနဲ့ အချစ်ကိစ္စမှာ လိမ်ညာတာ မရှိဘူး။ မှားတာပဲ ရှိတယ်တဲ့ ...

အဲဒါ ဖြစ်နိုင်လား"

"ဖြစ်နိုင်ပါတယ်။ မိုးလည်း ရွာချင်ရွာမယ်။ မရွာချင်မရွာဘူးပေါ့။ ဇလဗေဒပညာရှင်တွေကတော့ အနီးစပ်ဆုံးခန့်မှန်းပေးလိုက်တာပဲ။ မှားတာတော့ ဘယ်တတ်နိုင်မလဲ။ ဒီလိုပဲ အချစ်ဆိုတာလည်း မချစ်ဘူးလို့ လိမ်ထားခဲ့တာတော့ မဟုတ်ဘူး။ မှားသွားရင်လည်း ဘာမှမတတ်နိုင်ဘူးလေ ...

နာဂစ်လိုပဲပေါ့။ ဒီလို တိုက်ခဲ့မယ်လို့ ဘယ်သူက ကြိုသိခဲ့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ခေါ်ညိုကိုတို့ကတော့ အချစ်ကိုတောင် နာက
နိုင်နေပြီ"

"နင်က စနိုင်းတာပါနော်"

"ဟာ ... နင်တဲ့။ ကြည့်စမ်း ... ဘယ်တုန်းက ဒီလိုရှိ
သွားတာလဲ"

"အောင်မာ ... ကျုပ်က နင့်ထက် ငါးလကြီးတယ်
စုးနင့်ရဲ့"

"ကြီးကြီးကွာ။ နင်နဲ့ ငါနဲ့ မပြောနဲ့"

"ပြောမှာပဲ"

သူက သူမကို ရှေ့တည့်တည့်မှ ဝိတ်ရပ်
စူးစိုက်ကြည့်မိသည်။ သူမက အမေရိကန်မင်းသမီးတွေ စတိုင်
မျိုးဖြင့် နှုတ်ခမ်းကို စုချွန်ကာ ပခုံးတစ်ချက်တွန့်၍ ဆက်လျှော
သွားသည်။

အဲဒီအချိန်တွေမှာပဲ မိုးစက်တွေက ကောင်းကင်
မှ တဖြောက်ဖြောက်နှင့် မြူးထူးခုန်ပေါက်ပြီး အပြေးအလွှာ
ဆင်းလာကြဟာဖြစ်သည်။ မိုးတွေက ချက်ချင်းဆိုသလိုပင် သည်း
လာလျှင် သူတို့နှစ်ယောက်  နီးစပ်ရာ သစ်ပင်ကြီးတစ်ပင်အော
သို့ အပြေးအလွှား ဝင်မိုးခိုလိုက်ရသည်။ မိုးဦးသည် အားကော
မောင်းသန်ဖြင့် ရွာချဆဲ။ ကောင်းကင်တစ်ခွင်သည် ချက်ချ
သလိုပဲ မှိုင်းညို့၍သွားလေသည်။

သင်ပင်အောက်မှာ မိုးခိုရတာလည်း သိပ်မလုံ။
ပေါက်တွေက စိမ့်စီးကျလာလျှင် သူက တီရှပ်အပေါ်မှ ထပ်ဝင
သော ဂျာစီအကျီကိုချွတ်ကာ ခေါင်းဆောင်းဖို့ လုပ်ရ



သူမ အပေါ်သို့ အုပ်မိုးပေးလိုက်လျှင် သူမက သူ့ကို ဖျတ်ခနဲ
မော့ကြည့်ကာ ...

"ရပါတယ်"

"ရပါတယ် လုပ်မနေနဲ့ အစ်မ။ ဖျားလိမ့်မယ်။ ကဲ ...
ရော့၊ တစ်ဖက်ကကိုင်"

သူမက သူ့ကို တစ်ချက်ကြည့်ကာ ဘာမှမပြော
တော့ဘဲ အကျီရဲ့တစ်ဖက်စွန်းကိုယူကာ ကိုင်လိုက်သည်။ သူ့
အကျီသည် သူရော သူမရောကို ခေါင်းမိုးမစိုစေရန်အတွက်တော့
အတော်အတန် ကာကွယ်ပေးထားနိုင်သည်။ ဒါပေမဲ့ ရင်ခုန်သံ
တွေ မဆူညံအောင်တော့ မကာကွယ်ပေးနိုင်ပါ။ အကျီတစ်ထည်
ကို အတူမိုးထားသောကြောင့် လူချင်းက နီးကပ်နေကာ သေချာ
နားစွင့်ကြည့်မယ် ဆိုပါက သူ့ရင်ခုန်သံကို သူမ ကြားသွားနိုင်
လောက်သည်။

သူမက ညောင်းလာဟန်ဖြင့် ခေါက်တစ်ချက်ချိုးကာ
ဆံပင်တွေကို တစ်ချက်သပ်တင်လိုက်သည်။ သူသည် နီထွေးသော
သူမရဲ့နားရွက်ဖျားလေးတွေကိုကြည့်ကာ အာခေါင်တွေ ခြောက်
သွေ့လာသည်။ ဒီအချိန်မှာ သူမကို သူ တစ်ခုခုပြောလိုက်ချင်
သည်။ တိတ်ဆိတ်နေသော အခြေအနေကို သူ့ရင်ထဲက စကား
တစ်ခွန်းဖြင့် ဖြိုခွဲလိုလှသည်။ အဲဒီအတွေးဖြင့် သူမအနားသို့
သောတိုးကပ်ကာ ငုံ့လိုက်လျှင် သူမကလည်း ဒီဘက်ကို ဆတ်
ခနဲလှည့် ...။ သူ့နှုတ်ခမ်းနှင့် သူမရဲ့ပါးပြင်သည် အလွန်တရာ
နူးညံ့သိမ်မွေ့သော အထိအတွေ့မျိုးဖြင့် ပွတ်တိုက် ထိခိုက်မိသွား
ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အံ့ဩလွန်းသော ပုံစံဖြင့် စကားထော ပြောနိုင်ဘဲ သူ့ကို ငေးကြောင်ပြီး ကြည့်နေသည်။ သူလည်း ဒီအခြေအနေကို နားမလည်ချေ။ ဘာတွေက ဘယ်လို လွဲချေ သွားသလဲတော့ မပြောတတ်။ သေချာတာကတော့ အတိအကျ မှားယွင်းလွဲချော်သွားခဲ့တာဖြစ်သည်။ သူမထက် အရပ်ရှည် သူက တစ်ခုခုပြောဖို့ သူမအနားသို့ ကပ်ပြီးအငုံ့၊ သူမကလ တစ်ခုခုပြောဖို့ သူ့ဘက်သို့မော့ပြီး ဆတ်ခနဲ အလှည့်။ အ အနေက တိုက်ဆိုင်စွာနဲ့ကို လွဲချော်သွားခဲ့တာဖြစ်သည်။ သူ မျက်နှာပေါ်တွင် အမျိုးအမည်မသိသော အရိပ်ပေါင်းစုံ ဖြတ် သွားပြီးနောက် လက်ထဲမှအကျီကို လွှတ်ချကာ ...

"သွားတော့မယ်"

သူမက ပြောပြောဆိုဆိုဖြင့် မိုးရွာထဲသို့ ထွက် ဟန်ပြင်သည်။ သူသည် သူမရဲ့လက်တစ်ဖက်ကို လှမ်းမဆွဲ နိုင်သည်အထိ နောက်မကျခဲ့ပါ။

"ညိုကို"

မိုးသံလေသံတွေ ကြားထဲတွင် သူ့အသံမှာ တုန် နေသည်။ သူ့နှလုံးသားကို နားလည်စွာနှာသော သူမသည် မျက်ဝန်းထဲက အဓိပ္ပာယ်တွေကိုလည်း နားလည်စာနာနိုင် မျှော်လင့်ပါသည်။

"ကိုယ့်ကို ထားခဲ့တော့မလို့လား"

အဲဒီအပြောသည် လက်ရှိအခြေအနေထက် ပို အခြေအနေတစ်ခုကိုပါ ဆိုလိုတယ် ဆိုတာကို သူမ မရိပ်မိ အထိ မညံ့လောက်ပါ။ သူ့စကားကြောင့် သူမ မျက်ဝ



သက်ခနဲ ဖြစ်သွားသည်။ သူမရဲ့ မျက်နက်ဆန်လေးထဲတွင် သူ့ အတွက် မျှော်လင့်ချက်များစွာကို လှပစွာ ပါကင်ထုပ်ပိုးထားပါ သည်။

"ကိုယ့်အနားမှာ မင်း ရှိနေဖို့ လိုအပ်တယ် ညိုကို။ အနား မှာ ရှိနေပေးပါ။ မထားခဲ့ပါနဲ့"

သူမ နှုတ်ခမ်းတွေက တင်းခနဲ စေ့သွားကာ သူ့ သက်ထဲမှ သူမလက်ကို ဆောင့်ရုန်းထွက်ဖို့ ပြင်သည်။ သို့သော် လွှတ်ပေးရလောက်အောင်အထိ သူ မညံ့ပါ။ အခွင့်အရေးဆိုတာ နှစ်ခါရောက်မလာတတ်ဘူး ဆိုတာကို သူ သိပြီးသားဖြစ်သည်။ သူက သူမ လက်ကောက်ဝတ်ကို ပို၍တင်းတင်းကျပ်ကျပ် ဆုပ် ကိုင်ထားလျက်မှ ...

"ဒီအတိုင်းတော့ မထားခဲ့နဲ့ ညိုကို။ တစ်ခုခုတော့ ပြော ခဲ့ပါ"

"ညိုကို့လက်ကို လွှတ်ပါ"

"ညိုကို ... မင်း ကိုယ့်ကို ဘာဖြစ်လို့ နားမလည်ရတာလဲ။ တကယ်ပဲ နားမလည်ဘူးလား။ နားမလည်ချင်ယောင် ဆောင်နေတာလား"

"ရှင့်ကို နားမလည်ရင် လက်ဆွဲထားမှုနဲ့ လက်သီးတစ်လုံး တောင် ကျွေးပြီးရောပေါ့"

သူမ အပြောကြောင့် သူ လှစ်ခနဲ ပြုံးမိသွားသည်။ သူ ပြုံးတာကို အခွင့်ကောင်းယူကာ သူမက ရုန်းထွက်ဖို့ပြင်သည်။ သို့သော် သတိလစ်သည်အထိ သူ မညံ့သေးပါ။ သူမကို သူ့ အနားသို့ အသာအယာ ဆွဲယူခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ချစ်တယ် ညိုကို"

သူမ မျက်ဝန်းတွေ လက်ခနဲ ဖြစ်သွားသည်။ အ
မှတော့ မပြောပါ။

"ကိုယ့်နှလုံးသား အသစ်လေးတစ်ခုကို မင်း လက်ထဲ
ပါတယ် ညိုကို။ ထွေးပွေ့ထားမလား၊ လွှတ်ချလိုက်မလ
ဆိုတာတော့ မင်းအပေါ်မှာပဲ မူတည်ပါတယ်။ ဘာလ
မှာလဲ ညိုကို၊ ကိုယ့်ကို ဖြေပေးပါ"

"တစ်ခုမှ မလုပ်နိုင်ဘူး"

သူက မျက်စိမျက်နှာပျက်စွာဖြင့် "ညိုကို"ဟု ထ
ခွန်းခေါ်ကာ သူမကို ကြည့်မိသည်။ သူမရဲ့နှုတ်ခမ်းတွေက လှ
စွာပြုံးလာသည်။

"ရှင့်နှလုံးသားကို မြိုချထားမှာ"

အဲဒီစကားသည် မိုးသံ လေသံကြောင့်လားတော
မသိ။ သူ့နားထဲတွင် ဝါးသွားသည်။ သူသည် သူမအနားသို့ တိုး
ကပ်သွားမိကာ နောက်တစ်ခေါက် နောက်တစ်ခေါက်မေလာ
တာကို ထပ်ခါတလဲလဲ ရေရွတ်နေမိသည် ထင်သည်။ မိုးတွေ
မစဲဘဲ သည်းဆဲ။ သူတို့နှစ်ယောက်လည်း ရွဲရွဲစိုကုန်ပြီဖြစ်သည်
သို့သော် နွေးထွေးနေဆဲ။ ရင်ထဲက ပူပူနွေးနွေး အချစ်တွေဖြ
နွေးထွေးရှိန်းမြနေဆဲ။

❦ ❦ ❦



လူတစ်ယောက်ကို
နားလည်ပေးတတ်တဲ့
အရည်အချင်းဆိုတာ
မွေးရာပါစိတ် မဟုတ်ဘူး။
ပါရမီ ပါလာခဲ့တာလည်း မဟုတ်ဘူး။
ချစ်လို့သာ နားလည်ပေးလိုက်ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



# ကိုးဆယ့်ငါး

## ၁၇

အဲဒီနေ့က မိုးရွာထဲမှာ လမ်းလျှောက်ပြန်သောကြောင့် သူတို့နှစ်ယောက်စလုံး ဖျားခဲ့ကြသည်။ သို့သော် သူတို့အင်မတန် ရင်ခုန်ကျေနပ် ပျော်ရွှင်ခဲ့ကြပါသည်။ နှစ်ယောက်သားနှာတချေချေနှင့်ပင် ညဥ့်နက်သန်းခေါင် ဖုန်းပြောကြသည်။ နားလည်မှုရှိနေသောဘဝမှ ချစ်သူတွေဟူသော ခေါင်းစဉ်အောက်သို့တိုးဝင်သွားပြီးသည့်နောက်တွင် သူတို့ လွတ်လပ်ပွင့်လင်းစွာ မိုးမမြင် လေမမြင် ချစ်ခဲ့ကြပါသည်။ အထူးသဖြင့် ညိုကိုသည် သူ့ကို ထင်ထားတာထက် များစွာ နားလည်ကာ တရိုက်မက်မတ်ချစ်မြတ်နိုးရှာသည်။ မိန်းကလေးတစ်ယောက်က ကိုယ့်ကို ဒီလောက်ချစ်တာကို မကြုံဖူးသော သူ့အဖို့ ညိုကို့ အချစ်တွေမှာ အံ့သြဘနန်း ဖြစ်စေသည်။

ညိုကို ချစ်တတ်ပုံမှာ ချစ်လွန်းအားကြီးသောကြောင့် သဝန်တိုကာ သည်းသည်းလှုပ်ဖြစ်လျက် တစ်ဖက်လူ အနေရခက်အောင်၊ စိတ်ကျဉ်းကျပ်အောင် ချစ်တာမျိုး မဟုတ်ချေ။ သူ့အပေါ်မှာ နားလည်မှုရှိရှိနှင့် လွတ်လပ်စွာ ချစ်မြတ်နိုးတာ ဖြစ်ပါသည်။



အဲဒီအချစ်တွေကြောင့်ပဲ သူ့မှာ အတိုင်းမသိ စိတ်ချမ်းမြေ့ရသည်။ အဲကြောင့် ညိုကိုနဲ့တွေ့လေတိုင်း သူမ ပခုံးလေးထက်သို့ ခေါင်းမှီရင်းမှ သူက အမြဲနောက်လေ့ရှိသည်။

( "ဒီကောင်မလေး ကိုယ့်ကို ဘယ်အချိန်ထဲက ကျိတ်ချစ်နေလဲ မသိဘူးကွာ။ ဒီလောက်ချစ်နေရင်လည်း စောစောစီးစီးထဲက propose လုပ်လိုက်ပြီးရော ...

ဒီက အဖြေပြန်ပေးမှာပေါ့။ ခုတော့ မိုးရွာအောင်များ စောင့်နေရသေးတယ်" )

သူက အဲဒီလိုနောက်လျှင် သူမက နှုတ်ခမ်းဆူကာ "မောင်နော်"ဟု အမြဲအော်တတ်သည်။ သူမက သူ့ကို ချစ်သူတွေ ဖြစ်သွားပြီးကတည်းက "မောင်"ဟု ပြောင်းလဲခေါ်ခဲ့တာဖြစ်ပါသည်။ သူက ခေါ်ခိုင်းခဲ့တာမဟုတ်။ သူမ ပထမဦးဆုံးခေါ်တုန်းကဆိုလျှင် သူ့မှာ ဆံပင်မွေးတွေတောင် ထောင်သွားသလားဟု ထင်ရသည်။ ဘယ်ယောကျ်ားမဆို ကိုယ့်ချစ်သူ မိန်းကလေးက "မောင်"ဟုခေါ်တာကို မကြိုက်မရှိပါ။

မနော့ခွေ့အောင်ပင် သဘောတွေ့ကြသူများ ဖြစ်သည်။ သူသည်လည်း ယောကျ်ားထဲက ယောကျ်ားတစ်ယောက်မို့မောင်ဟု အခေါ်ခံရလေတိုင်း ငါဟဲ့ယောကျ်ားဟု မိန့်မိန့်ကြီးပြုံးနေတတ်သည်။

မောင်ဟု အခေါ်ခံရသော ယောကျ်ားများမှာ ရည်းစားရှိတာခြင်း အတူတူဆောင် တစ်ဆင့်တက်သလို ခံစားရသည်။

"ကိုယ့်ကို ဘာဖြစ်လို့ မောင်လို့ ခေါ်တာလဲမောင်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမျိုးတွေ့င် သူမက လှပစွာ ပြုံးပြကာ သူ့ချစ်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်လျက် ...

"နှာမည်မခေါ်ရက်လောက်အောင်ကို ချစ်လို့ပေါ့ မောင်"

"အားပါး ... ခံစားရလို့ သေတော့မယ်ကွာ။ အဲဒီလောက်မမြှောက်စမ်းပါနဲ့"

"ဘာလဲ ... မောင်က ရင်ထဲကမပါဘဲ တော်လ်ကီလျှောက်ပြွားနေတယ် ထင်လို့လား"

"မထင်ပါဘူး။ ရင်ထဲက စကားတွေ ဆိုတာတော့ သိတယ်လေ။ ဒါပေမဲ့ ညိုကိုက အဲဒီလောက် ချစ်တယ်ဆိုတာသိရတော့ တရုတ်ကားတွေထဲမှာ ဘုရင်က ချီးကျူးရင်ပြန်ပြောသလို မခံယူဝံ့ပါပေါ့"

"အဲဟင်း ဟင်း ... ခံယူပါ မောင်ရယ်။ ခံယူပါ။ ခံယူထိုက်လို့ ခံယူရတာပါ"

သူက ပြုံးပြုံးလေး ပြောနေသော ညိုကို့မျက်နှာကိုငေးကြည့်ကာ လက်ဖျားလေးတွေကို ဖျစ်ညှစ်ရင်းမှ ...

"ညိုကိုကလေ ကြာလေ ပိုချောလာလေပဲ သိလား။ အလှတွေ သိပ်မပြင်နဲ့ကွာ။ စိတ်မချဘူး"

"ညိုကိုကတော့ မောင့်ကို စိတ်ချတယ်။ မောင် ရှိုးများများထုတ်၊ ဒါမှ ကောင်မလေးတွေ ဝိုင်းကြိုက်မှာ"

"ဟင် ... အဲဒါကို ညိုကိုက သဘောကျတယ်ပေါ့"

"အင်းပေါ့ ... ဒါမှ မောင့်စိတ်ရင်းကို သိခွင့်ရမယ်လေ"

"ဟာ ... ဘယ်လို အတွေးအခေါ်ကြီးလဲ"



"ဟုတ်တယ်လေ မောင်ရဲ့။ ဘယ်ကောင်မလေးကမှ စိတ်မဝင်စားလို့ ကိုယ့်ချစ်သူအပေါ်မှာ သစ္စာရှိတာ ငြိမ်နေတာက ချီးကျူးစရာမှ မဟုတ်တာ။ ကောင်မလေးတိုင်းက စိတ်ဝင်စားပြီး သဘောကျကြတာကို ကိုယ်က ပြန်မငြိတာမှ ချီးကျူးဖို့ကောင်းတာ ...

ဒီကရှေ့လျှောက် မောင်က ဒီ့ထက်ပိုအောင်မြင်လာပြီး ဒီ့ထက် စမတ်ဖြစ်လာရင် ကောင်မလေးတွေ ဝိုင်းလာကြတော့မယ်။ အဲဒီကျ စောင့်ကြည့်ရမှာပဲ"

"ဘာလဲ ... မင်းက ကိုယ့်ကို မယုံတဲ့အထာပေါ့လေ"

"မယုံတာ မဟုတ်ပါဘူး။ သဘောတရားကို ပြောပြတာ။ မောင့်ကို ယုံတာ မယုံတာထက် ရင်ထဲမှာ ချစ်တဲ့စိတ်တွေပဲ ရှိနေတာပါ မောင်ရယ်"

သူမက သူ့လည်ပင်းက ဘောလုံးဆွဲသီးလေးကိုဆိုလှုပ်ယမ်းကာ ပြောရင်း သူ့မေးဖျားတွေကို အသာတို့းကပ်ကိုက်လိုက်လျှင် သူ့ရင်ခွင်တစ်ခုလုံး အေးခနဲ ဖြစ်သွားသည်။ သူ့ကို ဘယ်လောက်ချစ်သလဲဆိုတာ ပါးစပ်က ဖွင့်မပြောဘဲနဲ့ကို သူမ အနားရောက်သွားတာနဲ့တင် သိသာလှပါသည်။ ညိုကိုရဲ့ နဖူးလေးကို သူ့ပါးနှင့် အပ်ထားမိကာ ...

"ညိုကို ... မောင့်ကို သိပ်ချစ်တာပဲလားဟင်"

"အင်းပေါ့"

သူမရဲ့ အင်းပေါ့ ဟူသော အသံလေးမှာ ပါးစပ်မချင်ဘဲ ဖွင့်လိုက်ရသည့် အသံလေးဖြစ်သည်။ သူက သဘောကျိတ်ဖြင့် ညိုကို့ရဲ့ ပါးလေးတစ်ဖက်ကို အသာဆွဲလိမ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ထိ ချစ်တာလဲ ပြောပြ !"

"အင် ... သိဘူးကွာ။ မပြောပြဘူး။ ဒါပဲ ခဏ ခဏ မေး နေတယ်"

"မေးမှာပေါ့၊ ဒါပဲ ကြားချင်တာကိုး"

"ဟင့်အင်း ... ခဏ ခဏ ပြောရင် ပေါ်တယ်"

"မပြောဘူးလား၊ မပြောရင်နော်"

သူက သူ့မျက်နှာကို ဆွဲယူမော့ကာ တိုးကပ်လိုက်လျှင် ညိုကိုက မျက်နှာကို နောက်သို့လှန်ပစ်လျက် သူ့မျက်နှာကို တွန်းထုတ်သည်။ ပြီးတော့ သဘောတကျဖြင့် တဟားဟား အော်ရယ်လို့ နေလေသည်။ ပြီးတော့ မချင့်မရဲ စိုက်ကြည့်နေသော သူ့ပုံစံကို နှာခေါင်းရှုံ့ပြသေးသည်။

သူက ချစ်စနိုးဖြင့် ညိုကိုရဲ့ နားထင်တစ်ဖက်ကို လက်ညှိုးနှင့် တွန်းပစ်ကာ ...

"အပေါမ"

"အေး ... အဲဒါအပေါမက ဒီက အရူးကြီးကို ပြောစရာ တစ်ခုရှိတယ်၊ ညိုကို ခရီးထွက်ရမယ် မောင်"

"ခရီးထွက်မယ် ! ဘယ်ကိုလဲ"

"အထက်မြန်မာပြည်ပေါ့။ အန်ကယ့်ရဲ့ခရီးသွားအေဂျင်စီနဲ့ပါ။ ရှေ့လဆိုရင် အလုပ်ဝင်တော့မှာဆိုတော့ အလုပ်မဝင်ခင် experience ရအောင် အန်ကယ်လ်က ဗည့်တဲ့ သဘောပေါ့"

"ဘယ်လောက်ကြာမှာလဲ"



"တစ်လလောက်တော့ ကြာလိမ့်မယ်နဲ့ တူတယ်။ ခရီးသည် သုံးသုတ်လောက် ချိန်းမှာဆိုတော့ ညိုကို မန္တလေးမှာပဲ Base ထိုင်ပြီး လိုက်ပို့ရလိမ့်မယ်"

"ဟာကွာ၊ တစ်လကြီးတောင်လား"

သူ့အပြောကို ညိုကိုက နှစ်သိမ့်သလိုနှင့် ပြုံးကာ ...

"ညိုကိုတို့ မနက်တစ်ခါ ညတစ်ခါ ဖုန်းပြောကြတာပေါ့ မောင်ရယ်"

"ဟင်း ... ဖုန်းပြောတာက ဘာလုပ်ရမှာလဲ၊ ညိုကိုက လည်းကွာ၊ ရှေ့လအလုပ်ဝင်တော့မှာပဲ။ အခု သွားမနေတော့ နဲ့ပေါ့။ အလကား အလုပ်ရှုပ်အောင်"

"ဩော် ... မောင်ကလည်းကွယ်။ ဒါလည်း အလုပ်ဝင်တဲ့ သဘောမျိုး ဖြစ်နေပါပြီ။ လိမ္မာပါတယ်။ ညိုကို့ကို နောက်ဆံတင်းအောင် မလုပ်စမ်းပါနဲ့ ...

မောင်လည်း ရှေ့လထဲမှာ မလေးရှားကို ပြိုင်ပွဲသွားရမှာ မဟုတ်လား။ အတူတူပဲ"

"ပြိုင်ပွဲက တစ်ပတ် ဆယ်ရက်ပါကွာ။ အေးလေ ... အဲဒီ ကျရင်လည်း ခွဲရဦးမှာ၊ အာ ... စိတ်ညစ်တယ်ကွာ။ မသွားလို့ မဖြစ်ဘူးလား ညိုကိုကလည်း ...

တစ်ပတ်လောက် ဆိုရင်လည်း တော်သေးတယ်။ တစ်ပတ် ဆယ်ရက်နဲ့ ပြန်လာခဲ့ပေါ့ ညိုကိုရဲ့"

"အဟင်း ဟင့် ... မရဘူးနဲ့တူတယ် မောင်ရေ၊ ညိုကို့ အန်ကယ်က စည်းကမ်းကြီးတယ်၊ အလုပ်မှ မဝင်ရသေးဘူး အချောင်ခိုချင်နေပြီလို့ ထင်သွားလိမ့်မယ် ...

www.burmeseclassic.com

www.burmeseclassic.com



တစ်လဆိုတာ ခဏလေးပါ မောင်ရယ်။ သူများတွေဆို နှစ်နဲ့ချီတောင် ခွဲကြရသေးတာပဲ။ ပြီးတော့ ရေခြား မြေခြားတောင် ခွဲရသေးတာ။ ညိုကိုတို့က ဒီမြန်မာပြည်ထဲတင်ပဲဟာ။ ဖုန်းလည်း နေ့တိုင်း ပြောလို့ရတာပဲ။ မနက်တစ်ခါ ညတစ်ခါ ပြောမယ်လေ မောင်ရဲ့။ ခုဆို GSM connection ကလည်း နေရာတော်တော်များများ မိပါတယ် ...

မမိလည်း ညိုကို ရောက်တဲ့နေရာက ကြိုးဖုန်းနဲ့ လှမ်းဆက်လိုက်မယ်၊ နော် ... မောင်"

သူမက သူ့ကို ချော့ချော့မော့မော့နှင့် ပြောလျှင် သူ့မှာ ခေါင်းမညိတ်ချင် ညိတ်ချင်ဖြင့် ညိတ်ရသည်။ သူမက သူ့လက်ဖျားလေးတွေကို ဆွဲယူနမ်းရှိုက်ရင်းမှ ...

"အင်း ... တစ်လလောက်ခွဲရမှာဆိုတော့ မောင့်ကို သုံးပတ်လောက်တော့ လက်သည်းညှပ်ပေးရတော့မှာတော့ မဟုတ်ဘူး။ လက်သည်းတွေ ရှည်လာရင် ကိုယ့်ဘာသာပဲ ညှပ်လိုက်တော့နော် ... မောင်။ Beauty Saloon သွားပြီးတော့လည်း မယ်နီကျူးဝါး လုပ်မနေနဲ့ဦး"

"လုပ်စရာလားကွာ။ မင်း သွားမှာကို တကယ်ပဲ စိတ်ညစ်တယ်"

"ဪ ... မောင်ကလည်းကွယ်"

သူမက ချော့မြူသော သဘောဖြင့် သူ့ပါးတွေကို အသာအယာ ပွတ်သပ်ပေးသည်။ ညိုကိုသည် သူ့လက်သည်းတွေကို တစ်ပတ်တစ်ခါ ညှပ်ပေးနေကြ ဖြစ်ပါသည်။ လက်သည်း



ညှပ်ပေးပြီးတိုင်း တံစဉ်းတိုက်ပေးရင်းမှ 'R'ဓာနည်ရဲ့ ခွင့်ပြုတယ် ခွင့်လွှတ်တယ် သီချင်းလေးညည်းနေတတ်သော ညိုကို့ကို အဆုံးမရှိ ချစ်မြတ်နိုးမိပြီဆိုတာ အဲဒီအချိန်တွေမှာ ပိုသေချာရသည်။

သူက ညိုကိုရဲ့ဦးခေါင်းလေးကို အုပ်မိုးလှုပ်ယမ်းလိုက်ပြီးမှ ...

"ညိုကို သိပ်မဝေးတော့တဲ့ အချိန်တစ်ခုမှာ ကိုယ်တို့ လက်ထပ်ကြရအောင်"

သူမက သူ့ကို မျက်လုံးတောက်တောက်လေးများဖြင့် မော့ကြည့်ရင်းမှ "အင်း"ဟု ခေါင်းညိတ်ပြသည်။ အဲဒီပုံစံလေးကို သူ အသည်းအသန် ချစ်မြတ်နိုးသွားရပါသည်။

"လက်ထပ်ဖို့ ညိုကို စဉ်းစားချင်ရင်လည်း စဉ်းစားပါ။ ကိုယ်က လောလောဆယ်တော့ ဘောလုံးပဲ ကန်တတ်တယ်နော် ညိုကို"

"ညိုကို ရှာကျွေးပါ့မယ်"

သူမက နေ့ကာလိုက်တာ ဖြစ်သော်လည်း အဲဒီဟာသကို သူ မရယ်နိုင်ပါ။ ရင်ထဲမှာ နင့်သွားလျက် သူမကို ငေးကြည့်မိသည်။ ညိုကိုသည် သူ့ကို ပြုံး၍ကြည့်နေသည်။ သူ့အပေါ်တွင် အင်မတန် နားလည်သော ဒီမိန်းကလေးကို ဘယ်နည်းနဲ့မှ အဆုံးရှုံးခံဖို့ မဖြစ်နိုင်တော့ဘူးဆိုတာ ကြာလေသေချာလေပဲ ဖြစ်တော့သည်။

"ညိုကိုရယ် ... ဒီတစ်ခါ မင်းကို ဆုံးရှုံးသွားရင်တော့ ကိုယ် သေသွားလိမ့်မယ်၊ သိလား"

"မထင်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ၊ မင်းက ကိုယ့်အကြောင်းကို ကိုယ့်ထက် ပိုသိမှာပေါ့။ ကိုယ် မညာပါဘူး ညိုကို။ ကိုယ် စန္ဒကူးခင်ကို ချစ်ခဲ့ပါတယ်။ တကယ်ချစ်ခဲ့တဲ့အတွက် သူ ရှော်သွားတဲ့အချိန်မှာ ခံစားရတယ်။ ဒါပေမဲ့ အဲဒီခံစား ရတယ်ဆိုတာ ခုချိန် ပြန်တွေးကြည့်ရင် ဝါးတားတားပဲ။ ခံစားခဲ့ရတယ် စပ်ဖျဉ်းဖျဉ်း ဖြစ်တယ်ဆိုတာလောက်ပဲ မှတ်မိတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက ကိုယ့်စိတ်တွေကို သောကနွံထဲက အမြဲဆယ်ပေးနေခဲ့တာကိုး_

မင်းက ကိုယ့်အတွက် အလင်းရောင်ပါ ညိုကိုရယ်။ အရာအားလုံးကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်စေခဲ့တဲ့ အလင်းရောင်ပါ။ မင်း မရှိလို့ မဖြစ်တဲ့ ကိုယ်ပါ"

"မောင်ရယ်"

သူမက ဘာမှမပြောတတ်သလိုဖြင့် သူ့ရင်ခွင်ထဲမှာ နွဲ့မှီလို့ လာသည်။ သူက နူးညံ့မွှေးပျံ့နေသော ညိုကိုရဲ့ဆံနွယ် လေးတွေကို သပ်ဖွပေးနေရင်းမှ ပစ္စုပ္ပန်၌ တည်သော အချမ်းသာ ခံစားနေမိသည်။ ညိုကိုက သူ့ကို ရင်ခွင်ထဲမှနေ၍ ခပ်တိုးတိုး ခေါ်သည်။

"မောင်"

"အင်ဟင်"

သူက နှုတ်ခမ်းမဖွင့်ဘဲ ထူးမိသည်။ ညိုကိုက သူ့ ရင်ဘတ်ပေါ်က တီရှပ်စတောကာအရုပ်လေးများကို လက်ညှိုးနှင့် လျှောက်တို့ဆော့ကစားနေရင်းမှ ...



"မောင့်ကိုတော့လေ ညိုကို အရမ်းလွမ်းနေတော့မှာပဲ ... သိလား"

"ပြောဝါ အစ်မရယ်။ အစ်မပဲ ပြောတော့။ ဒီကတော့ မလွမ်းရှာဘူး"

သူ့အပြောကို သူမက တဟားဟား ရယ်မောကာ ဘယ်ဘက်နလုံးသားရှိရာသို့ ငုံ့ပြီးနမ်းရှိုက်သည်။ ပြီးတော့မှ မော့ကြည့်ကာ ...

"အင်း ... အဲဒီလို အစ်မ ... အစ်မနဲ့ ငေါ့တော့တော့ပြောတဲ့ အသံလေးကိုလည်း သိပ်လွမ်းနေမိဦးမှာပဲ။ ခက်တော့ ခက်နေပြီ မောင်။ အင်း ... မောင့်ကို ပြောရဦးမယ်။ ညိုကို ရောက်တဲ့နေရာတိုင်းမှာ မောင့်အတွက် ဒေသထွက် အမှတ်တရလေးတွေ ဝယ်လာမယ်။ ပြီးတော့ စာအုပ်လေး တစ်အုပ်မှာ နေ့တိုင်း မောင့်အတွက် ဒိုင်ယာရီရေးမယ် ...

ဓာတ်ပုံတွေ ရိုက်မယ်။ ပြီးရင် မောင့်ကိုပေးမယ်။ ဒါကတော့ ဘယ်မှာ မောင့်ကို လွမ်းနေတဲ့ပုံပါပေါ့။ ဖုန်းလည်း မနက်တစ်ခါ ညတစ်ခါ ဆက်မယ်နော် မောင်။ မနက်ဆိုလည်း ညိုကို နိုးတာနဲ့ ဖုန်းဆက်မယ်။ မောနင်း မောင်ပေါ့"

"အင်းပါကွာ ... အင်းပါ။ ပြောရင်းနဲ့တောင် မသွားရသေးဘူး ကြိုလွမ်းနေပြီ။ ဖြစ်နိုင်ရင်လည်း မြန်မြန်ပြန်လာကွာ။ ဘယ်တော့ သွားမှာလဲ"

"ရှေ့တစ်ပတ် တနင်္ဂနွေ မောင်"

"အင်း ... လွမ်းရဦးမှာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ညိုကိုလည်း လွမ်းနေမှာပါ မောင်ရယ်"

"ကျန်းမာရေးကို ဂရုစိုက်နော် ညိုကို"

"အင်းပါ ... မောင်လည်း ဘီယာတွေ အရမ်းသောက်မနေနဲ့ဦး။ ညိုကို ဖုန်းနဲ့လှမ်းချက်ခ်နေမှာနော်"

"ချက်ခ်ပါ အစ်မရယ်၊ ချက်ခ်ပါ"

သူမက ချိုလွင်စွာ ရယ်မောကာ သူ့ပါးနှစ်ဖက်ကို သူမ လက်ဖဝါးနှစ်ဖက်နှင့်ညှပ်လျက် ဟိုဘက်ဒီဘက် ဆွဲလှုပ်သည်။ အဲဒီလိုလုပ်လျှင် သူမ သူ့ကို အချစ်စိတ်တက်နေပြီဆိုတာ သိရပါသည်။ သူသည် ချစ်ဖို့ကောင်းလှသော ညိုကိုရဲ့မျက်နှာ နုဖပ်ဖပ်ကို သူ့မျက်နှာဘက်သို့ တည့်တည့်ဆွဲလှည့်လိုက်သည်။ သူ့ကို ကြည့်လာသော ညိုကိုရဲ့မျက်ဝန်းများသည် လင်းလက်ရီဝေနေကြသည်။ အဲဒီမျက်ဝန်းတွေထဲ၌ သူတို့ ရူးသွပ်စွာ ချစ်မိကြပါသည်။

❦ ❦ ❦



ညိုကို ခရီးထွက်သွားချိန်မှစ၍ သူသည် အလွမ်းရဲ့ အရသာကို ပီပီပြင်ပြင်ပဲ ခံစားရပါသည်။ ချစ်တဲ့သူ အနားမှာ မရှိဘူး ဆိုသော အသိဟာ ဖုန်းတွေ ဘယ်လောက်ပဲ ပြောရပြောရ အလွမ်းတွေကို မပြေပျောက်နိုင်ခဲ့။ တစ်ယောက် တစ်နယ်စီဝေးနေတယ်ဆိုသော အသိသည် နှလုံးသားကို တကယ်ကိုပဲ နှင့်နဲ့စေသည်။ ညိုကိုသည် ခရီးသွားအဖွဲ့ချိတ်ထားခဲ့ရှိသော မန္တလေးကို လေယာဉ်နှင့် အရင်သွားခဲ့တာဖြစ်ပြီး မန္တလေးမြေကို ခြေချချင်း သူ့ဆီသို့ အရင်ဖုန်းဆက်ရှာသည်။ နောက်နေ့တွေမှာလည်း မနက်ခင်းတိုင်း အိပ်ရာက နိုးတဲ့သူက ဦးသူဆက်ကြေးပင်။ ညဘက်ဆိုလည်း တစ်နေ့တာ အလုပ်တွေ ပြီးဆုံးချိန် အိပ်ရာဝင်ခါနီးအချိန်တွေမှာ ဖုန်းပြောကြသည်။ ဖုန်းတွေသာ မရှိခဲ့လျှင် သူတို့ ရူးသွားနိုင်လောက်သည်အထိ ဖုန်းပြောခဲ့ကြပါသည်။

လူချင်းသာ မတွေ့ရတာပဲရှိသည်။ သူသည် ညိုကို ဘယ်ရောက်နေသည် ဘာလုပ်နေသည်။ ယုတ်ဆွအဆုံး ဘာစားနေသည်ကအစ သိခွင့်ရအောင် ညိုကိုက အမြဲ Report တင်တတ်ပါသည်။ ညနေဘက် ဘောလုံးကွင်းကအပြန် သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တော့လည်း ညိုကိုဆီက ဖုန်းဝင်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ညိုကိုလေး ပြော။ ဘယ်ရောက်နေတာလဲ"

"အင်းလေးမှာ မောင်"

"အင်းလေးမှာ ...။ ဩော် ... အင်းလေးမှာ ဖုန်းမိတယ်ပေါ့"

"မိတယ်။ အဲဒါကြောင့် သတိရလို့ ဆက်လိုက်တာ"

"ဩော် ... အင်းလေးမှာ မောင်နဲ့တူတဲ့ အင်းသားလေး တစ်ယောက်ကို တွေ့လိုက်လို့လား"

"မောင်နော်"

"ဟား ဟား ... စတာပါ အစ်မရယ်။ ခြောက်နာရီထောင် ထိုးနေပြီ၊ မပြန်သေးဘူးလား"

"ဟင့်အင်း ... ဖော်ရိန်နာတွေက ဒီမှာ နှစ်ရက်နေမှာ Innlay Resort Hotel မှာ တည်းတယ်မောင်"

"ဩော် ... ဖုန်းမိတယ်ဆိုရင် ညကျ မောင် ပြန်ဆက်လိုက် မယ်"

"အင်း ... ဒီနေ့လေ အင်းထဲက အင်းလေးအစားအစာ ရောင်းတဲ့ Restaurant မှာ အာလူးအစိမ်းသုပ်ဆိုတာ လို့အရမ်းကောင်းတာပဲ။ မောင့်ကို အရမ်းကျွေးချင်ကာ အဲဒါစားတော့ သတိတောင် ရနေသေးတယ်"

"ဟုတ်လား၊ အဲဒါကြောင့် နေ့လယ်ခင်းတုန်းက တ အိပ်တော့ အာလူးတွေကိုတောင် အိပ်မက် မက်နေ တယ်"

"ဩော် ... ရှင်က ခုတော့ ဒီစကားမျိုး ပြောနိုင်ပြီ ပြီးတာပဲ"



"ဟာ ... ဟာ ... စတာပါ အသည်းရာ။ စိတ်မဆိုးပါနဲ့။ အသည်း အရမ်းလွမ်းနေမှန်း သိလို့ နောက်လိုက်တာ။ ဆောရီး ... ဆောရီး။ အသည်း သတိရတဲ့ နေရာတွေကို မှတ်ထား။ နောက်ကျရင် ဟန်းနီးမွန်း ထွက်မယ်"

"ပြီးတာပဲ။ အခု နိုင်ငံခြားပြိုင်ပွဲမှာ ဆုရလာရင် ပိုက်ဆံ တွေ စုထားတော့"

"ဟား ... နိမိတ်ဖတ်တာတော့ မိုက်တယ်။ နိုင်ငံခြားပွဲ မှာ ဗိုလ်စွဲပြီး ပြန်လာတော့ မိန်းမပါ ရတော့မယ်ပေါ့။ ကောင်းတယ် ... ကောင်းတယ်"

"အင်း ... အဲဒါဆို ညမှပဲ ဆက်ပြောတော့မယ်။ ဩော် မောင့်အတွက်လေ အင်းလေးရိုးရာအင်္ကျီတွေ ဝယ်လာသေး တယ်။ ရှမ်းဘောင်းဘီ သရီးကွာတားရော၊ အရမ်းမိုက် တယ် ... သိလား"

"ဟာ ... ရှမ်းဘောင်းဘီကို သရီးကွာတား လာသလား"

"အံမယ် ... လာသလား မေးရအောင် ဘယ်က Export သွင်းလာတာမှတ်လို့။ ထုတ်တာရှင့်။ မိုက်တယ် အလန်း စားပဲ။ ပင်နီရောင်ရယ် နက်ပြာရယ် နှစ်ထည်တောင် ဝယ်ထားတယ်"

"ဟုတ်လား ... အသည်းကောင်းမှုနဲ့ ဝတ်ရတော့မှာပေါ့။ အိုကေ ... အိုကေ ... သင့်ခ်ယူ"

"အင်း ... အဲဒါဆို ဖုန်းပိတ်ပြီနော် မောင်"

ညိုကိုက သူ့ကို နှုတ်ဆက်ကာ ဖုန်းချသွားသည်။ သူက ပခုံးတစ်ချက်တွန့်ရင်းမှ ဖုန်းလေးကို နမ်းရှိုက်ကာ စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဝေါ် အသာတင်ထားလိုက်သည်။ သူငယ်ချင်းတွေက သူ့မှုံ့စံကို ကြည့်ကာ နှုတ်ခမ်းတွေ အသီးသီးမဲ့ပြကြသည်။ သော်ဇင်ကတော့ ခြေတွေရော လက်တွေရောပါ ခါလျက် ...

"နားခါးတယ်ကွာ နားခါးတယ်။ ငါ့ရှေ့မှာလာပြီး မောင်တွေ အသည်းတွေနဲ့ နားခါးလိုက်တာ။ တော်တော်ချစ်နေကြတယ်ပေါ့လေ"

"အေးကွာ ... မနာလိုတော့ဘူး။ ဟိုတစ်ယောက်ကလည်း ရောက်တဲ့နေရာကနေ ဌာနချုပ်ကို သတင်းပို့နေတယ်။ ဟွန်း ... မင်းရင်လည်း လိုက်ရင် လိုက်သွားလိုက်ပါတော့လား"

"လိုက်ချင်တာပေါ့ကွာ။ ထရိန်နင်ရှိနေလို့။ နိုင်ငံခြားပွဲက လည်း ဘယ်လောက်မှ လိုတော့တာမှ မဟုတ်တာ"

"အင်း ... ဒီတစ်ခါတော့ မင်း အချစ်စစ် အချစ်မှန်နဲ့ တွေ့ပြီပေါ့"

"ညိုကို့ကိုတော့ ငါ တကယ်ယုံကြည်တယ်ကွာ။ သူ့ကို တော့ အဆုံးရှုံး မခံနိုင်လောက်အောင်ကို ချစ်မိတယ်"

သူ့အပြောကို ခန့်ဝင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်းကို ငါ တစ်ခုမေးမယ်။ အမှန်အတိုင်းဖြေ။ ညိုကို့ကို မင်း ချစ်သွားတယ်ဆိုတာ သူ့ရဲ့နားလည်ပေးမှု အားပေး စာနာမှုတွေကတစ်ဆင့် မင်း ငြိသွားတာ မဟုတ်လား"

"အင်း ... အဲဒီလိုလည်း ပြောလို့တော့ ရပါတယ်။ ငါ အသည်းကွဲနေတဲ့အချိန်မှာ ဝေဒနာကိုတောင် မေ့သွားအောင်



သူက စွမ်းဆောင်နိုင်တယ်။ ငါ မြန်မာ့လက်ရွေးစင်တစ်ယောက် ဖြစ်မလာခင်ကရော ဖြစ်လာတဲ့အခါမှာရော ကြုံရတဲ့ အခက်အခဲတွေ၊ စိတ်ဓာတ်ကျစရာတွေကိုလည်း သူ့ရဲ့အားပေးမှုတွေနဲ့ ဖြတ်ကျော်နိုင်ခဲ့တယ် ...

သူက ငါ့အပေါ်ရော၊ ငါ့ရဲ့ဝါသနာနဲ့ ရူးသွပ်မှုအပေါ်မှာရော အရမ်းနားလည်ပေးတယ်။ ငါ အောင်မြင်တာကိုပဲ လိုလားတဲ့သူ၊ စိတ်ဓာတ်မကျဖို့ ကြိုးစားဖို့ စသဖြင့်ပေါ့လေ တစ်ခုခုဆိုရင် နားဝင်အောင် ရှင်းပြတယ်။ မောင် ဘီယာမသောက်နဲ့လို့ မပြောဘူး။ ဘီယာတွေ အရမ်း မသောက်နဲ့ အများကြီး မသောက်နဲ့လို့ပဲ ပြောတယ်။ ငါ နိုင်တဲ့အကန့်ကိုပဲ တောင်းဆိုတတ်တယ် ...

ဒီတော့ မင်းတို့ စဉ်းစားကြည့်ပေါ့ကွာ။ ဘီယာမသောက်ရဘူးဆိုတဲ့ စကားကိုတော့ နားထောင်ချင်မှ နားထောင်မယ့် ငါတို့ကောင်တွေက အများကြီး မသောက်နဲ့ ဆိုတာကိုတော့ နားထောင်တယ်လေ။ သုံးခွက်လောက်သောက်မှာကို နှစ်ခွက်လောက်နဲ့ ပြီးသွားတာမျိုးပေါ့။ ငါလည်း သူ့အတွက် စဉ်းစားပါတယ်။ ဒါကြောင့် ဒီဘက်မှာလည်း ဝါသနာအရ အောင်မြင်အောင် လုပ်သလို အဖွေ့အလုပ်ထဲမှာလည်း အားရင် အားသလို ဝင်ကူနေပါပြီ။ ဘာပဲပြောပြော ငါ့ကို အရမ်းချစ်ရှာတဲ့၊ နားလည်ပေးတဲ့သူကို ငါ့အတွက်နဲ့လည်း စိတ်ချမ်းသာစေချင်တယ်လေ"

"အင်း ... ကြားရတာ မင်္ဂလာရှိပါပေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့။ လူတစ်ယောက်ရဲ့ဘဝမှာ အတူတူ ရယ်မှုးတဲ့သူကို မေ့လို့ရတယ်တဲ့။ ဒါပေမဲ့ အတူတူ ငိုမှုးတဲ့သူကိုတော့ မေ့လို့မရဘူး ...

ညိုကိုဟာ မင်း တစ်ယောက်တည်း အဆင်မပြေ ဖြစ်နေတဲ့ အချိန်တွေမှာ မင်းနဲ့ အတူတူ ငိုပေးတဲ့သူပေါ့။ အဲဒီလိုလူကို အတူတူ ပျော်ရွှင်မှုးတဲ့လူထက် ပိုတန်ဖိုးထား တာ အမှန်ပဲလေ။ ဘယ်လိုမှ မမေ့နိုင်တော့ဘူး"

သူက ခန့်ဝင်းရဲ့စကားကို တလေးတနက်ဖြင့် ခေါင်းညိတ်ထောက်ခံမိသည်။ သိပ်မှန်သည်။ ညိုကိုဟာ သူ့သောက တွေ ဝေဒနာတွေကို မျှဝေယူပေးကာ သူ့ကို ပျော်ရွှင်အောင် ဖန် တီးပေးခဲ့သော ပျော်ရွှင်ခြင်းများ၏ ဖန်ဆင်းရှင်လေးလည်း ဖြစ် သေးသည်။ သူက ခန့်ဝင်း၏ဒဿနစကားလေးကို သဘောကျ မိသောကြောင့် အတူတူ ငိုဖူးတဲ့သူလေးထံသို့ အဲဒီအကြောင်းအရာ ကို Message လေးတောင် ပို့ပေးလိုက်သေးသည်။

သူမက ပြုံးနေသော ကာတွန်းရုပ်လေးတစ်ခုကို ပြန်လည်ပို့ပေးခဲ့ပါသည်။



ချစ်သူတွေဆိုတာ –
ကိုယ် လက်ညှိုးညွှန်လိုက်တဲ့
အရပ်ဟာ သူ –
သူ မော့ကြည့်လိုက်တဲ့
ကောင်းကင်ဟာ ကိုယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

အဖြစ်အပျက်များ မတိုင်မီကတော့ သူ တစ်ယောက် တကယ်ကို ပျော်နေခဲ့တာဖြစ်သည်။ နောက်နှစ်ရက်နေလျှင် ညိုကို တစ်ယောက် ခရီးစဉ်တွေက ပြန်ရောက်လာတော့မည် ဖြစ်လေရာ ဝေးကွာခဲ့ရသော အလွမ်းနေ့ရက်တွေအတွက် အတိုးချချစ်ဖို့ကို ကြိုတွေးလျက် စိတ်ကူးထဲမှာတင် ရင်ခုန်ကျေနပ်ခဲ့ရသည်။ အဲဒီ ရင်ခုန်ပျော်ရွှင်စိတ်ဖြင့် လေလေးတချွန်ချွန် ရှိတုန်းမှာပဲ သူ့ဖုန်းက မြည်သံထွက်ပေါ်လို့လာသည်။ သူသည် ဖုန်းရဲ့ Display မှာ ပေါ်နေသော နံပါတ်ကိုကြည့်ကာ မျက်မှောင်တစ်ချက် ကြုတ်သွားသည်။ ဒီနံပါတ်ကို သူ ကောင်းကောင်းကြီး သိပါသည်။ သို့သော် သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဖုန်းကို ဖွင့်နားထောင်လိုက်သည်။

"ဟယ်လို"

"စူးနှင့်လားဟင်"

"ဟုတ်ပါတယ်"

"စူးနှင့် ... ကူးပါ"



သူ့သွေးတွေ တစ်ချက်တော့ အေးသွားသည်ဟု ထင်သည်။ သို့သော် သူက ချက်ချင်းပဲ တုံ့ပြန်နိုင်လိုက်ပါသည်။

"အင်း ... ပြောလေ ကူး"

သူ့ရဲ့ပုံမှန်အေးဆေးသော လေသံကြောင့် တစ်ဖက်မှ အသံတိတ်သွားသည်။ ပြီးတော့မှ တစ်စုံခုကို အားယူဆုံးဖြတ်လိုက်သောအသံဖြင့် ...

"စူးနှင့် အားလား မသိဘူး။ ကူး စူးနှင့်နဲ့ တွေ့ချင်လို့ပါ"

"ဘာကိစ္စရှိလို့လဲ ကူး"

သူ့အမေးကြောင့် ကူး အသံတိတ်သွားသည်။ နည်းနည်းလည်း ခံရခက်သွားသည်ဟုထင်သည်။ သို့သော် ချက်ချင်းပင် အားတင်းလိုက်သော လေသံဖြင့် ...

"ကိစ္စဆိုတာထက် ကူး စူးနှင့်ကို အကူအညီတောင်းစရာလေး တစ်ခုလောက် ရှိလို့ပါ။ သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့်ပါ"

အဲဒီအပြောကြောင့် သူ တစ်ချက်တွေသွားသည်။ ကူးက ဆက်ပြောပါသည်။

"ကူး ဘဝအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေတဲ့ ကိစ္စလို့ ပြောရင်လည်း ရပါတယ်။ စူးနှင့် ကူးကို သိပ်စိတ်နာနေမယ် ဆိုတာလည်း သိတယ်။ ဒါပေမဲ့ ကူး အကူအညီတောင်းရမယ့် သူတွေကို စဉ်းစားကြည့်လိုက်တဲ့ အခါမှာ လောက်လောက်လားလား ယုံကြည်စိတ်ချစရာ လူ တစ်ယောက်မှ မရှိခဲ့ဘူး စူးနှင့် ...

www.burmeseclassic.com

www.burmeseclassic.com



စုးနှင့် "တစ်ယောက်ကိုပဲ ကူး မြေးမြင်မိတယ် ဒါကြောင့် ..."

"ခဏလေး ကူး။ မင်း စကားကို ကိုယ် ဖြတ်ပြောတာ မဟုတ်ဘူး။ တစ်ခုတော့ ပြောချင်တယ်။ မင်းကို ကိုယ် စိတ်မနာပါဘူး ကူး။ ခုချိန်မှာ ကိုယ်လည်း ကိုယ့်ဘဝနဲ့ ကိုယ် အသားကျ ပျော်ရွှင်နေခဲ့ပါပြီ။ မင်းကို သတိတရနဲ့ ဝမ်းနည်းနာကျင် စိတ်နာနေတဲ့ အဖြစ်မျိုးမှာလည်း ရှိမနေ ပါဘူး ...

အဲဒါလေးကို မင်း သိထားစေချင်တယ်"

"ဆောရီး ... ကူး စကားပြောတာ မှားသွားရင် တောင်း ပန်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပါလေ စုးနှင့်ကို ကူး တွေ့ချင် တယ်။ အကူအညီလေးတစ်ခု တောင်းချင်တယ် ...

အဲဒါ ဖြစ်နိုင်မလားဟင်။ ကျေးဇူးပြုပြီး မဖြစ်နိုင် ဘူး၊ မင်းနဲ့ မပတ်သက်ချင်တော့ဘူး ဆိုပြီးတော့ ယတိ ပြတ်တော့ ငြင်းမလွှတ်ပါနဲ့ စုးနှင့်ရယ် ...

ကူးနဲ့ တွေ့ခွင့်ပေးပါလို့ တောင်းဆိုချင်ပါတယ်"

ကူးရဲ့အပြောကြောင့် သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူမ ပြောသလို မင်းနဲ့ မပတ်သက်ချင်ဘူးဟု ယတိပြတ်ကြီး ပြောရအောင်ကလည်း သူ့ရဲ့စာနာစိတ်က ခွင့်မ ပြုပါ။ ပြီးတော့ အခုချိန်မှာ သူသည် ကူးအပေါ်၌ ဘယ်လိုစိတ် မျိုးမှ ရှိမနေတော့။ ဘယ်လိုပဲဖြစ်ဖြစ် မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနိုင်သည့် အနေအထားမှာရှိသည်။ ပြီးတော့ ကူးရဲ့လေ သံဟာလည်း သူ့ကို ပြန်ပတ်သက်ချင်လို့၊ သူ့ထံ စိတ်လည်လာလို့



ငြိနှိုးကပ်သော အထာမျိုးလည်း လုံးဝမဟုတ်။ တကယ်ကို အကူ အညီလိုလို့ တောင်းနေသော အနေအထားဆိုတာ နားလည်ရသည်။

ဒီတော့ သူသည် သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေ တော့ဘဲ ကူးနဲ့တွေ့ဆုံစကားပြောဖို့ လက်ခံလိုက်သည်။ ကူးက ဝမ်းသာအားရနှင့်ပင် နောက်တစ်နာရီခြားချိန်းကာ ဖုန်းချသွားလေ သည်။

သူသည် ပထမတော့ ဒီအကြောင်းကို ညိုကို့အား လှမ်း အသိပေးလျှင် ကောင်းမလားဟု စဉ်းစားကြည့်သေးသည်။ သို့သော် ညိုကို သိသွားလျှင် တစ်မျိုးထင်မှာ စိုးရိမ်သောကြောင့် မပြောဘဲ နေဖို့သာ ဆုံးဖြတ်လိုက်ပါသည်။

ဒီလိုနှင့် သူသည် ကူးနဲ့ ချိန်းထားသော မစ္စတာ ခစ်တာကော်ဖီဆိုင်သို့ ရောက်လာသည်။ ကူးက သူ့ထက်တောင် အရင်ကြိုရောက်နေကာ သူ့ကို မြင်သွားသော မျက်ဝန်းတွေမှာ သက်ခနဲ ဖြစ်သွားလျှင် သူ့ အကူအညီကို ဘယ်လောက်မျှော် သင့်နေတယ်ဆိုတာ တော်တော်ပဲ သိသာစေပါသည်။ ကူးသည် သူ့ကို သွယ်ဝိုက်မနေတော့ဘဲ သူမရဲ့အဖြစ်အပျက်တွေကို ပွင့် ပွင့်လင်းလင်းပဲ ပြောပြတော့သည်။

"ကူးနဲ့ လက်ထပ်ဖို့ စီစဉ်ထားတဲ့ မိုးမြင့်ထက်က ပြည် ဖာတိပါ။ သူက ပြည်မှာ ဆယ်တန်းအောင်ပြီး နှစ်နှစ် လောက်အထိ နေခဲ့တယ်။ ပြီးမှ ရန်ကုန်ကို ရောက်လာ တာ။ အခု ကူး ကြားရတဲ့ သတင်းတစ်ခုက သူ့မှာ ဆယ် တန်းအောင်ပြီးတုန်းက သူ့ထက်ကြီးတဲ့ မိန်းမတစ်ယောက် နဲ့ ရဖူးတယ်ဆိုတဲ့ သတင်းပဲ ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒါက အတိအကျပဲ။ သူတို့က ခိုးပြေးပြီး တရားရုံးမှာတောင် လက်မှတ်ထိုးခဲ့ကြတာတဲ့။ အဲဒီမိန်းမနဲ့ သုံးလလောက်ပဲ ပေါင်းခဲ့ပြီး သူ့အိမ်ကခွဲတာနဲ့ ကွဲသွားကြတယ်။ ဒါပေမဲ့ တရားဝင်ကွာရှင်းစာချုပ်တော့ မလုပ်ရဘူးလို့ ကြားတယ် ...

အခု ကူး သွားတွေ့ချင်တာ အဲဒီမိန်းမဆီကိုပါ။ လိပ်စာလည်း အတိအကျ ရပြီးသား။ သူနဲ့တွေ့ပြီး ဒီကိစ္စ ဟုတ်,မဟုတ်ဆိုတာ မေးရုံပါပဲ။ ဟုတ်တယ် ဆိုရင်တော့ သူနဲ့လက်ထပ်ဖို့ အစီအစဉ်က တစ်မျိုးတစ်ဖုံဖြစ်မှာပေါ့။ အဓိက,က ကူး ကြောက်တာ ကူးတို့လက်ထပ်ပြီးမှ အဲဒီမိန်းမက သူသာလျှင် တရားဝင်မယားကြီးပါလို့ သတင်းစာက ကြော်ငြာမှာကိုပဲ ...

အဲဒါ အဲဒီမိန်းမဆီ ကူး သွားချင်တယ်။ ကူး တစ်ယောက်တည်း ဖြစ်နေတယ် စူးနှင့်။ ပြီးတော့ အိမ်ကမသိအောင် သွားရမှာဆိုတော့ နေ့ချင်းပြန်မှဖြစ်မယ်။ ကားတစ်စင်းကတော့ ကူး ငှားလို့ဖြစ်ပါတယ်။ စူးနှင့်ပဲ မောင်းပေးဖို့ တာဝန်ယူရမှာ။ အဲဒါ ကူးကို ကူညီနိုင်မလား စူးနှင့်ရယ် ...

ဖြစ်နိုင်ရင်တော့ ကူးကို ကူညီပေးပါနော်။ ကူး တောင်းပန်ပါတယ်။ တကယ်ကို တောင်းပန်တာပါ။ ကူး လေ ကူး တကယ်ကို အကျပ်အတည်း ဖြစ်နေလို့ ဘယ်လိုမှ တခြားနည်းလမ်းရှာမရလို့ စူးနှင့်ကို အကူအညီတောင်းရတာပါ ...



ကူး လုပ်ပုံက သိမ်မျက်နှာပြောင်တိုက်လွန်းရာကျတာကိုလည်း သိပါတယ်။ ဒါ ... ဒါပေမဲ့ ဘယ် ... ဘယ်လိုမှ မတတ်နိုင်တော့လို့ပါ စူးနှင့်ရယ်"

ကူးက ပြောပြောဆိုဆို မျက်ရည်တွေပါ စီးကျလို့လာလျှင် သူ့မှာ တကယ်ပဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

"ဟာ ... ဟော့ ... ဟော့ ... မငိုနဲ့လေ။ ဆိုင်ထဲမှာ ... ကျွတ်။ မင်းရဲ့ မိုးမြင့်ထက်ကို မင်း အရင်မေးကြည့်ဦးမှပေါ့။ သူက ကာယကံရှင် မဟုတ်လား။ သူ့ကိုမေးပြီးမှ သွားသင့်တာလေ"

"ကူး မေးပြီးပါပြီ။ သူက ဝန်မခံဘူး။ ရည်းစားပဲ ဖြစ်ခဲ့တာတဲ့။ ဒါပေမဲ့ တစ်ဖက်ကလည်း ပြောတဲ့လူက အတိအကျကို ပြောတာ။ နာမည်နဲ့ လိပ်စာနဲ့ အတိအကျပေးပြီး ပြောတာ။ ကူး ဘယ်လိုလုပ်ရမလဲ ...

စူးနှင့်သာဆိုလည်း ကူးနေရာမှာဆိုရင် ကိစ္စတစ်ခုကို အဖြူအမည်း သဲသဲကွဲကွဲ သိချင်မှာပဲ မဟုတ်လား။ ကူးကို မကူညီနိုင်ဘူးလားဟင်။ မနက်ဖြန် ... မနက်ဖြန် တစ်ရက်တည်းပါ စူးနှင့်ရယ်။ ပြည်ကိုသွား အဲဒီမိန်းမကို မေးပြီးတာနဲ့ ချက်ချင်းပြန်လာမှာပါ ...

စူးနှင့် ကူညီရမှာက ကားမောင်းပို့ပေးရုံလေးတင်ပါ။ ဒီကိစ္စကို တခြားဘယ်သူမှလဲ မသိစေချင်လို့ပါ။ စူးနှင့်ကတော့ ကူးနဲ့ ဝေးရာမှာနေတဲ့သူ၊ ပြီးတော့ စူးနှင့်ရဲ့အကျင့်စာရိတ္တကိုလည်း ယုံကြည်တာကြောင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ အီလည်လည်ကြီးနှင့် ဝမ်းသာရတော့ပေဝင်။ နောက်ဆုံးတော့ သူသည် နှမချင်း ကိုယ်ချင်းစာနာသည့်စိတ်ရော၊ ရှိခဲ့ဖူးသည့် သံယောဇဉ် အကြွင်းအကျန်လေးနဲ့သော်လည်းကောင်း ကူးကို ကူညီဖို့ ခေါင်းညိတ်လိုက်တော့သည်။ ကူးရဲ့မျက်နှာ ဝင်းပသွားတာကို မြင်ရလျှင် ညိုကို့ကို ဖျတ်ခနဲသတိသွားရမိသည်။ ညိုကိုရေ ... မင်းအပေါ်မှာ ကိုယ် သစ္စာဖောက်တာ မဟုတ်ရပါဘူး။

မင်းလည်း ကိုယ့်ကို နားလည်ပေးနိုင်မှာပါ။



ဒီလိုနှင့် နောက်တစ်နေ့မနက်တွင် သူသည် ကူးစီစဉ်ပေးသောကားကို မောင်းကာ ကူးနဲ့အတူ ပြည်မြို့သို့ ထွက်လာခဲ့ကြသည်။ ကားပေါ်တွင် ပထမပိုင်း တိတ်ဆိတ်နေခဲ့သော်လည်း နောက်တော့ ကူးက စတင်ပြီး စကားပြောလာသည်။

"ဗူးနှင့်လည်း မြန်မာ့လက်ရွေးစင်တောင် ဖြစ်သွားပြီနော်"

"အင်း"

သူက ကားကို ဂရုစိုက်မောင်းလျက် ခေါင်းသာညိတ်ဖြစ်သည်။ သူသည် ကားကို စပ်မြန်မြန်ဖြင့် ဂရုစိုက်ကာ မောင်းနေမိသည်။ ကူးကို သနား၍ ကိုယ်ချင်းစာမိသောကြောင့် ကူညီခဲ့သော်လည်း ဒီကိစ္စတွင် နောက်ကျောသိပ်မလုံချေ။ ဒါကြောင့် မြန်မြန်ရောက် မြန်မြန်ပြန် မြန်မြန်ပြီးလျှင် နားအေးရောဟု စိတ်ကူးထား၍ ဖြစ်သည်။

"ရှေ့လထဲမှာ နိုင်ငံခြားပွဲ ရှိတယ်ဆို"

"ဟုတ်တယ်။ မာဒေးကားဖလားပြိုင်ပွဲ၊ မလေးရှားမှာ"

"ဪ ... အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်"

ပထမတော့ စိတ်ထဲ မပါဘဲ ဆုတောင်းပေးမှာပါနဲ့ဟု ပြောဦးမလို့ပင်။ နောက်တော့ ငေါ့ရာကျမှာစိုး၍ မပြောဖြစ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"စူးနင် ... ညိုကိုနဲ့ရော အဆင်ပြေရဲ့လား"

"ပြေပါတယ်။ အရမ်းကို ပြေတယ်။ သူက ကိုယ့်ကိုရော ကိုယ့်ဝါသနာကိုရော အရမ်းနားလည်ပေးနိုင်တဲ့ သူတစ်ယောက်ပါ"

"အင်း ... စူးနင့်အတွက် ကူး ဝမ်းသာပါတယ်။ စူးနင့်အပေါ်မှာ တကယ်ကို နားလည်ပြီး တကယ်ချစ်တဲ့ အချစ်စစ်နဲ့ တွေ့ခွင့်ရတဲ့ အတွက်ပေါ့"

"ဟုတ်တယ်။ ကိုလည်း အဲဒီအတွက် ကံကြမ္မာကို ကျေးဇူးတင်တယ်"

သူ ဘာကိုဆိုလိုတယ် ဆိုတာကို သဘောပေါက်သော ကူးသည် တစ်ချက်ငြိမ်သက်သွားသည်။ သူက ကူးဘက်သို့ အသာငဲ့ကြည့်ကာ ...

"မင်းကို တစ်ခုလောက် မေးချင်တယ်။ ဖြေပေးနိုင်မလား"

"ဘာမေးမှာလဲ"

"တကယ်လို့ မင်းရဲ့လိပ်စာထဲက အမျိုးသမီးကို တွေ့တယ်၊ မင်းကြားခဲ့တဲ့ အဖြစ်အပျက်တွေကလည်း ဟုတ်တယ်ဆိုရင် မင်း ဘာဆက်လုပ်မှာလဲ"

ကူး ရုတ်တရက် မဖြေနိုင်ပါ။ သူ့ကို မော့ကြည့်လာသော မျက်ဝန်းတွေထဲ၌ မျက်ရည်စတွေ စိုစွတ်ဝေ့ဝဲနေတာကို တွေ့ရလျှင် သူ တကယ်ပဲ စိတ်မကောင်း ဖြစ်သွားသည်။ ကူးအပေါ်မှာ သူ ဘယ်လိုစိတ်မျိုးမှ ရှိမနေတော့ဘဲ ရင်ထဲမှာ ပကတိဖြူစင်ပေမယ့် သိက္ခာမဲ့ခဲ့ဖူးသော အသိတစ်ယောက်ရဲ့ သောကကို သနားကရုဏာသက်ရတာဖြစ်သည်။



ပြီးတော့ ဒီအသိသည် သူ့ကို ပစ်ခွာကာ နောက်တစ်ယောက်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားသော သူတစ်ယောက် ဖြစ်သည်။ အဲဒီ နောက်တစ်ယောက်နှင့် ဝတ်သက်ပြီး ခံစားကြေကွဲနေတာကိုမြင်တော့ သူ တကယ်ပဲ ဝမ်းမသာနိုင်ပါ။ သူက ညိုကိုရဲ့အချစ်တွေနှင့် အေးမြချမ်းသာနေသလောက် ကူးကတော့ သောကပွေ ဗျာများနေရတာကို ဒီအချိန်မှာပဲ သူ့ စိတ်မကောင်း ဖြစ်ရပါသည်။

"ကူး ဘာလုပ်ရမှန်း မသိတော့ဘူး"

ကူးရဲ့အသံက တုန်တုန်ယင်ယင်နှင့် ဆို့ဆို့နင့်နင့် ထွက်လာသည်။

"မင်း မိဘတွေကို ဖွင့်ပြောပြလိုက်ပေါ့"

"မသိတော့ပါဘူး စူးနင့်ရယ်။ ကူး အရမ်းစိတ်ညစ်နေတာပဲ သိတော့တယ်။ လောကကြီးမှာ နေချင်စိတ်တောင် မရှိတော့ဘူး"

"ဟာ ... အဲဒီလိုတော့ မဖြစ်နဲ့လေ။ ပေါက်ကရတွေ လျှောက်လုပ်ဖို့တော့ မစဉ်းစားပါနဲ့ ကူး။ မင်း အရင်က ကူးမှ ဟုတ်သေးရဲ့လား။ မင်းကို ငါ စကားနာထိုးတာ မဟုတ်ပါဘူး။ အချစ်ဆိုတာ ဘဝရဲ့တစ်စိတ်တစ်ပိုင်း၊ ဘဝမှာ အရေးမပါဘူးဆိုတဲ့ စကားတွေကို မင်းပဲ ပြောခဲ့တာပါ ...

ကိုယ့်ကိုယ်ကိုယ် အထိခိုက်ခံပြီး ဘာဖြစ်လို့ အရှုံးပေးချင်ရတာလဲ။ ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်ပါနဲ့ ကူး။ အကြီးအကျယ် မင်္ဂလာဆောင်ပြီးတဲ့သူတွေတောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့သွားကြသေးတာပဲ။ ဒီအချိန်မှာ ကိုယ့်ကိုယ်ကိုယ် ငြတ်ငြတ်သားသား ဆုံးဖြတ်ရမှာပေါ့။ နောင်တစ်ချိန်ကျ နောင်တ,တရားက ကိုယ့်ကို ဖိစီးနှိပ်စက်နေတဲ့ အဖြစ်မျိုး ကို မလိုချင်ပါနဲ့ ကူး”

ကူးက သူ့ကို ကျေးဇူးတင်သော မျက်ဝန်းများဖြင့် မော့ကြည့်ကာ ...

“ကျေးဇူးတင်ပါတယ် စူးနင့်။ စူးနင့်သာ လက်ခံနိုင်မယ် ဆိုရင် ကူးလေ စူးနင့်ရဲ့မိတ်ဆွေ၊ သူငယ်ချင်းတစ်ယောက် အဖြစ် ဖြစ်ချင်ပါသေးတယ်”

သူက တစ်ချက်တွေသွားကာ ညိုကိုရဲ့မျက်နှာကို ဖျတ်ခနဲ မြင်မိသည်။ သူနဲ့ကူး သူငယ်ချင်းတွေအဖြစ် ဆက် လက်ပတ်သက်နေတာကို ညိုကို ကျေနပ်နိုင်ပါ့မလား။ ဘယ် လောက်ပဲ နားလည်ပါတယ်ဆိုဆို ညိုကို့ရင်ထဲမှာတော့ ခံစားရ လိမ့်မည်ဟုထင်သည်။ ကြည့်စမ်း ... တစ်ခုခုဆိုလျှင် သူက ညိုကို့ အတွက် ရှေ့ဆုံးက ထည့်စဉ်းစားပေးနေမိအောင် ဦးစားပေးချစ်မိ နေပါရောလား။

“ရပါတယ်။ ကိုယ်နဲ့အတူ ညိုကို့ကိုပါ ခင်အောင်ကြိုးစား ပေါ့။ သူက ကိုယ့်ထက် ပိုရင့်ကျက်ပြီး တော်တယ်။ ခု ချိန်မှာ သူသာရှိရင် သူလည်း လိုက်လာပေးမှာပါ။ ကူး ကိုလည်း အများကြီး အားပေးနှစ်သိမ့်ပေးနိုင်မှာပါ”

ကူးက သူ့ကို မျက်လုံးဝိုင်းကြီးဖြင့် မော့ကြည့် ကာ ...

“စူးနင့် ... သူ့ကို သိပ်ချစ်တယ်နဲ့ တူတယ်နော်”



“ဟုတ်တယ်။ အစက သူ့ကို ဒီလောက်ချစ်မိသွားမယ်လို့ မထင်ခဲ့ဘူး။ သူက ကိုယ့်ကို ပိုချစ်တယ်လို့ ထင်ခဲ့တာ။ ခုတော့ ကိုယ်က သူချစ်တာထက်တောင် ပိုချစ်မိနေတယ် ...

တကယ်တမ်းကျတော့ လူတွေထင်တာ မှားနေတယ် နော်။ လူတွေက အချစ်ဦး ရည်းစားဦးကို အချစ်ဆုံးလို့ ထင်ကြတယ်။ အမှန်တော့ အဲဒါက သီအိုရီ မရှိပါဘူး။ ကိုယ့်ရင်ထဲက တကယ်နှစ်နှစ်ကာကာ ချစ်မြတ်နိုးရတဲ့သူ ကိုသာ အချစ်ဆုံးပေါ့ ...

မင်းလည်း မိုးမြင့်ထက်ကို အရမ်းချစ်တာပဲ မဟုတ် လား ကူး”

“အဲဒီလိုပုံစံ ဖြစ်နေလို့လား”

“ဒါ မေးနေစရာတောင် မလိုဘူးလေ ကူး။ အဲဒီလောက် မချစ်ရင် မင်း ဒီလောက် စိတ်ဆင်းရဲခံစရာတောင် မလို ဘူး။ အဖြေကို သိရင်တောင် ဘာဆက်လုပ်ရမယ် မသိ ဘူးဆိုတဲ့ မင်းမှာ သူ့ကို မစွန့်လွှတ်နိုင်တဲ့စိတ်မျိုး ရှိနေ လို့ပေါ့”

“ထားပါတော့လေ”

ကူးက လျှော့ချလိုက်ဟန်ဖြင့် ဆက်မပြောတော့ပါ။ သူကလည်း ဆက်မမေးတော့။ အဲဒီလိုနှင့် သူတို့စကားဝိုင်းဟာ စဲအပြတ်သွားသည်။ သူကလည်း ကားကိုသာ ဂရုစိုက်မောင်းနေ မိလျက် တစ်ချက် တစ်ချက်မှာတော့ ညိုကို့ကို ဖျတ်ခနဲ သတိ သွားရမိသည်။ မနက်ဖြန်ညနေလောက်ဆိုလျှင် ညိုကို ပြန်ရောက် တော့မည်။ သူက သွားကြိုဖို့ စီစဉ်ထားသော်လည်း ညိုကိုက

www.burmeseclassic.com

www.burmeseclassic.com



အခွဲ့နဲ့ လာရမည်ဖြစ်သောကြောင့် မကြိုဖို့ ပြောထားသဖြင့် မကြိုဖြစ်တော့ပါ။

သူသည် အခု ခရီးစဉ်လေးကို ညိုကိုနှင့်သာ အတူသွားရလျှင် ဘယ်လောက်များ ပျော်ဖို့ကောင်းလိုက်မည်နည်းဟု စိတ်ကူးယဉ်ကြည့်မိသည်။ ရန်ကုန်–ပြည် ခရီးလမ်းတစ်လျှောက်မှာ စိမ်းစိုလှပပုံကို သူက ငေးမောနေမိသော်လည်း ကူးကတော့ ကိုယ့်သောကနှင့်ကိုယ် အပြင်ဘက်ကို ငေးနေသော်လည်း ဘာကိုမှ ခံစားရဟန်မတူပါ။ ဒီလိုနှင့် သူနဲ့ကူးမှာ နေ့ခင်းဘက်တွင် ပြည်သို့ ရောက်သွားသည်။ ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားပြီးတော့မှပင် ကူးရဲ့လိပ်စာအတိုင်း ရှာဖွေကြရသည်။ လိပ်စာက ဝေးဝေးလံလံ ရှာစရာ မလိုသဖြင့် တော်ပါသေးသည်။ သို့သော် ကူးရှာသော အမျိုးသမီးမှာ ကူးကို အိမ်မှာစကားမပြောပါ။ စားသောက်ဆိုင် တစ်ဆိုင်သို့ ချိန်းလိုက်ပြီးနောက် သူမက နောက်ကနေ၍ ဆိုင်ကယ်နှင့် လိုက်လာသည်။

အမျိုးသမီးမှာ သူတို့ထက် သုံးနှစ်လောက် ကြီးမည့်ပုံပေါ်ကာ ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့်ဖြင့် စွာမည့်ဒီဇိုင်းရှိသည်။ မျက်နှာငယ်လေးနဲ့မေးသော ကူးကို ခင်တည်တည်ကြည့်ကာ ပွင့်ပွင့်လင်းလင်းပင် ဝန်ခံသဖြင့် သူတောင် ဖျားသွားရသည်။

"ဟုတ်တယ် စန္ဒကူးခင်။ တို့နဲ့ မိုးမြင့်ထက်တို့က သက်တူရွယ်တူ ကျောင်းနေဖက်တွေ။ ခိုးပြေးခဲ့ပြီး လက်ပံတန်းတရားရုံးမှာ လက်မှတ်ထိုးခဲ့တာလည်း ဟုတ်တယ်။ သုံးလလောက်ပဲ ပေါင်းခဲ့ပြီး သူ့အိမ်ကခွဲလို့ ကွဲသွားခဲ့ရတယ်



ဆိုတာလည်း ဟုတ်တယ်။ ခုထိ တရားဝင်မကွာရှင်းရသေးဘူး ဆိုတာလည်း ဟုတ်တယ်"

"ရှင် ... အဲ ... အဲဒီတော့။ ကျွန် ... ကျွန်မက ဘယ်လိုလုပ်ရမှာလဲ"

"ဒါတော့ တို့ မသိဘူးလေ။ တို့ကတော့ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ စိတ်ကူးမရှိဘူး။ သူတို့ အသိုင်းအဝိုင်းကို သိပ်မုန်းတီးပြီး နာကြည်းစက်ဆုပ်တယ်။ ဒီတော့သူ ဘယ်အချိန် မိန်းမယူမလဲ တို့စောင့်နေတာပဲ ...

ယူတဲ့နေ့ သတင်းစာထဲက အရှက်ခွဲဖို့ ဆုံးဖြတ်ထားပြီးသား။ ဒါ မင်းကို ပွင့်ပွင့်လင်းလင်း ပြောပြတာ။ မင်းနဲ့ တို့နဲ့က အခုမှ တွေ့ဖူးတာပါ။ ဘာမှ အငြိုးထားစရာ အကြောင်းမရှိဘူး။ ဒါပေမဲ့ မင်းက သူတို့နဲ့ပတ်သက်နေတဲ့လူဆိုတော့ တစ်နွယ်ငင် တစ်စင်ပါသွားမှာပဲ ...

မတတ်နိုင်ဘူးလေ စန္ဒကူးခင်၊ သူတို့ကြောင့် တို့ဘဝလည်း ဖရိုဖရဲ စုတ်ပြတ်သတ်ခဲ့ရတာပဲ။ ဒီတော့ တို့က လက်စားချေရမှာပဲ။ မင်း နောက်ဆုတ်မယ် ဆိုရင် အချိန်မီပါသေးတယ်။ ခုလို အားလုံး ရှင်းရှင်းလင်းလင်း ကြိုသိခွင့်ရတာ ကံတရားက မင်းကို မျက်နှာသာပေးလိုက်တယ်လို့ မှတ်ပါ။ တို့ကတော့ နောက်ဆုတ်ဖို့ စိတ်ကူးမရှိဘူး"

"ရှင် ...။ ဟို ... သူတို့နဲ့ ညှိ ... ညှိမကြည့်တော့ဘူးလား"

"ဘာမှညှိစရာ မလိုပါဘူး။ သူတို့ ဘယ်လိုညှိညှိ တို့ကကိုလက်မခံနိုင်တာ။ တို့ကလည်း ငွေလိုနေတဲ့သူမှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တသ အခိုက်,ကတော့ တို့ကို မတူသလို မတန်သလို ရှိုး လွှတ်ခဲ့တဲ့ သူ့အမေကို အထိနာစေချင်တာပဲ ...

မိုးမြင့်ထက်လည်း အတူတူပဲပေါ့။ ကဲ ... မင်းသိ ချင်တာ သိရပြီ မဟုတ်လား။ ဒီတော့ စဉ်းစားပေါ့။ တို့ ကတော့ စကားအကုန် ပြောလိုက်တာပဲ ...

အားလုံး ရှင်းသွားပြီဆိုရင် တို့ သွားတော့မယ်"

ထိုအမျိုးသမီး ထွက်ခွာသွားလျှင် ကူးသည် စားပွဲ ပေါ်တွင်မှောက်၍ ရှိုက်ကြီးတငင်ငိုကာ ကျန်ရစ်ခဲ့လေသည်။ သူ့မှာ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်ကာ တစ်သျှူးတွေ ဆွဲထုတ်လျက် ငေါက်ဆတ်ဆတ် ပြောရသည်။

"ကူး ဘယ်လိုဖြစ်တာလဲ။ မငိုနဲ့လေကွာ၊ ဆိုင်ထဲမှာဆို တာလည်း သတိထားဦးမှပေါ့။ ကိုယ့်ကိုလည်း အားနာပါ ဦး ...

သူများတွေက ဘယ်လိုထင်မလဲ။ ကျွတ် ... ခက် တာပဲကွာ"

ဒီတော့မှ ကူးက မျက်ရည်တွေကို သုတ်ကာ ...

"ဆောရီး ဗူးနင့်။ ကူး သတိလွှတ်သွားလို့ပါ"

"ဘယ်လိုလဲ ကူး။ ပြန်တော့မှာမှလား"

"ပြန်ကြတာပေါ့ ဗူးနင့်။ ပြန်မှာပါ"

သူက ပေါ့ပါးသွားသောစိတ်ဖြင့် ကားပေါ်တက် ကာ မောင်းထွက်လာခဲ့သည်။ အပြန်ခရီးလမ်းတွင် သူက တက် ကြွကာ မြန်မြန်မောင်းနေသလောက် ကူးကတော့ အဝတ်စုတ် တစ်ခုလို ပျော့ခွေနွမ်းဖတ်ကာ နေသဖြင့် သူ့မှာ သီချင်းဖွင့်ချင်



သာတောင် မဖွင့်ရချေ။ သူမက စကားမပြောသဖြင့် သူကလည်း စကားဆက်မပြောတော့။ ခဏကြာတော့မှ ကူးက သူ့ဘက်သို့ လှည့်လာကာ ...

"ဆောရီး ... ကူးလည်း ကိုယ့်အတွေးနဲ့ကိုယ် မျောနေတာ နဲ့ ဗူးနင့်ကို ဂရုမစိုက်မိဘူး။ ဗူးနင့် ညောင်းနေရင် ကူး တစ်လှည့်မောင်းပေးမယ်လေ"

"နေပါစေ။ စိတ်ထိခိုက်နေတဲ့ အချိန်မှာ ကားမမောင်းပါ နဲ့။ ကိုယ် မညောင်းပါဘူး"

"ဗူးနင့်ကို သိပ်ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ပါ ကူး။ မင်း အတွက် အဖြေမှန်တစ်ခုကိုသာ ရအောင် စဉ်းစားပါ ...

ဒီတစ်ခါတော့ ကိုယ်က မင်းကို ဆရာပြန်လုပ်ရ တော့မယ်နဲ့ တူတယ်။ အချစ်ကို ဦးစားမပေးချင်ပါနဲ့ ကူးရယ်။ မင်း စိတ်ချမ်းသာဖို့ကိုပဲ ဒီတစ်ခါလည်း ထည့် တွက်ပါဦး"

သူ့အပြောက ကူးကို အောင့်သွားစေဟန်တူသည်။ တကယ်တော့ သူက အဲဒီလို ရည်ရွယ်ပြီး စကားနာထိုးတာ မဟုတ်ပါ။ ကူးက ပြုံးမဲ့မဲ့ဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"လူတွေက ကူးကို အချစ်ကို ကိုးကွယ်တယ် ထင်ကြတာ ကိုး။ ထားပါတော့လေ။ အဲဒီအတိုင်းပဲ ရှိပါစေတော့။ တကယ်တော့ ကူးမှာ ထွက်ပေါက်တွေ ပိတ်နေတာ ဘယ်သူမှ မသိကြဘူး"

"ဟူး ... ကိုယ်လည်း မပြောတတ်တော့ဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူက မပြောတတ်စွာဖြင့် တကယ်လည်း ဆက်မပြောတော့။ ညနေစောင်းချိန် ရောက်လာပြီဖြစ်သဖြင့် ကားကို ဂရုတစိုက်ဖြင့်သာ ဆက်မောင်းနေမိသည်။ အလင်းရောင်ပျောက်ကာ မှောင်ရိပ်သမ်းလာပြီ ဖြစ်သောကြောင့် သူက ရှေ့မီးကိုဖွင့်လိုက်သည်။

အဲဒီအချိန်မှာပဲ ဒိန်းခနဲ မြည်သံကြီးနှင့်အတူ ကားက တစ်ဖက်သို့ ဆွဲသွားလျက် လေးသွားသည်။ ကားဘီးပေါက်ပြီ ဆိုတာကို ချက်ချင်းသိလိုက်သော သူသည် သတိရှိရှိနှင့်ပင် ကားကို လမ်းဘေးသို့ ဆွဲကပ်လိုက်သဖြင့် ဘာမှတော့ မဖြစ်။ ကူးက သူ့ကို အလန့်တကြား လှည့်ကြည့်သည်။

"ကားဘီးပေါက်တာ ကူး"

သူက ကားပေါ်မှဆင်းကာ အောက်သို့ ငုံ့ကြည့်လိုက်လျှင် အပေါက်ကိုပဲ ပြားကပ်နေသော ညာဘက်ရှေ့ဘီးကို တွေ့မြင်လိုက်ရလျှင် စိတ်နည်းနည်းပျက်သွားသည်။ ကူးကပါ ကားပေါ်က ဆင်းလာလျက် ငုံ့ကြည့်ကာ ...

"ဒုက္ခပါပဲ။ အရေးထဲမှာ ကားဘီးကပါ ပေါက်ရတယ်လို့"

"ဘယ်တတ်နိုင်မလဲ။ ဖြုတ်လဲရတော့မှာပေါ့။ ပြဿနာမရှိပါဘူး"

သူက ကားထဲမှာ ကိရိယာ တန်ဆာပလာတွေ ပါဝင်သည့် တူးဘောက်စ်ကို လိုက်ရှာသည်။ သူတို့မောင်းလာသော ကားလေးမှာ အင်ဂျင်ဆွဲအား သိပ်မကောင်းသည့် ဆလွန်းကားလေးဖြစ်လျက် ကူး တစ်ယောက် ဘယ်ကရှာဖွေလာမှန်းလဲ မသိပါ။ ကားထဲမှာ တူးဘောက်စ်က မတွေ့။



"ကားထဲမှာ တူးဘောက်စ်လဲ မပါ,ပါလား ကူး"

"ဟုတ်လား၊ ပါမှာပါ"

"မပါဘူး၊ ကိုယ် ရှာကြည့်ပြီးပြီ"

ကူးက သူ့ကို မျက်နှာငယ်ဖြင့် မော့ကြည့်သည်။ သူက စိတ်ကုန်စွာဖြင့် စပယ်ယာဘီးချိတ်ထားသည့် ကားအောက်သို့ ငုံ့ကြည့်လိုက်လျှင် ထပ်၍မျက်လုံးပြူးသွားသည်။ ကားအောက်မှာ စပယ်ယာဘီးကလည်း ရှိမနေချေ။

"ကူး ဘယ်လိုဖြစ်တာလဲ။ စပယ်ယာဘီးလည်း မပါ,ပါလား"

"ဟင် ... ဟုတ်လား"

"မင်း ခရီးထွက်မယ်ဆိုတော့ ကားကို ဒါတွေမစစ်ခဲ့ဘူးလား ကူး။ အခု ဘယ်လိုလုပ်ကြမလဲ။ တူးဘောက်စ်မပါတာက ထားတော့။ စပယ်ယာဘီး မပါတာက ဘယ်လိုလုပ်မှာလဲ။ လမ်းခုလတ်ကြီးမှာ"

ကူးက ဘာမှမပြောတတ်တော့သော မျက်နှာဖြင့် ကြံရာမရ သူ့ကို ကြည့်နေသည်။ သူက စိတ်ကုန်စွာဖြင့် ခေါင်းကို တစ်ချက်ယမ်းမိသည်။ အချိန်က ခုနစ်နာရီထိုးပြီးနေသော အချိန်ဖြစ်နေပြီ။ နေရာကလည်း ပေါင်းတည်မြို့ကအထွက် တော်တော်ဝေးသောနေရာမှာ ရောက်နေပြီဖြစ်သည်။ ရွာတွေ ဘာတွေနားမှာ ကားက ဘီးပေါက်တာမျိုးလည်း မဟုတ်။ သူသည် ဘာလုပ်လို့ လုပ်ရမယ် မသိဘဲ တော်တော် ဦးနှောက်ခြောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာကလည်း တဖြည်းဖြည်းနှင့် အမှောင်ရိပ်က နိုးမိုးလို့ လာခဲ့ပြီဖြစ်သည်။ ကားကြီးတစ်စင်းကတော့ စာနှာမှုဖြင့်ရပ်ကာ မေးသေးသည်။

"ဘီးပေါက်သွားလို့ အစ်ကို"

"ဟုတ်လား၊ စပါယ်ယာဘီး ပါတယ်မဟုတ်လား။ တူးဘောက်စ်မပါတာလား"

"စပါယ်ယာဘီးက ပါမလာတာ အစ်ကို။ အဲဒါ ဒီနားမှာ ဘီးဖာလို့ရမယ့်နေရာ မရှိဘူးလား မသိဘူး"

"ရှေ့(၃)မိုင်လောက်မှာတော့ ရွာတစ်ရွာရှိတယ်။ ဒါပေမဲ့ ဘီးဖာတဲ့နေရာ ရှိလား မရှိလားတော့ မသိဘူး။ ညဘက်ရောက်နေပြီဆိုတော့ ပြောရခက်တယ် ...

ဘီးအပိုပါရင်လည်း ကောင်းသားကွာ၊ တူးဘောက်စ်ငှားပေးလို့ ရတယ်"

"ရတယ် အစ်ကို။ ကျေးဇူးပါပဲ"

"ပေါင်းတည်ကို ပြန်လိုက်လာပြီး ဘီးဖာဖို့ အစီအစဉ်လုပ်မလား၊ ညီလေး လိုက်ချင်ရင်တော့ ခေါ်သွားလို့ရတယ်"

"မဖြစ်ဘူး ထင်တယ် အစ်ကို။ မိန်းကလေးတစ်ယောက်တည်း ကျန်ခဲ့မှာ"

"ဪ ... ဟုတ်လား။ အေး ... အဲဒါဆိုရင်တော့ ဘယ်ဖြစ်မလဲ၊ မှောင်လည်း မှောင်နေပြီ"

"ဟုတ်ကဲ့ အစ်ကို။ ကူညီဖို့ မေးတာ ကျေးဇူးတင်ပါတယ်။ ရတယ် အစ်ကို"

"အေးကွာ ... အဲဒါဆိုလည်း သွားတော့မယ်"



ဆယ်ဘီးကားကြီးက ထွက်ခွာသွားလျှင် သူသည် စိတ်ပျက်လက်ပျက်ဖြင့် လမ်းဘေးမှာတင် ထိုင်ချပစ်လိုက်သည်။ ကူးက သူ့ကို အထိတ်ထိတ် အလန့်လန့် ဖြစ်နေသော မျက်နှာဖြင့် ကြည့်ကာ ...

"ရှူးနင့် ... ဘယ်လိုလုပ်ကြမလဲဟင်"

"ဘာလုပ်ရမှာလဲ။ ဒီအတိုင်း ငုတ်တုတ်ထိုင်နေရုံပဲ ရှိတော့တာပေါ့"

"အို ... အဲဒီကျတော့ ..."

"ဒါဆို မင်းပဲ နည်းလမ်းကို စဉ်းစားပေး။ ငါ့အနေနဲ့ ဒီကားဘီးကို ဖြုတ်လို့ရတယ်ပဲ ထား‌ဦး။ သုံးမိုင်လောက် ဝေးတဲ့ရွာကို ကားဘီးလှိမ့်ပြီး ခြေလျင်လျှောက်သွားရမှာလား။ လျှောက်သွားလို့ ရတယ်ပဲ ထားဦး။ မင်းက ဒီမှာ တစ်ယောက်တည်း နေခဲ့ရဲလို့လား။ ဒီတော့ ငါက ဘာဆက်လုပ်ရမလဲ ...

မင်းပဲ ဦးဆောင်ဆုံးဖြတ်ပါတော့"

ကူးက ဘာမှမပြောတတ်တော့သလို ပုံစံဖြင့် ငေးကြောင်ကြည့်ကာ အလွန်တရာ စိတ်ပျက်ဝမ်းနည်းသွားသောပုံစံဖြင့် တစ်ဖက်သို့ လှည့်သွားလေသည်။ နှစ်ဦးသား ဘာစကားမှ ဆက်မပြောမိတော့။ ညက ပို၍မှောင်သထက် မှောင်လာသည်။ သူသည် အိတ်ကပ်ထဲမှဖုန်းကိုထုတ်ကာ ကြည့်လိုက်သည်။ အချိန်က ညရှစ်နာရီခွဲ။ ရန်ကုန်သို့ရောက်ဖို့ ခုနစ်ဆယ့်ငါးမိုင်ကျော် နီးရှစ်ဆယ်ခန့် လိုသေးသည်။ ဖုန်းလိုင်းကလည်း ဘားဝမ်းမမိ။ Connection မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ကူးက တာတ်စွမ်းသလောက် ကြိုးစားဟန်ဖြင့် ကားတွေတိုက်ကားကာ အကူအညီ တောင်းကြည့်သည်။ သို့သော် ကားဘီးဆေးဖို့ကိစ္စက ဘယ်သူမှ အဆင်မပြေ၊ ဘယ်သူ့ကိုမှလဲ အပြစ်ပြောနေဖို့မလို။ ကိုယ်တိုင်တောင် ခရီးဆေး ထွက်လာပါလျက်နဲ့ ကိုယ့်ကားမှာ စပါယ်ယာဘီး ပါ,မပါ စစ်ဖို့ သတိမရဘဲနဲ့တော့ သူများကို အကူအညီမပေးရကောင်းလားဟုလည်း အပြစ်တင်လိုစိတ်လည်း မရှိတော့။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် ကတ္တရာလမ်းပေါ်မှာသာ ဆန့်ဆန့်ကြီး သွားလှဲပစ်ချင်လာသည်။

ညိုကိုရေ ... ဟူသော အကျယ်ကြီး အော်ပစ်ချင်စိတ်ကို အထူးပဲ ထိန်းချုပ်ထားရသည်။ ညဆယ်နာရီလောက်ဆိုလျှင် သူ့ထံသို့ ညိုကို ဖုန်းဆက်တော့မည်။ လူကြီးမင်း ခေါ်ဆိုနေသော တယ်လီဖုန်းဟာ ဆက်သွယ်မှုဧရိယာပြင်ပသို့ တစ်ညလုံး ရောက်ရှိနေပါက ညိုကို ဘယ်လိုထင်မလဲ။ သူ့အတွက်ဆိုလျှင် စိတ်ပူ၊ စိတ်မချတတ်သော ကောင်မလေးဟာ ဟန်းဒ်ဖုန်းကို ဘယ်လိုမှ ခေါ်မရတော့ဘူး ဆိုလျှင် အိမ်ဖုန်းကို ခေါ်တော့မည်။

သူ့အိမ်က လူတွေကရော ညဆယ့်တစ်နာရီ ဆယ့်နှစ်နာရီထိ အိမ်ပြန်ရောက်မလာသော သူ့ကို စိတ်မပူဘဲ နေကြမှာတဲ့လား။ သူငယ်ချင်းတွေထံ ဖုန်းဆက်မေးတော့ ဘာမှမသိကြသည့် သူငယ်ချင်းတွေကလည်း မသိပါဘူးဟု ဖြေလျှင် ဒီကောင်တွေကပါ စိတ်ပူကုန်ကြလျှင် ...



သူသည် ဖြစ်နိုင်ချေရှိသည့် အရာတွေကို တွေးရင်းရင်ထဲမှာ မီးတောင်ပေါက်ကွဲသလို ကမ္ဘာပျက် ဆူညံကာ ယူကျုံးမရ ဖြစ်လာရတော့သည်။ ချောက်ချားစွာဖြင့် ကူးကို မော့ကြည့်လိုက်လျှင် သူမ မျက်နှာကလည်း ဒရက်ကူလာတစ်ကောင်လို သွေးဆုတ်ဖြူဖွေးပြီး အသက်မဲ့နေသည်။

www.burmeseclassic.com



တစ်ခါတစ်ရံမှာ –
တချို့လူတွေအတွက်
မနက်ဖြန်ဆိုတာ မရှိတတ်ဘူး။



## ၁၅

သူ့ဘဝရဲ့ကောင်းနေသော အခြေအနေ တစ်ခုဟာ ဘာကြောင့်များ ဒီလောက်တောင်ဆိုးရွားတဲ့ဘက်သို့ ရောက်သွားရသလဲဆိုတာ သူကိုယ်တိုင်တောင် နားမလည်လိုက်မမီခဲ့တော့ပါ။ အဲဒီညက တစ်ညလုံး ရှုပ်သွပ်ယောက်ယက်ခတ် စိတ်ပူက်ခဲ့ရသော်လည်း မနက်ခင်းမိုးလင်းသွားလျှင်တော့ သူက စိတ်ဓာတ်တွေကို အကောင်းဆုံး ပြန်ပြင်ဆင်ကာ ကြိုးစားခဲ့သည်။ ကူးကိုသည်း တတ်နိုင်သမျှ အားပေးခဲ့သည်။ ပေါင်းတည်မြို့သို့ ကားကြုံဖြင့်လိုက်သွားလျက် အငှားကားတစ်စီးဖြင့်ပြန်လာကာ ကားဘီးအရံ ပြန်တပ်ရဖြင့် တော်တော် အလုပ်ရှုပ်သွားသည်။

ပြီးတော့မှ ရန်ကုန်သို့ ဆက်ထွက်လာခဲ့ကြသည်။ ရန်ကုန်ရောက်လျှင်တော့ ပြဿနာတွေက တန်းစီပြီး ဆီးကြိုနေကာ ကူးတို့အိမ်က ကူးပျောက်သွားမှုနှင့် ရဲစခန်းသို့ တိုင်ချက်ဖွင့်ထားသေသာကြောင့် သူ့မှာ ဘယ်လိုမှ ရှင်းပြခွင့်မရရှာဘဲ ရဲစခန်းသို့ ပါသွားသည်။ ဒါထက် ထိတ်လန့်အံ့ဩစရာကောင်းသော ကိစ္စတစ်ခုမှာ တစ်ညလုံး မအိပ်ခဲ့သော၊ စိတ်ထောင်းကိုယ်ကြေ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခဲ့ရသော ကူးသည် အိမ်ရောက်ရောက်ချင်းပဲ မူးလဲသွားကာ ဆေးရုံတင်လိုက်ရသည်။ ဆေးရုံရောက်တော့ ကူးမှာ ကိုယ်ဝန် သုံးလ ရှိနေပြီဟူသော ဆေးစစ်ချက်အဖြေကိုပါ သိလိုက်ရလျှင် တိုင်တွေပတ်ကုန်တော့သည်။

ပြဿနာတွေမှာ ဘယ်လိုမှဖြေရှင်းလို့မရသေး။ ဘယ် ကနေဘယ်လိုစ၍တောင် ရှင်းရမှန်း မသိတော့ပါ။ သူသည်လည်း အာမခံမရသေး။ သူ့အမေဆိုတာလည်း မျက်ရည်လည်ရွဲနှင့် ဖြေ မဆည်နိုင်ချေ။ သူ့မျှော်လင့်ချက်မှာ ကူးပာစ်ဂယာက်ထံတွင်သာ စုပုံ၍ နေတော့လေသည်။ နေရင်းထိုင်ရင်း ဆွမ်းခံရင်း ငှက်သင် ကာ ပြဿနာထုပ်ကို လက်ဝယ်ပိုက်မိသူက သူ ဖြစ်လို့နေသည်။ ကူးကို သွေးဆောင်ဖြားယောင်းကာ ခိုးပြေးမှုဖြင့် တရားစွဲခံထား ရသေးသည်။ ဒီကြားထဲ ကိုယ်ဝန်ပြဿနာက ပါလာသောအခါ ဘယ်လိုမှ ရှင်းမရတော့။ အဆိုးဆုံးမှာ သူနဲ့ကူးသည် တစ်ချိန်က ရည်းစားဖြစ်ခဲ့တယ် ဆိုတာကို ကူးရဲ့အိမ်ကလည်း သိနေသော ကြောင့် ဒီပြဿနာဟာ အတော်ကြီး ရှုပ်ထွေးလို့နေခဲ့တာဖြစ်သည်။ ဒါပေမဲ့ သူသည် လောလောဆယ်မှာ ဒါတွေထက် အရေးကြီး တာက ညိုကိုဖြစ်သည်။ ညိုကိုမှာ ဒီနေ့ နေ့လယ် Air Mandalay ဖြင့် ရန်ကုန်သို့ ပြန်ရောက်မည်ဖြစ်သည်။

ဒီပြဿနာတွေကို ညိုကိုကြားခဲ့လျှင် ဘယ်လိုခံစား သွားမှာတဲ့လဲ။ ရောက်ရောက်ချင်း ရင်ဝကို ဖနောင့်နဲ့ဆီးကန်ခံ သလို ခံစားမှုမျိုး ညိုကို့ကို မခံစားစေချင်ပါ။ သူသည် ကိုယ်တိုင် လာတွေ့သော သူငယ်ချင်း ခန့်ဝင်းကို အားကိုးတကြီးမေးမြန်းရ သည်။ အကူအညီ တောင်းရသည်။



"ခန့်ဝင်း မင်းဆီကို ညိုကို ဖုန်းဆက်သေးလား"

"ဆက်တယ်ကွ။ မင်းဖုန်းက Out of connection ချည်း ဖြစ်နေလို့ မင်းအိမ်ကိုဆက်တော့ မင်းအိမ်ကလည်း ခုထိ ပြန်မလာသေးဘူး ပြောတာနဲ့ ငါတို့ဆီဆက်တာ။ ငါတို့က လည်း ဘာမှ မသိတဲ့သူတွေဆိုတော့ မသိဘူးပေါ့ ..."

သူလည်း တော်တော် စိတ်ပူသွားတာ။ ငါလည်း စိတ်ပူတာပဲ။ မင်း မနက်ခုနစ်နာရီတည်းက အိမ်ကထွက် သွားတာဆိုတော့ အားလုံးက စိတ်ပူနေကြတာ။ ဒီကြားထဲ မှာ ဆော်ဒါတစ်ကောင်က ကူးလည်းပျောက်နေတယ်ဆိုပြီး ဖုန်းဆက်တော့ ငါတို့တောင် မျက်စိလည်ကုန်တာပေါ့ ...

မနက်က ညိုကို ထပ်ပြီး ဖုန်းဆက်သေးတယ်။ ငါလည်း ပထမတော့ လျှောက်ရှီးတာပေါ့။ ဒါပေမဲ့ မင်း ဆော်ကနပ်တော့ အမှန်အတိုင်းပဲပြောပြလိုက်ရတယ်။ ဆော ရီးကွာ။ ပြီးရင်လည်း ဒီကိစ္စက သိမှာအတူတူ ဆိုတော့"

"ရတယ် ပြဿနာမရှိဘူး၊ အဲဒီတော့ သူ ဘာပြောလဲ"

"ဘာမှ မပြောဘူးကွ၊ အကြာကြီး ငြိမ်သွားတယ်"

"ဟာ ... မင်းက သေချာရှင်းမပြလိုက်ဘူးလား"

"အောင်မာ ... လာသေးတယ်။ နားရင်းပိတ်တီးလိုက်ရ။ သေချာရှင်းပြရအောင် မင်းက ငါတို့ကို ဘာများပြောပြခဲ့လို့ လဲ။ မင်းလည်း ကူးကို စိတ်မကုန်သေးတာ အသိသာကြီး"

"ဟာ ... အဲဒါ လုံးဝမဟုတ်ဘူးနော်။ မင်းတို့ကပါ အဲလို ထင်နေတော့ ညိုကိုက ပိုဆိုးပြီပေါ့။ ပြဿနာပဲကွာ။ ဘယ်လိုတောင်လုပ်ရမှန်း မသိတော့ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ယောင်းတွေက ဘယ်ကစရှင်းရမှန်းတောင် မသိဘူး ကျွိုင်ပဲ။ ဒီဘက်မှာကလည်း ဒေါ်ရွှေကူးဇယားက ရှိသေးတယ်။ ညိုကို့ကိုလည်း ဘယ်ကစဖြေရမှန်းမသိတော့ဘူး။ ဟား ... ရှုးချင်တာပါပဲကွာ။ စိတ်ဆင်းရဲလိုက်တာ။ မြွေကိုက်တာပါပဲ”

“ဟော့ကောင် မြွေကိုက်တာမဟုတ်ဘူး။ မင်းကို မြွေမျိုးနေတာ။ တောက် ... မင်းကလည်း ဘာအရှုးထတာလဲ။ ကူးနဲ့ မင်းနဲ့က ဘာအကန့်တွေ ရှိနေတာလဲ။ ကူးက ဟိုဒင်းရော ရှိနေတာဆို။ အဲဒါကရော မင်းနဲ့ ဘာလဲ ...

ပြီးတော့ အဲဒီမိန်းမက ဟိုဘဲနဲ့လည်း လက်ထပ်တော့မှာဆိုပြီး မင်းနဲ့က ဘယ်လိုလုပ် ပြည်ကိုရောက်သွားတာလဲ။ ဟူး ... ညိုကို မပြောနဲ့ ငါတောင် ကြားထဲက မင်းကို သတ်ချင်နေပြီ”

“ပြောကွာ ပြောတော့။ ခုလောလောဆယ် ငါ ပြောနိုင်တာကတော့ တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ ငါက ကူးရဲ့ကိစ္စတစ်ခုကို ကူညီခဲ့တာ ...

သူ အကူအညီတောင်းလို့ ပြည်ကိုလိုက်ပို့ရတာ။ အဲဒါလည်း မိုးမြင့်ထက်နဲ့ပတ်သက်နေတဲ့ကိစ္စပဲ၊ သူ့အပေါ်မှာ ငါ ဘာစိတ်မှ မရှိပါဘူးကွာ။ နမချင်းစာနာပြီး ကိုယ်ချင်းစာစိတ်နဲ့ ရိုးရိုးသားသားကူညီခဲ့တာပါ ...

ပြီးတော့ အားလုံးပြီးရင် ပြီးသွားမယ်ပဲ ထင်ခဲ့တာ။ ဒီလို ချုံခိုတိုက်တဲ့ပြဿနာတွေ ရှိနေမယ်ဆိုတာ ဘယ်လို



လုပ်ကြိုသိမှာလဲကွာ။ အင်း ... အဲဒါကြောင့် ကူးက သူ့မှာ ထွက်ပေါက်မရှိဘူးလို့ ပြောခဲ့တာကိုး”

“မင်းအစား ငါ ရင်လေးတယ်ကွာ။ ကြားထဲမှာ ညိုကိုက သနားဖို့ကောင်းတယ်။ မင်းကရော ဘယ်လိုလုပ်မှာလဲ”

“မသိပါဘူးကွာ။ ခုလောလောဆယ်တော့ ဒီအတိုင်းပဲ၊ နေနေရမှာပေါ့။ အရာအားလုံးက ကူးအပေါ်မှာပဲ မူတည်နေတယ်။ သူ ငါ့ကို ကယ်တင်နိုင်ပါစေပဲဆုတောင်းရတော့မှာပဲ။ ပြီးတော့ ညိုကို နားလည်နိုင်ပါစေလို့ မျှော်လင့်တယ်။ မင်းလည်း တတ်နိုင်သမျှ ရှင်းပြပေးပါကွာ”

“အေးပါ ခုလောလောဆယ်မှာတော့ ဒီဘက်က ပြဿနာတွေကိုပဲ ပြေလည်အောင် ဖြေရှင်းလိုက်ပါဦး။ ညိုကိုက မင်းဘက်ကလူပါ။ ငါလည်း တတ်နိုင်သလောက်ပြောပြထားလိုက်ပါ့မယ်”

“ကျေးဇူးပါပဲကွာ”

သူ့ရဲ့ကျေးဇူးတင်သံက အားမရှိ။ ခန့်ဝင်း ပြန်သွားချိန်တွင် သူသည် စိတ်ဓာတ်တွေ ဖရိုဖရဲဖြစ်စွာနှင့် ကျန်ရစ်ခဲ့ရသည်။ ခဏနေလျှင် ညိုကို ရန်ကုန်သို့ပြန်ရောက်လာတော့မည်။ ထိုနေ့ကို သူရော ညိုကိုရော အပြင်းအထန် မျှော်လင့်တောင့်တခဲ့သည်။ လွမ်းခဲ့ရသမျှ အတိုးချချစ်ကြမည်။ အနမ်းပင်လယ်ထဲမှာ လက်ပစ်ကူးကြမည် ဟူသော စိတ်ကူးတိမ်တိုက်တွေသည် လေအဝှေ့မှာ လွှင့်ပါသွားသော စက္ကူကြွေများလို ဦးတည်ရာမဲ့ လွင့်သွားကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်မှာ ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှမသိကြ။ သူ မနက်ဖြန်ဆိုတာကိုလည်း သူ ရေရေရာရာမသိနိုင်။ ပြီးတော့ သူ့မှာ မနက်ဖြန်ဆိုတာရော ရှိသေးရဲ့လားဆိုတာ ဝေခွဲမရဖြစ်လို့ လာခဲ့ပါသည်။

❦ ❦ ❦



နောက်တစ်ရက်ရဲ့ ညနေပိုင်းလောက်မှာတော့ သူဟာ အာမခံဖြင့် အပြင်သို့ ရောက်လာခဲ့သည်။ အာမခံဖြင့် အပြင်သို့ ရောက်လာသော်လည်း ပြဿနာတွေက ငြိမ်မသွားသေး။ အထူးသဖြင့် ကူးဘက်က ဂျိုဂျောင်အသိုင်းအဝိုင်း၏ဒဏ်ကို အလူးအလိမ့်ပဲ ခံရလေသည်။ သို့သော် အဲဒီပြဿနာတွေထက် အရေးကြီးသည်မှာ ညိုကိုဖြစ်သည်။ သူသည် ညိုကိုထံ အခြေအလွှားသွားတွေ့ဖို့ စီစဉ်သော်လည်း ညိုကိုက အတွေ့မခံသေးပါ။ ဖုန်းထဲကနေ၍ မောင့်ကိစ္စတွေသာ အရင်ရှင်းအောင်လုပ်ပါဟု အသာအယာ ဆိုလာသောကြောင့် သူ နည်းနည်းတော့ ရင်အေးသွားသည်။

ဒါနဲ့ပဲ ကူးနဲ့ တစ်ရက်ဆုံကာ ပြဿနာတွေ ဖြေရှင်းဖို့ နည်းလမ်းရှာရသည်။ ကူးကတော့ သူ့ကို အားနာလွန်းအားကြီးသော မျက်လုံးများဖြင့်ကြည့်ကာ ...

"ကူး အိမ်ကို အားလုံးရှင်းပြပြီးပါပြီ။ အိမ်ကလူတွေကလည်း အားလုံးနားလည်သွားပါပြီ။ ဒီကိစ္စဟာ စူးနှင့်နဲ့ ဘာမှ မပတ်သက်ဘူး ဆိုတာလည်း သိသွားကြပါပြီ။ ကူးကို သက်သက်ကူညီတယ် ဆိုတာလည်း သိကြတယ် ...

ဒါပေမဲ့ အောပတ်ဝန်းကျင်မှာတော့ ကူးနဲ့ စူးနှင့်ကို တစ်မျိုးမြင်သွားတာ။ အထူးသဖြင့် စူးနှင့် အချုပ်ခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရတာ ကူး စိတ်မကောင်းပါဘူး။ ပြီးတော့ ညိုကိုနဲ့ ပတ်သက်ပြီးတော့လည်း ကူး တောင်းပန်ပါတယ်”

“ရပါတယ် ကူး။ သူက နားလည်ပါတယ်”

“တော်သေးတာပေါ့။ လိုအပ်ရင် ကူးလည်း ရှင်းပြပေးပါ့မယ်”

“ကိစ္စမရှိပါဘူးကူး ကိုယ့်ကိုယ်ကိုယ်ပဲ ဂရုစိုက်ပါ။ အားလုံး အဆင်ပြေပါစေ”

“ကျေးဇူးတင်ပါတယ် စူးနင့်ရယ်။ တကယ်ပြောတာပါ”

သူက ကူးကို ကြင်နာစွာဖြင့် တစ်ချက်စိုက်ကြည့်ကာ ထွက်ခွာလာခဲ့သည်။ အခုတော့ အားလုံးပြီးစီးရှင်းလင်းသွားပြီဟု ထင်ပါသည်။ ကူးတို့ ပြဿနာတွေက ဘယ်လိုဆက်ဖြစ်ကာ ဘာတွေကြုံလာရမလဲ ဆိုတာတော့ သူ မသိချင်တော့။ အားလုံး အဆင်ပြေဖို့ပဲ မျှော်လင့်သည့်သူဟာ ညိုကိုနဲ့တွေ့ဖို့ကိုပဲ အာရုံ ထားလိုက်တော့သည်။ ဒီကိစ္စတွေအတွက်လည်း ညိုကို့ကို ပြည့် ပြည့်စုံစုံ ရှင်းပြချင်ပါသေးသည်။ သို့သော် တကယ်တမ်း တွေ့ခဲ့ သောအခါ အခြေအနေက သူထင်သလို ဟုတ်မလာခဲ့ပါ။ ညိုကိုရဲ့ မျက်နှာသည် အခါများစွာက သူတွေ့ခဲ့ဖူးသော မျက်နှာလိုမဟုတ် ဘဲ အထူးတည်ငြိမ်နေသည်။

“ညိုကို”

သူက နူးညံ့စွာ ခေါ်လိုက်သော်လည်း ညိုကိုရဲ့ မျက် ဝန်းတွေက နူးညံ့မလာပါ။ သူသည် တစ်ခုခုကို ထိတ်လန့်စွာ သိမြင်လိုက်သလိုပင် …

“ညိုကို ဘာဖြစ်နေတာလဲ …”



“ဘာမှမဖြစ်ပါဘူး စူးနင့်။ စူးနင့် ဘာပြောမှာလဲ ပြောပါ”

“မဟုတ်ပါဘူး။ ညိုကို ကိုယ့်ကို ဘယ်လိုခေါ်လိုက်တာလဲ”

“နာမည်အတိုင်းပဲ ခေါ်လိုက်တာပါ။ စူးနင့်ကို ညိုကို တစ်ခုပြောစရာရှိတယ်။ ညိုကို့ကို မငဲ့ပါနဲ့တော့ စူးနင့်”

“ဟာ … ညိုကို ဘာတွေပြောနေတာလဲ”

“ညိုကို ရှင်နဲ့ပတ်သက်တာတွေကိုပဲ ပြောနေတာပါ။ ကူးကို စူးနင့် ဘယ်လောက်ချစ်တယ်ဆိုတာ ညိုကို အသိဆုံးပါ။ ညိုကို့ကို မလိမ်ချင်ပါနဲ့တော့ စူးနင့်ရယ်။ ညိုကို စူးနင့်ကို ခွင့်လွှတ်ပြီးသားပါ …

ကူးဆီကို စူးနင့် ပြန်သွားပါ”

“ဟာ … ဘာဆိုင်လို့ ပြန်သွားရမှာလဲ။ ညိုကို မင်း ကိုယ့်ကို အထင်လွဲနေတာ။ အထင်လွဲနေပြီ။ ကျွတ် … အထင်လွဲချင်ရင် စွပ်စွဲချင်ရင် မွှင့်မွှင့်လင်းလင်းပဲ စွပ်စွဲပါ ညိုကို …

အဲဒီလို စကားလုံးတွေနဲ့ ကိုယ့်ကို မနှိပ်စက်စမ်းပါနဲ့”

“ရှင်ကသာ ညိုကို့ကို နှိပ်စက်နေတာ စူးနင့်ရဲ့၊ ရှင့်ကြောင့် ညိုကို ဘယ်လောက်ခံစားပြီး ရင်ကွဲပက်လက်ဖြစ်ရတယ် မှတ်လဲ။ ညိုကိုကတော့ ရှင့်ကို ချစ်လိုက်ရတာ။ မျှော်လင့် ချက်အပြည့်နဲ့ ပြန်လာခဲ့တယ်။ ဒီရောက်တော့ ရှင့်ကို ဆီးပြီး ဆောင့်ကန်ခံလိုက်ရသလိုပဲ။ ရှင် မညာစမ်းပါနဲ့ စူးနင့်။ ကျွန်မကို ညာချင်ညာပါ။ ကိုယ့်ကိုယ်ကိုယ် မညာပါနဲ့။ ရှင့်ရင်ထဲမှာ ကူးရှိတုန်းပါပဲ …

www.burmeseclassic.com

www.burmeseclassic.com



ရှင် ကူးကို ချစ်ဆဲပါ။ သူ့အတွက်ဆို ရှင် အမြဲ တမ်း အဲဗားရယ်ဒီ ဖြစ်နေတာပါ ...

ဒီတော့ ရှင့်အနားမှာ ရှိနေဖို့ဆိုတာ လိုအပ်တဲ့ကိစ္စ မဟုတ်တော့ပါဘူး"

ညိုကို့မျက်နှာက ခံစားချက်အပြည့်ဖြင့် ပေါက်ကွက်တော့မလိုဖြစ်နေတာကို သူက အံ့သြစွာ ငေးကြည့်နေမိသည်။ ညိုကိုရဲ့မျက်လုံးတွေမှာ လက်လက်ဖြာ စူးရှနေလျက် ခံစားချက်အပြည့်ဖြင့် နင့်သီးနေကြသည်။

"ညိုကို ... မင်း ဘာတွေလျှောက်ပြောနေတာလဲ။ မင်း ထင်နေတာတွေ လုံးဝမဟုတ်ဘူးနော်။ တစ်ခုမှ မဟုတ်ဘူး"

ညိုကိုက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်စီးကျလာတာကို မြင်ရလျှင် သူ ကမ္ဘာပျက်သွားသည်။ ညိုကို အသည်းအသန် ဖြစ်နေတာပါလားဟု သိလိုက်ရလျှင် သူ တော်တော်ရှုးချင်သွားပါသည်။

"ရှင် ကျွန်မနေရာကပဲ ဝင်စဉ်းစားကြည့်ပါဦး စူးနင့်ရဲ့။ ရှင် မိန်းမတစ်ယောက်နဲ့ ပြည်ကိုသွားတယ်။ တစ်ညအိပ်ကြတယ်။ အဲဒီမိန်းမကြောင့် ရှင် အချုပ်ခန်းထဲ ရောက်ရတယ်။ အဲဒီမိန်းကလေးကလည်း ကိုယ်ဝန်နဲ့တဲ့။ ပြီးတော့ ရှင့် ရည်းစားဟောင်းလေ။ အဲဒါကို ကျွန်မ ဘယ်လောက်ထိ ရင်နာရတယ်မှတ်လဲ။ ကျွန်မအသည်းတွေ ကွဲနေပြီ စူးနင့်ရဲ့"

"ဘာတွေလဲကွာ။ မင်းက အဲဒီကိုယ်ဝန်က ကိုယ်နဲ့ရတဲ့ ကိုယ်ဝန်များ ထင်နေလို့လား။ ပြဿနာပဲ ...



သူ့အရုပ်ထုပ်နဲ့သူကွ။ မိုးမြင့်ထက်ကိစ္စ။ မိုးမြင့် ထက်က ပြည်မှာ ဓာတ်လမ်းရှိခဲ့လို့ အဲဒီကိစ္စကို သွားမေးတာ"

ညိုကိုက အနီရောင်မျက်ဝန်းများဖြင့် သူ့ကို စိုက်ကြည့်သည်။ နှုတ်ခမ်းတွေက မဲ့ပြုံးဆန့်ဆန့် ပြုံးသွားကြကာ ...

"ဩော် ... ဟုတ်လား။ အဲဒီကိစ္စတွေ လုပ်ဖို့အတွက် ရှင် မှတစ်ပါး အခြားမရှိတော့ဘူးပေါ့နော်။ မျက်စိထဲမှာ ရှင့်ကိုပဲ တန်းခနဲ ပြေးမြင်တယ်ပေါ့"

"ကျွတ် ... အဲဒီလို ရိတ်စကားတွေ မပြောစမ်းပါနဲ့ ညိုကိုရာ။ အဲဒါ မင်းစတိုင်လ် မဟုတ်ပါဘူး"

"မပြောပါနဲ့တော့ စူးနင့်။ ကျွန်မ ရင်ထဲမှာ ခံစားရလွန်းလို့ မွမွကြေနေပြီ။ ရှင့်ရင်ထဲမှာ ဘယ်သူရှိတယ် ဆိုတာကို အတိအလင်း သိခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် ...

ရှင် ကူးဆီကိုပဲ ပြန်သွားပါ"

"ဟာ ... ဘာကိစ္စ ကူးဆီသွားရမှာလဲ။ ကိုယ်နဲ့ ဘာဆိုင်လို့လဲ။ ဘာမှမဆိုင်လို့တောင် ပြဿနာက ကွင်းလုံးကျွတ်လာခဲ့တာ။ ကိုယ်က ဘာမှမဆိုင်ဘူး မပတ်သက်ဘူး ညိုကို ...

ကိုယ် သူ့ကို ကူညီခဲ့တာ။ ရိုးရိုးသားသား စိတ်သန့်သန့်နဲ့ ကူညီခဲ့တာ။ အဲဒီတစ်ညလုံးလည်း ကားထဲမှာတောင် မထိုင်ဘဲ အပြင်ဘက်မှာပဲ ငုတ်တုတ်မိုးလင်းခဲ့တာ။ မင်းကို တစ်ညလုံး တမ်းတသတိရနေခဲ့တာ ကိုယ့်ရဲ့သစ္စာတရားပါ ညိုကိုရယ်။ ယုံပါ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို နားမလည်နိုင်တော့ဘူးလား။ နားမလည်ပေးတော့ဘူးလား။ မင်းချစ်သူပါ ညိုကိုရဲ့။ မင်း မယုံကြည်တော့ဘူးလား။ ကိုယ်တို့နှစ်ယောက်ကြားမှာ နားလည်မှုနဲ့ ယုံကြည်မှုက အဓိကပါ။ အဲဒီနှစ်ခုနဲ့ ကိုယ်တို့အချစ်တွေကို တည်ဆောက်ထားတာပါ။ ယုံကြည်မှုမရှိတော့ဘဲ အချစ်တစ်ခုက ဘယ်လိုလုပ် လှပမှာလဲ ညိုကို"

ညိုကိုက မျက်ရည်စီးကြောင်းတစ်ဖက်ကို ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်းမှ ...

"ဟုတ်တယ်။ ယုံကြည်မှုနဲ့ နားလည်မှုမရှိတော့တဲ့ အချစ်တစ်ခုက မလှပတော့ဘူး စူးနင့်။ မလှပတဲ့ အချစ်တွေအတွက် ဒီမှာပဲ ဇာတ်သိမ်းကြပါစို့ ...

ရှင့်ထက် ကျွန်မကိုယ်ကျွန်မ ပိုသနားတဲ့အတွက် ကျွန်မကို လွှတ်မြောက်ခွင့်ပေးပါ"

"ညိုကို"

သူက ဆို့နင့်ကြေကွဲစွာ ခေါ်လိုက်လျှင် ညိုကိုက သူ့ကို တစ်ချက်မှ လှည့်မကြည့်တော့ဘဲ ချာခနဲလှည့်ထွက်သွားသည်။

သူ့ရင်ထဲ၌ ဟာခနဲဖြစ်သွားသည်။ သူက နောက်မှ ပြေးလိုက်သွားကာ သူမလက်ကို ဖျတ်ခနဲ ဆွဲထားလိုက်သော်လည်း သူမက ဆောင့်ရုန်းလျက် သူ့ကို စိမ်းရှသောမျက်လုံးများဖြင့်ကြည့်ကာ ...

"ရှင့်ကို မမုန်းချင်ဘူး စူးနင့်"



အဲဒီအသံသည် သွားကြားထဲမှထွက်လာသော အေးစက်သည့် လေသံဖြစ်သောကြောင့် သူက ထိတ်လန့်တကြား လက်ကိုလွှတ်လိုက်သည်။ ညိုကိုက အံကိုတင်းတင်းကြိတ်ကာ ချာခနဲလှည့်ထွက်သွားသည်။ သူသည် ညိုကိုရဲ့နောက်ကျောပြင်ကို မယုံနိုင်စွာငေးကြည့်လျက် ကျန်ရစ်ခဲ့သည်။ သူမကို ဘယ်လိုမှ နားမလည်နိုင်။ သူ့ကို အမြဲတစေ ခွင့်လွှတ်နားလည်ခဲ့သောစိတ်တို့ဟာ တကယ်ပဲ ပြောင်းလဲသွားခဲ့ပြီတဲ့လား ...။

အခုမှပဲ တကယ် အသည်းကွဲတော့တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ဒီလိုနှင့်...



'ဒီလိုနှင့် ကံကြမ္မာဆိုး နှောင့်ယှက်ခဲ့သော သူတို့ ချစ်ခရီးလမ်းသည် သာယာမှုမရှိခဲ့ဘဲ ဝေးလွင့်သွားခဲ့ရတာဖြစ်သည်။ ညိုကိုသည် သူ့ကို ဘယ်လိုမှ အတွေ့မခံခဲ့တော့ပါ။ သူသည်လည်း နိုင်ငံခြားပွဲရှိသဖြင့် သူတို့အသင်းတစ်ခုလုံးကို Campသွင်းလိုက်ပြီဖြစ်လေရာ အိမ်မှာတောင် နေခွင့်မရတော့။ အချိန်နဲ့အမျှ လေ့ကျင့်ကာ နိုင်ငံခြားပွဲအတွက် စိတ်ရောကိုယ်ပါ ပြင်ဆင်ရသည်။ သူ့မှာ ညိုကို့ကို သတိရစိတ် လွမ်းစိတ်တို့ဖြင့် လိုမ့်နေအောင်ခံစားရသော်လည်း စာနာဖေးမပေးမယ့်သူ မရှိပါ။

ဒီလိုနှင့် သူလည်း နိုင်ငံခြားပွဲအတွက် မလေးရှားသို့ ထွက်ခွာသွားခဲ့ရသည်။ ညိုကို့ကို သတိရစိတ်ကို ချိုးနှိမ်ကာ ပြိုင်ပွဲမှာ အကောင်းဆုံးကြိုးစားခဲ့၍ မာဒေးကားဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သော်လည်း အပြန်ခရီးမှာ ပန်းကုံးနဲ့ကြိုမယ့်သူ မရှိပါ။ သူ့အောင်မြင်မှုတွေကို မျှဝေခံစားပေးမယ့်သူမရှိပါ။ ပြိုင်ပွဲက ပြန်လာသောအခါ သူ ညိုကို့ကို နောက်တစ်ခေါက် သွားရှာသေးသည်။ နည်းမျိုးစုံဖြင့်ကြိုးစားကာ တွေ့ခွင့်ရဖို့ပုံဝမ်းခဲ့ပါသည်။ သို့သော် ညိုကိုဟာ သူ့ကို ဘယ်လောက်တောင်များ အယုံအကြည်ကင်းမဲ့လျက် စိတ်နာသွားသလဲတော့ မပြောတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခုန်းနံ့ပါတ်တအစ အသစ်လဲပစ်လျက် ရန်ကုန်မှာကိုမရှိတော့ပြီ။ အထက်မြန်မာပြည်ရှုံးခွဲမှာပဲ အလုပ်ဝင်လိုက်ပြီဟု သိရသောအခါ သူသည် တအံ့တဩ နာကျင်စွာနှင့် ယောက်ျားတန်မဲ့ မျက်ရည်ဝဲခဲ့ရသည်။

R စာနည်း၏ မုန်းပြီလားမေ့ပြီလား ... ကိုယ့်ကို ရှင်းပြခွင့်ပေးပါဟူသော သီချင်းကိုသာ အထပ်ထပ်ဆိုညည်းလျက် သူမနဲ့ ပြန်ဆုံခွင့်ကို အချိန်နဲ့အမျှ မျှော်လင့်နေခဲ့ရပါသည်။



# တစ်နှစ်ကျော်ခန့် ကြာသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ခွဲဆိုသောအချိန်ကာလသည် ပြောင်းလဲချင်သူတွေအတွက်တော့ ပြောင်းလဲဖို့ရာ ကောင်းကောင်းကြီး အချိန်ရသော်လည်း မပြောင်းလဲချင်သူတွေအတွက်တော့ ဘာမှထူးထူးခြားခြားမပြောင်းလဲခဲ့ပါ။ တစ်နှစ်ခွဲအတွင်းမှာ သူတို့ သူငယ်ချင်းတွေတစ်ယောက်မှ မိန်းမ,မရသေး။ ကူးကတော့ မိုးမြင့်ထက်နဲ့ပဲ လက်ထပ်ဖြစ်ကာ ရင်သွေးလေးတစ်ဦးပင် ပိုင်ဆိုင်သွားခဲ့ပြီဖြစ်သည်။ ဘဝတိုးတက်ဖို့၊ အောင်မြင်ဖို့၊ အချစ်ကို ဦးစားမပေးဖို့စသဖြင့် ဆုံးမစကားတွေပြောခဲ့သော ကူးသည် အခုတော့ အဲဒါတွေကို မေ့လျော့စွာ မိခင်တစ်ယောက်ရဲ့ဘဝကို ပီပီပြင်ပြင်ခံယူသွားခဲ့ပြီဖြစ်သည်။ ဘာပဲပြောပြော ကူးအတွက် သူ ကျေနပ်ပါသည်။

သူ့အတွက်တော့သူ မကျေနပ်ခဲ့ပါ။ အဲဒီတစ်နှစ်ခွဲအတွင်းမှာ သူသည် ညိုကို့ကို အရိပ်လေးသော်မျှ မတွေ့ရ,မမြင်ရတော့ပါ။ ညိုကို ရုံးထိုင်သည်ဆိုသော မန္တလေးသို့ တစ်ခေါက်ရောက်သွားခဲ့သေးသည်။ မတွေ့ခဲ့ရ။ ညိုကိုသည် ပုဂံမှာဟု ဆိုလိုက်ပြန်သည်။ ဒီလိုနှင့် သူမကို စာမလာ သတင်းမကြား တစ်နှစ်ခွဲခန့် ရင်ထဲက ဆွဲနုတ်ထားခံခဲ့ရလေသည်။ ဒါပေမဲ့ သူဟာ



ညိုကို့ကို တစ်ရက်မှမေ့မရခဲ့ပါ။ အမြဲတမ်း မျှော်လင့်နေခဲ့သည်။ စောင့်စားခဲ့ပါသည်။ သူ အောင်မြင်တာကို လိုလားသော ညိုကို့အတွက် သူ့ဘဝကို အချစ်အတွက်နဲ့ ပရမ်းပတာမနေဖြစ်ခဲ့ပါ။ အမြဲကြိုးစားနေသော လူတစ်ယောက်အဖြစ် ရှင်သန်နေထိုင်ခဲ့သည်။

သူ့အတွက် အမှတ်တရဖြစ်စရာ နေရာလေးများအဖြစ် ဘောလုံးကွင်းထိပ်က မုန့်ဟင်းခါးဆိုင်၊ မာလာဟင်းဆိုင်၊ သူတို့ အတူလမ်းလျှောက်ရာ ရထားသံလမ်း စသဖြင့် အဲဒီနေရာလေးတွေ ရောက်လေတိုင်း သူမကို အထူးသတိရ လွမ်းဆွတ်ရသည်။

သူ့ဘဝကတော့ ဘာမှသိပ်ထူးထူးခြားခြား ပြောင်းလဲတာမျိုး မရှိခဲ့ပါ။

မနက်ဆိုလျှင် ထရိန်နင်ဆင်း၊ နေ့ခင်းဘက်တွေမှာ သူ့အဖေအလုပ်ထဲ၌ ဝင်ကူ၊ ညနေမှာ သူငယ်ချင်းတွေနဲ့ ဘောလုံးကန် စသဖြင့် ဒီလိုနှင့် အချိန်တွေ ပြီးဆုံးခဲ့ရသည်။ ဒီနေ့ကတော့ သကုန်ရက်ရောက်ပြီမို့ မဂ္ဂဇင်းအသစ်ငှားရန်အတွက် သူက အောင်ကောစာအုပ်ဆိုင်သို့ ဘောလုံးကွင်းမှအပြန် ဝင်လာခဲ့သည်။ ကိုမော်က သူ့ကိုမြင်လျှင် မေးဆတ်ပြကာ ...

“မဂ္ဂဇင်းအသစ် ထွက်တယ်ကွ”

“အင်း ... အဲဒါ လာယူတာ”

“မင်း သိပြီးပြီလား။ အေစီမီလန်က ကာကာ့ကို မန်စီးဘီးကိုရောင်းမှာတဲ့။ ဘောလုံးသမိုင်းမှာ တစ်ခါမှမရှိဖူးသည့်ကြေး ပေါ်လာ သန်း(၁၄၅)သန်းတောင်တဲ့ကွာ၊ မန်စီးဘီးကပေးဝယ်တာ”

www.burmeseclassic.com

www.burmeseclassic.com



"ကာကာက မသွားပါဘူးဗျာ။ သူ့ပရိတ်သတ်တွေကလည်း ဝိုင်းဆန္ဒပြကြတဲ့ဟာကို။ သူ့အတွက် ငွေကြေးက အဓိက မဟုတ်ဘူးတဲ့ ...

မဆိုးဘူး။ ဒီကောင့်စိတ်ဓာတ်ကိုကြိုက်တယ်။ လေးစားတယ်"

"အေးကွာ ... ဘက်ခမ်းတို့နဲ့များ ကွာပါ့"

"ဘက်ခမ်းကတော့ ငွေသာ အဓိကလေ"

"ဟား ဟား ... ဟုတ်တယ်ဟေ့။ ရော့ ... Perfect ယူမှာ မဟုတ်လား၊ ဝတ္ထုကရော"

"ဝတ္ထုက ဘာထွက်လဲ"

"ဝတ္ထုက မင်းဖတ်တဲ့ဟာတွေ သိပ်မထွက်ဘူး။ ကိုဆေးနိုး ဝတ္ထုတိုပေါင်းချုပ်တော့ထွက်တယ်။ မောင်ကိုကို(အမရပူရ) လည်း ဒုတိယအကြိမ် ပြန်ထွက်တယ်"

"မင်းလူရော မထွက်ဖူးလား"

"မင်းလူ !... မထွက်ဘူးကွ။ အဲ ... ဟာသလွင်ပြင်ထဲမှာတော့ သူ့ဝတ္ထုတစ်ပုဒ်ပါတယ်"

"အဲဒါ ယူမယ်ဗျာ။ မင်းလူကလည်း ဘာဖြစ်လို့ စာမရေးတာလဲမသိပါဘူး။ စိတ်ညစ်တယ်။ သုံးလတစ်အုပ်လောက် ထွက်ရင်ကိုမဆိုးဘူး။ ခုတော့ တစ်အုပ်နဲ့တစ်အုပ် တအားကြာတယ်။ သူ့ကို Crazy ဖြစ်တဲ့ ကျွန်တော်တို့လိုကောင်တွေအတွက်တော့ မမိုက်ဘူးပေါ့ ...

ကိုယ်မကြိုက်တဲ့ စာရေးဆရာတွေ ကျတော့လည်း ဝတ္ထုတွေကို စက်နဲ့လှည့်ထုတ်နေသလား မှတ်ရတယ်။



ဟောတစ်အုပ် ဟောတစ်အုပ်နဲ့၊ ကြိုက်တဲ့စာရေးဆရာတွေကျတော့လည်း သေတဲ့လူကသေ၊ မရေးတဲ့လူကမရေးနဲ့ ဘာတွေမှန်းလဲ မသိဘူး။ တော်တော် ဒုက္ခရောက်တယ်"

သူ့အပြောကို ကိုမော်က တဟားဟားနှင့်အော်ရယ်နေတုန်းမှာပဲ သူ့ဘေးသို့ တစ်စုံတစ်ယောက် လာရပ်တာကို ခံစားရသည်။ ပြီးတော့ ရနံ့တစ်ခု။ ဒီရနံ့ကို သူ ကောင်းကောင်းကြီးသိသည်။ သို့သော် မော့မကြည့်ဖြစ်သေး။ ကိုမော့်ထံမှ နှုတ်ဆက်သံတစ်ခုကို ကြားရသည်။

"ဟာ ... ဘယ်သူများလဲမှတ်တယ်။ ဒေါ်ညိုညိုကို သရဲလာခြောက်တာလား"

"သရဲက စာအုပ်ဖတ်တတ်လို့လား ... အဟင်း ဟင်း"

ဟော ... ချိုလွင်သောရယ်သံ။ ဘယ်လိုမှ မမှားနိုင်တော့ပါ။ သူ့လက်ဖျားတွေ ရုတ်တရက် အေးစက်လာသည်ဟု ခံစားရသည်။ မော့ကြည့်လိုက်လျှင် သူ့ကို ကြည့်မနေသော ညိုကို့ကို အရှင်လတ်လတ်ကြီး တွေ့မြင်လိုက်ရသည်။ သူသည် မယုံနိုင်သော ခံစားချက်ပေါင်းစုံဖြင့် သူမကို မျက်တောင်မခတ်စိုက်ကြည့်နေမိသည်။ သူမကို ဒီလိုနေရာမှာ ပြန်ဆုံရလိမ့်မယ်၊ လွယ်လွယ်လေး ပြန်ဆုံရလိမ့်မည်ဟု မထင်ပါ။

"လာလည်တာလားဟ။ ညည်း အသားတွေတော့မည်းသွားသလိုပဲ"

"ဩော် ... နေပူစပ်ခါး လုပ်စားနေရတဲ့ ဘဝသားများလေးတွေကို။"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... တော်လ်ကီကတော့ မပြောင်းလဲသေးဘူး။ အဟမ်း အဟမ်း ... ဒီဘက်ကကောင်ကလည်း ကြည့်နေတာ မျက်လုံး ကျွတ်ကျတော့မယ်။ ကဲရော့ ... မောင်မင်းကြီးသား ဒီမှာ မင်းစာအုပ်တွေ။ ဒေါ်ညိုကို မဂ္ဂဇင်းအသစ် ယူမှာလား။ ဝတ္ထုကတော့ ညည်းကြိုက်တဲ့ ဆုမြတ်မွန်မွန် ထွက်တယ်။ အသည်းကြီးဝတ်ရည်တဲ့"

"ဟာ ... ဟုတ်လား။ ဖတ်မှာပေါ့။ နာမည်ကြားတာနဲ့တင် စိတ်ဝင်စားသွားပြီ။ အသည်းကြီးတဲ့ လူတွေအကြောင်း ရေးထားတာနဲ့တူတယ်"

"ဟုတ်ပါ့ ... ဟုတ်ပါ့။ ကဲ ... မှတ်ပြီနော်။ မဂ္ဂဇင်းအသစ်ရော"

"အိုခေ ... အိုခေ"

သူမက ပြုံးပြုံးရွှင်ရွှင်ဖြင့် ခေါင်းညိတ်ပြသည်။ ညိုကိုလေးဟာ တကယ်ပဲ အသားညိုသွားတာတော့ ဟုတ်သည်။ သို့သော် အရင်လိုပဲ လှပနေစမြဲပဲဖြစ်ပါသည်။ မမြင်ရတဲ့ ထ[illegible] နှစ်ကျော်အတွင်းမှာ အသားညိုသွားလျက် ဆံပင်ပုံစံပြောင်းလဲသွား တာကလွဲလို့ ကျန်တာ ထူးထူးခြားခြား ပြောင်းလဲတာမျိုး မရှိပါ။ ဘုရားရေ ... အရေးအကြီးဆုံး နှလုံးသားတစ်စုံကရော ...။

သူမက စာအုပ်တွေရလျှင် ကိုမော့်ကို နှုတ်ဆက်[illegible] ချာခနဲလှည့်ထွက်သည်။ သူက ငေးပြီးကြည့်နေတုန်း ကိုမော်[illegible] "ဟော့ကောင်"ဟု ခပ်ကျိတ်ကျိတ်ခေါ်ကာ လိုက်ဖို့သတိပေးသည်။ အဲဒီအချိန်တွင် မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်မှ ဖွင့်နေ[illegible] ဟန်ထွန်း၏ ရင်ခုန်ဘက်သို့တမ်းချင်း သီချင်းကလည်း လွင့်[illegible] နေသည်။



"ပြန်ဆုံချင်ရင် ရင်ခုန်သံကို မညာနဲ့လေ ... မညာနဲ့လေ ... သေချာစဉ်းစား ဒီတစ်ခါ ရင်ခုန်သံကို ညာခဲ့ရင် ... ငါနဲ့ မင်း ... တကယ်ကို အဝေးဆုံး ... ဟိုးအရင်က ... မင်း ပြောခဲ့ဖူးတဲ့ သိပ်ချစ်တဲ့အကြောင်းတွေ ... ငါ မှတ်မိလို့ နေသေး လွယ်လွယ်မေ့ပစ်ဖို့ မဖြစ်ဘူး ... ငါနဲ့မင်းက ဘဝတူ ... ရင်ခုန်ဘက်လူ ..."

သူသည် တိုက်ဆိုင်သော သီချင်းသံလေးကို နား ထောင်ကာ တကယ်ပဲ ရင်တွေခုန်လာသည်။ ညိုကို့ရဲ့ ခြေလှမ်း တွေကို မီအောင်လိုက်ပြီးနောက် သူမရှေ့က စိတ်ရပ်လိုက်သည်။

"ညိုကို"

သူ့ကို ပြန်ကြည့်နေသော သူမရဲ့ အညိုရောင်မျက် ဝန်းတွေမှာ စိုလဲ့ကာ ရီဝေနေကြသည်။ သူသည် အမောဆို့နေသော လူလို ဘာမှမပြောနိုင်ပါ။

"ဘာပြောစရာရှိလို့လဲ"

"ဟို ... ကိုယ်လေ ... ညိုကို ... ကျွတ် ..."

သူက ဘာပြန်ပြောရမှန်း မသိစွာနှင့် ကျွတ်ခနဲ စုတ်သပ်မိလျှင် သူမက လှစ်ခနဲပြုံးကာ လှည့်ထွက်ဖို့ပြင်သည်။ အဲဒီအပြုံးသည် သူ့အတွက်တော့ တံခါးဖွင့်ပေးလိုက်သည့်အပြုံး ပဲဖြစ်ပါသည်။

"ညိုကို အခုဖွင့်ထားတဲ့ သီချင်းလေးကို ကြားလား"

"ကြားသားပဲ"

သူမက ဘုတောသည်။ ဒီလောက်ဆို အဖြေအနေက အိုကေတော့ပါမည်။ သူ့ ရင်ထဲတွင် ဝုန်းဒိုင်းကြဲ ဆူညံလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညိုကိုရယ် ... ကိုယ့်ကို ဘာလို့ ဒီလောက်တောင် ရက်စက်အားနိုင်ရတာလဲ။ မင်း ... မင်း တကယ်လုပ်ရက်တယ် ညိုကို"

သူ့စကားကြောင့် သူမ မျက်ဝန်းတွေ အရောင်မှေးသွားသည်။ ပြီးတော့မှ တိုးညင်းစွာဖြင့် ...

"ညိုကို့ကို သိပ်မချစ်တဲ့လူအနားမှာ မနေချင်တော့လို့ပါ"

"ဘာရယ် ... ဘာလို့ အဲဒီလိုထင်ရတာလဲ ညိုကို။ မင်း ထင်ချင်တာထင်ပြီး မင်းသဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်သွားလို့ ရမှာတဲ့လား"

"ဒီမှာ စူးနှင့် ... ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူရဲ့နှလုံးသားကို ကိုယ်ပဲအပြည့်အဝ ပိုင်ဆိုင်ချင်ကြတာပါ။ နားလည်မှုဆိုတာ မွေးရာပါအရည်အချင်းမဟုတ်ဘူး။ ပါရမီပါလာတာမဟုတ်ဘူး။ ချစ်တဲ့စိတ်ကြောင့် ဖန်တီးထားရတဲ့အရာပါ ...

စူးနှင့်ကို ရက်စက်ခဲ့တဲ့အတွက် ညိုကိုကရော စိတ်ချမ်းသာမယ် ထင်လား။ စူးနှင့် ခံစားရတယ်ဆိုတာ ညိုကို အိပ်မက်မက်နေသလောက်ပဲ ရှိတာပါ။ ဘယ်သူက ပိုချစ်ခဲ့တယ်ဆိုတာ အသိသာကြီးပါ စူးနှင့်ရယ်"

သူမစကားကြောင့် သူ့ရင်ထဲမှာ အကြီးအကျယ်နာကျင်သွားခဲ့ရပါသည်။ သို့သော် သူ့မှာလည်း ပြန်ပြောစရာစကားလုံးတွေ ရှိခဲ့သည်။

"ညိုကို ... ကိုယ့်ဘဝမှာ မိန်းကလေးနှစ်ယောက်ကို ချစ်ခဲ့ဖူးတယ်။ တစ်ယောက်က ကိုယ်နဲ့အတူတူ ပျော်ခဲ့တဲ့သူ



တစ်ယောက်က အတူတူ ကိုယ်နဲ့ငိုပေးခဲ့တဲ့လူ။ ကိုယ့်ရဲ့သောကတွေကို မျှဝေခံစားပေးခဲ့တဲ့သူပါ ...

ဘဝမှာ အတူတူ ရယ်ဖူးတဲ့သူကို မေ့လို့ရတယ်။ အတူတူငိုဖူးတဲ့သူကို မေ့လို့မရဘူး။ ဘယ်တော့မှ မေ့လို့မရတော့ဘူးဆိုတာ မင်းမသိလို့ အဝေးကိုပြေးသွားခဲ့တာပါ ညိုကိုရယ် ...

အခုတော့ မင်း သိလိုက်ပါတော့။ မင်းဟာ ကိုယ်နဲ့အတူတူ ငိုပေးခဲ့တဲ့သူပါ။ ဒါကြောင့် ဒီတစ်ခါ အဝေးကို ထွက်မပြေးပါနဲ့တော့"

သူ့စကားအဆုံးတွင် ညိုကိုရဲ့ပါးပြင်ထက်မှ မျက်ရည်တစ်စက်က လွင့်ခနဲကျလာသည်။ သို့သော် ညိုကိုရဲ့ နှုတ်ခမ်းတွေကတော့ ကြည်နူးစွာပြုံးနေခဲ့သည်။

သူသည် နားလည်သွားသော ချစ်သူလေးရဲ့မျက်ရည်စကို ကြင်နာစွာ သုတ်ပေးလိုက်သည်။ ပြီးတော့ သူမရဲ့လက်ဖလေးတစ်ဖက်ကို အသာအယာဆွဲယူချိတ်ဆက်လိုက်သည်။ ညိုကိုက မရုန်းတော့ပါ။

သူသည် သူမနားအနားသို့ကပ်ကာ တိုးတိုးလေးပြောလိုက်သည်။

"ငိုချင်ရင်လည်း နောက်ကျမှ ကိုယ့်ရင်ခွင်မှာ အဝိုးချင်ပါ ညိုကို။ ကိုယ်ပါ မင်းနဲ့အတူတူ ရောငိုချင်လို့။ တကယ်ငိုချင်လို့ပါ ...

မင်းကို လွမ်းရတဲ့ နေ့တွေအတွက် ကိုယ်လည်း မင်းရင်ခွင်မှာ အတိုးချငိုချင်လို့ပါ ညိုကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို မျက်ရည်စိုစွတ်သော မျက်ဝန်းများဖြင့် ငေးကြည့်နေသည်။ အားရပါးရ ငိုချပစ်ချင်စိတ်ကို ထိန်းချုပ်ထားသော မျက်နှာလေးသည် ကမ္ဘာပေါ်မှာတော့ သူ အချစ်ရဆုံး မျက်နှာလေးပဲဖြစ်ပါသည်။ ဒီမျက်နှာလေးကို သူ နောက်တစ်ကြိမ် အဆုံးရှုံးခံတော့မှာမဟုတ်ပါ။ ဘဝမှာ ကိုယ်နဲ့အတူတူ ငိုပေးမယ့်သူဆိုတာ အင်မတန်ရှားပါးကြောင်းကို ရင်နဲ့ရင်း၍ သိခွင့်ရခဲ့ပြီဖြစ်သည်။

ဆုမြတ်မွန်မွန်

Jan: 26th 2009

1:00 (A:M)

# စေတနာစာပေ

၏

## အမှတ်တရ အဦ အစဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ညီမလေးက မမရဲ့ဝတ္ထုကို အရမ်းကြိုက်ပါတယ်။ ညီမလေးက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။

မမရဲ့ဝတ္ထုက အရမ်းကောင်းပါတယ်။ အမြဲတမ်းအားပေးနေပါတယ်။

သူဇာနွယ်

တပြေးကျေးရွာ၊ ထန်းတပင်မြို့နယ်၊

တောင်ငူခရိုင်၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

ဆရာမ ဆုမြတ်မွန်မွန်

လေးစားစွာ စာရေးလိုက်ပါတယ်။ ဆရာမရဲ့စာအုပ်တွေကို အရမ်းကြိုက်ပါတယ်။ ဇာတ်အိမ်ဖွဲ့တာ အရမ်းကောင်းပါတယ်။ နောက်ဆုံးထွက်တဲ့ 'ဖေဖော်ဝါရီ ၁၄' ကို အထူးပဲနှစ်သက်မိပါတယ်။ စာအုပ်တွေထဲမှာ 'နှုးညံ့ခြင်းပြိုင်ပွဲ' ကိုအကြိုက်ဆုံးပါပဲရှင်။

ဆရာမ ဒီထက်မက အောင်မြင်ပါစေ....

ထာဝရ ပရိသတ်

နိုင်
(ပေါမာန်)
၁၂/၅၅၅၊ သတိုးစည်သူလမ်း၊
ဒဂုံအရှေ့ပိုင်း။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

To

Happy New Year "Ma Su Myat"

သမီးက မဆုမြတ်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ...။ မဆုမြတ်ရဲ့ ဝတ္ထုစာအုပ်တွေက အရမ်းကောင်းတယ်။ ဇာတ်ကောင်တွေရဲ့ စရိုက်တွေကလည်း ပီပြင်တယ်။ မဆုမြတ်ရဲ့ စာအုပ်တွေက ပရိသတ်ကို ဆွဲဆောင်မှုရှိတယ်။ ဆက်ပြီးထွက်လာမယ့် မဆုမြတ်ရဲ့ စာအုပ်ကိုလည်း စောင့်မျှော်အားပေးနေပါတယ်။ မဆုမြတ် တစ်ယောက် နှစ်သစ်မှာ စာအုပ်တွေပိုပြီးရေးနိုင်ပါစေ။

ထာဝရစောင့်မျှော်အားပေးနေမယ့် ...

မေဇင်
မေဇင်ဦး
c/o ဦးဝင်းထွဋ် + ဒေါ်ခင်မာကြူ
ရေဝတီတိုက်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊
ပြင်စရိုင်၊ မီးလောင်ရွာ

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏

## အမှတ်တရ အဝိ အစဉ်

မင်္ဂလာပါ

မရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ စာရေးဆရာမထဲမှာ Crazy အဖြစ်ဆုံးပါပဲ။ 'မှော်ကဗျာရွှေရုပ်' ကနေ 'အလွမ်းတိုင်းမရပ်တဲ့ သ်ယောဇဉ်ရထား' အထိ ဖတ်ပြီးပါပြီ။ အရမ်းကောင်းပါတယ်။ မရဲ့ idea တွေက အရမ်းလန်းတယ်နော်။ မရဲ့ စာအုပ်တွေက attractive ရှိတယ်။ ဆက်လက်ထွက်ရှိမယ့် စာအုပ်တွေကို စောင့်မျှော်နေပါတယ်။

စာပေလောကရဲ့ ထိပ်ဆုံးမှာ အမြဲထာဝရ အောင်မြင်မှု ရရှိနိုင်ပါစေလို့ ဆုတောင်းပေးပါတယ် မ ...။

ခင်သန့်လွင်
2nd Yr. E-Major
ပုသိမ်တက္ကသိုလ်

စေတနာစာပေ ၏

## အမှတ်တရ အဝိ အစဉ်

မမ ဆုမြတ်မွန်မွန်

မမဆုမြတ်မွန်ကို ခင်မင်ရင်းနှီးစွာနဲ့ မမမွန်လို့ ခေါ်ပါရစေ။ မမမွန် ဝတ္ထုတွေကို သမီးအရမ်းကြိုက်တယ်။ မမရဲ့ဝတ္ထုတွေက အရမ်းဖတ်လို့ကောင်းတယ်။ မမမွန် ဝတ္ထုရေးတာ အရမ်းတော်တာပဲ။ မမမွန် အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမဖြစ်အောင် ကြိုးစားနော်။ မမမွန်ကို အမြဲအားပေးနေမယ်။

မမမွန်ရဲ့ ထာဝရ ပရိသတ်
ညီမလေး
မြူးပွင့်ဖြိုး
အိမ်အမှတ် (၂၈၅)၊ မှော်ကန်၊
(၁၅)လမ်း၊ ပုဏ္ဏားစုရပ်၊ ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ
# ၏
# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမွန်ကို ခင်မင်ရိုးသားစွာဖြင့် စာပေးပို့လိုက်ပါတယ်…။ ကိုရင်ဟာ မမွန်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ မမွန်ရဲ့ စာအုပ်တွေကို ဖတ်ပြီးတိုင်း မမွန်ကို အောင်မြင်စေချင်တဲ့ ဆန္ဒရယ်၊ မမွန်ရှေ့ဆက်ရမယ့် အနာဂတ်တွေမှာ အောင်မြင်ကျော်ကြားလူကြိုက်များတဲ့ စာရေးဆရာမဖြစ်ပါစေလို့ ကိုရင် ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ မမွန်ရဲ့ စာအုပ်တွေဟာ စိတ်ဝင်စားမှုရှိပြီး စာဖတ်ပရိသတ်တွေအတွက်လည်း ဆွဲဆောင်မှုရှိတယ်။ မမွန်ရဲ့ စာအုပ်တွေထဲမှာ အကြိုက်ဆုံးကတော့ (ရင်ခုန်ခြင်းနှင့် အတ္တနန်းတော်) စာအုပ်ပါပဲ။ စာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ အကြံပေးချင်တာက ခေတ်ဆန်ဆန်ခေါင်းစဉ်လေးတွေကို ပိုကြိုက်ပါတယ်။

ထာဝရ အားပေးနေမယ့်
ရှင်ပဏ္ဍဝံသ
အောင်သာဝတီစာသင်တိုက်၊
င/ရပ်ကွက်၊ သန္တာ (၁၇)လမ်း။
မြောက်ဥက္ကလာပမြို့နယ်။

# စေတနာစာပေ
# ၏
# အမှတ်တရအစီအစဉ်

သို့
မဆုမြတ်မွန်မွန်

မဆုရဲ့ ပရိသတ်တစ်ဦးအနေနဲ့ ပထမဆုံး မိတ်ဆက်စာ ရေးလိုက်ပါတယ်။

မဆုမြတ်ရဲ့ 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ' စာအုပ်ကစပြီး 'အချစ်ဦးနှင့်လွဲပြီးသည့်နောက် ဖူးစာ' 'အနမ်းဆက်တိုင်း' 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' စာအုပ်တွေကို အရမ်းကြိုက်နှစ်သက်ပါတယ်။

အမြဲအားပေးနေမှာပါ။ မဆုမြတ် ဒီထက်မက အောင်မြင်တဲ့ စာရေးဆရာမကြီး ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

**Ma Saw Lin Aun**

**Bago Phyu Myo West,**
**(1) U Thin Oi - Ma Nyo Nyo**
**San House (35) Toi**

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မမဆုမြတ်မွန်မွန်ရှင့်

ခင်မင်ရင်းနှီးစွာဖြင့် မမဆုလို့ ခေါ်ခွင့်ပြုပါ။ မမဆုရဲ့ ဝတ္ထုတွေက အရမ်းကောင်းတာပဲနော်။ မမဆုကလည်း အရမ်းချစ်စရာကောင်းတာပဲ။ မမ နောက်ထပ်လည်း ဝတ္ထုတွေထပ်ရေးဦးနော်။ ကြိုးစားသူအတွက် အောင်မြင်မှုက စောင့်နေမှာပါ။ မမ ဆက်ကြိုးစားပါ။ မမဆုရဲ့ဘဝမှာ အောင်မြင်မှုတွေနဲ့အတူ အပြုံးပန်းတွေ ဝေဆာနိုင်ပါစေလို့ ညီမ ဆုတောင်းပေးလိုက်ပါတယ်။

မမဆုရဲ့ ထာဝရ ပရိသတ်

မီမီဇော်
အမှတ် (၃၄၅)၊ မှော်ကန် ၂၂လမ်း၊
ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။

## စေတနာစာပေ
## ၏
## အမှတ် [illegible]

သို့

ပရိသတ်တွေရဲ့စိတ်ကို နည်းအမျိုးမျိုးဖြင့် စိတ်ပျော်ရွှင်အောင် ဖွမ်းဆောင်နိုင်တဲ့ မဆုမြတ်မွန်မွန်... ယုန်ကလေးက မဆုမြတ်ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ ယုန်ကလေးက မဆုမြတ်ရဲ့(၂၀၀၇)ခုနှစ် ဒီဇင်ဘာလမှာထွက်တဲ့ 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ'ဆိုတဲ့စာအုပ်လေးကို စဖတ်ဖူးတာပါ။ အမှတ်မထင်ဖတ်လိုက်ရပေမယ့် အမှတ်ရနေလောက်အောင် ကောင်းတဲ့ စာအုပ်လေးပါ။ မဆုမြတ်မွန်ပေးတဲ့ စာအုပ်လေးတွေရဲ့နာမည်လေးတွေကို အရမ်းစိတ်ဝင်စားတယ်...။ မဆုမြတ်က ပရိသတ်တွေရဲ့စိတ်ကို အရမ်းဆွဲဆောင်နိုင်တယ်လို့ ထင်နေမိတယ်။ မဆုမြတ် ဒီ့ထက်မက အောင်မြင်မှုတွေကို ရယူနိုင်တဲ့ စာရေးဆရာမတစ်ယောက် ဖြစ်ပါစေလို့ အမြဲတမ်းဆုတောင်းပေးနေမယ့် ...

ယုန်လေး
ခင်ခင်ဆွေ (ခေါ်) ယုန်လေး
အမှတ် (၁၀၆)၊ သီရိရတနာလမ်း၊
မြို့မမြောက်၊ ဟိုဝင်မြို့၊
ကချင်ပြည်နယ်။

www.burmeseclassic.com

## စေတနာစာပေ
## ၏

မဆုမြတ်မွန်မွန်

မမရဲ့ ဝတ္ထုတို ဝတ္ထုရှည်တွေ တောင်သာမှာထွက်ပြီးသမျှ အကုန်ဖတ်ဖူးတယ်။ ဝတ္ထုရှည်ထဲမှာ ညီမအရင်ဆုံး ဖတ်ဖူးတာက 'အရှုံးစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' ပါ။ မမရေးတဲ့ ဝတ္ထုတွေအကုန်လုံးလိုလိုကိုကြိုက်တယ်။ ဝတ္ထုတိုတွေက မမရဲ့ ဝတ္ထုတိုပေါင်းချုပ်ထဲမှာဖတ်ဖူးတာ။ မမရဲ့အင်တာဗျူးကို (Perfect) ထဲမှာဖတ်ရတယ်။ မမဟာ ညီမအကြိုက်ဆုံး စာရေးဆရာမပဲ။ မမက အသက်ငယ်ငယ်နဲ့ စာရေးဆရာမဖြစ်တာကို ညီမလေး အရမ်းသဘောကျတယ်။ မမရဲ့ဝတ္ထုတွေကို ညီမလေး အားပေးနေမယ်နော် ...

မမကို အားပေးနေမယ့်
ပရိသတ်တစ်ဦး
အေးမွန်သန့်
အ၄မတန်း(က)၊ တောင်သာမြို့
ဦးမြတင် + ဒေါ်ဝင်းတင့်
သမီး အေးမွန်သန့်
အမှတ်(၆)၊ တောင်သာမြို့၊
ဓါတ်ကြီးအနောက်ဘက်။

## စေတနာစာပေ
## ၏

မွန်မွန်ရေ

နှစ်သစ်မင်္ဂလာမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။
ငွေးငွေး သတိရစွာနှင့် စာရေးလိုက်တယ်။ ငွေးငွေး စာတွေ ထည့်တာ တစ်နှစ်ပြည့်ပြီ။
မွန်ရဲ့ စာအုပ်တွေတော့ အားပေးလျက်ပါ။
မွန်ရဲ့ ပရိသတ် ...

နန်းစန်းစန်းငွေး
အမှတ် (၂၀၁)၊ မိုးတောင်းရုပ်ကွက်၊
လွယ်မယ်တောင်ဘုရားလမ်း၊
အောင်ပန်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာ့စာပေ
# ၏

[illegible]

မမြတ်

ခင်မင်မှုနဲ့ လေးစားရတဲ့ စာရေးဆရာမတစ်ယောက်မို့ မမ မြတ်လို့ ခေါ်ပါရစေ။ နိုင်ကတော့ မမမြတ်နဲ့ အနေဝေးပေမယ့် အဝေးနေသူ မဟုတ်ဘဲ မမမြတ်ရဲ့ ထာဝရပရိသတ်တစ်ဦးပါ။ နိုင်က ပထမဦးဆုံးရေးရတဲ့ မိတ်ဆက်စာဆိုတော့ ရင်ခုန်မိပေ မယ့် မမ မြတ် အသိအမှတ်မပြုမှာကိုတော့ စိုးရိမ်မိတယ်။

မမမြတ်တစ်ယောက် အနုပညာဥယျာဉ်ထဲမှာ အခိုင်ခံ့ဆုံး အလှပဆုံး ပန်းကလေးတစ်ပွင့်ဖြစ်ပြီး ...

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပါစေလို့ မမမြတ်ကို ထာဝရ lament နေမယ့် ...

ထက်မြတ်နိုင် (or) လွမ်းနိုင်သူ
ဒုတိယနှစ်၊ ဝိဇ္ဇာတက္ကသိုလ်
P.K.U

# စေတနာ့စာပေ
# ၏

[illegible]

မ

မ စာအုပ်များများထွက်ပါစေလို့ စာရေးလိုက်ပါတယ်။ ဘာဖြစ်လို့ ဒီလိုရေးရလဲဆိုရင် မရဲ့စာအုပ်ကို မဖတ်ဘဲ မနေနိုင် လို့ပဲ။ မရဲ့စာအုပ် (၁၆)အုပ်ထိ ကျွန်တော်ဖတ်ပြီးသွားပြီ။ မ တစ်ယောက် အောင်မြင်၍ သရဖူဆောင်းနိုင်ပါစေ။

မရဲ့ သက်ဆုံးတိုင်အားပေးနေမယ့် သူ ...

သက်အောင် (ခ) ရှင်သုန္ဒရ
သာသနဝံသကျောင်းတိုက်
ဒေါပုံမြို့နယ်၊ ရတနာသီရိလမ်း၊
မြို့သစ်ရပ်ကွက်၊
Ph. ၇၀၅၁၈၈

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
၏

[illegible]

မင်္ဂလာပါ ဆုမြတ်မွန်မွန်

စာဖတ်ဝါသနာပါသူ တစ်ယောက်ဖြစ်တဲ့ အတွက် ဆုမြတ်ရဲ့ စာအုပ်တွေကို ဖတ်ခဲ့ရပါတယ်။ 'အချစ်ဦးနဲ့ လွဲပြီးသည့်နောက် ဖူးစာ'စာအုပ်ကို စပြီးဖတ်ခဲ့ပါတယ်။ ဆုမြတ် စာရေးတာ အရမ်းကောင်းပါတယ်။ 'အလွမ်းတိုင်းမရယ်တဲ့ သံယောဇဉ်ရထား' စာအုပ်ကို ဖတ်ပြီးနောက် အသိစိတ်ကလေးတစ်ခုကိုတန်ဖိုးရှိစွာ ရရှိလိုက်တဲ့အတွက် အရမ်းကျေးဇူးတင်မိပါတယ်။

ဆုမြတ်ကို အစဉ်အမြဲအားပေးလျှက်ပါ ...

လွင်လွင်
မီးရထားဝန်း
ဓိုလ်ခင်းရောင်ရပ်ကွက်၊
နေပြည်တော်၊ တပ်ကုန်းမြို့။

## စေတနာစာပေ
၏

အမှတ်တရ [illegible]

သို့

အစ်မ ဆုမြတ်မွန်မွန်

ညီမက အစ်မရဲ့ ပရိသတ်တစ်ယောက်ပါ။ အစ်မရဲ့ဝတ္ထုစာအုပ်မှန်သမျှ စိတ်ဝင်စားဖို့ အရမ်းကောင်းတယ်။ အစ်မစာအုပ်ကိုဖတ်နေရင် ဘာမှမလုပ်ချင်ဘူး။ အစ်မရဲ့ 'အနမ်းဆက်တိုင်း' စာအုပ်မှာ မင်းသားနာမည် အရမ်းလှတယ်။ နာမည်ဆန်းဆန်းလေးနဲ့ဆိုရင် ပိုပြီးလိုက်ဖက်ပါတယ်။

အစ်မရဲ့ ထာဝရပရိသတ်

မချိုချိုသင်း
အမှတ် (၂၃)၊ ကန်လမ်း၊
ဆူးပန်းလမ်းသွယ်၊ ပုသိမ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စာေရးသူထံ ပေးစာ

### အ မှတ် တ ရ အ စိ အ စဉ်

သို့

မဆုမြတ်မွန်မွန်

ညီမက အစ်မရဲ့ စာဖတ်ပရိသတ်ကစ်ဦးပါ။ 'မှော်ကဗျာရွှေရုပ်' ကနေစပြီးတော့ ဖတ်မိတော့ အရမ်းကြိုက်သွားတာပါ။

အစ်မ အမြဲတမ်း အောင်မြင်မှုတွေနဲ့ စာတွေကို ကောင်းသထက်ကောင်းအောင် ရေးသားနိုင်ပါစေလို့ ဆုတောင်းလျက်

အစ်မရဲ့အမြဲထာဝရ ပရိသတ်

ဖြူ

ဖြိုးစုလွင်

တိုက်(၁၄၅/၁၅၁)၊ အခန်း(၀၀၂)၊

ထီးတန်းအိမ်ရာ၊

ဈေးကလေးရပ်ကွက်၊

ကြည့်မြင်တိုင်မြို့နယ်။

## စာေရးသူထံ ပေးစာ

### အ မှတ် တ ရ အ စိ အ စဉ်

သို့

မဆုမြတ်မွန်မွန်

မဆုမြတ်မွန်မွန်ရဲ့ 'အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်' စာအုပ်ကိုစပြီးဖတ်ရတာ။ အရမ်းဖတ်လို့ကောင်းတယ်။ အရမ်းကြိုက်ပါတယ်။ မဆုရဲ့ စာအုပ် (၄)အုပ်အထိ ဖတ်ပြီးပါပြီ။ 'မျက်ဝန်းနက်ရဲ့ မေတ္တာတံချူ' ကိုလည်း အရမ်းကြိုက်ပါတယ်။,

မဆုမြတ်မွန်မွန် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး စာတွေအများကြီးရေးနိုင်ပါစေ။

သမီး

မေလွှာသန်း (၂-သခ-၂၂၀)

ဒုတိယနှစ် (သချာ)

ပဲခူးဒီဂရီကောလိပ်

ပဲခူးမြို့၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်

ဆရာမ မဆုမြတ်မွန်မွန်

သတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ်။ နိုဝင်ဘာလမှာ ထွက်ရှိလာတဲ့ 'အဆင့်မြင့်ရှည်းစားစကား' စာအုပ်ကိုဖတ်ပြီးသွားပြီ။ ဒီစာအုပ်ထဲမှာက မိန်းမတို့ဘဝကို အဓိကထားပြီးရေးဖွဲ့တာတွေ့ရတယ်။ မိန်းကလေးတို့အတွက် ဗဟုသုတရတာပေါ့။ မဆုမြတ်ရေးတဲ့ စာအုပ်တွေဟာ မကောင်းတဲ့ စာအုပ်ဆိုတာမရှိပါဘူး။ အားလုံးဆွဲဆောင်မှုရှိတယ်။ မဆုမြတ်ကို ထာဝရအားပေးနေမယ့် ပရိသတ်တစ်ယောက် ...

မစန်းစန်းကြူ
အမှတ်(၂၁၁၄)၊ သီတာလမ်းသွယ်၊
ပါရမီ(၂)ရပ်၊ မြိတ်မြို့။

## စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်

မင်္ဂလာပါ

စနိုးက မဆုမြတ်ရဲ့ ပရိသတ်တစ်ဦးပါ။ စနိုးက မဆုမြတ်ရဲ့ စာအုပ်အကုန်လုံးကို မဖတ်ရသေးဘူးဆိုပေမယ့် တော်တော်များများတော့ ဖတ်ပြီးပါပြီ။ မဆုမြတ်ရဲ့ စာအုပ်တွေထဲက စနိုးဖတ်ပြီးသမျှ အားလုံးကိုကြိုက်ပါတယ်။ ဇာတ်အိမ်တွေကိုရေးနိုင်ပြီး ဒီထက်မက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမကြီးတစ်ဦးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျှက် ...

ချစ်စနိုး
၂၂-လမ်း (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့
မဆုမြတ်

သမီး မဆုမြတ်ရဲ့ စာအုပ်တိုင်းကိုဖတ်ပါတယ်။ (သစ်ရွက်စိမ်းရဲ့ နွေဦးဒဏ္ဍာရီ)ကို အရမ်းကြိုက်ပါတယ်။

မဆုမြတ်ကို အောင်မြင်ကျော်ကြားသော စာရေးဆရာမကောင်းတစ်ယောက် ထာဝရဖြစ်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မဆုမြတ် ပျော်ရွှင်ပါစေ

ဖြူနှင်းအိ
မထမနှစ် (Section A)
ရူပဗေဒ (၁–ရပ–ဇ၆)
ပခုက္ကူကောလိပ်

# စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မမလို့ပဲခေါ် ခွင့်ပြုပါနော်။

မမရဲ့ မထမဆုံးထွက်တဲ့ (မျက်နက်ဝန်းရဲ့ မေတ္တာတံချူ) စာအုပ်ကို မီး အရမ်းကြိုက်ပါတယ်။

မမရဲ့စာအုပ်တွေကို အမြဲအားပေးနေမယ်။ နောက်ထွက်မယ့် စာအုပ်ကို အမြဲမျှော်နေမယ်။

မမရဲ့ အမြဲဝရိုသတ်

သင်းသင်းလတ်
ကြာအင်းကြီးရွာ၊ ကြခင်းမြို့နယ်၊
ရောဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်လို့ ခေါ်မယ်နော်။ ညီမလေးက မဆုမြတ်ရဲ့ စာအုပ်တွေကိုဖတ်တာ (၁၅)အုပ်ရှိနေပါပြီ။ ဖတ်ပြီးသမျှ စာအုပ်တွေကိုလည်းကြိုက်ပါတယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' ဝတ္ထုကို ပိုပြီးကြိုက်ပါတယ်။ မဆုမြတ်ရဲ့ 'အကြွင်နာများကောင်းကင်ယံသို့ လွင့်တင်ထားသည်' ဝတ္ထုထဲက စာသားတွေကို အရမ်းကြိုက်ပါတယ်။ အခုဆို ပရိသတ်တွေ ချစ်ခင်လေးစားရတဲ့စာရေးဆရာမတစ်ယောက်အဖြစ်ကို ရရှိနေပြီဖြစ်တဲ့အတွက် မဆုမြတ်နဲ့ထပ်တူ ဝမ်းသာဂုဏ်ယူမိပါတယ်။

ညီမလေးချစ်ခင်လေးစားသော မဆုမြတ် အနုပညာစာပေပန်းခင်းထဲမှာ အလှပဆုံးနဲ့အမွှေးအကြိုင်ဆုံး ပန်းကလေးတစ်ပွင့်ဖြစ်ပါစေလို့ ဆုတောင်းနေလျက် ...

မဆုမြတ်ရဲ့ စာဖတ်ပရိသတ်
ညီမလေး – နီနီ
အကွက် (၄၈၉) ဦးပိုင်၊ ၉၅/၃
စက္ကန်း။ တမ္ပဝတီ၊ မန္တလေးမြို့၊

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

မဆုမြတ်လို့ပဲ ခေါ်လိုက်ပါရစေနော်။ မဆုမြတ်ရဲ့ စာအုပ်တော်တော်များများဖတ်ပြီးပြီ။ အရေးအသားကဲ ဆန်းသစ်သလို စာတင်အိမ်ဖွဲ့တာလည်း လှပတဲ့အတွက် ကြိုက်ပါတယ်။ ကျေးလက်နောက်ခံ၊ ဘဝသရုပ်ဖော်စေတ္တိ ဝတ္ထုတွေမျိုးလည်း ရေးစေချင်ပါတယ် ခင်ဗျာ။ မဆုမြတ်တစ်ယောက် စာပေခရီးမှာ အောင်မြင်သထက် အောင်မြင်ပါစေလို့ ဆန္ဒပြုရင်း ...

ရဲနိုင်ဦး
တတိယနှစ်၊ အင်္ဂလိပ်စာ
မြိတ်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ ဆရာမ ဆုမြတ်မွန်မွန်

ညီမက ဆရာမရဲ့ ပရိသတ်ပါ။ ဆရာမရဲ့ 'မှော်ကဗျာရွေ့ ရုပ်'ကို အရမ်းကြိုက်ပါတယ်။ ဆရာမရဲ့ 'အချစ်သို့တစ်ချက်ငဲ့ ကြည့်စဉ်'ကလည်း အရမ်းကောင်းပါတယ်။ ဆရာမကို ညီမက လေးလည်း လေးစားပါတယ်။ အမြဲတမ်းလည်း အားပေးနေ ပါတယ်။

ဆရာမရဲ့

လရိပ်မေ (တာမွေ)
သဲသဲသက်တင်
အမှတ်–၇၁၊ ၃ လွှာ၊ ၁၆၄–လမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

ဆရာမ

ကျွန်တော် ဆရာမ့ဝတ္ထုတွေမဖတ်ရတာ (၁၀)လလောက် ရှိပြီထင်တယ်။ ဆရာမ ဝတ္ထုအသစ်တွေ အများကြီး ထွက်ရော ပေါ့။ ဖြစ်နိုင်ရင်ဖတ်ချင်ပါတယ်။ ဒီမှာလည်း ဆရာမ စာဖတ် ပရိသတ်တွေရှိမယ်လို့ ယုံကြည်မိပါတယ်။

ဆရာမအား အစဉ်လေးစားလျှက်

ရဲရင့်အောင်
ဓနွတ္တ–စက်ဘမှု

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မွန်သန့်ဖေဖော်ဝါရီ(၁၄)ဆိုတဲ့ ဝတ္ထုစာအုပ်ဖတ်ပြီးပြီးချင်း ရေးလိုက်တာပါ။ အရမ်းကောင်းတယ်။ ဒီဝတ္ထုက ဆွဲဆောင်မှုလည်းရှိတော့ ပိုကြိုက်တယ်။

မမွန် ဒီ့ထက် အောင်မြင်ပါစေလို့
ထာဝရ ပရိသတ်တစ်ဦး

အေးမွန်သန့်
ဦးမြတင် + ဒေါ်ဝင်းထွင့်
အိမ်အမှတ် (၁၃၁)၊ အမှတ် (၆)
ဝါးကြီးအနောက်ဘက်၊
တောင်သာမြို့။

## စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မမြတ်

ချစ်စနိုးနဲ့ မမြတ်လို့ခေါ်မယ်နော်။ မမြတ်ရဲ့ (ချစ်သူတို့၏ အခမ်းနားဆုံးအရာ)နဲ့ (အလွမ်းတိုင်းမရုပ်တဲ့သံယောဇဉ်ရထား) စာအုပ်တွေကို အရမ်းကြိုက်ပါတယ်။

မဆုမြတ်တစ်ယောက် အနုညာလောကမှာ ဆထက်ထမ်းပိုး အောင်မြင်ပြီး အမြဲတမ်း လင်းလက်တောက်ပနေတဲ့ ငွေကြယ်ပွင့်လေးအဖြစ် ဆက်လက်ရပ်တည်နေနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ဆေးဇာလှိုင်
အမှတ်(၂၇)၊ ဇာဒေါက်ကြီးကျွန်းလမ်း
(၁၈)E ရပ်ကွက်၊
ဒဂုံတောင်ပိုင်းမြို့နယ်(မြို့သစ်)

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအဝိအစဉ်

သို့

မမဆုထံ သတိရစွာ စာတစ်မျက်နှာရေးလိုက်ပါတယ်။ မမဆုရဲ့ စာအုပ်တွေ စဉ်ဆက်မပြတ်ထွက်နေတာဝမ်းသာစရာပါပဲ။ မမဆုရဲ့ 'အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထား'ဆိုတဲ့ စာအုပ်ကို ဖတ်ပြီးသွားပါပြီ။ တစ်အုပ်မကျန် အကုန်ကောင်းပါတယ်။

ထာဝရ အားပေးမယ့်

မမေနှင်းဖြူ
2GEP (23)
နည်းပညာတက္ကသိုလ် (ပြည်မြို့)

## စေတနာစာပေ
## ၏
## အမှတ်တရအဝိအစဉ်

မမဆုမြတ်မွန်မွန်

မင်္ဂလာပါ အစ်မရဲ့စာအုပ်တွေထဲက 'ချစ်သူတို့၏ အခမ်းနားဆုံး အရာကနေ' ကောင်းလွန်းလို့ဆိုပြီး စဖတ်လိုက်တာ အခုဆိုရင် 'အဆင့်မြင့်ရည်းစားစကား' ထိ ဖတ်ပြီးပါပြီ။ အဲဒီစာအုပ်တွေထဲမှာ မန္တလေးသားဆိုတဲ့ စာအုပ်လေးကို အရမ်းကြိုက်တာ။ ကြိုက်လွန်းလို့ စာအုပ်တောင် ဝယ်ပြီး သိမ်းထားတယ်။ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမ တစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဝေးရပ်မြေမှ ညီမလေး

သီတာရဲနိုင်
ဦးရဲနိုင် + ဒေါ်ခင်မာဝေ
ရဲဘော်ရေးအတွင်း
မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

# အမှတ်တရ အဝိ အစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ဆရာမ နေကောင်းပါရဲ့လား? ဆရာမကတော့ ကျွန်မကို သိမှာမဟုတ်ဘူး။ ကျွန်မက ဆရာမရဲ့ ပရိသတ်တစ်ဦးပါ။ ဇာတိကတော့ ကချင်ပြည်နယ် ဖားကန့်ပါ။ 'မန္တလေးသား'ဆိုတဲ့ စာအုပ်ကို အရမ်းကြိုက်တယ်။ မန္တလေးမှာ ကျောင်းတက်တော့ ဆရာမရဲ့ ဝတ္ထုက မန္တလေးအငွေ့အသက်တွေပဲဆိုတော့ အရမ်းမိုက်တယ်။ ဆရာမ မိုးအေးလေ ဆရာမကို အရမ်းသဘောကျတယ်။ ရှင်းလင်းပြီး ပွင့်လင်းတဲ့ အရေးအသားကို သိပ်သဘောကျတာ။ ဆရာမရဲ့ စာအုပ်တွေကို အစ,အဆုံးတော့ မဖတ်ဖူးဘူး။ ဒါပေမဲ့ နောက်ဆုံးထွက်တဲ့ဝတ္ထုတိုကိုတော့သိပ်ကိုသဘောကျမိသလို မှတ်သားစရာလည်း ကောင်းတယ်။ အတုယူဖို့ကောင်းတယ်။ ဆရာမ စာအုပ်ပေါင်းများစွာ ရေးသားနိုင်ပါစေ။

မိုးအေး
B/ 2, မရိုကထောင်ရပ်ကွက်၊
ကြိုးတံတားထိပ်၊ ဖားကန့်မြို့၊
ကချင်ပြည်နယ်။

စေတနာစာပေ
၏

အမှတ်တရ အဝိ

မဆုမြတ်မွန်မွန်

မင်္ဂလာပါ မမ၊ ခင်မင်လေးစားစွာနဲ့ မမလို့ပဲခေါ်ပါရစေ။ မမရဲ့ စာအုပ်တွေကိုလေ အရမ်းကြိုက်တယ်။ 'မှော်ကဗျာရှင်' ကို အကြိုက်ဆုံးပဲ။ မမရဲ့ idea ကိုတော့ ညီမလေး ချီးကျူးတယ်။ မမရဲ့ စာအုပ်ကို လူတကာကြိုက်တယ်။

Birthday လည်းသိချင်တယ်။ မမရဲ့ စာအုပ်တွေကို အမြဲ ထာဝရ အားပေးသွားမယ်။ ကြယ်ပွင့်လေးလိုတောက်ပပါစေလို့ ဆုတောင်းရင်း ...

La Min Pan
နှင်းဆီလမ်း၊ အရှေ့ထိပ်၊
သာယာအေးကျောင်းအနောက်ဘက်၊
တောင်ပြင်(၁)၊ တော်င်တွင်းကြီးမြို့၊
မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မဆု

ခင်မင်လေးစားစွာ စာရေးလိုက်ပါတယ်။

မဆုရဲ့ ဒီလထုတ် 'ဖေဖော်ဝါရီ ၁၄' ဝတ္ထုကိုဖတ်ပြီး အရမ်းသဘောကျပါတယ်။

'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' ကိုလည်း အရမ်းကြိုက်ပါတယ်။ မဆုရဲ့ ထွက်ပြီးစာအုပ်အားလုံးကို ဖတ်ပြီး အားလုံးကြိုက်ပါတယ်။ မဆု ဒီထက်မက အောင်မြင်ပါစေ ဆန္ဒပြုရင်းနဲ့ ....

ကျိုက်လတ်မှ

ဝေမာဦး

ရပ်(ခ)၊ အမှတ် (၁၂၈)၊

မြို့မဈေး၊ ကျိုက်လတ်မြို့။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန် ကို မမွန်လို့ ခေါ်မယ်နော်။

မမွန်ရဲ့စာအုပ် တော်တော်များများကို ဖတ်ဖူးတယ်။ 'နှုးညံ့ခြင်းပြိုင်ပွဲ'၊ 'ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု'၊ 'ကြယ်ကလေးရဲ့နှင်တံ'တို့ကို ပိုပြီးကြိုက်ပါတယ်။

အရမ်းစွဲဆောင်မှုရှိတယ်။

ထာဝရပရိသတ်

မခင်ဆွေလတ်

**Second Year, Statistics**

သချာင်္ဌာန

ပြည်တက္ကသိုလ်၊ ပြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

၏

### အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆုမြတ်

အစ်မရေးတဲ့စာအုပ်တွေထဲက 'မော်ကဗျာရွှေရုပ်ပြီးတော့ 'ဖေဖော်ဝါရီ ၁၄' ကို အရမ်းကြိုက်ပါတယ်။ အစ်မရဲ့စာအုပ်တွေကို ဖတ်မိတဲ့သူရဲ့ ရင်ထဲမှာ တစ်မျိုးမဟုတ်တစ်မျိုး ခံစားချက် တစ်ခုခု ကျန်စေခဲ့ပါတယ်။

ထာဝရနှစ်ပျော်ရွှင်ပါစေ

နွေး(ရှမ်း/မြောက်)
အမှတ် (၄၄၆)၊ ရပ်ကွက် (၃)၊
ကွန်ညောင်၊ မိုင်းရယ်မြို့။

## စေတနာစာပေ

၏

### အမှတ်တရအစီအစဉ်

သို့

မလို့ပဲ ခေါ်မယ်နော်....

ကျွန်တော်က မရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ အရင်က တခြားဝတ္ထုတွေ ဖတ်ပေမဲ့ မရဲ့ဝတ္ထုတွေကိုဖတ်တဲ့အချိန်က စပြီး 'မ'ရေးတဲ့ ဝတ္ထုတွေကလွဲလို့ တခြားဘယ်ဝတ္ထုမှ မဖတ်တော့ဘူး။ 'ဖေဖော်ဝါရီ ၁၄' ဆိုတဲ့ ဝတ္ထုကိုဖတ်ရတော့ အရမ်းအဓိပ္ပာယ်ရှိတယ်။ အရမ်းကြိုက်တယ်။ 'မ'လည်း ဒီထက်အောင်မြင် ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းရင်း ....

မရဲ့ပရိသတ်

Maung Aung Kyaw Lwin
Second Year(Law)
University of Pyay
မောင်အောင်ကျော်လွင်
ငါးဖယ်ဆယ်ရွာ၊ ရေကြည်အုပ်စု
လက်ပန်တန်းမြို့နယ်၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏

## အမှတ်တရ အစီအ ဉ်

သို့

မဆုမြတ်မွန်မွန်ကို အစ်မလို့ခေါ်မယ်နော်။

အစ်မရေးတဲ့ ဝတ္ထုတွေကို ဖတ်ရတာ 'ရသ'အမျိုးမျိုးကို ခံစားရတယ်။ 'မန္တလေးသား' ဝတ္ထုကို အရမ်းသဘောကျမိပါတယ်။

အစ်မ ပျော်ရွှင်ပါစေ...

မနွယ်နွယ်ဝင်း
သချာင်္ဘာန
Statistics
ပြည်တက္ကသိုလ်၊ ပြည်မြို့။

## စေတနာစာပေ
## ၏

မင်္ဂလာပါ မဆုမြတ်

မဆုမြတ်ရဲ့ဝတ္ထုတွေဟာ စာဖတ်ပရိသတ်တွေရဲ့ရင်ထဲကို မြားတစ်စင်းလို ထိုးဖောက်နိုင်စွမ်းရှိတဲ့ (စာရေးဆရာမ) မဆုမြတ်ရဲ့ ထူးချွန်ထက်မြက်မှုကို အရမ်းကို ဂုဏ်ယူပါတယ်။

'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကနေ 'ဖေဖော်ဝါရီ ၁၄'ထိ အားလုံး ဖတ်ပြီးပါပြီ။ ဘယ်နေရာမှ ဝေဖန်စရာမရှိအောင် အရမ်းကို ဖတ်လို့ကောင်းပါတယ်။ နောက်ထွက်လာမဲ့စာအုပ်တွေကိုလည်း မဆုမြတ်ရဲ့စာဖတ်ပရိသတ် တစ်ယောက်အနေနဲ့ ထာဝရအားပေးသွားမှာပါ။ နောင်လာမဲ့အနာဂတ်မှာ မဆုမြတ် တစ်ယောက် စာပေလောကမှာ ထိပ်တန်းကနေ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

အရှင်သုနန္ဒ(ပုဂံ)
မြစ်သားမြို့၊ မင်းကုန်းရပ်
မင်းကုန်းကျောင်းတိုက်၊ (၅)လမ်း
တစ်ဆင့်/ဒေါ်ကြည်သန်း
အမှတ်(၂)၊ ရုံးလက်ဖက်ရည်ဆိုင်
မြင်းခြံမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
၏

### အမှတ်တရ [illegible]

မင်္ဂလာပါ အစ်မမွန်မွန်

ကျွန်တော် အစ်မဆီကို ပထမဦးဆုံး မိတ်ဆက်စာရေးလိုက်ပါတယ်။ အစ်မမွန်မွန်ရဲ့ ဝတ္ထုတွေကို အကုန်လုံးဖတ်ဖြစ်ပါတယ်။ အကုန်လုံးလည်းကြိုက်ပါတယ်။ အစ်မမွန်မွန် ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ထာဝရ အားပေးလျက်

မောင်ဝေမိုး
အမှတ်(၇) ရပ်ကွက်၊
ငါးရာမြည့်၊ ရေစကြိုမြို့။

## စေတနာစာပေ
၏

### အမှတ်တရ [illegible]

သို့

ဆရာမ မဆုမြတ်မွန်မွန်

ကျွန်တော်က မရဲ့ထာဝရပရိသတ်တစ်ဦးပါ။ မရဲ့လုံးချင်းစထွက်ကတည်းက ယနေ့ထိ အားပေးနေသူပါ။ မရဲ့ဝတ္ထုတွေက အထူးသဖြင့် စကားလုံးတွေကသေစေနိုင်ပါတယ်။ ဒါကြောင့် လူကြိုက်များတာထင်ပါတယ်။ 'မ'တစ်ယောက် အနုပညာကောင်းကင်မှာ ထာဝရထွန်းတောက်သူ ဖြစ်ပါစေ။

မရဲ့ထာဝရပရိသတ်

ဝင်းထွန်းမင်း
၂-ရပ-၃၇
ရှုပဗေဒ(ဒုတိယနှစ်)
ပဲခူးဒီဂရီကောလိပ်

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ
# ၏

[illegible]

သို့

မဂ်လာပါ မ

'ဖေဖော်ဝါရီ ၁၄' ကို ဖတ်ပြီးပြီးချင်းပဲ စာရေးလိုက်တာပါ။ ကောင်းတယ်ဆိုတာထက် ပိုပါတယ်။ ပြည့်စုံတဲ့စာအုပ်တစ်အုပ်ပါ။ ပရိသတ်ကို ပေးသမျှက အကောင်းဆုံးတွေပါပဲ။ အရမ်းကြေကြွဲဖို့ကေ င်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို အသက်သွင်းခဲ့ပြီပေါ့။ ပရိသတ်အကြိုက်နဲ့ သဟဇာတဖြစ်တဲ့ စာအုပ်လေးပါ

ထာဝရပရိသတ်

သိမ့်အိစင်
အမှတ် (၂၉)၊ ရုံကြီး(စ)လမ်း။
ဒေးအရဲ၊ ရွာဝတီတိုင်း။

www.burmeseclassic.com